
www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၄၁၃၀၄၈၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၆၃၈၀၆၀၈ |
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၀၇၊ စက်တင်ဘာ။ |
| ထုတ်ဝေသူ | - ဦးအေးလွင် (၀၄၁၅၂) ရွှေစာပေတိုက် တိုက် ၄၊ အခန်း ၁၀ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - ဦးအေးလွင် (၀၄၁၅၂) ရွှေပဒေသာအော့ဖ်ဆက်၊ အမှတ် ၃၁/၃၃၊ ၅၃ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| တန်ဖိုး | - ၈၀၀ ကျပ်။ |
| အုပ်ရေ | - ၅၀၀ အုပ်။ |



BURMESE CLASSIC .com

## မာတိကာ


| | | |
|---|---|---|
| ၁။ စွဲလမ်းမှုနောက်ဝယ် | မောင်သွေးရှင် | ၇ |
| ၂။ နဂို | စကြာစနှာ | ၁၅ |
| ၃။ ကြေကွဲစည်အပ်သော တီတွင်မှုတစ်ခု | ချောမြင့် | ၂၀ |
| ၄။ သိန္ဓိပြည့် သတ္တုပြားကလေးနှင့် လူမိုက်ကြီးတစ်ဦး | သတ်ထက်ဆန်း | ၃၉ |
| ၅။ ထူးဆန်းသောညနှင့် ဝက်သူခိုး | မောင်မြင့်မား(ဘိုကလေး) | ၇၅ |
| ၆။ ဂန္ဓာရီဆရာမြနှင့် ဘိုးတော်လိမ်စိန်သောင်း | နန္ဒာမိုးကြယ် | ၈၇ |
| ၇။ ရင်ကွဲတေးသံ | စူးကျော် | ၁၀၆ |
| ၈။ အမည်းရောင်အမှတ်အသား | မေဗွာရှင်မောင်မဲခေါင် | ၁၂၂ |
| ၉။ ချစ်စနိုး | မြရတီ | ၁၃၃ |
| ၁၀။ သိသရာက ချစ်ရန်ငြိုး | ရန်အောင်မြင့် | ၁၅၅ |
| ၁၁။ အိပ်မက်ဆန်တဲ့ အိမ် | သုနန္ဒာဆွေ သာပြေဖြူ၊ | ၁၇၆ |


www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# စွဲလမ်းမှုနောက်ဝယ်

## မောင်သွေးရှင်

စာရေးသူ၏ စနီးမှာ အဒေါ်တစ်ယောက် ရှိ၏။ သူမ ငယ်စဉ် မိခင်ဆုံးကတည်းက ဤအဒေါ်က ကြီးပြင်းအောင် မွေးလာခဲ့သည်ဖြစ်ရာ အမေဟု ပြောလျှင်လည်း ရ၏။ သူ၏ အဒေါ်မှာ စွဲလမ်းမှုသံယောဇဉ် အလွန်ကြီးမားလှ၏။ လင်ယောကျ်ား၊ သားသမီးများအပေါ် သံယောဇဉ်ကြီးသည်။ အိမ်အပေါ် သံယောဇဉ်ကြီးသည်။

သူသည် အသက် ၆၅ နှစ်အရွယ်တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ရ၏။ မကွယ်လွန်မီ စွဲလမ်းမှုများကြောင့် ကွယ်လွန်သောအခါ ဘဝကူး မကောင်းခဲ့။

သူ ကွယ်လွန်ပြီးနောက် ဘဝ၏ ကောက်ကြောင်းများကို သိခွင့်ရသောအခါ စာရေးသူ တုန်လှုပ်မိ၏။ သံဝေ ရမိ၏။ စွဲလမ်းမှုဥပါဒါန်၏ နောက်ဆက်တွဲ သံဝေဂဖွယ်များ အဖြစ်မှန်တစ်ရပ်ကို တင်ပြရပါသော်....

အဒေါ်၏ အမည်မှာ ဒေါ်အေးကြည်ဖြစ်၏။ သန်လျင်ဈေးအတွင်း ဘုန်စုံ



ဆိုင် ဖွင့်၍ ဆိုင်ထွက်သည်။ ခင်ပွန်းသည်ကလည်း ဆိုင်ဝိုင်းထွက်ပေးသည်။ ဒေါ်အေးကြည်ကတော့ မနက်ဆို ချက်ပြုတ်ပြီး ထမင်းချိုင့်ဆွဲ၍ ဆိုင်သွား၏။

သားသမီးလေးယောက်ရှိရာ ကျောင်းသားများချည်း ဖြစ်နေ၏။ သည်လင်၊ သည်သားများ စားဖို့ ဒေါ်အေးကြည်သည် မနက်ရော ညပါ ချက်လိုက်ရတာ အမော။

ညနေဈေးသိမ်းလျှင် ဟင်းချက်စရာ ဝယ်လာ၍ မီးဖိုဆောင်ဝင်လိုက်သည်မှာ ည ၇ နာရီ ၈ နာရီခန့်မှ ပြီး၏။ ပြီးပြီဆို ခေါင်းကိုက်သဖြင့် နဖူးကို လက်ကိုင်ပဝါဖြင့် ချည်ပေးရ၊ နနွင်းမှုန့်ရှူရနှင့် ညနေထမင်းကို ည ၉ နာရီခန့်မှာမှ စားရသည်။

သည်လိုနှင့် မိသားစုအပေါ် ချစ်ခင်စိတ်ဖြင့် မမောတမ်း ရှာဖွေချက်ပြုတ်လာခဲ့ရာ ဒေါ်အေးကြည် အသက် ၆၅ နှစ်အား ရောက်လာ၏။ ထိုအချိန်မှာ ရောဂါတစ်ခု စွဲကပ်လာသည်။ သားအိမ်ကင်ဆာတဲ့။

ဆေးရုံတက် ကုသသော်လည်း ရောဂါက ကျွမ်းနေပြီမို့ သက်သာမလာခဲ့။ ဆေးရုံမှ ခွင့်ပြုချက်ဖြင့် အိမ်ပြန်ခေါ်လာခဲ့ကြသည်။ အိမ်ရောက်တော့လည်း အိမ်ရာထက်မှာ ခွေခွေကလေး။

ထိုအချိန်တွင် သားသမီးလေးဦးအနက် သားကြီးက အိမ်ထောင်ကျပြီး သီးခြားခွဲနေသည်။ မန္တလေး ရောက်နေ၏။ သမီးဖြစ်သူမှာ ကျောင်းဆက်မတက်ဘဲ အလုပ်လုပ်နေရာမှ အလုပ်ထွက်၍ ပြုစု၏။ အငယ်ဆုံးသားဝင်လျှင် ဆယ်တန်း ရောက်နေပြီ။ ပူပင်စရာအရွယ်များ မဟုတ်တော့။

ဒါပေမဲ့ အိပ်ရာထဲမှာ လဲနေသည့်ကြားက ပူပန်နေသေးသည်။ သားရေးသမီးရေးကိစ္စတင်မက ဆီ၊ ဆန်ကိစ္စ၊ ဟင်းချက်စရာ ဝယ်ဖို့ကိစ္စများပါ ပူပန်နေသေးသည်။ အသံလေးသဲ့သဲ့ဖြင့် မေးနေသေးသည်။ ညွှန်ကြားနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တိပ်ခွေဖြင့် ပရိတ်တရားများ ဖွင့်ပေးထားသည်ကို အာရုံရောက်ပုံမရ။ မန္တလေးမှ သား မရောက်သေးတာကိုဘဲ တစ်မေးတည်း မေးနေသည်။

တစ်နေ့တခြား အခြေအနေက ဆိုးလာသည်။ အစာလည်း မဝင်၊ ဆေးလည်း မဝင်တော့။ သေမည့်အချိန်ကို စောင့်စားနေရချိန်ဖြစ်သည်။ ဖွမ်းစကလေး ရေဆွတ်၍ နှုတ်ခမ်းမှာ ရေလေးချပေးရုံလောက်ပဲ ပြုစုခွင့်ရတော့သည်။

အနာမှ အနံ့အသက်များကြောင့် တော်ရုံလူများ အနားမကပ်ချင်ကြတော့။ ဒေါ်အေးကြည်၏ နေဝင်ချိန်သည် ရင်နာဖွယ်ကောင်းလှသည်။ ကျန်းမာစဉ်က မိသားစုအတွက် ဘဝကို မြှုပ်နှံထားခဲ့သည်။ ကိုယ့်အတွက် ပါမည့် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို မလုပ်ခဲ့ရရှာဘဲ ဆောက်တည်ရာမဲ့ သံသရာခရီးကို နှင်ရလေတော့မည်။

ဒေါ်အေးကြည်၏ ထွက်သက်ကို နေ့လား၊ ညလား စောင့်စားနေကြရသည်မှာ ရင်မောဖို့ကောင်းလှသည်။ သူမှာ ထွတ်လေ ဝင်လေလေး ရှိသေးသည်မှအပ အသံပင် မထွက်တော့။ လှုပ်ရှားနိုင်စွမ်း မရှိတော့။

ဆွေမျိုးသားသမီးအားလုံးက ဒေါ်အေးကြည်၏ ဝေဒနာကို မကြည့်ရက်။ ဒီတောင်က မကျော်နိုင်တော့မှန်းလည်း သိနေကြပြီမို့ ထွက်သက်ချုပ်မည့်အချိန်ကို စောင့်နေမိကြသည်။ သို့တစေ ဒေါ်အေးကြည် အသက်မထွက်နိုင်သေးသဖြင့် ဆွေမျိုးများ ခေါင်းချင်းဆိုင်ကြသည်။

'မန္တလေးက သူ့သားကို စောင့်နေတာဖြစ်မယ်'

တူမတစ်ယောက်က ထင်မြင်ချက်ပေးသည်။ ဒီတော့ အစီအစဉ်တစ်ရပ်ကို ချွဲလိုက်ကြသည်။ သားလတ်ရှိရာ မန္တလေးသို့ အကြောင်းကြားထားပြီး ဖြစ်သော်လည်း ဝန်ထမ်းဖြစ်နေ၍ ခွင့်ယူရဦးမည်။ ချက်ချင်းကြီး ရောက်လာနိုင်မည်မဟုတ်။



အစီအစဉ်ကား တခြားမဟုတ်။ ဒေါ်အေးကြည် စောင့်နေသည့် သားနှင့် အလုံးအရပ်တူသည့် ဆွေမျိုးထဲမှ လူငယ်လေးအား အစားထိုးပြဖို့ဖြစ်သည်။

'အမေ အစ်ကိုလေး ရောက်ပြီ'

လူစားထိုးထားသော လူငယ်လေး၏ လက်ကို ဒေါ်အေးကြည်၏ လက်ထဲသို့ ထည့်ပေး၍ သမီးဖြစ်သူက ပြောလိုက်ခြင်းပင်။

'အမေ...'

လူငယ်လေးသည် အလိုက်သိစွာ ခပ်ပါးပါးလေး ခေါ်လိုက်သည်။ အားအင်ချည့်နဲ့နေပြီဖြစ်သော ဒေါ်အေးကြည်၏ လက်များကို လူငယ်လေး၏ လက်အား ဆုပ်ကိုင်ရင်းမှ 'အင်း....' ဟု တစ်ချက်ညည်းလျက် အသက်ပါ သွားသည်။

ဒေါ်အေးကြည် အသက်ပျောက်သွားချိန်မှာ နေ့လယ် ၁၂ နာရီခွဲ တိတိ။

●

'အိမ်ရှေ့က လှသံကြားတယ်၊ ထွက်ကြည့်စမ်း'

စာရေးသူက ထမင်းစားနေရာမှ လှသံကြား၍ ထွက်ကြည့်ခိုင်းရာ သမီးမှ ထွက်ကြည့်သည်။ ဘာမှမဟုတ်ဟုဆိုကာ နောက်ဖေးဆောင် ထမင်းဝိုင်းသို့ ပြန်ဝင်လာသည်။ အိမ်ရှေ့တံခါးကို ပိတ်ထားပြီး စာရေးသူတို့ မိသားစုလေးဦး နောက်ဖေးဆောင်မှာ ထမင်းစားနေကြခြင်းဖြစ်၏။

ထိုစဉ် လူတစ်ယောက် ဝင်လာသံကို ကြားလိုက်ရခြင်းဖြစ်၏။ အိမ်ခန်းကို ဖြတ်ကျော်ပြီး နောက်ဖေးခန်း ရောက်ရမှာ ဖြစ်သည်။ အသံက အိမ်ခန်းဝမှာ ဆုံးသွားသည်မို့ တစ်ယောက်ယောက် ဝင်လာသလားဟု ထွက်ကြည့်ခိုင်းခြင်းဝါ။ ဘာမှ မဟုတ်ဟုဆို၍ ထမင်းဆက်စားကြသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အစ်မကြီး...အစ်မကြီး...အမေဆုံးပြီ"

ဒီတစ်ခါ အသံပေးတက်လာသူမှာ ဒေါ်အေးကြည်၏ သမီးကိုယ်တိုင်ဖြစ်သည်။ စာရေးသူ၏နှီး သူ့အစ်မကို လာအကြောင်းကြားခြင်းဖြစ်၏။ သူတို့အိမ်နှင့် စာရေးသူ၏ အိမ်မှာ ကြား၌ အိမ်ငါးလုံးပဲ ခြားသည်။

"ဘယ်အချိန်က ဆုံးတာလဲ"

"အခုလေးပဲ...ဆယ့်နှစ်နာရီခွဲ"

စာရေးသူ နာရီကြည့်လိုက်တော့ ဆယ့်နှစ်နာရီ သုံးဆယ့်ငါး။ ညီမလုပ်သူ လမ်းလျှောက်လာချိန်သည် ငါးမိနစ်ခန့်ဆိုတော့ ဆယ့်နှစ်နာရီခွဲဆုံးတာ ဟုတ်နေပြီ။

ခုန အိမ်ထဲ လှုဝင်လာသည့် အသံဗလံ ကြားရချိန်မှာလည်း ၁၂း၃၀ နာရီတိတိ မဟုတ်ပါလား။ စာရေးသူ သိလိုက်ပါပြီ။ ဒေါ်အေးကြည်သည် ဆုံးဆုံးချင်းပင် စာရေးသူတို့အိမ်သို့ ရောက်ခဲ့ပြီတည်း။

အကြောင်းက ရှိသည်။ ဒေါ်အေးကြည်သည် သူ့လက်ပေါ်မှာ ကြီးပြင်းခဲ့သည့် စာရေးသူ၏ နှီးကို တော်တော်ချစ်သည်။ စာရေးသူကိုလည်း အတော်လေး ချစ်ခင်၏။

ယခု စာရေးသူတို့နေသည့်အိမ်မှာ ယခင်က ဒေါ်အေးကြည် နှစ်ပေါင်းများစွာ နေခဲ့သည်။ ဤအိမ်ကိုလည်း အတော်လေး တွယ်တာသည်။ အငြိမ်းမိုင် ဝယ်ဖို့ ကြိုးစားသော်လည်း အဆင်မပြေသဖြင့် ငါးအိမ် ကျော်မှာ ရှိသည့် သူ့ခြံထဲမှာ အိမ်ဆောက်၍ ပြောင်းသွားခြင်းဖြစ်သည်။ ပြောင်းသွားတာကလည်း မကြာသေး။

ယခုကြည့်...ဆုံးဆုံးချင်း ရိပ်ခနဲ မြင်၍ အသံကြားလိုက်ရသည်မှာ ဒေါ်အေးကြည်မှလွဲ၍ မည်သူဖြစ်မည်နည်း။ ဒေါ်အေးကြည်၏ စာတ်လမ်းကား ဤမျှနှင့် မဆုံးသေး။



ဒေါ်အေးကြည်ဆုံးပြီး သုံးနှစ်ခန့်ကြာတော့ စာရေးသူ ကမ္ဘဋ္ဌာန်း ရိပ်သာဝင်ဖြစ်သည်။ မှတ်မှတ်ရရဆို ၁၉၊ ၁၂၊ ၂၀၀၀ နေ့ကဖြစ်၏။ သန်လျင်မြို့မှာ ဖွင့်သည့် (၇) ကြိမ်မြောက် လယ်တီမူအနာဂါမ် ဆရာသက်ကြီး ဝိပဿနာ တရားစခန်းပွဲဖြစ်သည်။ တရားပွဲ ပထမနေ့မှာပဲ ဒေါ်အေးကြည်ကို အာရုံထဲမှာ တွေ့ရတော့၏။

ဒေါ်အေးကြည်၏ ရုပ်သွင်မှာ ညှိုးရော်လှသည်။ သို့သော် ကြည့်ရသည်မှာ အုယားဖားယားနိုင်နေသည်။ မငြိမ်မသက် ရှိလှသည်။ စာရေးသူကို အပုပ်နံ့တွေ လှိုင်လှိုင်ပေးသည်။ သူ ယောက်ယက်ခတ်နေပုံရပြီး စာရေးသူထံမှ အမျှသံကို အရမ်းမျှော်လင့်နေပုံရသည်။ စိုးရိမ်နေပုံရသည်။

သူ့ပုံစံမှာ ကြည်ကြည်လင်လင် မရှိ။ ဒုက္ခိတဘာဝ ပုံစံမျိုး ပီပြင်လှသည်။ ကမ္ဘဋ္ဌာန်းရိပ်သာ၏ ခပ်လှမ်းလှမ်းကွင်းထဲမှ မျှော်ကြည့်နေသည်။

ညနေ တရားတစ်ချိန်မှာတော့ သိသိသာသာကြီး ကြုံရတော့သည်။ အာရုံထဲမှာတင် မဟုတ်။ ပြင်ပမှာ တကယ်ဖြစ်ပျက်လာသည်။ ဖြစ်ပျက်ပုံလေးမှာ ညနေ ၆ နာရီမှ ၇ နာရီ တရားထိုင်ချိန်ဝယ် အပုပ်နံ့များ မခံနိုင်အောင် ရသည်။

တရားဖြုတ်၍ ကြည့်လိုက်တော့ စာရေးသူ၏ ရှေ့တည့်တည့်မှာ ကြက်ချေးလို အပုံလေးတစ်ပုံ။ ဘယ်က ကြက် ဘယ်သတ္တဝါမှ စာရေးသူတို့တရားထိုင်နေသည့်ကြားထဲ ဖြတ်မပြေးတာ သေချာသည်။ ကမ္ဘဋ္ဌာန်းဆရာတွေလည်း စောင့်ကြပ်နေသည်။ စာရေးသူရှေ့မှာလည်း တစ်တန်းရှိသေးတော့ လူတစ်ယောက်လည်း ဖြတ်မလျှောက်သာ။

အပေါ်မျက်နှာကြက်ကို မော့ကြည့်တော့လည်း ရှင်းရှင်းကြီး။ တောက်တဲ့၊ အိမ်မြှောင်လည်း မရှိ။ ၎င်းသတ္တဝါများ ချေးပါချဦးတော့၊ သည်မျှအထိ အပုံမကြီးနိုင်။ ယခုအပုံက တစ်လက်မခန့် ရှိနေ၏။ ချေးဟုသာ ဆိုသော်လည်း ဝါးပုပ်နံ့လည်းရတော့ ရွှံ့ပုပ်လိုလိုလည်း ထင်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ဘာပဲဖြစ်ဖြစ် ကမ္မဋ္ဌာန်းဆရာ ဦးမြတ်သူကို ပြအလိုက်ရတော့သည်။ ယောဂီများမှာ စကားမပြောရသဖြင့် ဆရာအား ဘာမှပြောမနေဘဲ လက်တို့၍ ပြလိုက်ရခြင်းပါ။ ဒေါ်အေးကြည်၏ လက္ခဏာချက်ဆိုတာတော့ စာရေးသူ သိပါသည်။ သူ့ခမျာ စာရေးသူ မြဲမည်စိုး၍ အရဲစွန့် လုပ်ဆောင်လိုက်ခြင်း ဖြစ်တန်ရာ၏။

ဒေါ်အေးကြည်ကိုတော့ ပြင်ပက ကွင်းထဲမှာပဲ နေစေ၍ အမျှပေးဝေလိုက်သည်။ ၇ ရက်လုံး အမျှဝေမည်ဟုလည်း မနောဖြင့် ပြောထားလိုက်သည်။ စာရေးသူတို့ ယောဂီများသည် တရားတစ်ချိန် စထိုင်တိုင်း၊ ပြီးသွားတိုင်း မမေ့မလျော့ အမျှဝေကြမြဲ။


ထိုအမျှဝေသံများကို ဒေါ်အေးကြည် ကြားရ သာဓုခေါ်ရလိမ့်မည် ထင်ပါသည်။

အဘယ်ကြောင့်ဆိုမူ တရားစခန်း ပထမနေ့က ယောက်ယက်ခတ်နေခဲ့သော ဒေါ်အေးကြည်၏ ဒုက္ခိတဘဝ မှိုင်းမှုန် အရိပ်အယောင်ကို တရားစခန်းသိမ်းသောအခါ၌ လုံးဝ မတွေ့ရတော့၍ ဖြစ်ပါ၏။

မောင်သွေးရှင်

(ရောင်ခြည်မဂ္ဂဇင်း)

●



www.burmeseclassic.com

www.burmeseclassic.com



# နဂို

## စကြာစနှာ

နွားခြူသံများနှင့် လှည်းဘီးမှ တကျိုကျို တကျွိကျွိ အသံများကို နားထောင်ရင်း ကျော်စွာမြင့်သည် နွားလှည်းမောင်းနှင်သူ၏ ဘေးတွင် ထိုင်လျက်ပါလာလေသည်။ နောက်ကျောဘက် လှည်းပေါ်တွင် ဘအောင်သည် ယောက်ျားကြီးနှင့် မိန်းမကြီးနှစ်ဦးနှင့်အတူ အဝတ်အစား လက်ဆွဲသားရေအိတ်ကို ကျောမှာ မှီ၍ လိုက်ပါလာ၏။

နေသည် အပူရှိန်မြင့်တက်လာ၏။ လယ်ခင်းများအကြား လှည်းလမ်းကြောင်းအတိုင်း နွားနှစ်ကောင်၏ ရှန်းဆွဲခေါ်ဆောင်ရာနောက်သို့ လိုက် ပါလာကြသည်။ ကျော်စွာမြင့်မှာ သက္ကလပ်ဦးထုပ်ဆောင်းပြီး နေကာမျက်မှန်တပ်ထား၏။ စီးကရက်ကို တစ်လိပ်ပြီး တစ်လိပ် သောက်လာသည်။

ပတ်ဝန်းကျင်ရှိ နှမ်းခင်း၊ ဝဲခင်းများ၏ ရှုခင်းများကို ကြည့်ပြီး လေတပြူးပြူးကို ခံစားနေ၏။ တစ်ကြိမ်တစ်ခါမျှ ဤဒေသနယ်မြေအတွင်းသို့ မရောက်ဘူးသဖြင့် မြင်မြင်သမျှ စိတ်ဝင်စားလာမိ၏။



လှည်းလမ်းကြောင်းမှာလည်း လူသွားလူလာ မပြတ်သလို တခြားလှည်းများလည်း မပြတ်ချေ။ ဤလှည်းလမ်းကြောင်းမှာ တောင်တွင်းကြီးမြို့ပေါ်သို့ ပတ်ဝန်းကျင် ကျေးရွာများ၏ အဓိကဆက်သွယ်ကူးသန်းရေး လမ်းကြောင်းကြီး ဖြစ်နေချေပြီ။

'ဟဲ့...စိန်ထွေး၊ ဟိုရှေ့က မန်ကျည်းပင်အောက်မှာ ငါ ဆင်းမယ်'

'ရွာအထိ မလိုက်တော့ဘူးလား အချိုးလေး'

'ဒဟတ်ချုံ ငါ ဝင်ရဦးမှာ၊ အေးကြည်ဆီ ငါ့အကြွေး ငွေ အစိတ်သွားတောင်းရဦးမယ်ဟဲ့'

စိန်ထွေးက နွားလှည်းရပ်လိုက်ရာ မိန်းမကြီးလည်း တောင်းကြီးကို ခေါင်းပေါ်ရွက်လျက် ဆင်းသွားလေ၏။ ထို့နောက် နွားလှည်းကို ဆက်လက် မောင်းနှင်လာသည်။ ကျော်စွာမြင့်သည် ပဲခင်းထဲမှာ နေပူပူနှင့် တောင်းရွက်လျက် သွားနေကြသော တောသူ၊ တောင်သားများကို ငေးကြည့်မိ၏။ တောင်တွင်းကြီးမြို့မှ နေ၍ လှည်းကြုံရ၍ စီးလိုက်လာရသည်မှာပင် ခရီးမိုင်တော်တော် ဝေးဝေးသို့ ရောက်လာချေပြီ။ သူတို့နှယ် အထုပ်အပိုး ထမ်းပြီး လမ်းလျှောက်၍ လာရလျှင် လမ်းခုလပ်၌ ဘုံးဘုံးလဲလောက်ချေပြီ။

ဪ...နေပူထဲ မိုးရွာထဲ ဝမ်းစာရေးအတွက် ရာသီဥတုဒဏ်တော်တော်ခံနိုင်ကြပါပေတယ်လေ။

မကြာမီ နွားလှည်းသည် စခန်းဆုံးဖြစ်သော လက်ပံသားရွာသို့ ရောက်ရှိလေပြီ။

'ဒီမှာ လှည်းဆရာ...ဒီကနေ ဆီးဖြူတောရွာကို လှည်းဆက်ပြီး ငှားချင်လို့ လိုက်ပို့ပေးပါလား။ လှည်းခ ပေးပါမယ်'

လမ်းခရီး တစ်လျှောက်လုံး ငြိမ်၍ လိုက်လာသော ဘအောင်က ထောပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်တွေ မနက်ကတည်းက ထွက်လာခဲ့တာ၊ ကျွပ်အနားပေးချင်ပြီဗျ'

လှည်းဆရာ စိန်ထွေးက သူ့နွားနှစ်ကောင်အကြောင်း ပြောၐ၏။ ရွာထိပ်အနီးသို့ ရောက်လာကြသည်။

'ဒီက ဆရာက ရန်ကုန်မြို့က ဧည့်သည်မို့ပါ။ ကျုပ်တို့၊ ခင်ဗျားတို့ကတော့ ဒီနယ်သားတွေ ဘယ်လောက်ခရီးဝေးဝေး လျှောက်နိုင်ကြပေမယ့် ဒီဆရာက မလျှောက်နိုင်လို့ အကူအညီ တောင်းတာပါ'

'သူပြောတာ မှန်ပါတယ်၊ ခုလိုသက်သက်သာသာနဲ့ လှည်းပေါ်က လိုက်လာရတာတောင် နေပူဒဏ် မခံနိုင်ဘဲ ဖြစ်နေရပါတယ်။ ကျွန်တော် လှည်းခပေးပါမယ်။ ကျွန်တော် နွားကြီးတွေကို သနားပါတယ်။ ဒီနွားတွေကို ခဏအနားပေးပြီးမှ သွားချင်လဲ ရပါတယ်'

ဤတွင် လှည်းပေါ်ပါလာသော ရွာသားကြီးနှစ်ဦးက ကျော်စွာမြင့်၏ ပုံပန်းသဏ္ဌာန်ကို အကဲခတ်ကြည့်ကြပြီး ဝင်၍ ပြောလေ၏။

'စိန်ထွေးရာ ဟိုဆရာတွေ ကြည့်ရတာ ပြောသလို လျှောက်နိုင်မှာ မဟုတ်ဘူး။ ဆီးဖြူတောက တော်တော် ဝေးသေးတာ၊ ပို့ပေးလိုက်ပါကွာ'

'ကိုင်း...ခဏနားပြီး ပို့တာပေါ့၊ ဘယ်လောက်ပေးမလဲဗျ'

'ကျုပ်ရွာကို လမ်းလျှောက်ရင်သာဝေးတာပါ၊ လှည်းနဲ့ဆို ခဏလေးပါ၊ လှည်းခ ပြောပါ' ဘအောင်က ပြောလိုက်၏။

'တစ်ဆယ်ပေးဗျာ'

'ဟာ...မများဘူးလား'

'ဘအောင်၊ ဆစ်မနေပါနဲ့ တစ်ဆယ့်ငါးကျပ် ပိုပေးမယ်'

ကျော်စွာမြင့်က ဈေးမဆစ်သည့်အပြင် ငါးကျပ်ပိုပေးလိုက်သဖြင့် လှည်းဆရာ စိန်ထွေး ဝမ်းသာပြီး လှည်းမဖြုတ်တော့ဘဲ

'ကိုင်း...ဆရာတို့ တက်ကြ၊ အခုပဲ လိုက်ပို့ပေးမယ်'



နှစ်ဦးသား လှည်းပေါ်တက်ကြလေ၏။ လက်ပံသားရွာမှ နေ၍ ခရီး ဆက်လက်မောင်းနှင်လာကြ၏။ သစ်ကြီးဝါးကြီးကောရိပ် မရှိဘဲ ကုန်းမြင့် ချိုင့်ဝှမ်းများနှင့် လွင်တီးခေါင်နယ်မြေများ ဖြစ်၏။ ကုန်းမြေအနိမ့်အမြင့်များတွင် မဲခင်း နှမ်းခင်းများမှ မျက်စေ့တဆုံးပင်။

နောက်ဆုံး၌ သစ်ပင်အုပ်ဆိုင်းဆိုင်းနှင့် ဆီးဖြူတောရွာသို့ ရောက်လာကြလေပြီ။ နွားလှည်းကို ဘအောင်၏ အိမ်ဝိုင်းရှေ့၌ ရပ်လိုက်၏။ လှည်းပေါ်မှ ဆင်းကြ၏။ ရွာမှ ကလေး၊ လူကြီး၊ မိန်းမအချို့က ကျော်စွာမြင့်ကို ရှမ်းကြည့်ပြီး အကဲခတ်ကြည့်ကြ၏။ ဘအောင်က အားလုံးကို ရယ်မောပြုံးရွှင်စွာဖြင့် လှမ်းအော်၍ နှုတ်ဆက်နေသည်။

'လာ...ကိုကျော်၊ အိမ်ထဲ ဝင်စို့'

အိမ်ဝိုင်းခြံထဲ ဝင်၍ အိမ်ထဲဝင်လာ၏။ ဘအောင်၏ ဖခင်ဦးလှအေးနှင့် မိခင်ဒေါ်နုကအစ အုံသြဝမ်းသာ ဖြစ်နေကြသည်။ ကျော်စွာမြင့်က သစ်သားကြမ်းပြင် ဖျာပေါ်တွင် ထိုင်၍ အမောအပန်း ဖြေလိုက်၏။

'ကိုကျော်၊ အဲဒါ ကျွန်တော့်အဖေနဲ့ အမေပဲ'

မိဘများနှင့် မိတ်ဆက်ပေးလေ၏။ ရန်ကုန်မြို့မှ ဧည့်သည်ဖြစ်သဖြင့် လေးစားမှုကို ပြကြလေသည်။ ဘအောင်က စီးပွားရေး အရောင်းအဝယ်ကိစ္စနှင့် လာကြကြောင်း ဖွင့်ပြောပြလိုက်၏။

'အေး၊ ဒီလိုဆိုရင် မင်းတို့ တွက်ခြေကိုက်ကြမှာပါ၊ မင်း ကောက်ဈေးကို အရှမ်းမလောနဲ့ဦး၊ အိမ်ကပဲတွေတောင် နှစ်ပတ်လောက်ပဲ ကြာသေးတယ်။ အကုန်ရောင်းပစ်လိုက်တယ်၊ ပဲဈေးသိပ်ကောင်းတယ်၊ မင်း ကိုရင်ကြီးတို့ ကိုဖိုးထိန်တို့ဆီ ဈေးအခြေအနေ ဆွေးနွေးပြီးမှ လုပ်နော်'

ဖခင်ဦးလှအေးက ပဲဈေးအခြေအနေကို ပြောနေ၏။ ဒေါ်နုကလည်း 'ဟိုရောက်ရင်၊ မြတ်မှာကတော့ သေချာပါတယ် ဆရာလေးသာမှ စိတ်မပူနဲ့၊ ကိုယ့်အတွက် စရိတ်နဲ့ ပင်ပန်းခနဲ့ အမြတ်ပိုကျန်ဖို့ပဲ

www.burmeseclassic.com

www.burmeseclassic.com



လိုတယ်။ ဒီကိစ္စ ဘအောင် ကျွမ်းကျင်ပါတယ်။ အိမ်မှာ လွတ်လွတ်လပ်လပ် နေပါနော်"

ကျော်စွာမြင့်မှာ အလွန်သဘောကောင်းသော မိဘများကို တွေ့ရသဖြင့် စိတ်နှလုံးလန်းဆန်းသွားမိလေတော့၏။ ရွာမှာ ရွာကြီးဖြစ်၏။ ပျဉ်ထောင်အိမ်ကြီး၊ အိမ်ကောင်း များ၏။ ဘအောင်၏အိမ်မှာ နှစ်ထပ်ပျဉ်ထောင်အိမ်ဖြစ်၏။ ထင်းကုပ်၌ နွားနှစ်ကောင်ရှိ၏။ နွားလှည်းရှိ၏။ နှမ်း၊ ပဲလှောင်သော ကိုထောင်တဲလည်း ရှိ၏။ ခြံဝိုင်းထဲ၌ ရေတွင်းရှိ၏။ နှမ်း၊ ပဲစိုက်ခင်းများရှိသော တောင်သူမိသားစု ဖြစ်နေ၏။

ညနေစောင်းလျှင် ဘအောင်၏ညီဖြစ်သူ ငွေအောင် လုပ်ငန်းခွင်မှ ပြန်လည်ရောက်ရှိသလို ညီမဖြစ်သူမြနှင်းကလည်း ရွာထဲရှိ ရက်ကန်းစင်မှ အလုပ်သိမ်းပြီး ပြန်လည် ရောက်ရှိလာကြ၏။ သူတို့မှာ ရန်ကုန်သား ကျော်စွာမြင့်နှင့် တွေ့ဆုံကြ၏။ အစ်ကိုကြီး ဘအောင်၏ မိတ်ဆွေလည်း ဖြစ်ပြီး အကျိုးတူ စီးပွားရေးလုပ်ဖော်လုပ်ဖက်ဖြစ်နေသဖြင့် ကျော်စွာမြင့်အပေါ် လေးလေးစားစား ဖြစ်နေကြသည်။

မိုးချုပ်လာ၏။ ရေချိုးပြီး ညစာ ထမင်းစားကြ၏။ တောရွာချက် ထမင်းဟင်းမှာ သီးနှံမွှယ်မွှယ်ရာရာဖြင့် အရသာရှိပြီး စား၍မြိန်လှသည်။ ထို့နောက် အိမ်ရှေ့ကွပ်ပြစ်တွင် ဦးလှအေး၊ ငွေအောင်တို့နှင့် ရေနွေးကြမ်းလက်ဖက်ဝိုင်းနှင့် စကားပြောမိကြသည်။ ဘအောင်မှာ ရွာထဲရှိ ဆွေမျိုးသူငယ်ချင်းများဆီ သွား၍ အရောင်းအဝယ်ကိစ္စအတွက် စေ့စပ်စမ်းရန် ထွက်သွားလေသည်။

မြနှင်း၏ သူငယ်ချင်းတစ်သိုက်အိမ်သို့ ရောက်လာကြသည်။ တစ်နေရာ၌ တိုးတိုးတိတ်တိတ် စကားဝိုင်းဖွဲ့လျက် ညှော်သည့်မြို့သား ကျော်စွာမြင့်အား လာရောက် အကဲခတ်ကြသည်။ တစ်ခါတစ်ရံ မြနှင်းအား နောက်ပြောင်၍ ကြည့်စယ်ပြီး ရယ်လိုက်သောအသံများ ထွက်ပေါ်လာနေသည်။



"ပွင့်ပွင့်လင်းလင်းပြောရရင် ဒီလို အရောင်းအဝယ်ကိစ္စမျိုး ကျွန်တော် ပထမဆုံးအကြိမ် စွန့်စားလုပ်ကြည့်တာပဲ ဦးလေးအေး၊ ကျွန်တော့်မှာ ငွေအရင်းအနှီးရှိတယ်၊ ဘအောင်နဲ့ ခင်တာလဲ ကြာပါပြီ၊ စကားစပ်မိရင်းက သူက ဒီလုပ်ငန်းဟာ လုပ်ငန်းခံပြီး ငွေရင်းရှိရင် အမြတ်အစွန်းများတယ် ပြောတယ်၊ ဒါနဲ့ ကျွန်တော့်သူငယ်ချင်းဟောတ်စိန်နဲ့ တိုင်ပင်ဆွေးနွေးကြတယ်၊ ကျွန်တော်တို့ သူလိုချင်တဲ့ ပဲအမျိုးအစားကောင်းကောင်း ရမယ်ဆိုရင် ယူလာသလောက် ယူမယ်တဲ့၊ ဘအောင်နဲ့ ဈေးချင်းညှိကြပြီး ဒီကို ထွက်လာခဲ့ကြတာပဲ၊ ဦးလေးအေးတို့လဲ ကျွန်တော့်ကို ကူညီပါလို့ ပြောပါရစေ ခင်ဗျာ"

ကျော်စွာမြင့်က ဖွင့်ပြောပြလိုက်လေ၏။ ဦးလှအေးက အရောင်းအဝယ်ကိစ္စများကို နည်းလမ်းပေးကာ အားပေးလေသဖြင့် အားတက်မိတော့၏။ ညဉ့်နက်လာသည်နှင့် ဘအောင်ပြန်အလာကို မစောင့်တော့ဘဲ အိမ်အပေါ်ထပ်၌ မြနှင်းကိုယ်တိုင် ခင်းကျင်းပေးထားသော အိပ်ရာပေါ်တွင် ခရီးပင်ပန်းလာသဖြင့် ဝင်လှဲရင်းမှ အိပ်ပျော်သွားမိတော့၏။

နံနက်လင်းသည်နှင့် ရွာထဲတွင် ကျော်စွာမြင့်၏ သတင်းသည် ချက်ချင်းပြန့်နှံ့လျက်ရှိလေ၏။ အသက်သုံးဆယ်ခန့်ရှိပြီ အသားဖြူဖြူ ရုပ်ချောတည်ကြည်လျက် ဘွဲ့ရလူငယ် ရန်ကုန်မြို့သားဖြစ်လေသည်။ လူငယ်ဝိုင်းအတွင်း ငွေကြေးတောင့်တင်းပြီး စီးပွားရေးသမားမှန်း သိသွားကြ၏။

ရွာမှာ စီးပွားမရှာဘဲ ရန်ကုန်မြို့တက်ပြီး စီးပွားရှာရန် ကြိုးပမ်းနေသော ဘအောင်လို အကြံအစည်ကြီးသမားနှင့် အတူတွဲလာကြသဖြင့် သူတို့နှစ်ဦးစလုံးကို တစ်ရွာလုံးက အထင်ကြီးနေကြတော့၏။

ဘအောင်မှာ မိမိတာဝန်ယူ၍ ဦးဆောင်ရသော အရောင်းအဝယ်ကိစ္စဖြစ်သဖြင့် ပွဲဦးထွက် အရှုံးမရှိ အမြတ်ရနိုင်ရေးအတွက် ရွာသို့ရောက်ကတည်း အချိန်မှစ၍ အနားမနေဘဲ ဦးနှောက်ထဲ၌ အကြံကြံစည်စိတ်ကူး

www.burmeseclassic.com

www.burmeseclassic.com



နေရတော့သည်။ စင်စစ် ကျော်စွာမြင့်မှာ ကောက်ပဲသီးနှံကိစ္စ နားမလည်ချေ။ ဘအောင် ဦးဆောင်၍ လုပ်သမျှ သားမှ ငွေထုပ်ကိုင်၍ အရင်းအနှီး ပံ့ပိုးကူညီပေးရန်သာ တာဝန်ယူထားလေ၏။

'ကိုင်း...ဆရာ၊ ရွာမှာ စောင့်ဆိုင်းရင်း ပွဲစားတွေကို လွှတ်ခိုင်းပြီး မဝယ်ချင်ဘူး၊ ကိုယ်ရမယ့် အမြတ်ထဲက ဖဲ့ပေးနေရမှာ၊ ဒီတော့ ကျွန်တော်တို့နှစ်ယောက် ကိုယ်တိုင်ရွာစဉ်ကျ လှည့်ပြီး ဆင်းဝယ်ကြရအောင်၊ ကိုယ်ဟာတ်စိန် ကြိုက်မယ့် ပဲအမျိုးအစားကောင်းကောင်း လက်ရွေးစင်လဲ ပိုရတာပေါ့'

'ကောင်းတယ်၊ ငါလဲ ကိုယ်တိုင် တွင်းဆင်းပြီး ပညာရတာပေါ့ကွာ'

သို့နှင့် နှစ်ဦးသားမှာ ငွေထုပ်ထည့်လျက် ပတ်ဝန်းကျင်ရွာများဆီသို့ ပဲအဝယ်ထွက်ကြလေတော့သည်။ တောင်တွင်းကြီးနယ်မြေသည် ရာသီဥတု ပူပြင်းလှပေ၏။ နယ်ခံရွာသားများနယ် မြေပြင်ပူ၊ ကောင်းကင်ပူ၊ နေပူလေပူကို ရဲဝံ့စွာ ရင်ဆိုင်၍ ရွာစဉ်လိုက်၍ ပဲဝယ်လိုက်ခဲ့လေသည်။

ရောက်ရှိခဲ့သော ကျေးရွာရှိ တောင်သူမိသားစုများ၏ စားဝတ်နေရေး စီးပွားရေး ချို့တဲ့မှုဒဏ်နှင့် ရာသီဥတုပြင်းထန်သဖြင့် ကျန်းမာရေး ချို့တဲ့မှုဒဏ်များကို မြင်တွေ့ရသဖြင့် သူတို့ထံမှ ပဲဝယ်ရာတွင် ပဲဈေးပင် ဆစ်ချင်သောစိတ်ပင် မရှိ။ ကရုဏာပင် သက်ဝင်မိလာသည်။

'ကဲ...ဆရာကျော်၊ ကျွန်တော်တို့ကိုယ်တိုင်ကွင်းဆင်းပြီး ပဲချုပ်လိုက်ဝယ်တော့ ရန်ကုန်အဝယ်ဒိုင် မပြောနဲ့ တောင်တွင်းကြီး ပဲဒိုင်ဈေးရဲ့ ဘယ်လောက်ကွာသလဲ။ ပဲအဝယ်တော်လွှတ်ပြီး ရွာတနေ ထိုင်စောင့်ကောက်လို့လဲ ရပါတယ်။ ဒါပေမယ့် ခုလို ကိုယ့်စိတ်တိုင်းကျပဲ လက်ရွေးစင်မျိုး ဘယ်ရမလဲ'

ညနေစောင်းတွင် ဆီးဖြူတောရွာသို့ ပြန်လည်ရောက်ရှိလာကြ



သည်။ ကျော်စွာမြင့်မှာ တစ်နေကုန် နေပူရှိန်ဒဏ်ကြောင့် ပင်ပန်းသွား၏။ တစ်ရွာဝင် တစ်ရွာထွက် လမ်းလျှောက်ခဲ့ရသဖြင့် ခြေထောက်များ ညောင်းသွား၏။ ဖျားပေါ်တွင် အနားယူနေ၏။

လုပ်ငန်းစတင်အကောင်အထည်ဖော်လိုက်သလို ပါလာသော ငွေထုပ်မှာလည်း စတင်၍ ကုန်ပစ္စည်းအရင်းအနှီးငွေများ ပေးချေခဲ့သည်။ ဦးလှအေးကလည်း ဝင်၍ အများအပွင့်နည်းအောင် အကြံဉာဏ်ပေး ပြောလေ၏။ ထို့နောက် ညမီးချုပ်သောအခါ နှစ်ဦးသား ငွေစာရင်းများ တွက်ချက်၍ ရေးမှတ်ကြလေသည်။

တစ်နေကုန် နေပူရှိန်အောက်ဝယ် ခရီးဝေးများကို လမ်းလျှောက်ခဲ့ရသဖြင့် အကြောအချဉ်ညောင်းသဖြင့် စောစောစီးစီး အားရှိသွားအောင် အိပ်ရာဝင်ခဲ့လေတော့၏။

မီးကောင်းကင်ယံ၌ လရောင်သည် ထိန်ထိန်သာနေ၏။ ပြတင်းပေါက်မှနေ၍ တောရွာ၏ သဘာဝအလှကို ခံစားရင်းမှ မှေးခနဲ အိပ်ပျော်သွားတော့သည်။

ပတ်ဝန်းကျင်တောရွာများဆီသို့ ဘအောင်နှင့် အတူလိုက်၍ ပဲလိုက်ဝယ်ရာ တဖြည်းဖြည်းနှင့် အရောင်းအဝယ် သဘောပေါက်လာသလို တောင်သူဦးကြီးများနှင့် ထိတွေ့မှု ရင်းနှီးဆက်ဆံလာတတ်ချေပြီ၊ လုပ်ငန်းဆောကပ်လာသဖြင့် ရောက်သည့်နေရာ တောရွာများတွင် စားတတ်၊ သောက်တတ် ဖုန်ထူထူထဲတွင် နေတတ်၊ ထိုင်တတ်လာသည်။

သုံးရက်မြောက်သောနေ့ ဖြစ်လာ၏။ ဘအောင်အိမ်၏ ဂိုဒေါင်ထဲ၌ ဝယ်ပြီးသော ပဲအိတ်များလည်း တဖွဲဖွဲနှင့် လှည်းနှင့်တိုက်၍ရောက်ရှိ လာချေပြီ။ လေးရက်မြောက်နေ့ နံနက်တွင် ကျော်စွာမြင့်မှာ ညတစ်ညလုံး အပြင်းဖျားလာတော့သည်။ အိပ်ရာပေါ်မှာ မထချင်တော့ချေ။ ဘအောင်၏ မိသားစုများက အဖျားပျောက်ဆေးကို တိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကနေ့ ငါ မလိုက်တော့ဘူး၊ မင်းပဲ လုပ်ငန်းပြီးမြောက်အောင် ဆက်လုပ်ပါ၊ လိုတဲ့ငွေလဲ တစ်ခါတည်း ယူသွား'

'ဆရာကျော် ဘာမှ အားမငယ်နဲ့နော်၊ နေပူထဲ သုံးရက်လုံးလုံး ခရီးပင်ပန်းပြီး အပူရှပ်များတာပါ။ အိမ်မှာ တစ်ရက်နှစ်ရက် အနားယူလိုက်ရင် ပျောက်သွားမှာပါ'

ဘအောင်နှင့်အတူ မိသားစုအားလုံးက အားပေးပြုစုကြလေ၏။ တကယ်တော့ ရန်ကုန်သားကျော်စွာမြင့်လို လူစားမှာ တောသူတောင်သားများကဲ့သို့ သဘာဝရာသီဥတုဒဏ်ကို မည်သို့မျှ မခံနိုင်မှန်း သိလာရ၏။ ရေပြောင်း လေပြောင်းသဖြင့် ခန္ဓာကိုယ်မှာ အားအင်ဆုတ်ယုတ်သွား၏။

ကျော်စွာမြင့်မှာ ဘအောင်အား စိတ်ချယုံကြည်မှုထားရှိ၏။ မိမိတို့ ရန်ကုန် သယ်ရန် ပဲတင်းရေ သတ်မှတ်ရည်မှန်းထားမှုကို အမြန်ဆုံး ပြီးမြောက်ရန် အရေးကြီး၏။ ဘအောင် မြန်မြန်လုပ်နိုင်ရန် ငွေကိုလည်း လွှဲပေးထားလိုက်၏။ မြန်မြန်ကုန်ပစ္စည်းရလျှင် မြန်မြန်ပြန်နိုင်မည် ဖြစ်ပေ၏။

'ဒေါ်ဒေါ်ကို အားနာပါတယ်။ ကျွန်တော် ရောက်လာတာ လူမမာပြုစုဖို့အတွက် တာဝန်ကြီး တစ်ခုလိုဖြစ်နေရပြီ'

အိမ်၌ ငွေအောင်ကလည်း စိုက်ခင်းလုပ်ငန်းခွင်သွား၊ မြနှင်းကလည်း ရက်ကန်းစင်သွား၊ ဦးလှအေးနှင့် ဒေါ်နုတို့သာ ကျန်ရှိနေ၏။ ကျော်စွာမြင့်၏ အနား၌ ဒေါ်နုက လိုအပ်သမျှ မီးခင်ပမာပြုစုပေးနေရှာသည်။ မြေလတ်ပိုင်း၏ သဲမြေအပူငွေ့နှင့် နေ့ဖျားဝင်လာသဖြင့် တစ်နေ့ကုန် တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလျက် ခေါင်းမထောင်နိုင်တော့ချေ။ မြန်မာ့တောရွာသုံး နေ့ဖျားပျောက်ဆေးကို သောက်နေရ၏။

ညနေစောင်းလျှင် မြနှင်းပြန်ရောက်လာ၍ မိခင်နှင့်အတူ ပြုစုပေး၏။ ထို့နောက် ဘအောင် ပြန်ရောက်လာ၏။ နောက်ထပ် ပဲဝယ်လာ၏။



အကြောင်းကို ရှင်းပြသည်။ ကျော်စွာမြင့်မှာ ဘာမျှ မလိုချင်တော့ချေ။ မိမိ၏ တစ်ခုတည်းသော ဆန္ဒမှာ မိမိ၏ အသက်ရှင်ရေးနှင့် အမြန်ဆုံး အဖျား ပျောက်ရေးပဲ စိတ်ဆန္ဒ ရှိတော့၏။ ထို့အတွက် ဘအောင်တို့မိသားစုအပေါ် အားတိုးရုံမှ လွဲ၍ ဘာမျှ မရှိတော့ချေ။

'ဘအောင်၊ ငါ့ကို မင်းဘာမှ တိုင်ပင်မနေနဲ့၊ လုပ်စရာ ဝယ်စရာ ရှိတာဆက်သာလုပ်၊ စာရင်းတွေလဲ နောက်မှရှင်း၊ လိုတဲ့ငွေလဲ ယူသာသွား'

မကြာမီ ငွေအောင် ပြန်ရောက်လာ၏။ ပိန္နဲကုန်းရွာမှ မြန်မာဆေးဆရာကြီးထံမှ အဖျားပျောက်ဆေးဝယ်လာခဲ့၏။ ကျော်စွာမြင့်မှာ ရောဂါပျောက်ချင်သဖြင့် တိုက်သမျှ ဆေးသောက်လေသည်။

တဖြည်းဖြည်းနှင့် အဖျားကျဆင်းလာပြီး သုံးရက်မြောက်နေ့၌ အဖျား လုံးဝ မရှိတော့ချေ။ ကြက်သားဆန်ပြုတ်ဖြင့် အာဟာရသွင်းနေရသည်။

ကျော်စွာမြင့်မှာ အဖျားပျောက်သွားသော်လည်း တစ်ကိုယ်လုံး ခြေဆစ်၊ ဒူးဆစ်၊ ခါးဆစ်များ ကိုက်ခဲသည့် ဝေဒနာဒဏ်ကို ဆက်လက်ခံစား နေရပြန်၏။ လမ်းကောင်းကောင်းလျှောက်၍ မရချေ။ ကိုက်ခဲနာကျင်သည့် ရောဂါပေါ်လာပြန်နေသည်။

'အင်း…အဖျားသွေး မရှိပေမဲ့ ဟိုရက်တွေက ခရီးသွားခဲ့လို့ အပူခဲတွေ ကျန်နေသေးတဲ့ လက္ခဏာပဲ၊ ဘာမှစိတ်မပူနဲ့ အဖျားပျောက်သွားရင် ကိုယ်လက်အကိုက်အခဲ အညောင်းတော့ ကျန်ရစ်ကြစမြဲပဲ၊ နောက် တဖြည်းဖြည်း ပျောက်သွားမှာပါ'

ဦးလှအေးက အားပေးစကားပြော၏။ အကိုက်အခဲပျောက်ဆေးမြစ်များကို သောက်ရပြန်၏။ သို့ပေသည့် မသက်သာချေ။ ကိုယ်လက်လှုပ်ရှားလျှင် တဖြည်းဖြည်း လှုပ်ရှားနိုင်၏။ အသားများ၊ အရိုးများ အဆစ်များ ကျင်ခဲ နာနေ၏။ အိမ်ပေါ်တွင် ပက်လက်ကုလားထိုင်ဖြင့်နေမှ သက်သာ

www.burmeseclassic.com

www.burmeseclassic.com



၏။ အိမ်အပေါ်ထပ်မှ အောက်ထပ်သို့ အိမ်သာအပေါ့အပါးသွားချင်မှသာ ကြိုးစား၍ လက်ရမ်းတိုင်ကို အားပြုပြီး ဆင်းတက်လေသည်။

'ဘအောင်၊ မင်းလဲ ငါမပါဘဲ တစ်ယောက်တည်း လုပ်ကိုင်နေရတာ တော်တော်ပင်ပန်းရှာမယ်၊ မင်းဟာ ဘာမှမဖြစ်လို့ ချီးကျူးမိပါရဲ့ကွာ၊ အရေးကြီးဆုံးက ဖိုးသူတော်လိုတာ ကိစ္စမရှိဘူး၊ တောင်ရေးမလဲဖို့လဲ အရေးကြီးတယ်၊ ကုန်ပစ္စည်းတွေလဲ တော်တော်ရထားပြီပဲ၊ နားနားနေနေ လုပ်ပါကွာ၊ မင်းမလဲဖို့ အရေးကြီးဆုံးပဲဟေ့'

ကျော်စွာမြင့်က ပြောရာ မိသားစုအားလုံးက သဘောကျ၍ ရယ်ကြ၏။ ထမင်းဝိုင်း၌ စင်စားလေ၏။

'အစ်ကိုကျော်ရော်ဂါဟာ မြေကိုင်တာတဲ့'

မြနှင်းက ပြောရာ-

'ဟုတ်လား၊ ညီမလေးက ဘယ်လိုလုပ် သိတုန်း၊ ပြောစမ်းပါဦး ဗိန္ဒောဆရာမကြီးရယ်'

'အဟုတ်ပြောတာ၊ ရွာထဲက သူငယ်ချင်းတွေက သူတို့တွေ့ဖူးတဲ့ မြေကိုင်ခံရတဲ့သူတွေဟာ လက်ဆစ်ခြေဆစ်၊ ဒူးဆစ်တွေ အရမ်းကိုက်တယ်လို့ ပြောတယ်'

'နင့်ဟာကလဲ၊ ဒီလိုဆိုရင် မြေကြီးကို မနင်းရဲအောင် ဖြစ်နေပြီဟ'

ငွေအောင်က ဝင်ပြောလေ၏။

'မြနှင်းပြောတဲ့ စကား ငါ ထောက်ခံတယ်၊ မြေကိုင်ခံရသလား မပြောနဲ့၊ မြေကြီးပေါ်ဆင်းနင်းဖို့ နေနေသာသာ လှေကားတောင် မနည်းအတက်အဆင်း လုပ်နေရတာ၊ ငါ့ကို မြေကြီးက မင်း မလာနဲ့ဦးဆိုပြီး တားထားတယ်ကွ ဟား ဟား'

'ဟုတ်တယ်...ဟုတ်တယ်၊ အစ်ကိုပြောတာ ဟုတ်တယ်'



မြနှင်းက သူ့စကား ထောက်ခံသဖြင့် သဘောကျသွားရှာလေ၏။ နံနက်စာ စားပြီးကြသည်နှင့် ဘအောင် ငွေအောင်နှင့် မြနှင်းတို့လည်း အိမ်အပြင်လုပ်ငန်းခွင် ထွက်သွားကြလေ၏။ အိမ်၌ ဦးလှအေး၊ ဒေါ်နုနှင့် ကျော်စွာမြင့်ပဲ ကျန်ရစ်ခဲ့ကြလေသည်။

ပတ်ဝန်းကျင်ရှိ အိမ်ဝိုင်းများမှ လူများလည်း ဆိတ်ငြိမ်လှ၏။ နေပြင်းသဖြင့် ရွာလမ်းပေါ်တွင် အသွားအလာ နည်း၏။ သစ်ပင်ကြီးများပေါ်၌ လာနား၍ အော်ဟစ်တွန်ကျူးနေသော ငှက်အသံသာ ကြားရ၏။ ကျော်စွာမြင့်မှာ ရန်ကုန်မြို့လို ဆူညံရှုပ်ထွေးနေသည့်ကြား၌ နေသူဖြစ်၍ တောရွာ၏ ငြိမ်သက်အေးချမ်းမှု၏ အရသာကို မခံယူနိုင်ဘဲ ဖြစ်နေ၏။ တစ်ခြားမဟုတ် လေးဖက်နာကဲ့သို့ အရိုးအဆစ်အမြစ်နာကျင်၊ ကိုက်ခဲမှုဝေဒနာကို ခံစားနေရသောကြောင့် ဖြစ်၏။

တစ်ယောက်တည်းနေစဉ် အပေါ့အပါးသွားချင်သဖြင့် အိမ်ပေါ်ထပ်မှ အောက်ထပ်သို့ ဆင်းလာ၏။ အဆင်း၌ သက်သာ၏။ ကိစ္စပြီး၍ အိမ်ပေါ်သို့ လှေကားထစ်မှ ပြန်တက်စဉ် ခြေထောက်နှစ်ဘက်ကို ဒူးကွေးလိုက်တိုင်း ဒူးဆစ်များမှာ နာကျင်လွန်းသဖြင့် တဖြည်းဖြည်းချင်း လက်ရမ်းကိုင်ထိန်း၍ ကြိုးစားတက်နေရ၏။ တစ်ထစ်တက်တိုင်း နားပြီးတက်နေစဉ် အိမ်ထဲသို့ မြနှင်း ရောက်လာ၏။ လှမ်းကြည့်နေ၏။

'အစ်ကိုကျော်၊ ဘာဖြစ်နေလဲ တက်လို့ မရဘူးလားဟင်'

'ဪ၊ မြနှင်းအစောကြီးပြန်လာပါလား၊ ဒူးဆစ်တွေနာလို့ မနည်းတက်နေရတယ်'

'အဖေနဲ့ အမေကောရှိလား'

'မရှိကြဘူး၊ အပြင်သွားကြတယ်'

မြနှင်းသည် အနားသို့ ရောက်လာ၏။ တစ်ယောက်တည်း ဒုက္ခရောက်၍ လိမ့်ကျမည်ကို စိုးရိမ်လာသဖြင့် ဘေးမှ လက်မောင်းကို ကိုင်

www.burmeseclassic.com



လျက် ပေးကူ၍ ထိန်းပေး၏။ ကျော်စွာမြင့်မှာ မြနှင်းပုခုံးကို ဖက်ပြီး အားပြု၍ ခြေတစ်ဖက်ချင်း မြှောက်ကြွကာ တစ်ထစ်ချင်း တက်လာရ၏။ ကိုယ်ချင်းထိ၍ ပါးချင်းကပ်မိနေကြသည်။

နှစ်ဦးသားမှာ တစ်ဦးကို တစ်ဦး လိမ့်ကျမသွားအောင် တင်းကျပ်စွာ ဖက်၍ အားယူတက်လာရ၏။ အိမ်ပေါ်ရောက်လျှင် တွဲပြီး ပက်လက်ကုလားထိုင်ပေါ်သို့ ဖြည်းလေးစွာ ထိုင်လိုက်၏။ ကျော်စွာမြင့်မှာ မြနှင်း၏ လက်တစ်ဖက်ကို ဖမ်းအုပ်ကိုင်ထားလျက် ရင်ခုန်မြန်နေသော သူ၏ ရင်ဘတ်ပေါ် ဖိထားမိနေဆဲဖြစ်၏။ မျက်လုံးမှိတ်၍ မောပန်းလျက် အသက်ပြင်းပြင်း ရှူနေရသည်။ နဖူးတွင် ချွေးများ ထွက်နေသည်။

မြနှင်းမှာ သူမ၏ ညာဖက်လက်ဖဝါးကို အားပြုဆုပ်ဖမ်းခံရသဖြင့် မရုန်းဘဲ အသာအကဲခတ် ကြည့်နေ၏။ ဝေဒနာကို ခံစားနေရသူအဖို့ သူမ၏ လက်ကို အားကိုးမှုကလေး ပြုထားနေပုံရကြောင်း သိရှု၍ အသာငြိမ်နေမိ၏။ သူမ၏ လက်ဖဝါးသည် ကျော်စွာမြင့်၏ ရင်ခုန်သံ တဒိတ်ဒိတ်ကို သိရှိ ခံစားနေမိလာသဖြင့် ကရုဏာမေတ္တာစိတ် သက်ဝင်လာမိရှာ၏။

'အစ်ကိုကျော်၊ ဘယ်လိုနေသေးလဲဟင်၊ မောနေသလား'

မြနှင်းက မေး၏၊ ကျော်စွာမြင့်က မျက်လုံးဖွင့်ပြီး မြနှင်း၏အနီးကပ်မျက်နှာလေးကို စိုက်ကြည့်ရင်း ခေါင်းညိတ်ပြ၏။ ပြီးနောက် ဖိမိအားပြု၍ ဖမ်းအုပ်မိထားသော သူမ၏ လက်ကို တဖြည်းဖြည်းချင်း ပြန်လွှတ်လိုက်လေ၏။ မြနှင်းသည် မျက်နှာသုတ်ပဝါသွားယူလျက် ချွေးပြန်နေသော မျက်နှာကို သုတ်ပေးလေ၏။ ထို့နောက် ရေအေးတစ်ခွက်ခပ်ပြီး တိုက်လေ၏။ ပြီးနောက် ဆားတွင် ကြုံ့ကြုံ့ကလေး ထိုင်လျက် ယပ်တောင်ဖြင့် ယပ်ခတ်ပေးလေသည်။

'ကနေ့ စောလှချည့်လား'

သက်သာလာသဖြင့် စကားပြောလိုက်၏။



'ချည်ပြတ်သွားလို့ စောစောသိမ်းခိုင်းလိုက်တယ်၊ ဒါနဲ့အိမ်မှာ လူမရှိတဲ့အချိန် တစ်ယောက်တည်း လှေကားအတက်အဆင်း မလုပ်နဲ့ အစ်ကိုရယ်၊ အခုလို မူးမိုက်နေတုန်း မြနှင်း ရောက်လာလို့ပေါ့၊ နို့မို့ရင် လိမ့်ကျသွားမှာ၊ မြနှင်း ရင်တုန်လိုက်တာ အစ်ကိုရယ်'

မြနှင်း၏ ကရုဏာသံကလေးများကို ကျော်စွာမြင့်သည် သူမကိုငေးစိုက်ကြည့်နေသည်။ အသက်နှစ်ဆယ်အရွယ်၊ အသားလတ်လတ်နှင့် နှာတံပေါ်ပေါ် ချစ်စဖွယ် မျက်နှာပိုင်ရှင်လေးဖြစ်ကြောင်း ယခုမှ ဂရုတစိုက်ကြည့်မိတော့၏။ တစ်ပတ်လျှိုဆံထုံးနှင့် ကိုယ်လုံးကလေး သွယ်သွယ်လျလျနှင့် ဖြေလတ်သူ ရွက်ပုန်းသီးချောလေးဖြစ်နေချေပြီကော။

'အခုလို မြနှင်းကို ဒုက္ခပေးမိတာ ခွင့်လွှတ်ပါကွာ၊ ဒီလိုရောဂါဝေဒနာမျိုး အစ်ကို တစ်ခါမှ မဖြစ်ဖူးခဲ့ဘူး'

နှစ်ဦးသား တစ်ဦးကို တစ်ဦး အကဲခတ်ကြည့်မိကြရင်း စကားဆက် မပြောနိုင်ဘဲ ဖြစ်မိသွားကြ၏။ မြနှင်းသည် ထိုင်ရာမှထ၍ အောက်ထပ်သို့ ဆင်းသွားလေ၏။ ကျော်စွာမြင့်သည် မြနှင်း၏ နွေးထွေးသော ယုယမှု၏ အရသာကို ခံစားမိလိုက်တော့၏။

မကြာမီ ဒေါ်နု ပြန်ရောက်လာ၏။ အောက်ထပ်မီးဖိုချောင်၌ ညစာချက်ပြုတ်နေသော မြနှင်းနှင့် တွေ့၍ စကားပြောသံကြားရသည်။ ရွာထဲမှ ကိစ္စစကားများသာ ဖြစ်ကြသည်။ ညနေစောင်းလျှင် ဦးလှအေး၊ ဗွေးအောင်တို့ ရောက်လာကြ၏။

'ဦးလေးရယ်၊ အဆစ်အမြစ်ကိုက်တာ မသက်သာဘူး၊ မနက်ဖြန်တောင်တွင်းကြီးမြို့တက်ပြီး ဆရာဝန်ဆေးခန်းကို သွားပြချင်တယ်၊ ဆေးထိုးဆေးသောက်ရင် သက်သာပျောက်သွားလိမ့်မယ် ထင်တယ်'

'သွားချင်တဲ့ဆန္ဒရှိရင် ဘအောင်နဲ့ တိုင်ပင်ပြီး အိမ်က နွားလှည်းနဲ့ ဗွေးအောင်ကို လိုက်ပို့ခိုင်းမယ်။ ကောင်းသားပဲ'

www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်စအချိန်တွင် ဘအောင်သည် နွားလှည်းပေါ်တွင် ပဲအိတ်များ တင်ဆောင်၍ လှည်းသမားနှင့်အတူ လိုက်လာ၏။ ထို့နောက် လှည်းပြန် သွားမှ အိမ်ပေါ်သို့ တက်လာသည်။

'ဆရာကျော်၊ အခြေအနေ ဘယ်လိုလဲ'

'အဆစ်အမြစ် ကိုက်တာ မသက်သာပါဘူးကွာ၊ မနက်ဖြန် မြို့ခဏ တက်ပြီး ဆေးခန်းမှာ ဆရာဝန်ပြကြည့်ချင်တယ်၊ ဆေးထိုးလိုက်ရင် ပျောက် မှာကွ'

'ကျွန်တော် ဟောဒီမှာ လိမ်းဆေးနှစ်ထုပ်ယူလာတယ်၊ မနက်တစ် ကြိမ်၊ ညတစ်ကြိမ် ရေကျိုကျွဲနဲ့ မျက်နှာချစ်ပြီး လူးရမယ်၊ ဒီဆေးဟာ ထန်းနေ့ဘင်းစုရွာက ဆရာကျော်လို အကိုက်အခဲသမားတွေ ချက်ချင်းပျောက် တဲ့ဆေးပဲ၊ ကနေ့ အဲဒီရွာမှာ ပဲစင်းဝုံကောင်းကောင်းရှိတဲ့ သတင်းကြားလို့ သွားပြီး ချုပ်ခဲ့တယ်၊ စကားစပ်ရင်း ရွာက အဲ့ဒီရတ်ဆရာကြီးအဘိုးဖြူ အကြောင်း ပြောမိကြတယ်၊ ဆေးစွမ်းရှိတယ် ပြောလို့လိုက်ရှာပြီး အဘိုးဖြူ ဆီက တောင်းခဲ့တာပဲ၊ အဘိုးကို ငွေကန်တော့ခဲ့တယ်၊ စမ်းကြည့်လိုက်ပါ ဦး၊ နောက်နေ့ မထူးခြားရင် မြို့ကို သွားကြတာပေါ့ ဆရာကျော်'

ဘအောင်က မြနှင်းအား တောင်တန်ကြီးသွေးခိုင်းလေသည်။ ကျော်စွာမြင့်သည် အဘိုးဖြူ၏ ဆေးထုပ်ကို ဖြေကြည့်၏။ ဆေးမြစ်ဆေးဝါး အမှုန့်၏အနံ့သည် ထောင်းခနဲ ထွက်လာသည်။

'ကိုင်း...အဘိုးဖြူရဲ့ ဆေးမှုန့်နဲ့ မြနှင်းရဲ့တောင်တန်ကြီး ရောစပ် ပြီး လိမ်းလိုက်မယ် တစ်ခါတည်း ရောဂါပျောက်စေလဟယ်'

ကျော်စွာမြင့်က မြနှင်းကို လှမ်းကြည့်ပြီး ပြောလိုက်ရာ အားလုံး ရယ်ကြလေသည်။ နှစ်ဦးသား၏ အသည်းနှလုံးချင်းမှာ မေတ္တာစာတ် ကူးစက်နေချေပြီ။

ကျော်စွာမြင့်သည် ဘအောင် ယူလာသော အဘိုးဖြူ၏ လိမ်းဆေး



ကို တစ်ကိုယ်လုံးလိမ်းပြီး အိပ်သည်။ ဆေးဝါး၏ တန်ခိုးအာနိသင်ကြောင့် လားမသိ၊ ခန္ဓာကိုယ်အတွင်း၌ ပူလောင်ပြီး အိုက်စပ်စပ်နှင့် နေမထိ ထိုင်မသာ ဖြစ်လာ၍ ခြင်ထောင်အသာမ၍ မွေ့ရာပေါ်မှ ထလိုက်မိသည်။

တစ်အိမ်သားလုံး အိပ်မောကျနေသည်။ ကျော်စွာမြင့်သည် အိမ် အပေါ်ထပ် ပြတင်းပေါက်များ ပိတ်ထားသဖြင့် လေမဝင်၍ ရင်ပူပြီး အိုက်စပ်စပ်ဒထတို့ မခံမရပ်နိုင်ဖြစ်လာ၏။ ကြမ်းပြင်ပေါ် လမ်းလျှောက် ရင်းမှ ပြင်ပမှ လေကောင်း၊ လေသန့်ကို ရှူရှိုက်ချင်စိတ်ပေါ်လာသည်။ နံဘေးစ် ခြေဆစ်များ ညောင်ညာနေသည့်ကြားမှ လှေကားလက်ရမ်းတန်းကို ကိုင်ပြီး တဖြည်းဖြည်းချင်း အောက်ထပ်သို့ ဆင်းလာခဲ့သည်။

အောက်ထပ်၌ ဧည့်ဆောင်မှာ ခြင်ထောင်ထဲ၌ အိပ်မောကျနေသည်။ တံခါးကန့်လန့်ဂျက်ကို ဖြုတ်ပြီး ဖွင့်လိုက်၏။ အိမ်အပြင်ဘက် ထွက် ကြည့်၏။ ကောင်းကင်၌ လမင်းကြီးသည် ထိန်ထိန်သာနေ၏။ တစ်ရွာလုံး တိတ်ဆိတ် ငြိမ်သက်လျက် အိပ်မောကျနေလေပြီ။ သစ်ပင်များ၏ အကိုင်း အရွက်များမှာ ငြိမ်သက်နေသည်။

'အိမ်ထဲမှာ ဒီလောက်ပူအိုက်မှာပေါ့၊ အိမ်အပြင်မှာလဲ လေက တိုက်ဘဲ ပူအိုက်နေတာပဲ၊ အင်း...ကနေ့ည ရာသီဥတုပူပြင်းလှချည့်လား'

ကျော်စွာမြင့်သည် လေကောင်းလေသန့် ညဥ့်လေအေးကို ရှူရှိုက် ချင်သဖြင့် အိမ်ဝိုင်းထဲမှနေ၍ လေရမည့်နေရာကို ရှာဖွေရန် တဖြည်းဖြည်း ခြေလှမ်းလိုက်မိသည်။ အိမ်ရှေ့မှနေ၍ တခြားအိမ်ဝိုင်းသုံးဝိုင်းကျော်ပေါက် လမ်းလျှောက်လာမိ၏။

'အစ်ကို...အစ်ကို'

နောက်ကျောဘက်ဆီမှ ပြေးလိုက်လာသော မိန်းမပျိုအသံကြောင့် ခြေလှမ်းရပ်ပေးလိုက်သည်။ အနီးရောက်လျှင် မြနှင်းဖြစ်နေပြီ။

'ညဉ့်နက်သန်းခေါင် အစ်ကို ဘယ်သွားမလို့လဲဟင်၊ လှေကား

www.burmeseclassic.com



ပေါ်က အစ်ကို ဆင်းသွားတာ ခြင်ထောင်ထဲက မြင်လိုက်ရလို့'

'အိမ်ပေါ်မှာ အိုက်ပြီး ရင်ထဲမှာ ပူစပ်ပူလောင်ဖြစ်နေတယ်၊ လေမရလို့ အသက်ရှူရတာလဲ မဝဘူး စိတ်မွန်းကျပ်တာနဲ့ အပြင်ထွက်ပြီး လေထွက်ရှူနေတာ'

'ဟုတ်တယ်နော်၊ ဒီညအရမ်းပူအိုက်တာပဲ၊ မြနှင်းလဲ အိပ်မပျော်ဖြစ်နေတာ၊ အစ်ကို ညကြီး လမ်းဆက်မလျှောက်ပါနဲ့၊ အိမ်ဝိုင်းထဲမှာပဲ လမ်းလျှောက်ပါလား'

မြနှင်းက စိတ်မချ၍ ပြန်ခေါ်လေ၏။ ရွာလမ်းပေါ်တွင် လူသူကင်းမဲ့လျက် နှစ်ဦးတည်းသာ ရှိ၏။ မည်သူမျှ ထွက်မကြည့်ကြပေ။

'အစ်ကို အသက်ရှူရတာ မဝလို့ပါ မြနှင်းရယ်၊ ရွာထိပ်ဘက်က ထန်းပင်တွေ အရွက်တွေ လှုပ်နေတယ်။ အဲဒီနားမှာ လေတိုက်ပုံပေါ်တယ်။ မြနှင်း အိမ်ပြန်တော့ အဲဒီဘက် ခဏသွားပြီး ပြန်လာခဲ့မယ်'

'ညကြီးမင်းကြီး မသွားပါနဲ့၊ သွားချင်ရင် အိမ်ခဏလိုက်ပြီး အစ်ကို ဘအောင်ကို အဖော်ခေါ်သွားပါ။ အိမ်ပြန်လိုက်ခဲ့ပါနော်'

မြနှင်းက လက်မောင်းကို ဆွဲ၍ အတင်းခေါ်လေ၏။ ကျော့်စွာမြင့်မှာ အသက်ရှူမဝ ဖြစ်လာသဖြင့် မြနှင်းလက်ကို ဖယ်ရှားပြီး ရှေ့ဆက်ထွက်လာ၏။ ခြေဆစ်ဒူးဆစ် အကြောချင်တင်းတင်းနှင့်ပင် ရွတ်ထွက်လာမိသည်။

'အစ်ကို မသွားနဲ့...အစ်ကို'

နောက်မှနေ၍ မြနှင်းက လှမ်းခေါ်ပြီး အိမ်မပြန်နိုင်ရှာဘဲ စိတ်မချ၍ လိုက်လာ၏။ ရွာထိပ်ရှိ ညောင်ပင်အောက် ရောက်လာ၏။ အကိုင်းအခက်အရွက်များ အုပ်မိုးနေသဖြင့် လရောင်ကွယ်ပြီး မှောင်မည်းနေသည်။

'ဘာလို့ လိုက်လာတာလဲ။ အိမ်ပြန်လေ၊ ဒီနားမှာ လေညှင်းခံပြီးရင် ပြန်လာခဲ့မယ်။ ရင်တွေ ပူလွန်းလို့ တစ်ယောက်တည်း နေပါရစေ'



'အစ်ကိုဟာ ကျန်းမာရေးမကောင်းလို့ မြနှင်း စိတ်မချဘူး။ နှစ်ယောက်အတူပဲ ပြန်တော့မယ်'

နှစ်ဦးသားအတူ သစ်တုံးပေါ်တွင် ထိုင်နေစဉ် ရုတ်တရက် နောက်ကျောဘက်ဆီမှ ဝတ်ရုံတစ်ခုကို ခေါင်းပေါ်မှ မည်သူလာရောက် လွှမ်းခြုံပေးလိုက်မှန်း မသိပေ။ ဘာမှ မမြင်ရတော့ပေ။

ကျော့်စွာမြင့်မှာ အသက်ရှူမွန်းကျပ်သလို ဖြစ်လာ၏။ ထိုစဉ် မိမိ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ထိုင်ရာမှ အပေါ်မြောက်ကြွပြီး တစ်စုံတစ်ဦး၏ ပွေ့ချီသယ်ဆောင်သွားခြင်းကိုပါ ခံနေရပြန်သည်။

'မြနှင်း.... မြနှင်း လုပ်ပါဦး'

ကြောက်လန့်စွာဖြင့် အော်ဟစ်အကူအညီတောင်းမိ၏။ မိမိ၏ခန္ဓာကိုယ်မှာ လေထဲဝယ် လျှင်မြန်စွာ သယ်ဆောင်ခြင်းခံနေရဆဲပင်။ ဤတွင် ပွေ့ချီထားသော ရန်သူ၏ လက်ထဲမှ အတင်းရုန်းကန်ထွက်ရန် ကြိုးစားမိ၏။ ခြေထောက်နှစ်ချောင်းဖြင့် အဆက်မပြတ် ကန်ကျောက်ကြည့်၏။ လက်မောင်းနှစ်ဖက်ဖြင့် ဖွေရမ်းပြီး လွှမ်းခြုံထားသော ဝတ်ရုံလွှာကို အတင်းဖယ်ရှား ရုန်းကန်မိသည်။

ခန္ဓာကိုယ် ခြေလက်ခေါင်းအားလုံး လှုပ်ရှားရုန်းကန်သဖြင့် မျက်နှာပေါ် လွှမ်းခြုံထားသော ဝတ်ရုံလွှာမှာ လွင့်စင်သွားသည်နှင့် တစ်ပြိုင်နက် ပွေ့ချီခြင်းခံထားရာမှ မြေပြင်ပေါ်သို့ ပြန်ကျလာမိတော့၏။ မျက်စိဖွင့်၍ ကြည့်လိုက်ရာ ဝတ်ရုံလွှာနှင့်အတူ မည်သူတစ်စုံတစ်ဦးမှ မရှိတော့ချေ။ ကျော့်စွာမြင့်မှာ ထူးထူးဆန်းဆန်း ချောင်းကမ်းစပ်နဘေးရှိ ရွှံ့မြေပေါ်တွင် ရောက်ရှိနေ၏။ ပတ်ဝန်းကျင်တစ်ခုလုံး လ၏အလင်းရောင် အောက်ဝယ် မြင်ကွင်းကို ထင်ထင်ရှားရှား မြင်နေရပြီ။ ပို၍ ဝမ်းသာရွှင်လန်းနေမိသည်မှာ ညဥ့်၏ လေအေးတဖြူးဖြူးတိုက်ခတ်နေခြင်းကို ခံစားရလျက် …မှာ လေကောင်းလေသန့်ကို အားရပါးရ ရှူရှိုက်သွင်းလို့ ရနေခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ လေရှူ၍ ဝလာသဖြင့် မောပန်းမှုများ သက်သာစပြုလာသည်။

'ငါ့ကို အဝတ်နဲ့ ဘယ်သူ ခြုံပေးတာလဲ၊ ဘယ်သူက ပွေ့ချီပြီး ခေါ်လာတာလဲ၊ ငါ ဘယ်နေရာကို ရောက်နေတာလဲ'

စဉ်းစားမိလိုက်၏။ ပွေ့ချီခေါ်လာသူမှာ သူ့ကို မြင်မိသွားမှာ စိုးရိမ်၍ ချက်ချင်း ကွယ်ပျောက်သွား၏။ မြနှင်းကိုလည်း မတွေ့ရ။

'သူ...ဘယ်သူလဲ၊ တကယ့်လူလား၊ ဒါမှမဟုတ် နာနာဘာဝ ကောင်လား'

ကြက်သီးမွေးညှင်းပင် ထလာမိ၏။ ချောင်းစပ်၌ ကြာကြာမနေရဲ ဖြစ်လာသဖြင့် ကမ်းရိုးတမ်းလျှောက် လမ်းလျှောက်လာသည်။ ရှေ့တွင် ချောင်းကူးသစ်သားတံတား တစ်ခုကို တွေ့ရသဖြင့် အတွေးဝင်လာသည်။

'တံတားတော့ တွေ့ပြီ တံတားရှိရင် လူအဖြတ်အကူးအသန်း ရှိရမယ်။ ချောင်းဟိုဘက်မှာ ရွာတော့ရှိလိမ့်မယ် ထင်တယ်'

စိတ်သက်သာရာ ရလာ၏။ ချောင်းစပ်တံတားအောက်မှနေ၍ အပေါ် တက်လာကာ တံတားပေါ်မှ လမ်းလျှောက်လာသည်။ တစ်ဖက်ကမ်းသို့ ရောက်လာလျှင် လရောင်အောက်ဝယ် လူသွားလမ်း၊ လှည်းလမ်းသုံးခွဆုံရာ နေရာဝဟိုသို့ ရောက်ရှိလာမိ၏။

'ဒီလမ်းတွေဟာ လှည်းလမ်းကြောင်းတွေပဲ၊ ဒီတစ်ဝိုက်မှာ ရွာရှိနေပြီ။ ငါ ဘယ်လမ်းကြောင်းက သွားရမလဲ'

ရွာဘက်ဆီသို့ ရောက်မည့်လမ်းကြောင်းကို အရွေးရခက်နေပြန်၏။ ခြေထောက်မှာလည်း ပေါ့ပါးသွက်လက်လာသည်။ နာကျင်မှုလည်း သက်သာလာ၏။

လမ်းဆုံလမ်းခွလမ်းပေါ်တွင် လမ်းပျောက်နေသူဖြစ်နေပြီ။ စီးပင်ခြုံတောဘက်မှ လမ်းကြောင်းကို လှမ်းကြည့်ရာ အဝေးခပ်လှမ်းလှမ်း၌ လရောင်အောက် နှစ်ထပ်ပျဉ်ထောင်အိမ်အမြင့်ကြီးလိုလို တွေ့မြင်လိုက်



၏။ အိမ်ရှိလျှင် လူရှိမည်ဟု တွက်ဆပြီး ထိုလမ်းကြောင်းကို ရွေးချယ်၍ ခြေလှမ်းလာမိတော့၏။

တဖြည်းဖြည်းနှင့် အဆောက်အဦနှင့် နီးကပ်စွာ ရောက်လာလျှင် ဝင်စစ် လူနေအိမ် မဟုတ်ဘဲ၊ ဟောင်းနွမ်းအိုမင်းနေသော သစ်သားဇရပ်ကြီး ဖြစ်နေတော့၏။ ဇရပ်ပေါ်တက်ပြီး အနီးပတ်ဝန်းကျင်ကို သေသေချာချာ ကြည့်လိုက်မိရာ တုန်လှုပ်ချောက်ချားပြီး ကြက်သီးမွေးညှင်းများ ထသွားလေသည်။

'သင်္ချိုင်းကြီး'

လရောင်ဟပ် အုတ်ဂူတစ်ချို့နှင့် မြေ[illegible]တ်တိုင်တစ်ချို့တွေ့မြင်လိုက်သည်နှင့် ဇရပ်ပေါ်မှ ခုန်ချ၍ ကဆုန်ပေါက်ပြန်ပြေးလာရာ လမ်းခွဆုံသို့ ပြန်လည်ရောက်ရှိလာ၏။ ဆူးခြုံတောရုံကြီးဘက်လမ်းကို ရွေးချယ်၍ ဆက်လျှောက်လေရာ ခြုံတောအစပ်သို့ ရောက်သည်နှင့် စိတ်သက်သာရာရသွားလေသည်။ ပခင်း၊ ယာခင်းကွင်းပြင်ကြီးတစ်ခုကို မြင်လိုက်ရချေပြီ။ ယာခင်း၏ တစ်နေရာ၌ တဲငယ်လေးတစ်လုံးကိုလည်း တွေ့ရ၏။ ယာခင်း၏ အနောက်ဘက် တောင်ကုန်းကလေးပေါ်တွင် ဘုရားစေတီတစ်ဆူလိုလိုလည်း မှုန်ဝါးဝါး မြင်နေရပြန်သည်။

'ဒီအပင်ကြီးအောက်မှာ နတ်စင်ကြီးပါတလား'

လူသွားလှည်းလမ်းကြောင်း၏ဘေးရှိ ညောင်မုတ်ဆိတ်ပင်ကြီးအောက်သို့ ဝင်မိလိုက်လျှင် ရွာထိပ်ရှိ ရွာစောင့်နတ်စင်ကို တွေ့လိုက်ရသဖြင့် ရွာတစ်ရွာထဲ ရောက်လာမိပြီကို အသိရှိလိုက်မိတော့၏။ စိတ်အားတက်လာသည်။

'အရှင်ရွာစောင့်နတ်မင်း၊ ကျွန်ုပ် ဒုက္ခအန္တရာယ်ရောက်နေပါသဖြင့် ဘယ်သွားလို့ ဘယ်လာရမှန်းလဲ မသိပါ။ ကယ်ဆယ်စောင့်ရှောက်ကြမည့် သူတော်ကောင်းများထံ ကျွန်ုပ်ကို လမ်းညွှန်ပို့ဆောင်ပေးပါ အရှင် ရွာစောင့်

www.burmeseclassic.com

www.burmeseclassic.com



နတ်မင်းကြီး'

ရှာဖောင့်နတ်ရုပ်တုကို မြေကြီးပေါ်ထိုင်လျက် ရှိခိုးကန်တော့လိုက်သည်။ ထို့နောက် လှည်းလမ်းကြောင်းအတိုင်း မသွားတော့ဘဲ ယာခင်းထဲသို့ ဖြတ်သန်းလာသည်။ ယာတဲငယ်သို့ ရောက်လျှင် လူမနေကြချေ။ ခရီးပြင်း နှင်လာရသဖြင့် ရင်ပူမောပန်း၍ ရေငတ်နေသည်။ တဲရှေ့တွင် ရေတွင်းတစ်တွင်း တွေ့သဖြင့် ရေတွင်းထဲသို့ ငုံ့ကြည့်ရာ ကြိုးပုံးမရှိသဖြင့် ရေမသောက်နိုင်ဘဲ ဖြစ်နေရပြန်သည်။

'ဟိုတောင်တန်းပေါ်မှာ ဘုရားစေတီရှိရင် ဘုန်းတော်ကြီးတွေ ရှိရမှာပဲ'

ကျော်စွာမြင့်မှာ တောင်ကုန်းထိပ်ပေါ်သို့ လူသွားအတက်အဆင်းလမ်းအတိုင်း တက်ခဲ့ရာ ထိပ်သို့ရောက်ရှိလာ၏။ ရုတ်တရက် လေသည်အေးမြစွာဖြင့် တဟူးဟူးတိုက်ခတ်လာ၏။ လေကောင်းလေသန့်များကို အားရပါးရ ရှူသွင်းရင်း ကုန်းထိပ်ပေါ်မှ မြေပြင်သို့ လှမ်းကြည့်၏။

နတ်စင်လမ်းအတိုင်း ဆက်လျှောက်လျှင် ရွာထဲရောက်မည်။ မှောင်မဲနေသော အိမ်များကို တွေ့ရသည်။ လေကလေး တဟူးဟူးနှင့် ကုန်းထိပ်မြေကြီးပေါ် ထိုင်၍ ကောင်း၏။ ရုတ်တရက် မြနှင်းကို သတိရလိုက်မိ၏။

'ဘာကောင်ကြီးက ငါ့ကို ပွေ့ချီဖမ်းခဲ့သလို မြနှင်းကိုလဲ ငါ့လို ဖမ်းဆီးသွားပြီလားပဲ။ သူတို့ မြနှင်းကို ဘယ်ခေါ်သွားကြပါလိမ့်၊ ငါ့ကို စိတ်မချလို့ အနားမှာ စောင့်ပေးရင်း အခုတော့ ငါ့ကြောင့် မြနှင်းဒုက္ခရောက်နေရှာပြီ'

မြနှင်းအတွက် စိုးရိမ်လာမိ၏။ ကုန်းထိပ်ပေါ်တွင် ဆက်လျှောက်လာရာ ဘုရားသိမ်ကို တွေ့၍ အထဲသို့ဝင်ရာ မှောင်မည်းနေသဖြင့် ပြန်ထွက်လာ၏။ ထိုမှနေ၍ အောက်မြေပြင်မှ လှမ်းမြင်ခဲ့ရသော စေတီဆီသို့ ခြေလှမ်းလာမိသည်။ နားနှစ်ဖက်၌ ယောကျ်ားအသံဖြင့် ဘုရားရှိခိုး ရွတ်



ဖတ်သရဇ္ဈာယ်သံကြီးကို ပီပီသသကြားရသဖြင့် စေတီကို တစ်ပတ်ရစ်ပတ်၍ လူကို ရှာကြည့်ရာ တစ်စုံတစ်ယောက်မျှ မတွေ့ရချေ။ စေတီထဲမှနေ၍ ရွတ်ဖတ်သံကိုကြားနေရုံမက ကြေးစည်ထုသံကိုပါ ကြားလာရပြန်လေပြီ။

'ဘုရားရှိခိုးသံတွေ ကြားနေရတယ်။ တပည့်တော်ဒုက္ခကို သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ ကယ်ကြပါ'

စေတီအောက်တွင် မျက်စိမှိတ်ကာ ဘုရားရှိခိုးရွတ်ဆိုသံကြီးကို ပီပီသသ နားထောင်လျက် မြေပြင်၌ လက်အုပ်ချီထိုင်ကန်တော့နေမိ၏။ နောက်ဆုံး မြတ်စွာဘုရားအရှင်မှ လွဲ၍ အားကိုးပြုစရာ မရှိတော့ချေပြီ။

'သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်ကြသော ဝေနေယျ သတ္တဝါအပေါင်းတို့အား အမျှအတန်း ပေးဝေပါ၏။ အားလုံး ကြားကြားသမျှ....'

မမြင်ရသော ဆုတောင်းသံကြီးများနှင့်အတူ ကျော်စွာမြင့်မှာ မျက်စိမှိတ်လျက် အတူရောနှော၍ နှုတ်မှ ကျယ်လောင်စွာ အမျှပေးဝေလိုက်လေ၏။

'အမျှ အမျှ အမျှ ယူတော်မူကြပါကုန်သော်၊ သာဓု....သာဓု....သာဓု'

အမျှအတန်းပေးပြီးသည်နှင့် တစ်ပြိုင်နက် မိမိ၏ ခန္ဓာကိုယ်ကို တစ်စုံတစ်ဦးက လှုပ်ကိုင်ယမ်းနိုးခြင်း ခံလိုက်ရ၏။

'မောင်ကျော်...မောင်ကျော်'

ထိတ်လန့်ပြီး မျက်လုံးဖွင့်ကြည့်လိုက်ရာ မိန်းမကြီးတစ်ဦး၏ မျက်နှာကို အပေါ်မှ မိုးလျက် တွေ့လိုက်ရသဖြင့် သတိတစ်ချက်လစ်ပြီး လန့်ပြီးအော်လိုက်၏။

'အား'

'မောင်ကျော်၊ ခေါ်ခေါ်ပါကွဲ၊ ဘယ်သူမှ မဟုတ်ဘူး၊ မကြောက်နဲ့'

ကျော်စွာမြင့်မှာ သတိပြန်ထိန်းပြီး သေချာစွာကြည့်လိုက်ရာ အေါ်

www.burmeseclassic.com

www.burmeseclassic.com



လေးနှ ဖြစ်နေ၏။ စေတီရှေ့၌ မဟုတ်ဘဲ ခြင်ထောင်ထဲ ရောက်ရှိနေကြောင်း သိလိုက်ရ၏။

'ကိုလေးရေ ဒီကို လာပါဦး၊ မောင်ကျော် ဘာဖြစ်နေလဲ မသိဘူး။ ကယောင်ကတမ်း ထအော်နေလို့'

အရုဏ်ဦး နံနက်စောစောထလျက် ပြတင်းပေါက်တံခါးများကို ဖွင့်ပြီး ဘုရားရှိခိုးရွတ်ဆို ကန်တော့ကာ အမျှတန်းပေးဝေသော ကြေးစည်ကို သိမ်းဆည်းနေသည့် ဦးလှအေးအား လှမ်း၍ အော်ခေါ်လေတော့သည်။

ဦးလှအေးက ရောက်လာ၏။ ခြင်ထောင်ကို မတင်လိုက်၏။ ကျော်စွာမြင့်၏ တစ်ကိုယ်လုံးမှာ ချွေးများ ပြန်နေရှာသည်ကို တွေ့၍ ဘအောင်နှင့် မြနှင်းတို့ကို နိုးလိုက်၏။

'ဆရာ ဘာဖြစ်နေတာလဲ၊ ထပြီး ပက်လက်ကုလားထိုင်မှာ ခဏထိုင်ပါ'

ဘအောင်က တွဲထူရာ မတ်တပ်ရပ်လိုက်ပြီးနောက် ကုလားထိုင်မှာ ပြောင်းထိုင်လိုက်၏။

'ဘာမှမဖြစ်ဘူး၊ တစ်ညလုံး ရင်တွေပူပြီး အိပ်မက်တွေ ကယောင်ကတမ်း လျှောက်မက်နေတာပါ။ စေတီရှေ့မှာ လူမမြင်ရဘဲ ဘုရားရှိခိုးသံတွေနဲ့ ကြေးစည်သံတွေ ကြားရတယ်။ နောက်ဆုံး အမျှအတန်းဝေသံကြားလို့ ငါ လိုက်ပြီး ရွတ်ဆိုမိတယ်လို့ အိပ်မက်ထဲမှာ ဖြစ်နေတာကွ'

'ဟုတ်တယ် အမေလဲနိုးပြီး ထွက်အလာ မောင်ကျော်က အမျှတွေပေး သာဓုခေါ်သံတွေ အော်နေလို့ ခြင်ထောင်ထဲ ဝင်ကြည့်ပြီး လှုပ်နှိုးရတာကွဲ့'

'မောင်ကျော် ဘာမှ မကြောက်နဲ့။ မင်းအိပ်မက်ဟာ မဂ်လာပါကွာ၊ ငါ့ရဲ့ဘုရားရွတ်ဆိုသံတွေ အမျှပေးကြေးစည်သံကို မင်းအာရုံထဲ ဝင်ပြီး သာဓုတွေ ခေါ်မိတာပဲ၊ အိပ်မက်ထဲက လူမမြင်ရဘဲ ကြားခဲ့ရတဲ့



အသံတွေဟာ ငါ့အသံပဲကွ၊ ဟား...ဟား၊ ကိုင်း...ဟောဒီပရိတ်ရေကို အနန္တောအနန္တ ငါးပါးကို အာရုံပြုပြီး သောက်လိုက်'

ဦးလှအေးက ဘုရားစင်ပေါ်မှ ပရိတ်ရေကို မန်းရွတ်ပြီး ကျော်စွာမြင့်ကို တိုက်လိုက်၏။ ထို့နောက် ချွေးစိုနေသော အဝတ်အစားများကို လဲလေ၏။

'သြော်...မြနှင်း၊ မင်းအတွက် ငါ့မှာ တစ်ညလုံး စိုးရိမ်ပူပန်နေလိုက်ရတာ၊ လက်စသတ်တော့ အိပ်မက်ထဲက တို့နှစ်ယောက်အဖြစ်ပဲကိုး'

မြနှင်းကို မျက်စိအောက်မှာ မြင်တွေ့လိုက်ရသဖြင့် ဝမ်းသာ ကြည်နူးမှု စိတ်လေး ဖြစ်လာရတော့၏။

'ကြည့်ပါဦး...ညက ဘယ်လောက် ကန်ကျောက်ထားလဲ မသိဘူး၊ မွေ့ရာရော စောင်တွေ၊ ခေါင်းအုံးတွေအကုန် လူနဲ့ တခြားစီပဲနဲ့ တူတယ် အစ်ကိုကျော်'

မြနှင်းက အိပ်ရာကို သိမ်းဆည်းပေးရင်းမှ ပြောလိုက်ရာ ကျော်စွာမြင့်မှာ ရယ်မောမိလိုက်၏။

'ဟုတ်လိမ့်မယ်၊ ညက အသက်ရှူမဝ အိုက်စပ်ပြီး ရင်တွေပူလောင်နေတာပဲ'

'ဒါက အိပ်စတော့ စောင်ခြုံအိပ်ပေမယ့် ဆေးလိမ်းထားတော့ အပူအခိုးတွေ ကန့်ထွက်ပြီး လောင်နေလို့ ဖြစ်လိမ့်မယ်။ ပြတင်းပေါက်တွေလဲ ပိတ်ထားတော့ လေပိုလှောင်မှာပေါ့၊ အခုအဆစ်အမြစ်အကိုက်အခဲတွေ ဘယ်လိုနေသေးလဲ'

ဦးလှအေးက မေး၏။

'မနေ့ကထက်စာရင် သက်သာပြီး ပေါ့ပါးလာသလိုပဲ'

ဘအောင်ရော မိသားစုတစ်ခုလုံး စေတနာသက်သာလာသဖြင့် ပြုံးရွှင်လာမိကြပြီတော့။

www.burmeseclassic.com

www.burmeseclassic.com



●

ကျော်စွာမြင့်မှာ တစ်နေ့တခြား ထမင်းစားဝင်အိပ်ပျော်ပြီး အဆစ်အမြစ် အကိုက်အခဲမှာ လုံးဝ ပျောက်ကင်းသလောက်ဖြစ်လာ၏။ သွားလာလှုပ်ရှားရာတွင် မူလအခြေအနေအတိုင်း သွက်လက်လာတော့၏။

သုံးရက်မြောက်နေ့သို့ ရောက်လာ၏။ ဘအောင်နှင့် ပြန်လည်၍ လုပ်ငန်းကိစ္စ စီစဉ်ကြသည်။ ပဲအဝယ်ကိစ္စမှာ ပြီးသလောက်ဖြစ်နေသော်လည်း နောက်ဆုံးဝယ်သည့် အသုတ်ဖြစ်သည့် ထန်နောင်းစုရွာမှ ပဲစင်းငုံအိတ်များ လာမပို့၍ စောင့်နေကြရခြင်း ဖြစ်၏။

'ဆရာ ပဲစင်းငုံ စရံငွေတွေ ပေးပြီးသားပဲ၊ သုံးရက်ကျော်လာပြီ စံပဲတို့ လှည်းရောက်မလာသေးဘူး။ ကျွန်တော်ကနေ့ ထနောင်းစုရွာကို အိမ်က လှည်းနဲ့ လိုက်သွားပြီး အပြီးပဲ အိတ်တွေ တိုက်ယူလာခဲ့မယ်'

ဘအောင်က ဒေါ်ပွနေ၏။ ပဲစင်းငုံအိတ်ရလျှင် မနက်ဖြန် တောင်တွင်းကြီးမြို့မှ ပွဲရုံကုန်တင်ကားနှင့် ရန်ကုန်မြို့ ကိုဟုတ်စိန်ထံ တယ်လီဖုန်းနှင့် လှမ်းအကြောင်းကြားပြီး တင်ပို့ပေးမည်။ လူက ခရီးသည်တင် အဝေးပြေးကားနှင့် လိုက်သွားနိုင်ပေမည်။ အရောင်းအဝယ်မှာ အချိန်အခါနှင့် တက်ဈေး၊ ကျဈေးရှိ၍ တက်ဈေးမိမှ တွက်ချေကိုက်ပေမည်။

'အေး....၊ ဒါနဲ့ အဘိုးဖြူဟာ အဲဒီရွာမှာ နေသလား'

'ဟုတ်တယ်'

'ဒီလိုဆိုရင် ငါ့ဝေဒနာကို ပျောက်အောင်လုပ်ပေးတဲ့ အဘိုးဖြူကို ပြန်ခါနီး ကန်တော့သွားချင်တယ်ကွာ၊ ငါပါ မင်းနဲ့အတူ လိုက်မယ်'

ဤတွင် နွားလှည်းကို ပြင်ဆင်ကြသည်။ ဘအောင်က သူကိုယ်တိုင် မောင်းနှင်ရန် လှည်းပေါ်တက်၏။ ကျော်စွာမြင့်က ဦးထုပ်ဆောင်းထားသည်။



'အစ်ကိုကျော်၊ ရော့.... ထီးပါဆောင်းသွား။ နလန်ထစပြန်ဖြစ်နေဦးမယ်။ လှည်းဆောင့်လို့ ခါးရိုးကျိုးနေဦးမယ်။ ဖင်ထိုင်သက်သာအောင် ရော့...ဟောဒီ ကောက်ရိုးတွေ ခင်းပြီးထိုင်'

မြနှင်း ထီးနှင့်ကောက်ရိုးများကို ခင်းပေးလိုက်ရာ ကျော်စွာမြင့်မှာ သဘောကျပြီး ရယ်မောလေသည်။

'ကျေးဇူးပဲ ညီမလေး၊ ဟုတ်ပါ့၊ အခုမှ မြနှင်းရဲ့ ဆိုဖာကြီးနဲ့ ခင်မိမ်ကျတော့တယ်ဟေ့၊ ဟား...ဟား'

အိမ်ဝိုင်းထဲမှနေ၍ နွားလှည်းကို မောင်းနှင်ထွက်လာကြ၏။ နေမြှတ်လာပြီဖြစ်၍ တစ်ရွာလုံး သွားကြလာကြနှင့် လုပ်ငန်းခွင်ဝင်နေကြပြီ။ ချည်းသည် ရွာထိပ် ညောင်ပင်ကြီးအောက်မှ ဖြတ်သန်းလာရာ ကျော်စွာမြင့်မှာ လွန်ခဲ့သော သုံးရက်ခန့် ညက အိပ်မက်ကို ရုတ်တရက် သတိရမိလိုက်၏၊ သူနှင့် မြနှင်း နှစ်ယောက်တည်းအတူ ထိုင်ခဲ့ကြသော နေရာလေး။

မြေလတ်ပိုင်းဒေသ၏ ရာသီဥတုနှင့် မြင်ကွင်းများမှာ ကျော်စွာမြင့်၏ အသည်းနှလုံး၌ တွယ်ငြိလာသည်။ မြေပြင်မညီမညာနှင့် ကုန်းမြေအနိမ့်အမြင့် အတက်အဆင်းအတိုင်း နွားလှည်း၏ ခေါင်းဆောင်ရာသို့ ထိုးဆောင်းပြီး လိုက်ပါလာ၏။ နှမ်းခင်း၊ ပြောင်းခင်း၊ ပဲခင်းများတွင် တောသူတောင်သားများ၊ နေပူရှိန်အောက်တွင် ထွန်ယက်စိုက်ပျိုးလုပ်ကိုင်နေကြသည်။ သစ်ပင်တောအုပ် ကြီးကြီးမားမား နည်းပါးလှသဖြင့် မြင်ကွင်းတစ်ဆုံး လှမ်းမျှော်ကြည့်တိုင်း မြင်နေရသည်။

ထန်းပင်၊ ပေပင်၊ ထိန်ပင်၊ ကုက္ကို၊ ညောင်ပင်၊ တမာ၊ ထနောင်း၊ မန်ကျည်းပင်ကြီးများအပြင် ကုန္တာရဆူးပင်များ၊ တဇောင်းပင်များ၊ ချုံနွယ်ပိတ်ပေါင်းများကြား၌ ဖြတ်သန်းလာကြသည်။

'ဆရာ၊ ဟောဟိုရှေ့က တောအုပ်လေးနဲ့ တောင်ကုန်းဟာ

www.burmeseclassic.com



ထနောင်းစုရွာပဲ'

နေပူရှိန်မပြင်းမီ နှစ်ဦးသား ရောက်ရှိလာကြ၏။ ရွာကို မဝင်မီ ရေစပ်စပ်စီးဆင်းနေသော ချောင်းငယ်ကလေးကို တွေ့ရ၏။ ချောင်းရိုးအတိုင်း လှည်းမောင်းလာ၏။ မကြာမီ ချောင်းကို ဖြတ်ကူးရန် လှည်းတစ်စီးစာ သစ်သားတံတားဆီသို့ ရောက်လာ၏။ ရွာသားတစ်ချို့ ကူးလူးဖြတ်သန်းနေကြသည်။

'ဒီချောင်းလေးနဲ့ ဒီတံတားဟာ ငါ မြင်ဖူးသလိုလို ရှိတယ်။ ဘယ်သွားတုန်းက မြင်ဖူးခဲ့ပါလိမ့်'

ကျော်စွာမြင့်သည် ရုတ်တရက် သတိထားမိလိုက်၏။ တံတားပေါ်မှ လှည်းကို မောင်းနှင် ဖြတ်ကျော်လာ၏။ ရွာအဝင် လမ်းဆုံလမ်းခွသို့ ရောက်လာလျှင် ပတ်ဝန်းကျင်ကို စိတ်ထဲက အလိုလို စူးစမ်းချင်စိတ်ဖြင့် လှည်းပေါ်မှ အကဲခတ် ကြည့်မိလိုက်၏။

'ဟို...အဝေး ခပ်လှမ်းလှမ်းက သစ်သားအိမ်မြင့်ကြီးလိုလိုပဲ၊ ဟုတ်ပြီ ငါ သတိရသလိုလိုပဲ'

သူသည် စိတ်လှုပ်ရှားစပြုလာပြီ။ လှည်းသည် ရွာဝင်လမ်းကြောင်းအတိုင်း မောင်းလာရာ မကြာမီ လမ်းဘေး၌ ညောင်မုတ်ဆိတ်ပင် အကြီးကြီးကို တွေ့ရပြီး ညောင်ပင်အောက်မှ ဖြတ်သန်းစဉ် ရွာစောင့်နတ်စင်တစ်ခု တွေ့ရတော့၏။

'ငါ့...ငါ့ အိပ်မက်ထဲက'

တုန်လှုပ်သွား၏။ သံသယဒွိဟစိတ်များ လွှမ်းမိုးလာသည်နှင့် အမျှ စူးစမ်းလိုစိတ် ပြင်းထန်လာချေပြီ။ လှည်းပေါ်မှ နေ၍ ယာခင်းကြီးများ မြင်ရသလို ယာတဲငယ်တစ်တဲကို အနီးဆုံးမြင်လိုက်ရ၏။ လူတစ်ချို့ ရောင်နေကြ၏။

အဝေး မလှမ်းကမ်း၌ တောင်ကုန်းပေါ်တွင် ဖြူဖွေးသော စေတီ



တစ်ဆူကို ထပ်မံ၍ လှမ်းမြင်ရပြန်ရာ လုံးဝ ယုံကြည်သွားပြီ။ ဘအောင်အား လုံးဝ မပြောဘဲ လျှို့ဝှက်ထားလိုက်၏။

ရွာထဲ ရောက်လာပြီဖြစ်၍ အိမ်များ ရွာသူရွာသားများကို တွေ့မြင်ရ၏။ ဘအောင်က စံဖဲ၏ အိမ်ဝိုင်းထဲသို့ လှည်းမောင်းဝင်လာပြီး ခရီးရပ် တန်နားကာ အောက်ဆင်းကြလျက် အိမ်ထဲ ဝင်ကြ၏။ စံဖဲ၏ မိသားစုနှင့် တွေ့ကြ၏။ ဘအောင်က စံဖဲနှင့် ဆုပ်ငန်းကိစ္စ ပြောဆိုနေကြ၏။ ငွေများ ရှင်းပေးကြ၏။

'မနေ့ကမှ ပစ္စည်းအပြည့်ရလို့ ကနေ့ညနေ ငါ လာပို့မလို့ လုပ်နေတာကွ၊ မင်း လှည်းပါလာတော့ အဆင်သင့် အတော်ဖြစ်သွားတာပေါ့။ ထမင်းစားပြီးမှ ပြန်ကြပါ'

ပဲအိတ်များ လှည်းပေါ်တင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်၏။

'ဘအောင်၊ ငါတို့ မပြန်ခင် အဘိုးဖြူဆီ သွားရအောင်လေ'

'ဟုတ်သားပဲ၊ ဒါဆို ဒီကောင့်အိမ်မှာ မနက်စာစားပြီးမှ နေညိုချိန်အေးအေးဆေးဆေး ပဲအိတ်တင်ပြန်ကြတာပေါ့။ အချိန်ရှိတုန်းသွားကြစို့ဆရာ'

နှစ်ဦးသား ရွာထဲ လမ်းလျှောက်၍ ဖြတ်သန်းလာကြသည်။ အဘိုးဖြူမှာ ဘုရားကုန်းတောင်ပေါ်တွင် နေကြောင်း သိရသဖြင့် ကျော်စွာမြင့်မှာ ဝို၍ စိတ်အားထက်သန်လာ၏။ လူတက်လမ်းကြောင်းအတိုင်း တဖြည်းဖြည်း တက်လာကြရာ တောင်ကုန်းထိပ်ပေါ်သို့ ရောက်ရှိလာကြ၏။ ကုန်းထိပ်၌ ခဏရပ်ပြီး အောက်မြေပြင်ဆီသို့ လှမ်းကြည့်ရာ ထနောင်းစုရွာတစ်ခုလုံး မြင်ရ၏။ ယာခင်းများ၊ ချောင်း၊ တံတား၊ သံချိုင့်နှင့် နတ်စင် ညောင်မုတ်ဆိတ်ပင်များကိုပင် အပေါ်စီးဖြင့် မြင်နေရသည်။

'ငါ့အိပ်မက်တုန်းက လပြည့်ညမို့ လရောင်အလင်းနဲ့ မြင်ရသလို အခုလို နေ့ခင်းက ပိုပြီး ထင်ထင်ရှားရှား ပြန်မြင်ရတယ်။ ဆီပီးတုန်း

www.burmeseclassic.com



တာပဲ'

ရှေ့ဆက် လမ်းလျှောက်ရာ ဘုရားသိမ်ကျောင်းတစ်ကျောင်းကို တွေ့ရ၏။ ထို့နောက် စေတီ၏ ပရဝုဏ်ထဲ ဝင်လာမိကြသည်။ စေတီကို ရှိခိုးကန်တော့ကြလေ၏။

'ဒီလိုစေတီအတိုင်းပါပဲလေ၊ ဘုရားရှိခိုးသံနဲ့ ကြေးစည်သံတွေဟာ ဒီစေတီကြီးထဲက ထွက်နေတာ ငါ ကြားခဲ့ရတာပဲ'

မိမိ၏ ထူးဆန်းသော အိပ်မက်ထဲတွင် ရောက်ရှိခဲ့သော နေရာဌာနများအတိုင်းပင် ထပ်တူထပ်မျှ မြင်တွေ့နေရပြီမို့ တစ်ပါးသူကို ပြောပြလျှင် မင်း ရူးသွားပြီဟု စွပ်စွဲကြပေတော့မည်။

မကြာမီ ကုန်းမြင့်ဆင်ခြေလျှောရှိ လှိုဏ်ကြားထဲတွင် တရားအားထုတ်ကြသည့် ကမ္မဋ္ဌာန်းတဲကျောင်းတစ်ချို့ တွေ့ရ၏။ တဲကြီးတစ်ခုထဲသို့ ဝင် လာမိကြ၏။ ခေါင်းရင်းကြမ်းပြင်ခင်းများပေါ်တွင် ဆံပင်ဖြူဖြူ ချောင်ထုံးထားသူ မုတ်ဆိတ်ဖြူ၊ နှုတ်ခမ်းမွေးဖြူ၊ မျက်ခုံးမွေးဖြူနှင့်ပိတ်အင်္ကျီဖြူ၊ လုံချည်ဖြူ ဝတ်ဆင်လျက် ကွမ်းဝါးနေသော အဘိုးဖြူကို တွေ့ရချေပြီ။

ဘအောင်နှင့် ကျော်စွာမြင့်မှာ ရှိခိုးကန်တော့လိုက်၏။ ဘအောင်က အဘိုးဖြူနှင့် ကျော်စွာမြင့်ကို မိတ်ဆက်ပေးရင်း ပေးလိုက်သော လိမ်းဆေးကြောင့် အကြောအရိုးအဆစ်အမြစ်ကိုက်ခဲသော ရောဂါဝေဒနာမှာ တစ်ကြိမ်တည်းဖြင့် လုံးဝပျောက်ကင်းသွားကြောင်းကို ပြောပြလေ၏။ အဘိုးဖြူက ပြုံး၍ နားထောင်နေ၏။

'အဘိုးရဲ့ကျေးဇူးကြီးမားလှပါတယ်။ အခု ကျွန်တော်အဘိုးကို ကန်တော့ပါရစေ ခင်ဗျာ'

ကျော်စွာမြင့်က အဘိုးဖြူအား ငွေတစ်ထောင်ဖြင့် လက်အုပ်ချီ၍ ကန်တော့လိုက်လေ၏။

'သာဓု...သာဓု...သာဓု၊ ငါ့မြေးတို့ အဘိုးရဲ့ လုပ်ငန်းခရီးစဉ်



အထောက်အပံ့ဖြစ်စေခြင်းအတွက် အခုလို လှူဒါန်းသော အကျိုးကြောင့် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ဝကာ စီးပွားရေး လုပ်ငန်း ကြီးပွားတိုးတက်ပါစေသား'

အဘိုးဖြူက ဆုတောင်းပေးလေ၏။ ထို့နောက် ကျော်စွာမြင့်က အဘိုးဖြူထံ တောင်းခံလေသည်။

'အဘိုးရဲ့ဆေးတန်ခိုး အစွမ်းထက်လှပါသဖြင့် ကျွန်တော် အမြဲဆောင်ထားလိုပါတယ်။ ဆေးထုပ်ကို ယူသွားလိုပါတယ် အဘိုး'

'အိမ်း...အခု အဘိုးဆီမှာ အဆင်သင့်မရှိသေးဘူး၊ ဟိုတစ်နေ့က ဘလေးပေးလိုက်တာဟာ နောက်ဆုံးဆေးထုပ်ပဲ ငါ့မြေး၊ လာမယ့် လပြည့်နေ့ကျရင် နောက်ထပ်ဆေးတစ်ပုံဖော်ပြီးမှ ရတော့မယ်။ ဒီလိုဆေးမျိုးဟာ လွယ်လွယ်ဖော်လို့ မရဘူး။

ကျော်စွာမြင့်မှာ မမျှော်လင့်ဘဲ အကြောင်းတိုက်ဆိုင်ပြီး နဂါးရိုးနဝင်းဗိုလ်ဝင်မြေ အကြောင်းကြားသိလိုက်ရသဖြင့် မိမိ၏ အိပ်မက်ထဲမှ အဖြစ်အပျက် အားလုံးကို အံ့အားသင့် တုန်လှုပ်ချောက်ချားသွားလေတော့၏။

'ငါ့အိပ်မက်နဲ့ နဂါးနဝင်းအိမ်မြေနဲ့ ဘယ်လိုပတ်သက်နေလဲ၊ သူ့မြေကို ငါ လုံးခဲ့မိလို့ ဒီနေရာတွေ မြင်မက်ခဲ့တာပဲလား၊ အဘိုးကို ငါ ဖွင့်ပြောရင် ကောင်းမလား၊ မပြောဘဲထားရင် ကောင်းမလား'

နောက်ဆုံး၌ စကားတစ်ခွန်းကို မေးမြန်းလိုက်မိတော့၏။

'သူ့မြေကို လိမ်းမိသူကို အန္တရာယ်ပေးတတ်သလား'

'မပေးပါဘူး၊ သူ့မြေပါတဲ့ဆေးတွေ အသုံးပြုသူတွေ အများကြီးပဲ၊ ဘာမှ အန္တရာယ်ပေးတာ မရှိပါဘူး၊ တစ်ခုတော့ရှိတယ် ငါ့မြေးရဲ့၊ နဂါးကောင်ဟာ သူ့အိမ်ထဲမှာ တစ်ခြားမိုးကောင်ကို ထည့်ပြီး နဂါးသွင်ဖြစ်အောင် ကူးပြောင်းတတ်ကြောင်း၊ စကားစဉ်ဆက်တွေရှိတယ်ကွဲ'

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စပြီးသဖြင့် ကျော်စွာမြင့်နှင့် ဘအောင်သည် အဘိုးဖြူကို ကန်တော့ပြီး ပြန်၍ လှည့်ထွက်လာခဲ့ကြတော့သတည်း။

●

'နဂျီကောင်နဲ့ ပတ်သက်ပြီး ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ခန့်က ကျွန်တော့် အဖြစ်အပျက်ပါပဲ၊ အဘိုးဖြူနဲ့ နောက်ထပ်မတွေ့ကြတော့ဘူး၊ ဘအောင်တို့ ရွာလဲ ပြန်မရောက်မိခဲ့သလို မြနှင်းနဲ့လဲ ပြန်မတွေ့ခဲ့ကြဘူးလေ'

အသက်ငါးဆယ် ကျော်လာပြီဖြစ်သော ဦးကျော်စွာမြင့်က နဂျီကောင် အကြောင်းနှင့် ပတ်သက်ပြီး စကားဆုံရင်း သူ၏ရေးဟောင်းနှောင်းဖြစ် အကြောင်းကို ကျွန်တော့်အား ဖွင့်ပြော၍ ပြီးဆုံးသွားလေ၏။

'ခင်ဗျားရဲ့ အိပ်မက်ဟာ တော်တော်ထူးဆန်းတာပဲ၊ အိပ်မက်ထဲက ထပ်တူထပ်မျှ ဖြစ်နေတာ အံ့သြစရာကောင်းတယ်'

'ဆရာ ယူဆမိသလို ကျွန်တော်လဲ ယုံကြည်ပါတယ်။ အဲဒီအချိန်ကတည်းကစပြီး အခုအသက်အရွယ်အချိန့်အထိ ဒွိဟသံသယစိတ်နဲ့အဖြေထုတ်မရနိုင်တဲ့ ကိစ္စရှိနေဆဲပဲ၊ အမှန်တော့ အဘိုးဖြူနဲ့ တွေ့ဆုံတုန်းက ကျွန်တော်အိပ်မက်အကြောင်းစုံကို ဖွင့်ပြောပြပြီးမေးရင် ချက်ချင်းအဖြေရပြီး အသိရှင်းရှင်းဖြစ်နေခဲ့မှာ အမှန်ပဲ၊ ကျွန်တော်လျှို့ဝှက်ထားပြီး ဘယ်သူမှ ဖွင့်မပြောရဲခဲ့လို့ စိတ်ထဲမှာ အမြဲခြောက်လှန့်နေတာ ခံနေရဆဲပါပဲ'

ချောင်ကျကျ လူရှင်းသော လက်ဖက်ရည်ဆိုင်တွင် ဦးကျော်စွာမြင့်နှင့် ကျွန်တော်သည် စကားပြောကောင်းနေကြဆဲပင်။

'ဘာကိစ္စလဲဗျာ'

'အိပ်မက်ထဲမှာ မြနှင်းနဲ့ ကျွန်တော်ဟာ ညဥ့်နက်သန်းကောင်ကြီး ညောင်ပင်အောက်မှ အတူထိုင်နေတုန်း ကျွန်တော့်ဖမ်းခေါ်သွားတဲ့ တစ်စုံ



တစ်ယောက်ဟာ ဘာတုန်း။ လူလား၊ နာနာဘာဝကောင်လား၊ အဲဒီဟာ စဉ်းစားလို့ မရနိုင်သေးဘူး။ ဆရာကော ဘယ်လိုထင်လဲ'

'သြော်...အဲဒီကိစ္စဟာ ရှင်းနေသားပဲ။ အဘိုးဖြူနဲ့ တွေ့ကြတုန်းက ခင်ဗျား အိပ်မက်အကြောင်း ဖွင့်မပြော မမေးလဲ အဘိုးဖြူက ခင်ဗျားကို ပြောပြထားလိုက်ပြီပဲဟာ'

'မှတ်လို့လား။ ဘယ်လိုလဲဗျာ၊ ရှင်းပြစမ်းပါဦး။ အဘိုးဖြူက ပြောလိုက်လို့လား'

ဦးကျော်စွာမြင့်မှာ ဝမ်းသာ၍ ကြားချင်သော ဆန္ဒပေါ်လွင်လာချေပြီ။

'အဘိုးဖြူ ပြောတဲ့အထဲမှာ နဂျီကောင်ဟာ တခြားပိုးကောင်ကို သူ့နဂျီအိမ်ထဲ ထည့်ပြီး နဂျီဘဝ ကူးပြောင်းတတ်ကြောင်း ပြောခဲ့သားပဲ၊ ရှင်းရှင်း ပြောရရင် ခင်ဗျားကို လူက ဖမ်းသွားတာလဲ မဟုတ်ဘူး၊ နာနာဘာဝ အကောင်က ဖမ်းခေါ်သွားတာလဲ မဟုတ်ဘူး'

'ဒါဖြင့်ရင်'

'ရှင်းနေပြီပဲ အိပ်မက်ထဲမှာ ခင်ဗျားဖာသာ ခင်ဗျား ထနောင်းရွာမှာရှိတဲ့ ကိုးဌာနကို ပျံသွားခဲ့တာပဲ'

'ဒီလိုဆိုရင် အဲဒီအချိန်မှာ ကျွန်တော့ဘဝဟာ....'

'ဟုတ်ပါ့ဗျာ'

'ဘုရား...ဘုရား....တော်ပါသေးရဲ့၊ အိပ်မက်ထဲမှာမို့ပေါ့နော်'

'လောကကြီးမှာ လျှို့ဝှက်ဆန်းကြယ်မှုတွေ အများကြီးပဲ၊ ခင်ဗျားရှုသိုလ်ကံကောင်းသွားတဲ့အချက်က ကျွန်တော် ထင်ပါတယ်။ နောက်ဆုံးကိုးဌာနဖြစ်တဲ့ စေတီမှာ မြနှင်းအမေရဲ့ ဘုရားရှိခိုးရွတ်ဖတ်သံတွေ၊ မကျွတ်လွတ်သူတွေကို ကြေးစည်ထုပြီး အမျှအတန်းပေးဝေလိုက်တဲ့ အသံတွေကြားပြီး ခင်ဗျားကိုယ်တိုင် သာဓုခေါ်လိုက်ချိန်မှာ ခင်ဗျား လွတ်မြောက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့တာပဲ'

'ဆရာပြောမှ နှစ်ပေါင်းနှစ်ဆယ်ကျော်အပြေ မတုတ်နိုင်နဲ့တဲ့ ပြဿနာဟာ ခေါင်းထဲမှာ အခုမှပဲ ရှင်းသွားတော့တယ်။ ဒါပေမယ့် အဲဒီနဂို အိပ်မက်ကို သတိရတိုင်း ဖူးစာတဲ့ မဆုံဆည်းလိုက်ရတဲ့ မြနှင်းလေးကိုလဲ အမြဲသတိရနေဆဲပဲ ဆရာရယ်'

ဦးကျော်ဇွာမြင့်က ရယ်မောလျက် မေတ္တာအသည်းစကား နောက်ဆုံး ပြောလိုက်ရှာပါသည်။

ကြောငှာ

(သုံးစရှမ်းသာသရှုစင်း)

●



www.burmeseclassic.com

www.burmeseclassic.com



# မကြုံစည်အပ်သော တီထွင်မှုတစ်ခု

## ဆွေမြင့်

ကုံကော့မြိုင်မြို့ကလေးမှာ ဦးထွတ်ခေါင်တို့မိသားစု ရောက်ရှိနေသည်မှာ သုံးနှစ် တင်းတင်းပြည့်ခဲ့လေပြီ။ သူတို့အိမ်ထောင်စုတွင် ဦးထွတ်ခေါင်၏ ဇနီး ဒေါ်ရည်မွန်နှင့် သားငယ်မြတ်မင်းခေါင်သာလျှင် ရှိသည်။ လက်တို လက်တောင်း ကူဖော်အဖြစ် ဘုတ်ဆုံမလည်း ရှိသေးသည်။ သားငယ် မြတ်မင်းခေါင်သည် အသက် ၁၂ အနှစ်အရွယ် သွက်လက်ချက်ချာသော ကလေးတစ်ယောက် ဖြစ်သည်။ ဒေါ်ရည်မွန်မှာ တည်ငြိမ်အေးဆေးသော အသွင်သဏ္ဌာန် ရှိသည်။ ကုံကော့မြိုင်မြို့ပြင်တွင် ဆယ်ဧကမျှ ကျယ်ဝန်းသော ခြံကြီးတစ်ခြံအတွင်း၌ မိသားစုသုံးယောက်နှင့် ကူဖော်မိန်းကလေးတို့ အေးချမ်းစွာ နေထိုင်ကြသည်။ မည်သည့်ပြဿနာမှ မရှိပါချေ။ ပတ်ဝန်းကျင်နှင့်လည်း ကွာလှမ်းသောနေရာ ဖြစ်သောကြောင့် ဆက်ဆံရေး ရှုပ်ရှုပ်ထွေးထွေး မဖြစ်ခဲ့စဖူး။

ဦးထွတ်ခေါင် အကြောင်းနှင့် ပတ်သက်၍ ကုံကော့မြိုင်နေ မြို့သူမြို့သားများ ကြားသိရသလောက်မှာ သိပ္ပံပညာရှင်တစ်ယောက်ဟူ၍ ကမ္ဘာ



သိပ္ပံပါရဂူများက သတ်မှတ်ထားကြခြင်းဖြစ်သည်။ သူ နေထိုင်မည့် အိမ်ကို သူစိတ်ကြိုက်ပုံစံဆွဲ၍ ဆောက်လုပ်ရေးအင်ဂျင်နီယာနှင့် ဗိသုကာ ပညာရှင်များကို သူကိုယ်တိုင် ကြီးကြပ်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ သူမိသားစု နေထိုင်ရာ အိမ်ရှေ့ဆောင်မှာ သာမန် ကော့တိချ်ပုံစံ တစ်ထပ်တိုက်အိမ် ကလေးမျှသာ ဖြစ်သည်။

သို့ရာတွင် အိမ်၏နောက်ဘက် သီးသန့်အဆောင်တွင် အခန်းနှစ်ခန်း လုံခြုံစွာ တည်ဆောက်ထားပြီး ဦးထွတ်ခေါင် သုတေသနပြုလုပ်ရန် အထူး စီစဉ်ထားကြောင်း ဆောက်လုပ်ရေး ဗိသုကာပညာရှင်အချို့ထံမှ တစ်စွန်း တစ်စ ကြားသိရသည်။ ဦးထွတ်ခေါင်အနေနှင့် မည်သည့်တီထွင်မှုကို စမ်းသပ်လုပ်ကိုင်မည်ဟု မည်သူကမျှ မခန့်မှန်းနိုင်ကြပါချေ။

သီးသန့်ခန်းနှစ်ခန်းကို အသံလုံ လေလုံ တည်ဆောက်ထားပြီး ထိုနှစ်ခန်း၏ အလယ်နံရံတွင် တံခါးပေါက်တစ်ပေါက် ရှိသည်။ ဦးထွတ် ခေါင်တစ်ယောက်တည်း တီထွင်ပြုလုပ်နေခြင်းကို မည်သည့်အနှောင့် အ ယှက်မှ မပြုနိုင်စေရန် ကြိုတင်စီစဉ်ထားသည်။ သုတေသနခန်း နှစ်ခန်း ထဲတွင် ကြီးမားသော ဖန်ပေါင်းချောင်ကြီးတစ်ခု ရှိသည်။ ပိုက်လိုင်းများ တပ်ခွဲ ခန်းဆိုင်ရာ ရူပဗေဒပစ္စည်းများ၊ လျှပ်စစ်ကြိုးသွယ်တန်းမှုများ၊ အီလက်ထရောနစ် ပစ္စည်းများ၊ ဆက်သွယ်ရေးခလုတ်များစသဖြင့် နေသား တကျ စီစဉ်ထားသည်။ ၂၄ နာရီအချိန်ပြည့် လည်ပတ်နေသော လေအေး ပေးစက်နှင့် လေညစ်ထုတ်စနစ်စသည်တို့ကိုလည်း စိတ်တိုင်းကျ တပ်ဆင် ထားသည်။

မတ်ခွဲခန်းထဲသို့ ဦးထွတ်ခေါင် ရောက်ရှိချိန်မှစ၍ ပြင်ပရှိ ဇနီးနှင့် သားကို လုံးဝအဆက်အသွယ် ဖြတ်ထားခဲ့လေ့ရှိသည်။ သူ၏ စမ်းသပ် ဆောင်ရွက်မှု ပြီးစီးမှသာ အခန်းထဲမှ ထွက်လာတတ်သည်။ ထိုအချိန်အခါ မှတွင်သာ မိသားစု ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင် နေထိုင်ဆက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။

တစ်စတစ်စနှင့် သူ၏စမ်းသပ်တီထွင်ချက် အရေးကြီးသော အဆင့်သို့ ရောက်လာချိန်တွင် ဦးထွတ်ခေါင်က သူ့ဇနီးဒေါ်ရည်မွန်အား ကြိုတင်မှာကြားထားသည်။

'ဒီကနေ့ကစပြီး ကိုကို့တီထွင်မှုကို သက်ရှိပစ္စည်းနဲ့ စမ်းသပ်ရတော့မယ်။ တစ်ပတ်အတွင်း ကိုကို ဓာတ်ခွဲခန်းထဲမှာပဲ ရှိမယ်၊ ဘာအကြောင်းကြောင့်နဲ့မှ ကိုကို့ကို အနှောင့်အယှက်မပေးစေချင်ဘူး။ မွန်လေးကိုကို ပြောတာကို သေချာမှတ်ထားနော်၊ တခြားဘယ်လို အရေးကြီးတဲ့ကိစ္စ ဖြစ်ပါစေ၊ ကိုကို အားလုံးကို လုံးဝမေ့ထားလိုက်တော့မယ်၊ မွန်လေးကြိုက်သလို ဆောင်ရွက်နိုင်တယ်၊ ကိုကို့ကို ဘာမှ တိုင်ပင်စရာ မလိုတော့ဘူး'

ဦးထွတ်ခေါင်၏ အလေးအနက် မှာကြားမှုကို ဒေါ်ရည်မွန်က ခေါင်းညိတ်ပြရာမှ တစ်စုံတစ်ရာကို စဉ်းစားမိသောကြောင့်....

'ဒါဆိုရင် ကိုကို စားသောက်ဖို့ ကိစ္စရော မွန် ဘယ်လိုစီစဉ်ရမှာလဲဟင်' ဟု မေးလိုက်သည်။

'လွယ်ပါတယ် မွန်လေးရာ၊ ဓာတ်ခွဲခန်းအပြင်ဘက်စားပွဲပေါ်ကို စားသောက်စရာတွေ တင်တာနဲ့ ဓာတ်ခွဲခန်းထဲမှာ မီးစိမ်းကလေး လင်းနေမှာပါ၊ ဒါဆိုရင် ကိုကို့အတွက် စားသောက်စရာ အဆင်သင့်ရှိနေပြီဆိုတာကိုကို သိနိုင်တာပဲ၊ အလုပ်များလို့ ရတာနဲ့ ကိုကို့ဘာသာ ထွက်စားမယ်'

ထိုနေ့ထိုအချိန်မှစ၍ ဦးထွတ်ခေါင်သည် ဓာတ်အိမ်တည်း၊ တစ်ခြံထဲတွင် နေထိုင်ကြပါလျက် တစ်ပတ်လုံးလုံး အဆက်အသွယ်ပြတ်နေခဲ့သည်။ တစ်ပတ်ပြည့်သောအခါကျမှ ဦးထွတ်ခေါင်သည် သူ၏ ဓာတ်ခွဲခန်းတွင်းမှ ထွက်လာသည်ကို တွေ့ရသည်။ သူ၏လက်ထဲတွင် သက်ရှိယုန်ကလေး တစ်ကောင်ကို ပွေ့ပိုက်ထားသည်။ ဦးထွတ်ခေါင်၏ မျက်နှာ



ကြီးက အပြည့်အဝ ပြုံးနေသည်။

ဒေါ်ရည်မွန်သည် လင်ယောကျ်ား၏ လုပ်ငန်းနှင့် ပတ်သက်၍မည်သည့်အခါမှ စပ်စုရန် ဝါသနာမပါချေ။ လင်ယောကျ်ားက ဖွင့်ပြောသည်ကိုသာ နားထောင်တတ်သူဖြစ်သည်။ သူမ၏ တာဝန်မှာ ကူမော်မိန်းကလေးနှင့်အတူ အိမ်ထောင်ထိန်းသိမ်းမှု ချက်ရေးပြုတ်ရေး စသော တာဝန်များနှင့် သားငယ်ကျောင်းကိစ္စတို့ကို ဝတ္တရားမပျက် ဆောင်ရွက်ရန်သာရှိသည်။

'ဟောဒီယုန်ကလေးနဲ့ စမ်းသပ်တဲ့အဆင့်ကိုတော့ အောင်မြင်သွားပြီမွန်လေးရေ၊ နောက်တစ်ဆင့်ကို အောင်မြင်သွားရင် သားငယ် ကျောင်းရက်ရှည် ပိတ်ချိန်မှာ လွတ်လွတ်လပ်လပ် အပျော်ခရီးထွက်ကြတာပေါ့နော်'

ဦးထွတ်ခေါင်က အားရပါးရ ပြောလိုက်သည်။

ထိုအချိန်တွင် သားငယ်ကလေးအိမ်ရှေ့တံခါးပေါက်မှ ပြေးတက်လာသည်။ သူ၏လက်ထဲတွင် လိပ်ပြာဖမ်းသော ပိုက်တန်းလေးနှင့် အဝကျယ်ဖန်ပုလင်းတစ်ပုလင်း ပါလာသည်။

'ဖေဖေ.... ဒီမှာကြည့်ပါဦး၊ သိပ်လှတာပဲ'

သားငယ်မြတ်မင်းခေါင်က ဦးထွတ်ခေါင်ထံသို့ ပြေးလာသည်။ ခေါင်က သားငယ်ကို ဆီးကြိုပွေ့ဖက်ထားလိုက်သည်။ သားပြနေသော အဝကျယ် ဖန်ပုလင်းထဲတွင် ရောင်စုံလိပ်ပြာလေးငါးကောင်ကို တွေ့ရသည်။ တိုက်ရှေ့ ပန်းဥယျာဉ်ထဲတွင် ရောင်စုံလိပ်ပြာများ လူးလာပျံဝဲနေရှိသည်။ သားငယ်က ထိုလိပ်ပြာရောင်စုံလေးများကို လိပ်ပြာဖမ်းသော ပိုက်တန်းဖြင့် ဖမ်းလာခြင်း ဖြစ်သည်။

'ရော့...သားအတွက် ဟောဒီယုန်ကလေးကို လက်ဆောင်ပေးမယ်'

ဦးထွတ်ခေါင်က ဖွတ်ဖွတ်ဖြူသော ယုန်ကလေးကို ပေးလိုက်သည်။ သားငယ် မြတ်မင်းခေါင်က ယုန်ကလေးကို ဝမ်းသာအားရ ယူ၍

www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းထဲသို့ ဝင်သွားသည်။

'ရှေ့လာမယ့် တနင်္ဂနွေမနက်ကစပြီး အမြင့်ဆုံး တီတွင်စမ်းသပ်မှု သုတေသနလုပ်ရတော့မယ်၊ ဒီအတောအတွင်း ကိုကို့အတွက် စားသောက်စရာ စီစဉ်ဖို့ မလိုတော့ဘူး မွန်လေး'

ဦးထွတ်ခေါင်က စဉ်းစဉ်းစားစား ပြောသည်။

'အစာမစားဘဲ အလုပ်လုပ်လို့ ဖြစ်ပါ့မလားကိုကိုရယ်၊ ကိုကို့ကျန်းမာရေး ထိခိုက်....'

ဒေါ်ရှည်မွန်၏ စကားမဆုံးမီ ဦးထွတ်ခေါင်က လက်ဝါးကာ၍ တားလိုက်သည်။

'နာဆာအာကာသ သုတေသနသိပ္ပံဌာနကို ကိုကိုရောက်တုန်းက သိခဲ့ရတဲ့ နည်းလမ်းကို အသုံးပြုရမှာပေါ့ မွန်လေးရယ်၊ လူတစ်ယောက်အတွက် တစ်နေ့စာ လိုအပ်တဲ့ ကယ်လိုရီနဲ့ ဗိုက်တာမင်တွေကို ပေါင်းစပ်ပြုလုပ်ပြီး၊ တစ်ပြားမြို့ထားလိုက်ရင် တစ်နေ့လုံး ဘာမှမစားဘဲ နေလို့ရတယ်၊ အရေးကြီးတဲ့ တီတွင်စမ်းသပ်မှုတွေ လုပ်နေတဲ့အချိန်မှာ စားသောက်ဖို့အတွက် လုံးဝအချိန်မပေးနိုင်တဲ့အတွက် အဲဒီလိုမျိုး စီစဉ်ကြတယ်။ ကျန်းမာရေးကို မထိခိုက်နိုင်ပါဘူး။ အဲဒီသုံးရက်အတောအတွင်း မွန်လေးနဲ့ ကိုကို ဆက်သွယ်ချင်ရင် တံခါးပေါက်အောက်ခြေက စာရွက်လေးနဲ့ ရေးပေးမယ်'

ဦးထွတ်ခေါင် ဓာတ်ခွဲခန်းထဲ ဝင်သွားသော တနင်္ဂနွေနေ့၏ တစ်ရက်ကျော် တနင်္လာနေ့သို့ ရောက်ရှိသွားသောအခါ ဒေါ်ရှည်မွန်သည် ဓာတ်ခွဲခန်း တံခါးရွက်အောက်ခြေမှ ထွက်ပြူနေသော စာရွက်ကလေး တစ်ရွက်ကို တွေ့လိုက်ရသည်။ သူမက ကောက်ယူဖတ်ရှုလိုက်သောအခါ....

'မျက်နှာအဖြူရောင်နဲ့ ယင်ကောင်လေးတစ်ကောင်ကို ခြံထဲမှာ လိုက်ရှာပြီး ဖမ်းခဲ့ပါ။ သုံးရက်အတွင်း မွန်လေးရော သားပါ အဲဒီယင်



ကောင်လေးကို မဖြစ်မနေ ဖမ်းယူခဲ့ပါ။ သုံးရက်ကျော်သွားလို့ မဖမ်းမိရင် ကြေကွဲစရာ ဖြစ်ရပ်တစ်ခု ဖြစ်သွားလိမ့်မယ်'ဟူ၍ ခပ်သော့သော့ ရေးထားသည်။

ထို့ကြောင့် ဒေါ်ရှည်မွန်သည် ဘာမှန်းမသိဘဲနှင့် အကြီးအကျယ် ကုန်လှုပ်သွားသည်။ ထို့ကြောင့် သားငယ်နှင့်အတူ အိမ်ရှေ့ပန်းဥယျာဉ်ထဲတွင် လိပ်ပြာဖမ်းသော ပိုက်ကွန်တပ်တုတ်တစ်ချောင်းစီဖြင့် မျက်နှာအဖြူရောင် ယင်ကောင်ကို ရှာဖွေကြသည်။ အိမ်ဝန်းကျင်တွင်လည်း စေ့စေ့စပ်စပ် ကြည့်ရှုရှာဖွေကြသော်လည်း မျက်နှာအဖြူရောင်နှင့် ယင်ကောင်လေးကို လုံးဝ ရှာမတွေ့ကြပါချေ။

သုံးရက်လွန်မြောက်သော ကြာသပတေးနေ့ နံနက်ပိုင်းတွင် ဦးထွတ်ခေါင်၏ ဓာတ်ခွဲသုတေသနအခန်းအတွင်းမှ ပြင်းထန်စွာ မြည်ဟီးသွားသော အသံတစ်သံကို ဒေါ်ရှည်မွန် ကြားလိုက်ရသည်။ ဒေါ်ရှည်မွန်သည် အပြေးအလွှားဖြင့် ဓာတ်ခွဲသုတေသနအခန်းတံခါးကို ခေါက်သည်၊ လက်သီးဆုပ်ဖြင့် အဆက်မပြတ် ထုသည်၊

'ကိုကို...ကိုကို ဘာဖြစ်နေတာလဲဟင်၊ တံခါးဖွင့်ပေးပါဦး'

ထပ်တလဲလဲ ခေါ်ကြည့်သည်။ အတွင်း၌ လုံးဝတိတ်ဆိတ်ငြိမ်သက်နေသည်။ မည်သည့် လှုပ်ရှားမှုအသံကိုမှ မကြားရ၊ ဒေါ်ရှည်မွန် စိတ်ပူလာသည်။ စိုးရိမ်သောကများ ဖြစ်လာမိသည်။ ထို့ကြောင့် ကူဖော်မိန်းကလေးကို ရပ်ကွက်လူကြီးများထံသို့ အလျင်အမြန် စေလွှတ်လိုက်သည်၊ မကြာမီ ရပ်ကွက်လူကြီးများနှင့်အတူ ကုံကော်မြိုင်ရဲစခန်းမှ ရဲအရာရှိ တစ်ဦးလည်း လိုက်ပါလာသည်။ ရဲအရာရှိသည် ရပ်ကွက်လူကြီးများထံသို့ အခြား အကြောင်းတစ်ခုအတွက် ရောက်ရှိနေခိုက်ဖြစ်သောကြောင့် ဒေါ်ရှည်မွန်က အရေးကြီးဖြစ်ရပ်အတွက်ဟူသော အကြောင်းကြားချက်ကြောင့် လိုက်လာခဲ့ခြင်းဖြစ်သည်။ ဒေါ်ရှည်မွန်၏ အကျဉ်းချုံး ပြော

www.burmeseclassic.com

www.burmeseclassic.com



ပြချက်ကို နားထောင်ကြပြီးသောအခါ သုတေသနဓာတ်ခွဲခန်းတံခါးကို ရိုက်ချိုးဖျက်ဖွင့်လိုက်ကြသည်။

အထဲတွင် ဦးထွတ်ခေါင်သည် ကြမ်းပြင်ပေါ်တွင် ပက်လက် အနေအထားဖြင့် တည်ရှိပြီး ကြီးမားလေးလံသော သံတုံးတစ်တုံးက သူ၏ မျက်နှာနှင့် ဦးခေါင်းတစ်ခုလုံးပေါ်သို့ ကျရောက်နေလျက် မျက်နှာနှင့် ဦးခေါင်း ကြေမွနေသည်ကို တွေ့ရှိကြသည်။ ဓာတ်ခွဲသုတေသန အခန်းနှင့် တွဲလျက် အခန်းအပါအဝင် နှစ်ခန်းစလုံးအတွင်းမှ လုံခြုံစွာ ပိတ်ထားကြောင်း စစ်ဆေးတွေ့ရှိကြရသည်။ ထို့ကြောင့် ပြင်ပမှတစ်စုံတစ်ယောက်၏ ပယောဂဖြင့် သေဆုံးခြင်း မဟုတ်ဘဲ၊ ဦးထွတ်ခေါင်ကိုယ်တိုင် သံတုံးကို မောင်းတပ်ဆင်၍ သံတုံးကျလာမည့်နေရာတွင် ဦးခေါင်း၊ မျက်နှာနှင့် တည့်မတ်စွာ ချိန်၍ ဖြုတ်ချလိုက်ခြင်းမှတစ်ပါး အခြား မဖြစ်နိုင်ကြောင်း ရဲအရာရှိက ကောက်ချက်ချသည်။ သက်ဆိုင်ရာ ရဲတပ်ဖွဲ့ အနေနှင့် လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးစီးသောအခါတွင် ဦးထွတ်ခေါင်၏ လုပ်ဖော်ကိုင်ဘက် သိပ္ပံပညာရှင်အချို့ ရောက်လာကြသည်။ ဦးထွတ်ခေါင် ကိုယ်တိုင် ရေးမှတ်ထားသော သုတေသနဆိုင်ရာ နေ့စဉ်မှတ်တမ်းထဲတွင် ထိုဖြစ်ရပ်နှင့်ပတ်သက်၍ ပြည့်ပြည့် စုံစုံ သိရှိကြရသည်။ ထိုဖြစ်ရပ်မှာ....

ဦးထွတ်ခေါင်သည် သူ၏ တီထွင်သုတေသနပြုမှုအတွက် ပထမ အခန်းတစ်ခန်းတွင် ဖန်ပေါင်းချောင်တစ်ခုရှိပြီး၊ ဒုတိယတစ်ခန်းတွင် နောက်ထပ် ဖန်ပေါင်းချောင်တစ်ခု ထားသည်။ ပထမအဆင့်အနေဖြင့် သာမန်မျက်စိဖြင့် မမြင်သော အသေးမွှားဆုံး ပရိုတွန်၊ အီလက်ထရွန်အဆင့်ထိ ချေဖျက်ကာ သက်မဲ့ခြင်တစ်ခုကို ပထမဖန်ပေါင်းချောင်ထဲတွင် ထည့်၍ TRANSMIT ပြုလုပ်ခဲ့ပြီး၊ ဒုတိယဖန်ပေါင်းချောင်ထဲမှ 'RECEIVING UNIT အဖြစ် မူလအတိုင်း ပြန်လည်ရရှိခဲ့သည်။ နောက်တစ်ဆင့်တွင် သက်ရှိ ယုန်ကလေးတစ်ကောင်ကို ထရန်စမစ်ယူနစ်မှ လွှင့်ထုတ်လိုက်ပြီး၊ ရီ



ဆီဗင်းယူနစ်မှ ဖမ်းယူခဲ့ရာတွင်လည်း အောင်မြင်ခဲ့သည်။ နောက်ဆုံး အဆင့်အနေနှင့် သက်ရှိ လူသားကို စမ်းသပ်ရန် သူကိုယ်တိုင် ဝင်ရောက် လုပ်ကိုင်ခဲ့ရာ သူ မသိလိုက်သော ဖြစ်ရပ်မှာ သူနှင့်အတူ ယင်ကောင်လေး တစ်ကောင်ပါလာသည်။ ရီဆီဗင်းယူနစ်ဘက်တွင် ပြန်လည်ဖမ်းယူရာ၌ ယင်ကောင်မျက်နှာနှင့် သူဖြစ်နေပြီ၊ သူ့မျက်နှာနှင့် ယင်ကောင်က လွတ် သွားသည်။ ကိစ္စပြီးစီးအောင်မြင်ပြီ အထင်ဖြင့် အခန်းတံခါးဖွင့်လိုက်စဉ် ယင်ကောင်က ပျံထွက်သွားသည်။ ထို့ကြောင့် သုံးရက်အတွင်း သူ့မျက်နှာနှင့် ယင်ကောင်ကို ဖမ်းဆီးရန် ဇနီးကို စာဖြင့် အကြောင်းကြားခဲ့သေးသည်။ သို့ရာတွင် သုံးရက်မတိုင်မီဆိုလျှင် ထရန်စမစ်ယူနစ်မှ တစ်ဆင့် ပြန်လည်၍ ဆောင်ရွက်နိုင်သော်လည်း သုံးရက် လွန်မြောက်ခဲ့သောအခါ ပြန်လည် ပြောင်းလဲ မရနိုင်တော့ပါချေ။ ထို့ကြောင့် သူ့ဘဝတစ်လျှောက် ယင်ကောင်မျက်နှာကြီးဖြင့်ဆက်လက် အသက်ရှင်ရန် မလိုလားတော့သဖြင့် ယခုကဲ့သို့ မိမိ၏ ကြောက်မက်ဖွယ်ရာ မျက်နှာကို ဖျက်ဆီးခဲ့ရကြောင်း ဟူ၍ သိပ္ပံဆိုင်ရာ စမ်းသပ်တီထွင်မှု အဆင့်မှတ်တမ်းတင်ချက်များနှင့်အတူ ပြည့်ပြည့်စုံစုံ ဖော်ပြရေးသားထားခဲ့သည်။

ထိုအကြောင်းနှင့်ပတ်သက်၍ ဦးထွတ်ခေါင်၏ မိတ်ဆွေ သိပ္ပံပညာရှင်တစ်ဦးက ထိုတီထွင်သုတေသနပြုမှုမှာ မဖြစ်နိုင်ကြောင်း၊ ဦးထွတ်ခေါင် စိတ်ကူးယဉ်ဆောင်ရွက်မှုသည် အမှန်တကယ် ဖြစ်လာခြင်းမဟုတ်ဘဲ၊ အတွေးများ အမြင်များဖြင့် စိတ္တဇဝေဒနာဖြစ်ပြီး သူကိုယ်သူ စီရင်လိုက်ခြင်း ဖြစ်တန်ရာသည် ဟူ၍ လျှော့လျှော့ပေါ့ပေါ့ မှတ်ချက်ချလိုက်လေတော့ သည်။

ဆွေမြင့်

(ဖြစ်ရပ်မှန် စုံထောက်ဝတ္ထုင်း)

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# သိဒ္ဓိပြည်သတ္တုပြားကလေးနှင့် လူမိုက်ကြီးတစ်ဦး

## သက်ထက်စန်း

### ကျွန်ုပ်၏ ဘဝမှတ်တမ်း

ကျွန်ုပ်သည် ချမ်းသာကြွယ်ဝသော ကြေးရတတ်ခေါ် လူကုံတံ မိသားစုတစ်ခုမှ ပေါက်ဖွားကြီးပြင်းခဲ့သူတစ်ဦး ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်သည် လူကုံတံသူဌေးသားတစ်ဦး၏ ထုံးစံအတိုင်း မည်သည့်အလုပ်ကိုမျှ လုပ်ကိုင်ခြင်းမရှိဘဲ အရွယ်ရောက်သောအခါ အတန်းပညာများကို သင်ယူရန် ကျောင်းတက်ခြင်းသာ ရှိခဲ့လေ၏။ သို့ရာတွင် ကျွန်ုပ်သည် ပညာကိုလည်း ထူးချွန်စွာ ကြိုးစားသင်ယူခြင်း မရှိပါဘဲ အပေါင်းအသင်းများနှင့် ဆိုးသွမ်းပျော်ပါးကာ ပေါ့ပေါ့နေပေါ့ပေါ့စားဘဝဖြင့်သာ ကြီးပြင်းခဲ့လေ၏။ ဤသို့ဖြင့် ကျွန်ုပ်သည် ရန်ကုန် တက္ကသိုလ်ဟူသော ကျောင်းတော်ကြီးမှ ဒီဂရီရရှိသည်အထိ လက်မွေးမီးမလောင် ခြေမွေးမီးမလောင်ဘဝဖြင့် ရှိနေခဲ့လေသည်။ သို့ရာတွင် လက်မွေးမီးမလောင် ခြေမွေးမီးမလောင်ဟု ဆိုခြင်းထက် လက်ကြောမတင်းခဲ့ဟုဆိုလျှင် ပို၍ မှန်ပေလိမ့်မည်။



ကျွန်ုပ်၏ ဖခင်ကြီးမှာမူ များစွာ စည်းကမ်းကြီးလှသူဖြစ်သည်။ ကျောင်းသားဘဝအရွယ်၌ ကျွန်ုပ် ဆိုးသွမ်းပျော်ပါးနေသည်ကို တားမြစ်ခဲ့ခြင်း၊ ပိတ်ပင်ခဲ့ခြင်း မရှိသော်လည်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းနှင့် စာမေးပွဲကျရှုံးခြင်းများ ရှိခဲ့ပါက ကျွန်ုပ်အား ကျောင်းမှအပြီးအပိုင် ထုတ်ပစ်မည်ဖြစ်ကြောင်း ကြေညာထားလေ၏။ ထို့ကြောင့်ကျွန်ုပ်သည် မူးယစ်ဆေးများကို မျက်နှာလွှဲ၍ အခြားသော ပျော်ပါးနည်းများဖြင့်သာ ပျော်ပါးခဲ့၏။ မည်သို့ပင် ပျော်ပါးခဲ့သော်လည်း တစ်နှစ်လျှင် အတန်း တစ်တန်းအောင်ရန်လည်း ကြိုးပမ်းရသေး၏။ ထို့ကြောင့်ပင် ကျွန်ုပ်သည် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ဒီဂရီတစ်ခုကို အများတကာကဲ့သို့ပင် ပုံမှန်အတိုင်း ရရှိခဲ့လေ၏။

### မြွေတူးသမား သူဌေးသား

တစ်နေ့သ၌ ကျွန်ုပ်၏ဖခင်ကြီးသည် ကျွန်ုပ်အား အောက်ပါအတိုင်း ဆိုလာလေ၏။

'ကဲ ဟေ့ကောင် မင်း ဘွဲ့လည်းရပြီးပြီ.... ဘာအလုပ်လုပ်မယ် စိတ်ကူးသလဲ၊ ငါ့မိဘတွေ ချမ်းသာတာပဲဆိုပြီး ဒီအတိုင်းနေဖို့တော့ စိတ်မကူးနဲ့၊ ယောကျ်ားတစ်ယောက်ဖြစ်ပြီး လက်ကြောတင်းတင်း အလုပ်မလုပ်ဘဲ ပေါ်ကြော့နေမယ်ဆိုရင်တော့ ငါ့အိမ်ပေါ်မှာ မနေနဲ့ ဆင်းသွားပေတော့၊ နေချင်ရင် အလုပ်လုပ်။ ကိုယ်ရတဲ့ငွေ ကိုယ်သုံး၊ မင်းကို ငါမိုက်ဆံပေးတော့ဘူး၊ အလုပ်အတွက်ကတော့ ငါတာဝန်ထား၊ ငါ ရှာပေးမယ်၊ ကဲ ဒီတော့ ဘာအလုပ်လုပ်ချင်သလဲဆိုတာသာ ပြောပေတော့' ဟု ဆိုလေရာ

ကျွန်ုပ်သည် မျက်လုံးပြူးသွားလေ၏။ ကျွန်ုပ်သည် မည်သည့်အလုပ်ကိုမျှ လက်ကြောတင်းစွာ လုပ်ကိုင်ခဲ့ဖူးသူ မဟုတ်သဖြင့် ဘာလုပ်ရမည်မသိ ဆိုသကဲ့သို့ ရှိလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကြေးရတတ်တို့၏

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ကြီးကြီးကျယ်ကျယ် အလုပ်များကို မှန်း၍ ဖခင်ကြီးအား...

'သင်္ဘောလိုက်ချင်တယ်...နိုင်ငံခြားသင်္ဘောနော်' ဟု ဆိုလိုက်လေ၏။

ဖခင်ကြီးလည်း ကျွန်ုပ်ထံမှ စကားသံကို ကြားရသည်နှင့် အောက်ပါအတိုင်း ရေရွတ်လေ၏။

'ထွီ...မင်းလို လက်ကြောမတင်းတဲ့ကောင်က နိုင်ငံခြားသင်္ဘောလိုက်ချင်သေးတယ်။ သေသွားလိမ့်မယ် ဘာမှတ်သလဲ၊ အဲဒီတော့ ငါ့စကားကို မင်း နားထောင် မင်း သင်္ဘောသားလုပ်ချင်သလား' ဟု ဆိုလေရာ ကျွန်ုပ်လည်း လွယ်ကူစွာပင် ခေါင်းညိတ်ပြခဲ့လေ၏။ ထိုအခါ ဖခင်ကြီးမှာ....

'ဒါဆိုရင် နက်ဖြန်ကစပြီး ငါ့ဆိုက်ထဲ လိုက်ခဲ့ပေတော့။ သင်္ဘောမလိုက်ခင် ငါ့ရဲ့ဆိုက်ထဲမှာ လိုက်ပြီး ကျင့်သားရအောင် အလုပ်လုပ်ဦး၊ ကောင်းကောင်း လုပ်နိုင်ပြီဆိုရင် သင်္ဘောလိုက်ဖို့ကိစ္စ ငါ့ဖြစ်အောင် စီစဉ်ပေးမယ်။ ငါ့ဆိုက်ထဲမှာ လုပ်တဲ့အတွက်လည်း မင်း လုပ်အားခရမှာပေါ့။ အဲဒီလုပ်အားခကို မင်းဟာမင်းသုံး။ ပိုလို့လည်း မပေးနဲ့၊ လိုလို့လည်း မတောင်းနဲ့ လောက်အောင်သုံး၊ မလောက်ရင် အငတ်ခံပေတော့' ဟုဆိုလေသည်။

နောက်တစ်နေ့၌ပင် ကျွန်ုပ်သည် ဖခင်ကြီး၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ဖခင်ကြီးနှင့်အတူ လိုက်ပါခဲ့ရ၏။ ဖခင်ကြီးသည် ကျွန်ုပ်အား သူ၏ လက်အောက်တွင် ခိုင်းစေခြင်း မရှိဘဲ ကျွန်ုပ်အား မြေကြီးတူးသောအဖွဲ့၏ ခေါင်းဆောင်ကိုအေးဝင်းထံသို့ အလုပ်သမားအဖြစ်အပ်နှံလိုက်လေ၏။ ကျွန်ုပ်အတွက် မုန့်ဖိုးပေးခြင်းကိုလည်း ရပ်ဆိုင်းလိုက်ပြီ ဖြစ်၏။ အစပထမ၌ ကိုအေးဝင်းသည် ကျွန်ုပ်အား သူ၏ အလုပ်ရှင်၏ သားဖြစ်သောကြောင့် များစွာခိုင်းစေခြင်း မရှိဘဲ သက်တောင့်သက်သာ နေစေ၏။



ကျွန်ုပ် သည်လည်း မည်သို့မျှ ပင်ပန်းကြီးစွာ မလုပ်ရသဖြင့် နေရိပ်တွင် ထိုင်ကာ ဆေးလိပ်သောက်ခြင်း၊ ရေနွေးသောက်ခြင်း၊ စကားပြောခြင်း ဖြင့်သာ များစွာ သက်သာခဲ့လေသည်။

## လင်းဆော်သား စားရပြီ

တစ်နေ့သ၌ ကျွန်ုပ်ဖခင်ကြီးသည် ကိုအေးဝင်းအား ခေါ်ယူ၍ ကျွန်ုပ်အား အများနည်းတူ အလုပ်ကို ခိုင်းစေရန်နှင့် သက်သောင့်သက်သာ ထားပါက ကိုအေးဝင်းကိုပါ အလုပ်မှ ထုတ်ပစ်မည်ဖြစ်ကြောင်း ဆိုလေ၏။ ထို့ကြောင့် ကိုအေးဝင်းသည် ကျွန်ုပ်အား အများနည်းတူ အလုပ်ခိုင်းရ၏။ ကျွန်ုပ်လည်း အများနည်းတူ လုပ်ရလေ၏။ သို့ရာတွင် ကျွန်ုပ်၏တစ်သက်နှင့်တစ်ကိုယ် ဤသို့ ပင်ပန်းကြီးစွာလုပ်ကိုင်ခဲ့ဖူးခြင်း မရှိသဖြင့် ကျွန်ုပ်အဖို့ရာကား အများနည်းတူ မဟုတ်ဘဲ ပို၍ပင်ပန်းသကဲ့သို့ ရှိလေ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် အလုပ်သိမ်း၍ အိမ်သို့ရောက်သည်နှင့် ညစာကို စားကာ ဟန်ပင် မဆောင်နိုင်ဘဲ အိပ်ရာတွင်းသို့ ဝင်ရလေတော့၏။

ကျွန်ုပ်၏ ဘဝသည် လွန်စွာမှပင် ရယ်စရာ ကောင်းလှ၏။ ကျွန်ုပ်သည် ညအခါ၌ ဆိတ်ငြိမ်ရပ်ကွက်ကြီးတစ်ခုအတွင်းရှိ များစွာတန်ဖိုးကြီးသော ခြံဝင်းကြီးတစ်ခုအတွင်းရှိ တိုက်အိမ်ကြီး၌ ကောင်းမွန်စွာ အိပ်စက်ရ၏။ နံနက်လင်းသည်နှင့် လက်လုပ်လက်စား ဆင်းရဲသားများ၏ မြေကြီးတူးသော အလုပ်ကို ကြကြဲတောက်ပူပြင်းလှသော နေရောင်အောက်တွင် ပင်ပန်းကြီးစွာ လုပ်ကိုင်ရ၏။ ညစာကို စည်းစိမ်အပြည့်ရှိသော အိမ်ကြီးအတွင်း၌ အကောင်းဆုံး ဟင်းလျာများဖြင့် မြိန်ယှက်စွာ စားသုံးရ၏။ နံနက်စာကို ကျွန်ုပ်အလုပ်အနီးမှ ခပ်ညံ့ညံ့ ထမင်းဆိုင်တစ်ဆိုင်တွင် ကြိတ်မှိတ်၍ စားသုံးရ၏။ သို့ရာတွင် ကျွန်ုပ်၏ နေ့စဉ်ဝင်ငွေနှင့်ပင်

www.burmeseclassic.com

www.burmeseclassic.com



ချင့်ချိန်၍ စားသောက်ရသည်ဖြစ်ရာ ကျွန်ုပ်မှာ နေ့စဉ်နေ့တိုင်း ပဲပြုတ်ဖြင့်သာ နှစ်ပါးသွားရလေသည်။

တစ်နေ့သ၌ ထိုခပ်ညှိုညှို ထမင်းဆိုင်မှ ဆိုင်ရှင်မိန်းမကြီးသည် ကျွန်ုပ်အား အောက်ပါအတိုင်း ဆိုလေ၏။

'ရှင်က အသားတွေ၊ ငါးတွေနဲ့ ရန်ဖြစ်ထားတယ်နဲ့တူတယ်.... နေ့တိုင်း ပဲပြုတ်ချည်းပဲစားတာတွေ့တယ်' ဟု ဆို၏။ ကျွန်ုပ်လည်း မည်သို့မျှ ပြန်လည်ပြောဆိုခြင်းမရှိဘဲ 'အေးဗျာ' ဟုသာ ဆိုလိုက်လေ၏။ ထိုအခါ မိန်းမကြီး၏ သားဖြစ်ဟန်တူသော ကောင်လေးက

'အမေရာ ပဲပြုတ်လို့ မပြောပါနဲ့...ဟိုဦးလေးကြီး သိက္ခာကျပါတယ်။ လင်းအော်သားလို့ ပြောစမ်းပါ လင်းအော်သားဆိုတာ မနက်မိုးလင်းတာနဲ့ အော်သံကြားရတဲ့ ပဲပြုတ်ဆိုတာ လူတိုင်းသိပါတယ်' ဟုဆိုလေ၏။ ကျွန်ုပ်လည်း ထိုသူငယ်၏စကားကို မှတ်၍ထားလိုက်လေ၏။ နောက်နေ့များတွင် ထိုခပ်ညှိုညှိုထမင်းဆိုင်လေး၌ 'လင်းအော်သားနဲ့ ထမင်းတစ်ပွဲ' ဟု မှာယူ စားသုံးတတ်သည့် ကျွန်ုပ်ကို ထိုဆိုင်ကလေးမှ ဖောက်သည်များ တွေ့မြင်ဖူးလိမ့်မည်ဖြစ်သည်။

(မှတ်ချက်။ ထိုဆိုင်လေးမှာ ယခင်မြေနီကုန်းဈေးကြီး၏ အရှေ့တွင် ဖွင့်လှစ်ရောင်းချခဲ့သော ဆိုင်ကလေးတစ်ဆိုင်ဖြစ်ပြီး ထိုဆိုင်ကလေး၏ ဖောက်သည်များသည် အထက်ပါနည်းအတိုင်း မှာယူစားသုံးသော ကျွန်ုပ်ကို တွေ့မြင်ဖူးကြလိမ့်မည်ဖြစ်သည်။ စာရေးသူ)

## ထူးဆန်းသော ရှေးအိုရောင်သတ္တုပြားကလေး

တစ်နေ့သ၌ ကျွန်ုပ်တို့၏ မြေတူးအဖွဲ့သည် လွန်စွာမှပင် ကျယ်ဝန်းလှသော ကျင်းကြီးတစ်ခု တူးရလေသည်။ ထိုကျင်းကြီးမှာ အဆောက်အဦးအတွက်



အကြီးမားဆုံး ဖောင်ဒေးရှင်းချမှတ်ရမည့် ကျင်းကြီးဖြစ်ပြီးလျှင် လွန်စွာမှပင် နက်လှပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုကျင်းကြီးကို တူးရာ နှစ်ရက်ပင် ရှိသော်လည်း မပြီးနိုင်သေးဘဲ ရှိ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် ထိုကျင်းကြီးအား တတိယနေ့တွင် ဆက်လက်တူးရပြန်၏။ သို့ရာတွင် ပြီးလုပြီးခင် အချိန်သို့ရောက်သောအခါမှပင် ကျောက်ပြားကြီး တစ်ချပ် ကန့်လန့်ခံနေသည်ကို တွေ့ရလေ၏။ ကျွန်ုပ်တို့လည်း ဆောက်များ၊ ဆို့များဖြင့် ကျောက်ဖျာကြီးအား ထွင်း၍ ဖျက်ရပြန်၏။

ထိုသို့ ကျောက်ဖျာကြီးအား ထွင်း၍ ဖျက်ပြီးသောအခါ ထိုကျောက်ဖျာ၏အောက်မှ မြေကို ဆက်၍ တူးရပြန်၏။ သို့ရာတွင် ကျွန်ုပ် တူးနေသော မြေကြီးများအတွင်းမှ ဆပ်ပြာခဲ့အရွယ်ခန့်ရှိသော ရှေးအိုရောင် သတ္တုပြားကလေးတစ်ဘူးသည် ထူးဆန်းစွာ ပေါ်ထွက်လာခဲ့၏။ ကျွန်ုပ်သည် ထိုဘူးငယ်လေးအား ကောက်ယူလိုက်ပြီးလျှင် အနီးရှိသူများကို ခေါ်ယူလိုက်လေရာ အနီးရှိသူများသာမက ဆိုက်တစ်ခုလုံးလိုလိုမှ လူများသည် ကျွန်ုပ်အနီးသို့ ဝိုင်းအုံလာခဲ့လေသည်။ ထိုလူများထဲတွင် ကျွန်ုပ်၏ ဖခင်ကြီးလည်း ပါလေ၏။

ကျွန်ုပ်၏လက်တွင်းမှ ဘူးငယ်အားကြည့်ကာ အတွင်း ၌ မည်သည့်အရာ ရှိမည်ကို တစ်ယောက်တစ်ပေါက် ဆိုသလို အမျိုးမျိုးဝိုင်း၍ ထင်ကြေးပေးကြလေ၏။ ကျွန်ုပ်အားလည်း ထိုဘူးငယ်အား ဖွင့်၍ ကြည့်ပါ ဟု ဆိုကြလေ၏။ ကျွန်ုပ်သည် ထိုဘူးငယ်အား မဖွင့်သေးဘဲ ဘူးငယ်ကို ထင် သေချာစွာ ကြည့်ရှုလေရာ ဘူးငယ်၏ အပြင်ဘက်တွင် ကောက်တိ ထောက်ကြွေးနိုင်လှသော အက္ခရာ သင်္ကေတများနှင့် ငှက်ရုပ်၊ ဒိုင်းရုပ်၊ ဆုံရုပ်များ များပြားစွာ ပါဝင်လေသည်။


ထိုသင်္ကေတများသည် လျှို့ဝှက်စာရေးနည်းကဲ့သို့ ပါရှိနေခြင်းဖြစ်၍ ကျွန်ုပ်၏ စိတ်၌ စာများပင် ဖြစ်လိမ့်မည်ဟု တွေးမိလေ၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အနေနှင့် ဖတ်ရှုနားလည်နိုင်စွမ်း မရှိခဲ့ပါချေ။ သို့ရာတွင် ထိုဘူးငယ်၏ အတွင်း၌ အလျားနှစ်လက်မ၊ အနံတစ်လက်မခွဲအရွယ်ရှိ သတ္တုပြား တစ်ပြား ပါရှိလေသည်။ ထိုသတ္တုပြားပေါ်၌ ကုန်ပစ္စည်းအမှတ်တံဆိပ်တစ်ခုကဲ့သို့ အောက်ပါပုံသဏ္ဌာန်အတိုင်း ဖောင်းကြွပါရှိလေသည်။ (မှတ်ချက်။ ကျွန်ုပ်သည် ထိုသတ္တုပြားကလေးအား စာရှုသူထံသို့ တင်ပြရန်အလို့ငှာ ဓာတ်ပုံရိုက်ယူပါသော်လည်း ပုံထဲတွင် မည်သည့်အရာမှ မထင်ပါသဖြင့် ထိုသတ္တုပြားပေါ်၌ပါသော တံဆိပ်လေးကို အနီးစပ်ဆုံး ဆင်တူထား၍ စာတ်အားသမျှ ဆွဲသားပြလိုက်ရပါသည်။ စာရေးသူ)



ကျွန်ုပ်ထံသို့ ရောက်လာသူများသည် ထိုသတ္တုပြားလေးအား ကြည့်သည်ဆိုရုံမျှကြည့်ကာ အနည်းငယ်ပင် စိတ်မဝင်စားကြဘဲ ၄င်းတို့ အလုပ်လုပ် နေရာဆီသို့ပင် ပြန်၍သွားကြလေသည်။ ထိုအခါ ကျွန်ုပ်၏ ဖခင်ကြီးသည် ကျွန်ုပ်အား 'လွှင့်ပစ်လိုက်ပါကွာ၊ သေတ္တာက ရွှေသေတ္တာလည်း



မဟုတ်ပါဘူး၊ အထဲမှာ ရတနာတွေ မပါပါဘူး၊ ဘာမှန်းမသိတဲ့ သတ္တုပြား တစ်ခုပဲပါလာတာ၊ ပြီးတော့ အဲဒီသတ္တုပြားကလည်း ရွှေပြား မဟုတ်ဘူး၊ ဘာမှတန်ဖိုး မရှိတာကို အပင်ပန်းခံပြီး သိမ်းမနေပါနဲ့ကွာ' ဟု ဆိုလေသည်။

သို့ရာတွင် ကျွန်ုပ်သည် ဖခင်ကြီးအား မည်သို့မျှ ပြန်မပြောဘဲ သတ္တုပြားကလေးအား ဘူးငယ်အတွင်းသို့ ပြန်၍ထည့်ကာ ကျွန်ုပ် လွယ်အိတ်အတွင်းသို့ ထည့်၍ အိမ်သို့ ယူဆောင်လာခဲ့၏။ ကျွန်ုပ်သည် အိမ်သို့ ရောက်သောအခါ ရေချိုးခြင်း၊ ထမင်းစားခြင်းတို့ကို ပြုပြီးနောက် ယင်း ရွှေအိုရောင် ဘူးငယ်လေးအား ယူကာ ကျွန်ုပ်တို့အိမ်အနီး၌ နေကြသော ဂျူးရိုယို ကုလားများထံ သွားရောက်ပြသခဲ့လေသည်။ သို့ရာတွင် ၄င်း ဂျူးရိုယို ကုလားကြီးများ ကိုယ်တိုင်လည်း ယင်းသတ္တုပြားငယ်မှာ မည်သည့်အရာ ဖြစ်သည်ကို သိရှိခြင်း မရှိခဲ့ပါချေ။ သို့ဖြစ်ရာ ကျွန်ုပ်သည် ယင်းသတ္တုပြား ငယ်ကလေး အကြောင်းကို လွန်စွာမှပင် သိလိုလှသဖြင့် နောက်တစ်နေ့၌ ကျွန်ုပ်သည် အလုပ်မဆင်းတော့ဘဲ ရန်ကုန်မြို့အနှံ့ရှိ ဂျူးရိုယိုဆိုင်များသို့ သွားကာ ထိုသတ္တုပြားငယ်လေးအား ပြသ၍ မေးမြန်းရာ မည်သူမျှ တိတိကျကျ ပြောပြနိုင်ခြင်းမရှိသော်လည်း ယင်းသတ္တုပြား ငယ်အား ရောင်းလိုပါက ဈေးကောင်းကောင်းပေး၍ ဝယ်ပါမည်ဟုသာ ဆိုကြလေ၏။

သို့ရာတွင် ကျွန်ုပ်သည် ယင်းသတ္တုပြားအား ရောင်းချလိုခြင်း မရှိသဖြင့် အတန်ညနေစောင်းမှ အိမ်သို့ ပြန်ခဲ့လေ၏။ သို့ရာတွင် ကျွန်ုပ်၏ စိတ်၌ ယင်းသတ္တုပြားငယ်လေးအကြောင်းကို သိလိုလှသဖြင့် ကျွန်ုပ်သည် ထမင်းကိုပင် ကောင်းစွာ မစားတော့ဘဲ အခန်းတွင်းသို့ဝင်ကာ အချိန်မည်မျှ ကြာသွားသည်မသိ၊ ကျွန်ုပ်၏မျက်စိထဲတွင် ထိုရွှေအိုရောင်သတ္တုပြားလေး မှ စက်ဝိုင်းသဏ္ဌာန်များသည် သေးရာမှ ကြီးလာကာ ကျွန်ုပ်၏ နံ

www.burmeseclassic.com

www.burmeseclassic.com



အေး တစ်ဘက်တစ်ချက်သို့ပင် ဖြတ်သန်းသွားသကဲ့သို့ ခံစားရလေ၏။ သို့ရာတွင် ကျွန်ုပ်သည် ဆက်လက်ကြည့်ရှုနေခဲ့ရာ ထိုသေးရာမှ ကြီး၍ ကျွန်ုပ်နှံအေး ဖြတ်သန်းသွားနေသော စက်ဝိုင်းများနှင့်အတူ ပင်လယ်ကူး သင်္ဘောကြီးတစ်စင်းသည် ထွက်ပေါ်လာပြီး ကျွန်ုပ်ရှေ့တူရူသို့ လာနေသည်ကို တွေ့ရမှပင် လန့်၍ ရပ်မိခဲ့လေ၏။ ထိုနေ့ကို ကျွန်ုပ် ကောင်းစွာ မှတ်မိခဲ့ပါ၏။ (၁၆၊ ၂၊ ၁၉၇၇) ကြာသပတေးနေ့ပင် ဖြစ်လေ၏။

ဤသို့ဖြင့် ကျွန်ုပ်သည် ယင်းသတ္တုပြားလေးအား ညစဉ်ညတိုင်း ယခင်ကဲ့သို့ ဖြစ်လာသည်အထိ ဆက်လက်ကြည့်ရှုလာခဲ့ရာ တစ်ပတ်ခန့် ကြာသောအချိန်၌ ကျွန်ုပ်ဖခင်ကြီးထံမှ အောက်ပါအတိုင်း ဝမ်းသာစရာ စကားကို ကြားရလေ၏။

'ကဲ...မင်းနက်ဖြန်ကစပြီး ငါ့ဆိုက်ထဲလိုက်လုပ်ဖို့ မလိုတော့ဘူး ...မင်း သင်္ဘောလိုက်ဖို့ကိစ္စ ငါ စီစဉ်ထားတာ အခုရပြီ၊ ရှေ့လထဲမှာ မင်း သင်္ဘောတက်ရမယ်။ အဲဒီတော့ နက်ဖြန်ကစပြီး အိမ်မှာအေးအေးဆေးဆေး အနားယူပေတော့' ဟူ၍ပင် ဖြစ်၏။

ကျွန်ုပ်သည် မြေးတူးသမားဘဝမှ လွတ်မြောက်ပြီဖြစ်၍ များစွာ ပျော်ရွှင်မိလေ၏။ ကျွန်ုပ် ဖြစ်ချင်လှသော နိုင်ငံခြားသင်္ဘောသားဖြစ်တော့မည်ကို သိရသဖြင့်လည်း လွန်စွာမှပင် ပိုကဲ၍ ပျော်မိလေ၏။ ဤကဲ့သို့သော ပျော်ရွှင်မှုများကို ခံစားနေရပြီးနောက်တွင် ကျွန်ုပ်သည် သတ္တုပြားငယ်ကလေးအား သတိရမိလေ၏။ ယင်းသတ္တုပြားငယ်လေးမှာ ကျွန်ုပ် ကြည့်စဉ်တွေ့မြင်ခဲ့ရသော သင်္ဘောကြီးသည် ကျွန်ုပ်အား ရှေ့ပြေးနိမိတ်သဖွယ် ပြသနေခြင်းလော...ဟုပင် ထင်မှတ်မိလေ၏။ သို့ဖြစ်ရာ ကျွန်ုပ်မှ စမ်းသပ်ကြည့်လို စိတ်များ ပေါ်လာခဲ့ပြန်၏။ ကျွန်ုပ်သည် ၎င်းသတ္တုပြားငယ်လေးအား ထပ်မံ ကြည့်ရှုမြန်၏။ ထိုသို့ကြည့်ရာတွင် ကျွန်ုပ်သည် 'ဘာတွေ့ရပါ့မလဲ' ဟူသော စိတ်ဖြင့် ကြည့်ရှုခြင်းမဟုတ်ဘဲ ငွေများ



ထွက်ပေါ်လာသည်ကို မြင်လိုသော ဆန္ဒဖြင့် ကြည့်ရှုခဲ့လေ၏။ သို့ရာတွင် ကျွန်ုပ် မျက်စိထဲ၌ ကျွန်ုပ် ဆန္ဒရှိသည့် အတိုင်း မြင်ယောင်၍ လာလေ၏။ ကျွန်ုပ်သည် နေ့စဉ်နေ့တိုင်း ယင်းဆန္ဒဖြင့် ဆက်လက်ကြည့်ရှုလာခဲ့ရာ ငါးရက်မြောက်သောနေ့၌ ကျွန်ုပ်၏ဖခင်ကြီးသည် ကျွန်ုပ် နိုင်ငံခြား မသွားခင် သူငယ်ချင်းများအား ကျွေးရန်ဟုဆိုကာ ငွေကျပ် တစ်သောင်းတိတိကို ပေးလေ၏။ ကျွန်ုပ်လည်း များစွာ ပျော်မိလေ၏။

ထိုသို့ကျွန်ုပ် ပျော်ရွှင်မိခြင်းမှာ ဖခင်ကြီးပေးသော ငွေကျပ်တစ်သောင်းကို ရခြင်းထက် သတ္တုပြားလေး၏ အစွမ်းအာနိသင်ကို သိရခြင်းကြောင့် ပျော်ရွှင်ရခြင်းက ပိုမည်ဟုဆိုသော် မှန်ကန်ပေလိမ့်မည်။ ဤသို့ဖြင့် ကျွန်ုပ်သည် ရွှေအိုရောင်သတ္တုပြားလေးအား ကိုယ်၌ မကွာအမြဲဆောင်ထား အခက်အခဲရှိတိုင်း ကြည့်ရှုခဲ့လေရာ မည်သည့်အခက်အခဲမဆို အောင်မြင်စွာ ပြေလည်သွားသည်ကို တွေ့ရလေ၏။

## ကိုယ်တော်ချောနှင့် တွေ့ရပြီ

ဤသို့ ကျွန်ုပ်သည် (၂၂၊ ၃၊ ၁၉၇၇) နေ့၌ နိုင်ငံခြားသင်္ဘော တစ်စင်းပေါ်တွင် စတင်၍ တာဝန်ထမ်းဆောင်ခဲ့ရလေသည်။ ကျွန်ုပ်တို့ သင်္ဘောသည် တစ်နိုင်ငံဝင် တစ်နိုင်ငံထွက် လှည့်လည်ရာမှ အိန္ဒိယနိုင်ငံရှိ ဆိပ်ကမ်းတစ်ခုသို့ ရောက်လျှင် ကျွန်ုပ်သည် ထူးဆန်းသော လူတစ်ယောက်နှင့် ဆုံခဲ့မိလေသည်။ ထိုသူသည် ကျောတွင် ဘုကြီးနှင့် ခါးကုန်းသည့်ပြင် မျက်နှာမှာလည်း ကြောက်စရာကောင်းလောက်အောင် ဆိုးသော ရုပ်ရည် ရှိလှလေသည်။ သို့ရာတွင် ထိုသူက ၎င်းအား ကိုယ်တော်ချောဟု ခေါ်ပါရန် ဆိုလေ၏။ ကျွန်ုပ်၏ သတ္တုပြားငယ်လေးအကြောင်းအားလည်း သူ၏ ဆရာမှ တိတိပပ ပြောဆိုနိုင်ပါလိမ့်မည်ဟု ဆိုပြန်၏။ ထိုစကားကြောင့်ပင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သူ့အား ‘ကိုယ်တော်ချော’ ဟု ခေါ်ရလေ၏။ သူသည် ကျွန်ုပ်အားလည်း သူ၏ ဆရာထံသို့ ခေါ်ခဲ့လေ၏။ သူ၏ ဆရာမှာ ရာမန်ဆိုသူ ဖြစ်လေ၏။ ရာဝန်သည် ကျွန်ုပ်တို့အား တွေ့သည်နှင့် ဆီးကြို၍ နှုတ်ဆက်လေ၏။ ပြီးလျှင် စားသောက်ဖွယ်ရာများနှင့် ဧည့်ခံလေ၏။ ထိုသို့ ဧည့်ခံပြီးလျှင် ကျွန်ုပ်က သတ္တုပြားလေးအကြောင်းကို မေးရာ ရာဝန်သည် သတ္တုပြားငယ်လေးအား သေချာစွာ ကြည့်ရှုကာ ကျွန်ုပ်အား

‘ဒီသတ္တုပြားလေးက သာမန်မဟုတ်ဘူးကွယ့် ရှန့်ဗဲလားရဲ့ လက်ဆောင်တစ်ခုလို့တောင် ပြောလို့ရတယ်။ သိဒ္ဓိမိုးစုံရှိပြီး သုံးတတ်ရင် ရှန့်ဗဲလားကိုတောင် ရောက်သွားနိုင်တယ်။ ဒီသတ္တုပြားလေးဟာ လူသုံးဦးဆီ ရောက်ပြီးသွားပြီကွယ့်၊ အဲဒီသုံးဦးစလုံးက လူမိုက်တွေပဲ၊ အသုံးမချတတ်ဘူး၊ မောင်ရင်ကတော့ လေးဦးမြောက်ပဲ၊ အဲဒီတော့ မောင်ရင့်ကို ဒီသတ္တုပြားလေးရဲ့ စည်းကမ်းတွေကို ပြောရဦးမယ်၊ ဒီသတ္တုပြားလေးဟာ မောင်ရင့်ဆီမှာ မောင်ရင် စရတဲ့နေ့ကစပြီး ဆယ့်ခုနှစ်နှစ်တိတိပြည့်ပြီဆိုရင်တော့ မောင်ရင်ဟာ သမုဒ္ဒရာ တစ်ခုခုထဲကို စွန့်ပစ်လိုက်ပေတော့။ မစွန့်ပစ်ရင်လည်း သူ့ဖာသာသူ ရေအောက် ရောက်အောင်သွားမှာပဲ။ အဲဒီလို သူ့ဖာသာသူ သွားရရင်တော့ မောင်ရင် ဒုက္ခအကြီးအကျယ် ရောက်လိမ့်မယ်.... ဒီတော့ကာ မောင်ရင့်အနေနဲ့ ဒုက္ခ အရောက်မခံဘဲ ဆယ့်ခုနှစ်နှစ်ကြာရင်သာ မမေ့မလျော့စွန့်ပစ်လိုက်ပေတော့။

‘မောင်ရင် အဲဒီလိုစွန့်ပစ်ပြီးရင် ဒီသတ္တုပြားလေးဟာ ရေအောက်ထဲမှာ သုံးနှစ်တိတိနေလိမ့်မယ်။ သုံးနှစ်ကြာရင် နောက်တစ်ယောက်လက်ထဲ ရောက်သွားလိမ့်မယ်၊ ဘယ်သူ့ရမယ်ဆိုတာတော့ ပြောလို့ မရဘူး၊ ရေအောက်ထဲကဟာမို့လို့ ရေလုပ်သားပဲရမှာပေါ့လည်း မထင်နဲ့၊ သူ့ဖာသာသူ နေရာရွေ့ပြီး ရသင့်တဲ့ လူဆီတစ်နည်းနည်းနဲ့ ရောက်သွားမှာပဲ၊ အဲဒီ



အခါကျရင်လည်း ကျုပ်က အဲဒီလူကိုရှာပြီး ဒီစည်းကမ်းချက်ကို ပြောရမှာပဲ အဲဒီတော့ မောင်ရင်လည်း သိချင်တာ သိရပြီမို့ ထပ်မမေးနဲ့တော့.... ကျုပ် ဘာမှ မပြောနိုင်တော့ဘူး.... ကျုပ်တာဝန်ကျေပြီ.... မောင်ရင်ပြန်ပေတော့’ ဟု ရှည်လျားစွာ ပြောဆိုပြီးနောက် ကျွန်ုပ်အား နှင်လိုက်လေတော့သည်။

ကျွန်ုပ်သည် မစ္စတာရာဝန်ဆီမှအပြန်တွင် သူ၏ စကားများကို တွေးတော စဉ်းစားလာခဲ့လေသည်။ ယင်းကဲ့သို့ တွေးတောစဉ်းစားလာခဲ့ခြင်းမှာလည်း တခြားကြောင့် မဟုတ်ပါဘဲ ရာဝန်၏ စကားများအပေါ်၌ ယုံတစ်ဝက် မယုံတစ်ဝက် ရှိနေခဲ့ခြင်းကြောင့်သာလျှင်ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်သည် မစ္စတာရာဝန်၏စကားများကို မေ့ပစ်ခဲ့ပြီးလျှင် ကျွန်ုပ် ဆန္ဒရှိသည့်အတိုင်းသာ နေမြဲနေခဲ့လေ၏။ ဤသို့ဖြင့် ကျွန်ုပ်သည် အောက်ခြေသင်္ဘောသားလေးဘဝမှ အဆင့်ဆင့်ရာထူးတိုးကာ သင်္ဘော၏ အကြီးဆုံး ကပ္ပတိန်ရာထူးကို ရရှိခဲ့လေ၏။

(မှတ်ချက်။ ထိုရာထူးကို ရရှိရန်အတွက်လည်း သတ္တုပြားငယ်၏ အကူအညီကို များစွာ ယူခဲ့ရသေး၏။)

## ကျွန်ုပ်လက်မှ စွန့်ရပြီ

ဤသို့ဖြင့် ကျွန်ုပ်သည် သင်္ဘောကပ္ပတိန်ဘဝဖြင့် နှစ်နှစ်ခန့် လုပ်ကိုင်ခဲ့ပြီး တစ်နေ့သ၌ ကျွန်ုပ်တို့သင်္ဘောသည် ချီလီနိုင်ငံသို့ ဦးတည်၍ ဝေးလံလှသော ပစိဖိတ်သမုဒ္ဒရာအတွင်း၌ ခုတ်မောင်းလျက်ရှိလေ၏။ ရာသီဥတုမှာလည်း ကြည်လင်သာယာလျက်ရှိပြီးလျှင် ချီလီနိုင်ငံနှင့်လည်း များစွာ ဝေးကွာလှသေးသဖြင့် ကျွန်ုပ်သည် နံနက်စာသုံးဆောင်ပြီးနောက် အခန်းတွင်းသို့ဝင်၍ တစ်ရေး အိပ်နေခဲ့လေသည်။ ထိုသို့ ကျွန်ုပ်အိပ်နေစဉ် ကျွန်ုပ်သည်

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်လေ၏။ ထိုအိပ်မက်ထဲ၌ မစ္စတာ ရာဝန်သည် ကျွန်ုပ်အား ကြည့်နေလေ၏။ သူ့နံဘေးတွင် လွန်စွာမှ ရုပ်ဆိုးလှသော ကိုယ်တော်ချောကို တွေ့ရလေ၏။ ရာဝန်သည် ကျွန်ုပ်ကို ကြည့်နေရာမှ အောက်ပါအတိုင်း ပြောလေ၏။

'ကောင်လေး ထ ထ၊ ထပြီး မင်းဆီမှာ ရှိတဲ့ သတ္တုပြားလေးကို စွန့်ပစ်လိုက်ပေတော့၊ ဒီနေ့ဟာ သတ္တုပြားလေး မင်းဆီမှာ ဆယ့်ခုနစ်နှစ်ပြည့်တဲ့နေ့ဘဲ၊ မစွန့်ပစ်ရင် မုန်တိုင်းတွေက မင်းရဲ့သင်္ဘောကို နစ်မြုပ်ပြီး သတ္တုပြားလေး ရေအောက်ရောက်အောင် လုပ်ကြလိမ့်မယ်။ အဲဒီအခါမှာ မင်းရော မင်းရဲ့လူတွေပါ ဒုက္ခရောက်ကြလိမ့်မယ်၊ ဒီတော့ သူတို့အသက်ကို ကယ်တဲ့အနေနဲ့ သူ့စည်းကမ်းအတိုင်း စွန့်ပစ်လိုက်ပေတော့ လူမိုက်လေးရေ။ ဒီလောက် သိဒ္ဓိအားတွေ ကောင်းတဲ့ဟာကို ရတာတောင် ဘာမှ ရအောင် မယူလိုက်နိုင်တဲ့ မင်းကို ငါက လူမိုက်လို့ခေါ်တာ မလွန်ပါဘူးနော်၊ လူမိုက်လေး၊ ကဲ ကဲ ထ ထ၊ ထပြီး စွန့်ပစ်လိုက်တော့' ဟု ဆိုလေ၏။

ထိုအချိန် ကျွန်ုပ်၏အခန်းတံခါးအား ပြင်းထန်စွာ ခေါက်သံကြားရသဖြင့် ကျွန်ုပ်က,...

'ဟေ့ ဘယ်သူလဲဟေ့၊ ဘာဖြစ်တာလဲ' ဟု အော်လိုက်လေရာ ရာဂျူဆိုသူ သင်္ဘောသားတစ်ဦးဖြစ်၍ မုန်တိုင်းကျတော့မည်ဖြစ်၍ လာရောက် အကြောင်းကြားပါကြောင်းကို ဆိုလေ၏။ ကျွန်ုပ်လည်း အခန်းတွင်းမှထွက်၍ ကြည့်လေရာ ကောင်းကင်ပြင်တစ်ခုလုံးသည် မဲမှောင်၍ နေသည်ကို အံ့သြစွာ တွေ့ရလေ၏။ ကျွန်ုပ်သည် များစွာ အံ့သြမိလေ၏။ ကျွန်ုပ်သည် အိပ်သည်မှာ နာရီဝက်ခန့်ပင်ကြာခဲ့သော်လည်း မအိပ်မီက ကြည်လင်နေသော ကောင်းကင်သည် ယခုအခါတွင် လွန်စွာမှပင် အကျည်းတန်၍ နေလေ၏။ လေတိုက်ခတ်မှုန်းသည်လည်း တဖြည်းဖြည်း ပြင်းထန်လာကာ လှိုင်းများသည်လည်း ကြောက်မက်ဖွယ်ကောင်းလောက်အောင်ပင်



ရှိလှချေ၏။ သို့ဖြစ်ရာ ကျွန်ုပ်သည် အံ့သြနေရုံမျှမက၊ မစ္စတာ ရာဝန်၏ စကားများကို ပြန်လည်ကြားယောင်လာပြီးလျှင် ကျွန်ုပ်အခန်းအတွင်းသို့ ဝင်၍ ဗီရိုအတွင်းမှ ရွှေအိုရောင်ဘူးငယ်လေးအား ထုတ်ယူရလေ၏။ ပြီးလျှင် ကျွန်ုပ်သည် အပြင်သို့ ထွက်လာကာ၊ ယင်းရွှေအိုရောင်သတ္တုဘူးကလေးကို ဖွင့်ကာ အတွင်းမှ သတ္တုပြားငယ်လေးအား နောက်ဆုံး အကြိမ်ကြည့်ရှုခြင်းအနေနှင့် ကြည့်ကာ ပြန်၍ ပိတ်ပြီးလျှင် သမုဒ္ဒရာအတွင်း အဝေးတစ်နေရာသို့ အားကုန်လွှဲ၍ ပစ်လိုက်လေတော့သည်။ ထိုသို့ ကျွန်ုပ်စွန့်ပစ်ပြီး မကြာမီပင် လေတိုက်ခတ်မှုသည် တဖြည်းဖြည်း လျော့ကျသွား၏။ လှိုင်းများသည်လည်း တဖြည်းဖြည်းငြိမ်သွားပြန်၏။ ကောင်းကင်ပြင်သည်လည်း တဖြည်းဖြည်း ကြည်လင်လာခဲ့ရာ နာရီဝက်ခန့် အကြာတွင် ရာသီဥတုမှာ ပုံမှန်အတိုင်း ကောင်းမွန်လာပြီးလျှင် သူ့မဟုတ်သလိုပင် ရှိနေလေတော့၏။

သို့ရာတွင် ရာသီဥတုမှာ ကြည်လင်သာယာသွားသော်လည်း ကျွန်ုပ်၏ စိတ်သည် လွန်စွာမှပင် ထိခိုက်၍ ကျန်ရစ်ခဲ့လေသည်။ ဤသို့ဖြစ်ရခြင်းမှာလည်း ကျွန်ုပ်အနေနှင့် သတ္တုပြားကလေးအား စွန့်ပစ်လိုက်ရ၍ ဖြစ်သည်ဆိုသည်ကို စာရှုသူအနေနှင့် သိပြီးဖြစ်ပေလိမ့်မည်။ ထိုသို့ ကျွန်ုပ် စွန့်ပစ်လိုက်ရသော နေ့မှာ (၁၇၊ ၂၊ ၁၉၉၄) သောကြာနေ့ဖြစ်လေ၏။

သို့ရာတွင် ကျွန်ုပ်သည် မစ္စတာရာဝန်ပြောသည့်အတိုင်း လူမိုက်တစ်ဦး ဖြစ်ခဲ့၏။ ထိုသတ္တုပြားငယ်လေး၌ ရှန့်ဗဲလားကိုပင် ရောက်နိုင်သော အစွမ်းရှိ၏။ သို့သော် ကျွန်ုပ်သည် ထိုနေရာသို့ မရောက်အဲ့ လူမိုက်တစ်ဦးသာ ဖြစ်ခဲ့၏။ ထိုသတ္တုပြားလေးအား စွန့်ပစ်လိုက်ရသော အချိန်၌လည်း ကျွန်ုပ်သည် မည်သည့် ပြောပလောက်သော အရာမျှ မကျန်ခဲ့ချေ။ သို့ဖြစ်၍ ကျွန်ုပ်သည် သတ္တုပြားလေးအား စွန့်ပစ်ခဲ့ပြီးနောက်တွင်မှ နောင်တရဆုံး၊ ယူကျုံးမရဆုံးနိုင်အောင်ပင် ရှိနေခဲ့သေသည်မှာ ယနေ့ထိဝင်ဖြစ်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ဤသည်ပင်လျှင် ကျွန်ုပ်ရေးသော သိဒ္ဓိပြည့် သတ္တုပြားကလေးနှင့် လူမိုက်တစ်ဦး၀တ္ထု (သို့မဟုတ်) ကျွန်ုပ်နှင့် ကျွန်ုပ်ဘ၀တွင် ဆယ့်ခုနစ်နှစ်တိတိ ကောင်းကျိုးချမ်းသာများပေးခဲ့သော အဆောင်ငယ်တစ်ခု အကြောင်းပင် ဖြစ်လေတော့၏။

(မှတ်ချက်။ မစ္စတာရာဝန်၏ ပြောစကားများအရ ယခုအခါကျွန်ုပ်အတွက်လည်း ထိုသတ္တုပြားကလေးအား စွန့်ပစ်ခဲ့သည်မှာ သုံးနှစ်ပင်ကျော်ခဲ့ပြီဖြစ်၏။ သို့ပါ၍ ယင်းသတ္တုပြားငယ်ကလေး တစ်စုံတစ်ဦးမှ ရရှိထားခဲ့ပါမူ ကျွန်ုပ်ထံသို့ ဆက်သွယ်ကြပါရန်သာ ဆိုလိုက်ရပေသည်။ ထိုသို့ဆက်သွယ်ပါက ကျွန်ုပ်သည် သတ္တုပြားငယ်လက်ဝယ်ရှိသူ မိတ်ဆွေအား ထိုသတ္တုပြားငယ်အကြောင်းကို ယခုထက် ပို၍ ပြည့်စုံစွာပြောဆိုပြရပေဦးတော့မည်သာ။

သက်ထက်စန်း

(မနောရှိမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၂၀၀၃)



www.burmeseclassic.com



# ထူးဆန်းသောညနှင့် ဝက်သူခိုး

## မောင်မြင့်မား (ဘိုကလေး)

ကျွန်တော်တို့ စခန်းချရာနေရာက ရွာသူကြီးဦးချစ်ဖို့အိမ်မှာ ဖြစ်သည်။ ဦးချစ်ဖိုးသည် အမာရွာတွင် ပြဲစားအရှိဆုံး၊ အာဏာအရှိဆုံး၊ လူချစ်လူခင်လည်း ပေါသည်။ ကျွန်တော်တို့အရင် တာဝန်ကျသော အဖွဲ့သားများသည်လည်း ဦးချစ်ဖို့အိမ်တွင် တည်းကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ လောက်ကတော့ အမာရွာအနောက်ဘက်တောထဲတွင် ဆင်တို့ကျားတို့ပင် ရှိသည်ဟု ပြောကြသည်။ နှစ်ပေါင်းကြာလာတော့လည်း တောပြုန်းခြင်းကြောင့်သော်လည်းကောင်း၊ အမဲလိုက်သူတွေ များလာသောကြောင့်သော်လည်းကောင်း၊ တိရိစ္ဆာန်များ တောပြောင်းခြင်းကြောင့်သော်လည်းကောင်း ကျွန်တော်တို့ အမာရွာရောက်သည့်အချိန်တွင်တော့ ကျားရှိပါသည်ဟုပင် မကြားမိတော့ပါ။ တောဝက်၊ ချေ (ဂျီ)၊ ဒရယ်၊ မျောက်စသည့်တို့လောက်သာ ရှိသည်ဟု သိရသည်။

ကျွန်တော်တို့ ရောက်ပြီး သုံးလလောက်ကြာသောအခါ သူကြီးဦးချစ်ဖို့က ...



"မောင်တင်ဝင်း တို့ရွာထိပ်က ဝက်မွေးတဲ့ လှတင်တို့ဝက်ခြံကို ညက ဝက်တစ်ကောင် ဝင်ဆွဲသွားတယ်လို့ ပြောတယ်။ အော်သံကြားလို့ မီးခွက်နဲ့ ထကြည့်လိုက်တော့ အဝါနဲ့ အနက်ကွက် အကောင်ကြီးကြီး တစ်ကောင်က ဝက်ကို ချီပြေးသွားတယ်လို့ ပြောတယ်"

"အာချစ်၊ အာတို့ရွာဝန်းကျင်မှာ ကျားမရှိတာ ကြာပြီဆို၊ အာ ပြောတဲ့အတိုင်းဆို ဟင်းမျိုး (ကျား) များ ဖြစ်နေမလား"

"ဟုတ်တယ် မောင်တင်ဝင်းရ၊ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်လောက်ကတော့ ဟင်းမျိုး (ကျား) တွေ့ခဲ့ဖူးကြတယ်။ အမဲလိုက်တဲ့ လူတွေလည်း ကျားပစ်ဖူးကြတယ်။ နောက်တော့ ကျားဆိုတာ မြင်ချင်လို့တောင် မမြင်ရတော့ဘူး။ လှတင်ပြောပုံအရ ဟင်းမျိုးဖြစ်နိုင်တယ်ဆိုရင်တော့ အံ့သြစရာပဲ"

"ကျွန်တော်တို့ အရင် တာဝန်ကျဖူးတဲ့ ကိုအေးသောင်းဆိုရင် အမဲလိုက်သိပ်ကျွမ်းတာ၊ သူတောင် ကျွန်တော်တို့နဲ့ဆုံတော့ အာတို့ရွာမှာ ကျားပစ်ဖူးတယ်လို့ တစ်ခါမှ မပြောဖူးဘူး။ သူ ဒီရွာမှ ၆ နှစ် ၇ နှစ်လောက် ကြာသွားတယ် မဟုတ်လား"

"အေး ဟုတ်တယ်၊ မောင်အေးသောင်းတို့ ရှိတုန်းကဆို ချေ (ဂျီ) သားကို စားလို့ မကုန်လို့တောင် ကျပ်တင်ထားရတယ်။ တောဝက်တို့ ဒရယ်တို့ကတော့ ခဏခဏ ရတယ်။ ဒြော် မောင်လှတင် ပြောတာ တစ်ခုတော့ မေ့သွားတယ်။ ပြီးခဲ့တဲ့ အပတ်ကလည်း ဝက်တစ်ကောင် ဆွဲသွားသေးတယ်တဲ့။ သူ ထင်တာက တစ်ယောက်ယောက် ခိုးစားတယ် ထင်တာ။ ဒါပေမယ့် သူ တောထဲမှာ လှန့်သွားတော့ရင်း တောကောင်စားထားပြီး ကျန်တဲ့ ခြေထောက်တွေ၊ အရိုးတွေတွေ့မှ သူ့ဝက်ကို တောကောင် တစ်ကောင် ဆွဲသွားပြီဆိုတာ သူ တွက်မိတာ။ သေချာတာက ညက တစ်ကောင် ဆွဲသွားပြီ အော်သံကြားလို့ ထကြည့်မှ အဲဒီအကောင်ကို

www.burmeseclassic.com



တွေ့တာ'

လေးငါးရက်လောက်ကြာပြီး ကျွန်တော်တို့ အဖွဲ့ညက ထမင်းစားသောက်ပြီး အဘချစ်နှင့်အတူ ငါးရံ့ခြောက်ဖုတ်၊ ပုစွန်ခြောက်သုပ်များနှင့် ရေနွေးကြမ်း ထိုင်သောက်နေကြစဉ် လုံချည်တိုတိုနှင့် လူတစ်ယောက် အပြေးအလွှား ရောက်လာသည်။

ထိုသူက အမောတကောဖြင့်

'အဘချစ်၊ အခုပဲ ဝက်တစ်ကောင် ဆွဲသွားပြန်ပြီ'

'ဟေ ဘယ်အချိန်ရှိသေးလို့လဲဟ'

ကျွန်တော်က လက်တွင် ပတ်ထားသော နာရီကို ကြည့်လိုက်ပြီး

'၉ နာရီသာသာပဲ ရှိသေးတယ် အဘချစ်'

'မောင်လှတင် အရင်အကောင်ပဲလား'

'ဖြစ်နိုင်တယ် အဘချစ်၊ ဒီတစ်ခါတော့ အကောင်မတွေ့လိုက်ရဘူး၊ ဝမ်းခေါင်းသံကြီးနဲ့ 'ဂရိုး-ဂရိုး-ဂရုး' လို့ အော်သံကြီးပဲ ကြားလိုက်ရတယ်။ အကောင်ကြီးဝက်တွေတော့ မနိုင်လို့လား မသိဘူး။ အခုပါသွားတဲ့ အကောင်တွေက အကောင်သေးသေး ဝက်ပေါက်ကလေးတွေပဲ'

ကျွန်တော် စဉ်းစားသည်။ ကျွန်တော်၏ အမဲပစ်အတွေ့အကြုံအရ ကျားလို အကောင်မျိုးသည် ပြေးလွှားနေသော ချေ (ဂျီ)၊ ဒရယ်၊ ဆတ်၊ သမင်စသည့် အကောင်များကို ဝမ်းစာအတွက် ဖမ်းရာတွင် တွေ့သည့် အကောင်၊ ကြုံရာအကောင်ကို ဖမ်းတတ်ကြသော်လည်း ခြံထဲတွင် မပြေးမလွှားဘဲ ပစ်မှတ်ငြိမ်နေသော အကောင်မျိုးကို ဖမ်းရာတွင် သူ ကိုက်ချီနိုင်သော သူနှင့် အလုံးအထည်နိုးပါးတူသော အကောင်မျိုးကိုသာ ရွေးချယ်ဖမ်းတတ်သူဖြစ်သည်။

ယခုတော့မှ ဝက်ပေါက်လို အကောင်မျိုးကို ဆွဲသွားသည်ဆိုတော့ ဟင်းမျိုး (ကျား) ကောဖြစ်နိုင်ပါ့မလားဟု ကျွန်တော် စဉ်းစားမိခြင်း



ဖြစ်သည်။ မည်သို့ဆိုစေ အမဲမပစ်ရတာ ကြာ၍ လက်ယားနေသူများ ဖြစ်ပ....

'ကဲ ကိုလှတင် ခဏစောင့်၊ ကျွန်တော်တို့ အဝတ်အစားလဲ၊ လိုအပ်တာလေးတွေယူပြီး ခင်ဗျားနဲ့ တစ်ခါတည်း လိုက်ခဲ့မယ်။ ကျွန်တော်တို့ ကံကောင်းပြီ ဒီကောင်ကြီး ကုသိုလ်ဆိုးရင်တော့ မိုးမလင်းခင် အဲဒီ အကောင်ကြီး အရ ယူလာခဲ့မယ်'

ကျွန်တော်နှင့်အတူ တွဲဘက်ကျော်စိုးပါ အဝတ်အစားလဲ၊ သေနတ်များကို စစ်၊ လိုအပ်သည်များကို စစ်သုံးအိတ်နှစ်လုံးတွင် ကောက်ထည့်ကာ ကိုလှတင်တို့ ဝက်ခြံကို လိုက်ခဲ့သည်။

ဝက်ခြံက ဝါးလုံးများ ကျိုးတို့ကျဲတဲနှင့် ကာထားသောကြောင့် ထိုဝက်သူခိုးအတွက် လွယ်လွယ်ကူကူ ကိုက်ချီသွားနိုင်ခြင်းဖြစ်သည်ဟု ကျွန်တော် ထင်သည်။ နောက်တစ်ဖက် ကိုလှတင်တို့အိမ် နောက်ကျောသည် ကြီးညို့သောတောတန်းကြီးက ရှိနေသောကြောင့် ဝက်သူခိုးအတွက် အခိုးလွယ်သောကြောင့် ခဏခဏ သုံးကြိမ်တိတိ လာခိုးနေခြင်းဖြစ်သည်။

ဒီညတော့ ဝက်သူခိုးနှင့် ထိပ်တိုက်တွေ့ပြီဟု စိတ်ထဲက ကြိမ်းဝါးလိုက်သည်။

ကျွန်တော်နှင့် ကျော်စိုးတို့နှစ်ယောက် သေနတ်များ၊ လက်နှိပ်ဓာတ်မီးများကို သေသေချာချာ စစ်ကာ ကိုလှတင်တို့အိမ်နောက်ဘက် တောထဲသို့ ထွက်လာကြသည်။ ကျွန်တော့်ထံတွင် ပိုက်နှင့်တူးတူးတစ်လက်၊ ကျော်စိုးဆီတွင် (၉) လုံးကျည်ထည့်ရသော နှစ်လုံးပြူးတစ်လက် ကိုင်ထားကြသည်။ ကျွန်တော်ကိုင်သော ပိုက်နှင့်တူးတူးက ကျည်ဆန်အမာစားများ ထည့်ထားသော သေနတ်ဖြစ်သည်။ ထိုကျည်အမာစားက ကျားလို သားကောင်မျိုးကိုပင် ကံကောင်းမှန်လျှင် တစ်ချက်တည်းနှင့် ကိစ္စတုံးစေနိုင်သော ကျည်မျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တောက ခြောက်သည်။ ရှင်းသည်။ အောက်ခြေတွင် ခြုံများ ရှုပ်မနေ၊ ထို့ကြောင့်လည်း ကျွန်တော်တို့ လက်နှိပ်ဓာတ်မီးအောက်စိုက် ထိုးကာ တပြည်းပြည်း လျှောက်လာကြရင်း မီးရောင်ကြောင့် မျက်စိပြာ နေ၍ အနားရောက်မှ လန့်ကာ ထပျံကြသော မြေဝပ်ငှက်များကြောင့် ကျွန်တော်တို့လည်း ပြုန်းခနဲ ဆိုတော့ လန့်သွားကြသည်။

မီးရောင်အောက်တွင် မျက်လုံးနီနီရဲရဲကလေးနှင့် ကျွန်တော်တို့ဘက် ကို တစ်ချက်ကြည့်၍ လှစ်ခနဲ ခြုံထဲကို ဝင်သွားကြသော ယုန်ကလေးများ ကို တွေ့ကြရသည်။

'ကျွတ် ကျွတ်'

ကျော်စိုးက စုပ်သပ်၍ ကျွန်တော့်လက်မောင်းကို အသာဖမ်းဆွဲ ထားလိုက်သည်။ ကိုက် ၃၀ အကွာလောက်ရှိ အုန်းနှဲပင်အကိုင်းကလေး များကြားမှ မျက်လုံးနီနီရဲရဲ တစ်စုံ။

မျက်လုံးရဲရဲသာ မြင်၍ ကိုယ်ထည်ကို အုန်းနှဲရွက်များ ကာထား သောကြောင့် ဘာကောင်မှန်း မသေချာသေး။ ကျွန်တော်တို့ နှစ်ယောက် သား မျက်လုံးရဲရဲကို စက္ကန့်ပိုင်းလောက်သာ မြင်ပြီး ထိုမျက်လုံးနီနီရဲရဲက လှစ်ခနဲ ပျောက်သွားသည်။

ကျွန်တော်နှင့် ကျော်စိုးတို့ နှစ်ယောက်သေနတ်ပြင်ဖို့ပင် အချိန် မရလိုက်။

တောကောင်များ မျက်စိပြာ၍ အမြင်မှားစေရန် ငါးတောင့်ထိုး လက်နှိပ်မီးကို ပိတ်ချည်ဖွင့်ချည်ထိုးရင်း ချောင်းရိုးကလေးတစ်ခုနားကို ရောက်လာသည်။ ချောင်းက နွေခင်းဘက်တွင် ထင်းခုတ်သူများ၊ တော ကောင်များကို ထောင်ချောက်ထောင်သူများ မကြာခဏ ချောင်းကို ဖြတ်ကြ သောကြောင့် ချောင်းရေအစပ်အထိ မြေနိမ့်လမ်းတလေးဖြစ်နေသည်။

ထိုလမ်းအတိုင်းဆင်း၍ ရေစပ်နားသို့ ရောက်သောအခါ ရေစပ်



သဲသောင်ပေါ်တွင် သွေးစသွေးနများနှင့် အတူ ဝက်တစ်ကောင်၏ ပေါင် တစ်ချောင်း ကိုယ်တစ်ခြမ်း၊ ခြေထောက်လက်များနှင့် ကိုက်မရသော အရိုးကြီးကြီး လေးငါးခုကို တွေ့လိုက်ရသည်။ သဲသောင်ပေါ်တွင် ခြေရာ များ ရှုပ်နေသည်။ ထိုခြေရာများက ရေတိမ်သောချောင်းကို ဖြတ်ကူး သွားသော ခြေရာများ မဟုတ်။ အစာကို သဲသောင်ပေါ်မှာ ချ၍ အေးအေး ဆေးဆေးစားကာ ရေသောက်၍ ကုန်းပေါ် ပြန်တက်သွားသော ခြေရာများ ဖြစ်သည်။

ထိုကဲ့သို့ စားကြွင်းစားကျန်များနှင့် ခြေရာများကို လက်နှိပ်ဓာတ် မီးနှင့် ထိုး၍ ကြည့်နေချိန်တွင် ကျွန်တော်၏ စိတ်ထဲ၌ တစ်စုံတစ်ခုကို သတိရ၍ ဆင်းလာခဲ့သော ချောင်းကမ်းပါးပေါ်သို့ လျှပ်တစ်ပြက် မီးထိုး ကြည့်လိုက်သည်။

'ဟာ'

ကျွန်တော်တို့ရှိရာသို့ ကမ်းပါးပေါ်ရှိ ကမူကလေးတစ်ခုပေါ်တွင် ခေါင်းတစ်ဘက်တင်ကာ စိုက်ကြည့်နေသော အဝါနှင့် အနက်ကွက်ကြားထား သလို မြင်ရသော သားကောင်တစ်ကောင်၊ မျက်လုံးက ရဲရဲနီလျှက်။

'ကျော်စိုးရေ သစ်ကျွတ် (ကျားသစ်)ကွ'

ကျွန်တော်က ကျော်စိုးကို တိုးတိုးကလေး နှစ်ကိုယ်ကြား ပြော လိုက်သော်လည်း ကမ်းပါးပေါ်က သစ်ကျွတ် (ကျားသစ်) က လှစ်ခနဲ ခုန်ဆုတ်ကာ အနီးရှိ အုန်းနှဲပင်များအကြားသို့ တိုးဝင်ကာ ပျောက်ကွယ် သွားတော့သည်။ ကျွန်တော်တို့နှစ်ယောက် သေနတ်ချိန်ဖို့ပင် အချိန်မရ လိုက်။

'ကျော်စိုး ဒါကြောင့် ငါ သံသယဝင်ခဲ့တာ အခုလည်း ခြေရာ တွေ ကြည့်ကတည်းက ဟင်းမျိုး (ကျား) ခြေရာမဟုတ်မှန်း ငါ သိတယ်။ ပြီး ဝက်ပေါက်ကလေးတွေပဲ လာလာဆွဲတာဆိုတော့ မိုပြီး မသင်္ကာ

www.burmeseclassic.com



နေတာ။ သေချာပြီဟော့၊ ကိုလှတင်တို့ ခြံထဲက ဝက်ခိုးတာ ဒီကောင်ပဲဖြစ်ရမယ်။ ဒီကောင်က သူ စားထားတဲ့ စားကြွင်းစားကျန် ကလေးတွေကို စားမြုံ့ပြန်ပြီး ဝါးချင်သေးလို့ ဒီနေရာကိုလာတာ၊ တို့ကို တွေ့တော့ ဒီကောင်ကြီး လန့်ပြီး ပြေးတာ။ စိတ်ချ ဒီကောင်ကြီး၊ မိုးမလင်းခင် ဒီနေရာကို အရောက်လာဦးမှာ၊ တို့ကတော့ ဒီညနည်းနည်း ဒုက္ခခံရမယ်'

ကျော်စိုးက သဲတစ်ဆုပ်ကို ယူ၍ ဖြူးချလိုက်သည်။ သဲမှုန်များက ကမ်းပါးဘက်ဆီသို့ လွင့်ပါသွားသည်။

'မိုးတင်ဝင်း ဒီကမ်းပါးအောက်ဘက် အကာအကွယ်ရှိတဲ့နေရာ တစ်ခုကနေ ချောင်းရအောင်'

'အေး ကောင်းတယ်'

ကျွန်တော်တို့ နှစ်ယောက်လက်နှိပ်ဓာတ်မီးကိုယ်စီနှင့် အကာ အကွယ်နေရာကို ရှာကြရာ မကြာခင် ကမ်းပါးအမြင့်အောက်. မိုးအခါက ချောင်းရေတိုက်စား၍ ဂလိုင်လိုဖြစ်နေသော နေရာတစ်ခုကို ရှာတွေ့လိုက်သည်။ ဝက်အသေကောင် နေရာနှင့် ၁၅ ကိုက်လောက်တော့ ကွာမည်။ ကြားထဲတွင် သဲသောင်မို့မို့ကလေးနှစ်ခု သုံးခုလည်း ရှိသောကြောင့် ထိုနေရာကို ရွေးလိုက် ခြင်းဖြစ်သည်။

ကျွန်တော်တို့ နှစ်ယောက်သည် လဆုပ်ရက်မှန်းတော့ သိသည်။ လရောင်ကလည်း မမြင်ရ၊ မှုန်မှုန်မွှားမွှားနှင့် အလင်းရောင်ဟု မည်ကာမတ္တသာရှိသော အမှောင်ထဲတွင် ထိုင်နေကြသည်မှာ လက်မှနာရီကို လက်နှိပ်ဓာတ်မီးအရောင်နှင့် ကြည့်၍ နံနက် ၂ း ၅၀ ဟု သိလိုက်ရသည်။

မိုက်ဆာလာသောကြောင့် အဘချစ် ထည့်ပေးလိုက်သော ငါးရံ့ခြောက်ဖုတ်ကို ဝါးကာ ရေနှင့် မျှောချလိုက်သည်။

'ကျော်စိုး အိပ်ချင်ပြီလား'

'မအိပ်ချင်သေးပါဘူး၊ ဝက်သူခိုးလာမှာမို့လို့ စိတ်တွေလှုပ်ရှားပြီး



အိပ်လို့တောင် မရပါဘူး မိုးတင်ဝင်းရာ'

'အေးဟုတ်တယ်၊ ငါလဲ အဲဒီလိုပဲ ဒီကောင်ကြီး မိုးမလင်းမီလာကို လာရမယ်ဆိုတာ ငါ့စိတ်ထဲက သိနေတယ်'

ချောင်းထဲက ရေစီးသံက လွဲ၍ တိတ်ဆိတ်နေသည်။ တစ်ချက်တစ်ချက် သစ်ပင်များပေါ်မှ မျောက်များ တစ်ကောင်နှင့် တစ်ကောင် ထိမိ တိုက်မိ၍ အော်သံမှလွဲ၍ ဘာသံမျှ မကြားရ။ ကျော်စိုးက ဆေးပေါ့လိပ်တစ် လိပ်ဖွာကာ ငြိမ်နေသည်။ ကျွန်တော်လည်း ကိုယ့်အတွေးနှင့်ကိုယ်။ သို့သော်လည်း ဝက်အသေကောင်ရှိသည့်နေရာကိုတော့ မကြာခဏ အာရုံ စိုက်နေမိသည်။ ကျော်စိုးလည်း ကျွန်တော့်လိုပဲ ရှိမည် ထင်ပါသည်။

သို့သော်

နားထဲတွင် တစ်စုံတစ်ခုကို ကိုက်ဝါးနေသော ဂျိုးဂျိုးဂျွတ်ဂျွတ် အသံကို ကြားလိုက်ရသည်။ ကျွန်တော်က ကျော်စိုးလက်ကို ဆုပ်ကိုင်လိုက်သည်။ ကျော်စိုးက လေသံတိုးတိုးဖြင့်

'အေး ငါလဲ ကြားတယ်၊ ဝက်သူခိုးလာပြီလား မသိဘူး။ ဒါပေမယ့် ဝက်အသေကောင်နေရာမှာတော့ ဘာကောင်မှ လာတာ မတွေ့သေးဘူး။ မီးထိုးကြည့်ရအောင်ကွာ'

ကျွန်တော်တို့နှစ်ယောက် ပြိုင်တူ လက်နှိပ်မီးနှစ်လက်ကို ဝက်အသေကောင် နေရာသို့ ထိုးကြည့်လိုက်ကြသည်။

'ဟာ-ဟင်'

ကျွန်တော်တို့ နှစ်ယောက်ထံမှ အာမေဋိတ်အသံများ ပြိုင်တူ ထွက်သွားကြသည်။ ၁၅ ကိုက်အကွာကို လက်နှိပ်ဓာတ်မီးနှစ်လက်အရောင်ဖြင့် ထင်ထင်ရှားရှားမြင်နေရသော မြင်ကွင်းကြောင့် မျက်စိမှားတာတော့ မဖြစ်နိုင်။ ကျွန်တော်သည် ကြောက်တတ်သူတစ်ယောက် မဟုတ်သော်လည်း ကြက်သီးများကတော့ ဖြန်းခနဲ ထသွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းက မယုံနိုင်စရာ။ ဝက်အသေကောင်၏ အင်္ဂါအစိတ်အပိုင်းအချို့သည် အပေါ်သို့ မြောက်သွားလိုက်၊ ဂျိုးဂျိုး၊ ဂွှတ်ဂွှတ် အသံများ ကြားလိုက်၊ တစ်စုံတစ်ယောက်က ဝက်အသေကောင်ကိုကိုင်ပြီး ဝါးစား နေသလို၊ အကောင်အထည်ကတော့ လုံးဝ မမြင်ရ။

ကျွန်တော်တို့ နှစ်ယောက်လုံး ကြက်သေသေနေမိသည်။ တစ်ယောက်တည်း မြင်တာမျိုးဆိုလျှင် ယုံနိုင်စရာမရှိ။ ကျော်စိုးပါ ငြိမ်၍ ကြက်သေ၊ သေကာ ကြည့်နေသောကြောင့် ကျွန်တော် အံ့သြနေခြင်း ဖြစ်သည်။

တောခြောက်တာလား၊ တစ္ဆေခြောက်တာလား၊ ကျွန်တော်တို့ကို အသိပေးတာလား။ ကျွန်တော် မစဉ်းစားတတ်။ ဂျိုးဂျိုးဂွှတ်ဂွှတ်နှင့် ကိုက်ဝါးနေသံကိုတော့ အတိုင်းသား ကြားနေရသည်။

ထိုအချိန်တွင် ကမ်းပါးပေါ်ကနေ 'ဂရိုး၊ ဂရား' ဟု အသံပေး၍ ဝေါခနဲ ပြေးဆင်းလာသော အသံတစ်သံကို ကြားလိုက်ရသည်။ ကျွန်တော်တို့ နှစ်ယောက်ကတော့ လက်နှိပ်ဓာတ်မီးကို ဖြိုင်တူထိုးထားဆဲ။

မြင်ကွင်းက ရှင်းပါသည်။ အော်၍ ချောင်းစပ်သို့ ပြေးဆင်းလာသော အဝါနှင့် အနက်ကြား ခါးလျားရှည်ရှည်နှင့် ကျားသစ် (သစ်ကျွတ်) တစ်ကောင်။ ကျွန်တော်တို့ နှစ်ယောက်လုံး သေနတ်များကို အသင့်အနေ အထား လုပ်ထားပြီးဖြစ်သော်လည်း ကျွန်တော်က ကျော်စိုးလက်ထဲကို ကျွန်တော့် လက်နှိပ်ဓာတ်မီး ထိုးပေးလိုက်ကာ ကျွန်တော်၏ ပိုင့်တူးတူး သေနတ်ကို ကြိတ်၍ မောင်းတင်လိုက်သည်။

ကျားသစ် (သို့) ဝက်သူခိုးသည် ဝက်သေကောင်အနားသို့ ရောက် သည်နှင့် စောစောက အပေါ်ကို မြောက်၍ မြောက်၍ သွားသော ဝက်သေ ကောင်အပိုင်းအစသည်လည်း သဲပေါ်သို့ ပြန်ကျသွားသည်။

ပစ်မှတ်က ကောင်းသည်။ ဝက်သူခိုးကို ဘေးတိုက်အနေအထား



မြင်နေရသည်။ ဝက်အသေကောင်နားအရောက်တွင် ဝက်သူခိုးက ခေါင်း လည်ကာ မီးထိုးထားသော ကျွန်တော်တို့ဘက်သို့ လှည့်ကြည့်လိုက်သည်။ ရဲရဲနီနေသော မျက်လုံးအစုံ။

'ဖိုးတင်ဝင်း ပစ်တော့'

ကျွန်တော်ကလည်း ပစ်ကွင်းကောင်းရသောကြောင့် လက်မနှေးပါ။ ခလုတ်ကို ဆွဲလိုက်သည်နှင့် 'ဗောင်း' ခနဲ မြည်ကာ လက်ထဲတွင် စီး နင့်နေသော အရသာကို ခံစားလိုက်ရသလို၊ ချက်ကောင်းကို မှန်သွားသော ကြောင့် ဝက်သူခိုးသည် ယာဘက်သို့ ၃ ပေခန့် မြောက်တက်သွား၍ တစ်ပတ်လည်ကာ သဲပေါ်သို့ ဗုန်းခနဲ မြည်အောင် ကျသွားတော့သည်။

ကျည်သီးအမာများ ထည့်ထားသော ပိုင့်တူးတူးကျည်ဆန်က တစ် ချက်တည်းနှင့် လုံလောက်ပြီ ထင်ပါသည်။ မီးရောင်အောက်တွင် ဝက်သူခိုး က အကြောဆွဲနေသည်။

ကျွန်တော်တို့နှစ်ယောက် အနားသို့ တဖြည်းဖြည်း တိုးကပ်သွား သည်။ ကျော်စိုးက

'သေချာအောင် တစ်ချက်လောက်ဆော်လိုက်ပါဦးလား'

'ကျည်တုန်ပါတယ်ကွာ၊ တစ်ချက်တည်းနဲ့ လုံလောက်ပါတယ်။ သေချာအောင် ငါ ခဲနဲ့ ပစ်ကြည့်မယ်'

ကျောက်စရစ်ခဲကြီး ၃၊ ၄ လုံးကို ကောက်၍ ကျွန်တော် ဝက် သူခိုးဆီသို့ ပစ်ထည့်လိုက်သည်။ လုံးဝ မလှုပ်တော့။

ကျွန်တော်က ကျော်စိုးထက်စာလျှင် မုဆိုးသက်ရနေပြီဖြစ်၍ သား ကောင်ရလျှင် အရေခွံလည်း မပျက်စီးစေလိုသောကြောင့် တစ်ချက်တည်း နှင့် သေနိုင်သည့်ခေါင်းကိုသာ ရွေးပစ်ခြင်းဖြစ်သည်။ ကျွန်တော်တို့ဘက် လှည့် အကြည့်တွင် မျက်လုံးနီနီ နှစ်ခုကြားကို ချိန်၍ ပစ်လိုက်သော်လည်း ပစ်မှတ် နည်းနည်းလွဲ၍ ဝက်သူခိုး၏ ဝဲဘက်မျက်လုံးအစပ်မှ ကျည်ဝင်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဦးနောက်ကို မွှေနှောက်ပြီး ကျည်သီးက နောက်စေ့ကနေ ထွက်သွားသည်။

ကျွန်တော်တို့ နှစ်ယောက် ဝါးတစ်လုံးကို ခုတ်၍ ကျားသစ်၏ ဝဲခြေ၊ ဒူးခေါက်ခွက်အကြောကြားကို ဖောက်၍ ရှေ့ယာလက်ထည့်ကာ ဝါးလျှို၍ ရှေ့တစ်ယောက် နောက်တစ်ယောက် ထမ်းလိုက်ချိန်တွင် အရှေ့ဆီမှ ရောင်နီဖျော့ဖျော့ကိုပင် မြင်နေရပေပြီ။

ဝက်အခိုးခံရသော ကိုလှဟင်ကို ကတိပေးခဲ့သည့်အတိုင်း ဝက်သူခိုးကိုတော့ လက်ရဖမ်းခဲ့ပြီ။ သို့သော် ကျွန်တော်သတိတရဖြင့် ဝက်သေကောင်၏ ပေါင်တစ်ချောင်းကို လှမ်းကြည့်လိုက်သောအခါ ပေါင်သားများ လုံးဝ မရှိတော့ဘဲ ခြေထောက်ချည်းသာ ကျန်နေသည်ကို သတိထားမိလိုက်သည်။

ကျော်စိုးကတော့ ရှေ့ကနေ ဝက်သူခိုးကို ထမ်းရင်း သီပုံမပေါ်။

မောင်မြင့်မား (ဘိုကလေး)

(ပို့ဆောင်ရေး မဂ္ဂဇင်း၊ မေ၊ ၂၀၀၄)



www.burmeseclassic.com

www.burmeseclassic.com



# ဂန္ဓာရီဆရာမြနှင့် ဘိုးတော်လိမ်စိန်သောင်း

## နန္ဒာမိုးကြယ်

**အေးအေးဆေးဆေး**

ဘာလိုလိုနှင့် နက်ဖြန်သန်ဘက်ရောက်လျှင်ဖြင့် ကျွန်ုပ် အဓိဋ္ဌာန်ထားသော ရက်တို့ ပြည့်မြောက်ပေတော့မည်။ ထိုအခါတွင် စင်ကြယ်မြင့်မြတ်သော အစါရည်သက်နှုံးကို လှပ်ခွာလျက် ရှုပ်ထွေးညစ်ကျုလှသော ပုထုဇဉ်လူ့ ဘောင်အတွင်းသို့ သက်ဆင်းရပေဦးတော့စည်။ စင်စစ် ပကတိ ငြိမ်းချမ်းမှု လွှမ်းခြုံထားသော သာသနာစက်အောက်၌ နောက်ဆုံး ထွက်သက်ထိ ကျင့် ကြံနေထိုင်သွားရန် အခွင့်အလမ်းများစွာ ရှိပါလျက် 'အိမ်ထောင် သားမွေး၊ ခြနယ်မြေး' သည့် လူ့လောကီဘုံဝလေ့ကိုမှ လွှမ်းမွေ့လိုသေးသော စိတ်ဓာတ် ရှိနေသေးခြင်းကား ကျွန်ုပ် ညံ့ဖျင်းချက်ဖြစ်ကြောင်း ဝန်ခံရမည် သာ ဖြစ်ပါ၏။

သို့သော် သာသနာရိပ်၌ မေးမိုတ်ခွင့်ရသမျှ ကာလအခိုက်အတန့်မှာ ကျွန်ုပ်အဖို့ အချိန်ကို အကျိုးရှိရှိ အသုံးချခဲ့သည်သာ ဖြစ်ပါ၏။ အထူး



သဖြင့် 'ဂန္ဓာရီဆရာမြ' ဟူသော ထူးခြားသည့် ပုဂ္ဂိုလ်တစ်ဦးနှင့် ရေစက် လာဆုံခြင်းကပင် ကျွန်ုပ်အတွက် တန်ဖိုးမဖြတ်နိုင်လောက်အောင် ဖြစ်ခဲ့ရ လေ၏။ ယခုလည်း အာနာပါနကမ္မဋ္ဌာန်းကို စီးဖျန်းပြီးသည့်သကာလ ကျွန်ုပ်၏ ခြေလှမ်းများက ဂန္ဓာရီဆရာမြ ရှိရာသို့ အရောက်လှမ်းကြရန် သို့အလိုလို ခြေဦးလှည့်ပြီးသားဖြစ်နေသည်မှာ ဆန်းကြယ်လှပါဘိတောင်း။

အပေါ်ထပ်ဘုရားခန်းမှ ကျောင်းအောက်သို့ ဆင်းလိုက်၏။ ထိုမှ စကြံလမ်းရှိရာသို့ ခြေချလိုက်ပြန်၏။ စကြံလမ်းတစ်လျှောက်ကား အမှိုက် သရိုက် မရှိ။ ပြောင်ရှင်းသန့်ပြန့်နေ၏။ တကယ်တော့ ကျွန်ုပ် ရောက်ရှိနေ သည့် အနိုက်အတန့်ရက်ကလေးအတွင်း သည်လိုမျိုး ကျောင်း၏ ဝေယျာ ဝစ္စ မှန်သမျှကို နိစ္စဓူဝမပျက်တမ်း ဝတ်ပြည့်ကုသိုလ်ယူနေသူအား သာဓု မခေါ်ထိုက်ပါလော။ ဒါပေသည့် ကုသိုလ်ရှင် ဂန္ဓာရီဆရာမြကား သူ့အပေါ် သာဓု ခေါ်သည်ဖြစ်စေ မခေါ်သည်ဖြစ်စေ နကမ္ဘတိ တုန့်လှုပ်ခြင်း အလျဉ်း ရှိမည် မဟုတ်ဘဲ သူ့ဝတ္တရားကို သူ ကျေပွန်အောင် ထမ်းဆောင်သွားမည့် သူပေတကား။

အမှိုက်သရိုက်တို့ ရှင်းသန့်ဖြောင့်ဖြူးနေသော အုတ်စီစကြံလမ်း တစ်လျှောက် နေစက်ရွှေမျှင်တို့က အာကာဝေဟင်မှ ဖြာကျလျက် ရှိကုန်၏။ တတ္တိုပါပင်၊ မရမ်းပင်၊ ကံ့ကော်ပင်၊ မန်ကျည်းပင်၊ ဥသျှစ်ပင်၊ တောင် ပိန္နဲပင်စသည့် သစ်ပင်ကြီးတို့၏ အကိုင်းအခက်များကြား နားခိုလျက် ရှိကြကုန်သော ချိုးငှက်၊ ဖိုးခေါင်ငှက်၊ ဆက်ရက်၊ စာကလေး၊ ကျီးကန်း၊ နှံပြီစုပ်၊ ငှက်တော်အစရှိသော သာရကာအပေါင်း၏ မာဂဓအသံတို့မှာလည်း နေခြည်မျှင်တို့နှင့် အပြိုင် ညံညံစီစီ။

ကျွန်ုပ်အဖို့ ဩကာသလောကဓာတ်၏ ဣဋ္ဌာရုံတို့ကို ခံစားနစ်မျော လိုစိတ် မရှိပါ။ ကျွန်ုပ်၏ စိတ်အရင်းခံ၌ ဂန္ဓာရီဆရာမြနှင့် တွေ့ဆုံဖို့ ကျွန်ုပ် ဤကျောင်းကလေးမှ မခွာခင် ဂန္ဓာရီဆရာမြထံမှ ကြုံရကြားရ

www.burmeseclassic.com



ခဲ့သော အတွေ့အကြုံအဖြစ်အပျက်များကို နားသောတဆင့်ရန်ပင် ဖြစ်ပါ၏။ ဒါကို ခင်မင်ရင်းနှီးစွဲရှိပြီဖြစ်သည့် ဂန္ဓာရီဆရာမြလည်း နားလည်သဘောပေါက်လိမ့်မည် ထင်ပါ၏။ သည်လိုနှင့်ပင် ကျွန်ုပ်သည် ဆွမ်းချက်ရုံနှင့် ခပ်လှမ်းလှမ်းရှိ စရပ်အိုကလေးရှိရာကို ရောက်တော့ ကျွန်ုပ်အား ဂန္ဓာရီဆရာမြ လှမ်းတွေ့သွားပုံရ၏။

'စရပ်ပေါ်ကြွတော်မူပါ ဘုရား၊ တပည့်တော် ခုပဲ လာခဲ့ပါ့မယ်' ဟု ပြောဆိုရင်း မကြာမတင်မှာပင် ရေနွေးဗန်း၊ ထန်းလျက်ပန်းကန်တို့ဖြင့် စရပ်ပေါ်သို့ ရောက်ချလာလေတော့၏။ ဂန္ဓာရီဆရာမြကား ကျွန်ုပ်၏ ရင်တွင်းဆန္ဒကို သိစွမ်းနေပုံရ၏။

'တပည့်တော်လည်း အလုပ်တွေ အားပါပြီ ဘုရား၊ အကယ်တချို့ ဦးဇင်းသာ ကြွမလာခဲ့ရင် တပည့်တော် လာမလို့ပါပဲ ဘုရား။ ခုတော့လည်း အတော်ပဲပေါ့လေ။ စရပ်ပေါ်မှာဆိုတော့ လူရှင်းတာပေါ့' ဟု ရေနွေးဗန်း၊ ထန်းလျက်ပန်းကန်တို့ ကပ်ရင်း လျှောက်တင်နေလေ၏။ ကျွန်ုပ်လည်း အလိုရှိသော ရေနွေးနှင့် ထန်းလျက်အနည်းငယ်ကို ယူကာ ကျွန်ုပ်သည်တို့အား ငှင်းထဲ စွန့်လိုက်ရင်း စကားစမြည်ပြောဆိုကြရန် တာစူလိုက်ကြပါသတည်း။

## ဂန္ဓာရီဆိုတာ ဘာပါလိမ့်

သည်ကနေ့ စကားဝိုင်း၏ အကြောင်းအရာကား သာမန်စာဖတ် ပရိသတ်အတွက် ငြီးငွေ့စရာဖြစ်ကောင်း ဖြစ်နိုင်သော်လည်း ဂန္ဓာရီကို စိတ်ဝင်စားကြသည့် စာဖတ်ပရိသတ်အတွက်မူ စိတ်ဝင်စားစရာဖြစ်နိုင်ကောင်းပါ၏။

ဂန္ဓာရီ အတတ်ပညာကား ယခုမှသာ ပေါ်ပေါက်သည် မဟုတ်။ မြတ်စွာဘုရားရှင်လက်ထက်တော်ကပင် ကြီးကျယ်ခမ်းနားစွာ ရှင်သန်ပေါ်



ပေါက်ခဲ့သည့် အတတ်ပညာဖြစ်၏။ မြတ်စွာဘုရား၏ သုတ်သီလက္ခန်ပါဠိတော် ကေဝဋ္ဋသုတ်၌

'အတ္ထိခေါ်ဘော၊ ဂန္ဓာရီ နာမ ဝိဇ္ဇာ'

အစရှိသည့် ဒေသနာတော်ဖြင့် 'ဂန္ဓာရီမည်သော အတတ်သည် ရှိ၏။ စိန္တာမဏိမည်သော မန္တာန်သည်လည်း ရှိ၏။ အထူးထူး အပြားပြားသော တန်ခိုးတို့ကိုလည်း ဖန်ဆင်းနိုင်၏။ သူတစ်ပါးတို့၏ စိတ်ကိုလည်း သိနိုင်သည်သာတည်း' ဟူ၍ အကျယ်တဝင့် ဟောတော်မူခဲ့၏။ တစ်ဖန် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌

'ဝိဇ္ဇာဓိုရ်တို့သည် မန္တန်ကို စုတ်၍ ကောင်းကင်သို့ သွားကုန်၏။ ရေးခြစ်၍ မထင်နိုင်သော ကောင်းကင်၌ ဆင်တပ်တို့လည်း ပြကုန်၏။ မြင်းတပ်ကိုလည်း ပြကုန်၏။ ရထားတပ်ကိုလည်း ပြကုန်၏။ ခြေသည်ရဲမက်တို့ကိုလည်း ပြကုန်၏။ အမျိုးမျိုးသော စစ်သည်အပေါင်းတို့ကိုလည်း ပြကုန်၏' ဟု ပါရှိရာ ကျွန်ုပ်တို့နှင့် အလှမ်းကွာလှသော ပညာအစွမ်းတို့မှာ အံ့ဖွယ်ထူးခြားလှပါဘိတောင်း။

'တပည့်တော် လေ့လာမိသမျှတော့ ပန့်ချပ်နဲ့ ကက်ရှ်မီးယားတို့ရဲ့ အနောက်မြောက်ဘက် ကပ်လျက်ရှိတဲ့ တိုင်းကို 'ဂန္ဓာရ' တိုင်းလို့ ခေါ်တယ်။ အဲဒီ ဂန္ဓာရတိုင်းမှာနေတဲ့ ရသေ့တစ်ပါးက စီရင်တဲ့အတတ်ဖြစ်လို့ 'ဂန္ဓာရီ အတတ်' လို့ တွင်ခဲ့တယ်ဆိုပဲ' ဟု ဂန္ဓာရီဆရာမြမှ စကားဦးသန်းလိုက်ရာ ကျွန်ုပ်မှာလည်း

'တကယ်တွေးကြည့်တော့ ဒကာကြီးပြောတဲ့ ဂန္ဓာရီလမ်းစဉ်ဆိုတာ အတတ်ပညာရပ်တစ်ခုလို့ပဲ ဦးဇင်း ထင်တယ်။ ဒါပေမယ့် ဂန္ဓာရီဆိုတာဟာ ကိုးကွယ်ဆည်းကပ်ဖို့ ဘာသာတရားနဲ့ လုံးဝမဆိုင်ဘူး။ ရောထွေးလို့လည်း မဖြစ်ဘူး၊ သူ့ဟာသာသူ တစ်သီးတစ်ခြားဖြစ်နေရမယ်' ဟုပြန်လည်ပြောဆိုမိလေ၏။

www.burmeseclassic.com

'သိပ်လေးနက်မှန်ကန်တဲ့ စကားပါပဲ ဘုရား။ တပည့်တော်ရဲ့ အယူအဆကလည်း ဦးဇင်းနဲ့ တစ်ထပ်တည်းပါပဲ။ ဒါကို တချို့က ဂိုဏ်းဆရာတွေ နားလည်မှု လွဲနေကြတယ်။ ဘယ်လို လွဲသလဲဆိုတော့ မိမိတို့ရဲ့ ဂိုဏ်းကျင့်စဉ်ဆိုင်ရာတွေဟာ ဗုဒ္ဓဘုရားရှင်ရဲ့ အလိုကျဖြစ်သယောင် အကြွင်းဝင်သယောင် ပြောဆိုကြတာကတော့ သိလျက်နဲ့ ဝိဘက်ကြမှားငင်တာပဲ။ တကယ်တော့ ဂန္ဓာရီဆိုတာ လောကီအတတ်ပညာတစ်ခုပါ။ ဘာသာရေး (ဒါမှမဟုတ်) ဗုဒ္ဓမြတ်စွာဘုရားရဲ့ အလိုဆန္ဒတော်နဲ့ လုံးဝ ဆန့်ကျင်ပါတယ် ဘုရား'

'မှန်လိုက်တား ဒကာမြဲရယ်။ ဒါထက် ဒကာမြဲက ဂန္ဓာရီနဲ့ ပတ်သက်ရင် အတော်များများ ထဲထဲဝင်ဝင် ရှိလေတော့ ဂန္ဓာရီအတတ်ပညာ ကျင့်စဉ်နဲ့ ဘယ်လိုမျိုး တန်ခိုးသိဒ္ဓိတွေ ရနိုင်မလဲဆိုတာ ပြောပြပါဦး'

'တင်ပါ့ဘုရား'

'ဂန္ဓာရီအတတ်ပညာဟာ အတော့်ကို ထူးခြားတာအမှန်ပါပဲ။ သူမှာ အတတ်ပညာတစ်ခုစီ ရှိတယ်။ အဲဒီမှာ

(၁) ဓနသိဒ္ဓိ- ရွှေငွေတို့ကို ပြုလုပ်နိုင်ခြင်း။

(၂) အာယုသိဒ္ဓိ- သက်တမ်းရှည်အောင်ဆန့်၍ နေနိုင်ခြင်း။

(၃) စိန္တာမသိဒ္ဓိ- စိတ်အကြံကို သိနိုင်စွမ်းရှိခြင်း။

(၄) အာဟာရသိဒ္ဓိ- အစားမစားပဲ နေနိုင်ခြင်း။

(၅) ကာယသိဒ္ဓိ- ခန္ဓာကိုယ်ကို ညှဉ်းပန်းနှိပ်စက်သော်လည်း မသေနိုင်ခြင်း။

(၆) ဣဒ္ဓိဝိဓသိဒ္ဓိ- အထူးထူး ဖန်ဆင်းနိုင်ခြင်း။

(၇) အာရောဂျသိဒ္ဓိ- အနာရောဂါ မနှိပ်စက်ခြင်း။

(၈) ပထဝီသိဒ္ဓိ- မြေကြောကို ရှုံ၍သွားနိုင်ခြင်း။

(၉) ဥဒကသိဒ္ဓိ- ရေပြင်ပေါ်၌ လမ်းလျှောက်နိုင်ခြင်း။



(၁၀) အာကာသသိဒ္ဓိ-ကောင်းကင်ခရီးဖြင့် သွားနိုင်ခြင်း။

တော့ တန်ခိုးသိဒ္ဓိတွေ ရစေနိုင်တယ်။ ဒါပေမယ့် အတတ်ပညာတစ်ခု အောင်မြင်ပေါက်မြောက်ဖို့ဆိုတာလည်း လွယ်တော့မလွယ်လှဘူး၊ ဇွဲနပဲကြီးဖို့ လိုမယ်၊ စိတ်ဓာတ်တည်ကြည်ရမယ်၊ ကိုယ်ကျင့်တရားကောင်းရမယ်၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ရမယ်၊ သတိတရားကောင်းရမယ်၊ လုံ့လထကြွမှု ရှိရမယ်၊ ရဲရင့်ရမယ်၊ မေတ္တာစိတ်လွှမ်းခြုံနေရမယ်'

'ဂန္ဓာရီဖြစ်ဖို့ဆိုတာ မလွယ်လှပါကလား'

'မှန်ပါတယ်ဘုရား ဘယ်အတတ်ပညာမဆို သူ့အခက်အခဲကလေးတွေနဲ့ သူတော့ ရှိတတ်ကြတာချည်းပါပဲ ဘုရား။ ဒါပေမယ့် မဆုတ်မနစ်ဘဲ ယုံယုံကြည်ကြည် လုပ်မယ်ဆိုရင် မဖြစ်နိုင်တာ မရှိပါဘူး ဘုရား'

'ဒါထက် ကျုပ် ကြားဖူးတာ ပြောရမေးရဦးမယ်။ ဂန္ဓာရီဆိုတဲ့ နေရာမှာလည်း အတတ်ပညာတွေ ကွဲပြားသေးဆို'

'မှန်ပါတယ်ဘုရား'

(၁) မန္တဝိဇ္ဇာမှာဆိုရင်

သူက ဂါထာမန္တရားမန်းမှုတ်တဲ့ အတတ်ပညာပါဘုရား။ အဲဒီပညာရပ်ကနေပြီး အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့စတဲ့ ပညာရပ်တွေ ခွဲထွက်လာတာပေါ့။

(၂) ဩသဓဝိဇ္ဇာ (ဆေးဝိဇ္ဇာ) မှာဆိုရင်

သူက သစ်ဥ၊ သစ်ဖု၊ ဆေးမြစ်တက်အခေါက်၊ အပွင့်၊ အရွက်၊ အသီးတို့ကို ပေါင်းစုပြီး ကြိုဟ်၊ နက္ခတ်၊ ဓပတ်အလိုက် တွက်ချက်ပြီး စီရင်ရတဲ့ အတတ်ပညာပါဘုရား။ အဲဒီအတတ်နဲ့ သိဒ္ဓိဆယ်ပါး ပေါက်မြောက်အောင်မြင်သွားတဲ့သူကို ဆေးဝိဇ္ဇာဓိုရ်လို့ ခေါ်ပါတယ်။

(၃) ဓာတုဝိဇ္ဇာဆိုရင်

သူက ဘော်၊ ဘင်၊ နာ၊ သံ၊ သွပ်၊ ပြဒါးစတဲ့ ဓာတ်ကိုးပါးတို့ကို

www.burmeseclassic.com



မီးမှာ ကစားပြီး သိဒ္ဓိဆယ်ပါးပေါက်မြောက်အောင်မြင်နိုင်တဲ့ အတတ်ပညာရပ်ပါပဲ။ အဲဒီအတတ်ပေါက်မြောက်အောင်မြင်သူကို ဓာတုဝိဇ္ဇာဓိုရ်လို့ ခေါ်ပါတယ်။ ဒါ့အပြင် အင်္ဂလိပ်အတတ်လို့လည်း ခေါ်ပြန်ပါသေးတယ်။ ခုခေတ်သစ် ဓာတုဗေဒပညာရဲ့ မြစ်ဖျားခံရာဆိုရင်လည်း မမှားပေဘူးပေါ့'

'ဒါပေမယ့် ဒီဘက်ကာလတွေမှာ ဂန္ဓာရီအတတ်ပညာဟာ တိမ်မြုပ်နေတယ်လို့ ဆိုရမယ် ဒကာမြ။ အဲဒါဘာကြောင့် ဘယ်လိုဖြစ်ရတာတဲ့လဲ'

'အရာရာတိုင်းမှာ အကြောင်းအကျိုးဆိုတာ ဆက်စပ်နေပါတယ်ဘုရား။ တချို့ ဘာမှ ပညာအခြေခံမရှိဘဲ တတ်ယောင်ကားနဲ့ ဂန္ဓာရီလမ်းစဉ်ကို လိုက်ကြတယ်။ အဲဒီလို စနစ်မကျတော့ တချို့ဆို အတိမ်းအစောင်းဖြစ်ပြီး ရူးသွားတာတွေ တစ်ပုံကြီး။ တကယ်တော့ ဂန္ဓာရီအတတ်ပညာဟာ သိမ်မွေ့နက်နဲခက်ခဲလှပါတယ်ဘုရား။ ဒီဘက်ကာလ ဘာကြောင့် တိမ်မြုပ်နေရသလဲဆိုတာ ပြန်ဆန်းစစ်လိုက်တော့ အချက် ၅ ချက် ထွက်လာပါတယ် ဘုရား'

'လုပ်စမ်းပါဦး ဒကာမြရယ်၊ ဒကာမြဟာ ဘာပဲပြောပြော တိကျကျ အချက်အလက်တွေနဲ့ ဆိုတော့ ကောင်းပါလေ့'

'ပြောရရင်

(၁) အဲဒီဂန္ဓာရီပညာကို စနစ်တကျ တတ်မြောက်တဲ့သူ ရှားပါးလာတာက တစ်ချက်၊

(၂) ပေါက်မြောက်တဲ့သူတွေအနေနဲ့လည်း လူသူကင်းဝေးရာ အရပ်မှာပဲ မွေ့လျော်လိုစိတ်ရှိတာက တစ်ချက်၊

(၃) ဂန္ဓာရီပညာရှင်တွေဟာ ကိုယ့်ရဲ့အတတ်ကို လျှို့ဝှက်လွန်းတာက တစ်ချက်၊

(၄) အတုအယောင်တွေ ပေါများတာက တစ်ချက်၊



(၅) ဂန္ဓာရီအတတ်ပညာဆိုတာ လူတိုင်းနဲ့ မထိုက်တန်တာက တစ်ချက်၊

ဒါတွေ ပေါင်းစုလိုက်တော့ ဂန္ဓာရီအတတ်ပညာဟာ ဘာကြောင့် တိမ်မြုပ်နေရသလဲဆိုတာ အဖြေထွက်မလာဘူးတဲ့လား'

'အင်း ရှင်းပါ့ ဒကာမြ ရှင်းပါ့။ ဒါထက် ဒကာမြရဲ့ ဂန္ဓာရီအဆင့်ကကော'

'ဒါတော့ ခွင့်လွှတ် သည်းခံစေချင်ပါတယ် ဘုရား။ တပည့်တော် ကြိုးစားနေတုန်းပဲ ရှိပါသေးတယ်'

'ဒါထက် ဒကာမြ ကြိုးစားနေစဉ် ကာလတစ်လျှောက် ကြုံတွေ့ခဲ့ရတာလေးတွေ ရှိရင် ကျုပ်ဘုတ်အုပ်ထဲ ရေးရအောင် လုပ်စမ်းပါဦး'

ထိုရောအခါ၌ လွန်စွာပြုံးခဲလှသော ဆရာမြသည် အပြုံးလေးတစ်ပွင့်ကို သူ၏ နှုတ်ခမ်းသွာတွင်၌ ပွင့်စေလိုက်၏။ သည့်နောက်

'ရှိတာမှ အများကြီးပါဘုရား၊ ဒီထဲမှာလဲ ဂန္ဓာရီယောင်ယောင်နဲ့ ဘိုးတော်အတုတွေလည်း တစ်ပုံကြီး တွေ့ခဲ့ဖူးတယ်။ အဲဒီအထဲမှာ ဘိုးတော်လိမ်စိန်သောင်းရဲ့ အကြောင်းကို ပြောပြရင် ဦးဇင်း စိတ်ဝင်စားလိမ့်မယ် ထင်ရဲ့'

'ဘယ့်နှယ် ထင်ရဲ့လဲ ဒကာမြရယ်။ ဒကာ့ဟာက ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လား ကိုယ်တော်ဆိုပြီး အမေးရှိသလိုဖြစ်နေပြန်ပါပြီ။ ကဲ ကြားပါရစေတော့ ဘိုးတော်လိမ်စိန်သောင်းအကြောင်း'

'ဒါဖြင့်ရင်လည်း ပြောပြရတာပေါ့ဘုရား' ဟုဆိုကာ ငုံ့ထားသော ရေနွေးကြမ်းကို ရွတ်ခနဲ မော့သောက်လိုက်ရင်း နှုတ်ခမ်းစကို သိမ်းလျက် ဆေးပြင်းလိပ်ကြီးကို ကောက်ကိုင်ကာ မီးညှိနေတော့၏။ ထို့နောက် အလွန်တရာ အနံ့အသက် ဆိုးဝါးလှသည့် အငွေ့တို့ကို မှုတ်ထုတ်၏။ သို့သော် ဆွန်ပ်ကား ငှင်းထံမှကြားရမည့် အဖြစ်အပျက်တို့ကို စာနာထောက်ထားလျက်

www.burmeseclassic.com



ဆေးပြင်းလိပ်ငွေများကို ပေလျှော့ထားလိုက်ပါတော့၏။

(ရှေ့အခန်းမှ စလျက် ကျွန်ုပ်၏ ကဏ္ဍပြီးဆုံးကာ ဂန္ဓာရီဆရာမြ ကိုယ်တွေ့ကိုသာ တင်ပြသွားမည်ဖြစ်သောကြောင့် 'ကျွန်ုပ်' ဟူသော နာမ်စားသည် 'ဂန္ဓာရီဆရာမြ' ဟုသာ မှတ်ကြစေလိုပါကြောင်း။)

## ဘိုးတော်ရဲ့စား

ကျွန်ုပ် (မောင်ခင်မောင်မြ)ကား လူထူးဆန်းကြီးဖြစ်သော ဒီဗွစကျ ဦး တက်တူ တစ်ဖြစ်လဲ ဦးအောင်မြတ်ဦးတစ်ယောက် ကျွန်ုပ် မှတ်သားထား သည့်ရက်၌ တိကျသေချာစွာ ကွယ်လွန်သွားသည့်အတွက် လောကကြီး အပေါ်တွင် ရင်သပ် အံ့သြမဆုံး ရှိရချေတော့၏။ ကမ္ဘာကြီး ကျဉ်းသွ လောက် လောကကြီးကား အတိုင်းမသိ ကျယ်ဝန်းလှချေသည် တကား။

သည့်နောက် ကျွန်ုပ်သည် ထုံးစံအတိုင်းပင် ဦးကြီးနှင့်အတူ လိုက် လျက် တစ်နယ်ဝင် တစ်နယ်ထွက်နှင့် ကုန်ရောင်းကုန်ဝယ်လုပ်ကိုင်ရင်း နှစ်ကာလအချို့ကို ဖြတ်သန်းခဲ့ရလေ၏။ သည်သို့ အနယ်နယ်အရပ်ရပ်သို့ ဖြတ်သန်းရင်း ရရှိလာသော ဒေသန္တရ၊ ဘာသန္တရ ဗဟုသုတတို့ဆိုသည် မှာလည်း မနည်း။ လူအမျိုးမျိုး စိတ်ဓာတ်အဖုံဖုံတို့ကို ကြုံခဲ့သည်မှာ အနမတဂ္ဂ၊ မရေမတွက်နိုင်။

အောက်အကြေရှိ ရောဝတီမြစ်ကမ်းနံဘေးမှ 'ပလပ်ရိုက်' ဟူသော ရွာကလေးသို့ဆိုလျှင် ကျွန်ုပ်တို့၏ သမ္ဗန်ကြီးသည် လေးငါးခြောက်ခါမက ဆိုက်ကပ်ရပ်နားခဲ့ဖူး၏။ ထို့ကြောင့်လည်း ပလပ်ရိုက်မှ ရွာသူရွာသားတို့နှင့် မျက်မှန်းတန်းမိကာ တချို့ဆိုလျှင် ကျွန်ုပ် မောင်ခင်မောင်မြနှင့် ရောင်းရင်း များသဖွယ် ဖြစ်နေခဲ့ပြီပင်။

ယခုလည်း အညာကုန်ဖြစ်သော ပုန်းရည်ကြီး၊ သနပ်ခါး၊ ထန်း



လျက် အကြမ်း/အချော၊ နှမ်းဆီတို့ကို တင်ဆောင်လာခဲ့သော ကျွန်ုပ်တို့၏ သမ္ဗန်သည် ပလပ်ရိုက်ရွာကလေးရှိ ချောင်းသွယ်ကလေးအတွင်းသို့ ဝင်ကာ သမ္ဗန်ကျင်း တစ်ခု၌ ရပ်နားခဲ့ပေပြီ။ ရွာကလေးကား ကျွန်ုပ်တို့အတွက် ဈောက်သည်ကောင်း များပေတည်း။ အကြွေးမထား၊ လက်ငင်း အားပေး ကြ၏။ ကျွန်ုပ်တို့ကလည်း ၎င်းတို့ထံမှ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ကွမ်းသီးစသည်တို့ကို ပြန်လည် ဝယ်ယူကြ၏။ ကျွန်ုပ်တို့၏ အရောင်း အဝယ်၊ အဝယ်အရောင်းကား သဟဇာတဖြစ်ရုံမက ဟန်ချက်ညီလှသဖြင့် ပျော်စရာပင် ကောင်းနေသေးတော့၏။

ထိုရွာသို့ ကျွန်ုပ်တို့သမ္ဗန် ကပ်လာပြီဟူသော သတင်းရလျှင် ဦးစွာ ကျွန်ုပ်ထံသို့ ရောက်လာသော ရောင်းရင်းသုံးဦးရှိ၏။ ၎င်းတို့ကား ဆိတ်သိုး၊ ရွှေကျီးနှင့် တောက်တဲ့ဟူသည့် တိရစ္ဆာန်အမည်ပိုင်ရှင် ကာလသား ရောင်း ရင်း သုံးဦးဖြစ်၏။ ယခုလည်း ကျွန်ုပ်တို့ သမ္ဗန်ကပ်လာသည်ဆိုသည်နှင့် ၎င်းတို့ ရောက်လာကြပါ၏။ သို့သော် သုံးဦးမပြည့်။ ဆိတ်သိုးနှင့် ရွှေကျီး သာပါပြီး တောက်တဲ့ကိုမူ မတွေ့ရ။

'တောက်တဲ့ကော မမြင်ပါလား'

'မမြင်ဆို သူ့အမေ နေမကောင်းလို့ အနားက မခွာနိုင်ဘူး ဖြစ်နေ တယ်'

'ဪ ဖြစ်ရလေ ခုကော သူ့အမေ အခြေအနေ ကောင်းသွားပြီ လား'

'ကောင်းမှာပါ။ ဘိုးတော်စိန်သောင်းက ဒါမျိုးဆို နိုင်ပါတယ်'

သူတို့စကားကြောင့် ကျွန်ုပ်၏ စိတ်ထဲ ထင့်ခနဲ ဖြစ်သွား၏။ အသယ်နှယ် နေမကောင်းတဲ့ လူမမာကို ဆရာဝန်တို့ ဆေးဆရာတို့က မကုဘဲ ဘိုးတော်စိန်သောင်းက ကုတယ်ဆိုတော့။

'နို့ နေစမ်းပါဦး ဆိတ်သိုး၊ ခင်ဗျားတို့ ဘိုးတော်စိန်သောင်းဆို

www.burmeseclassic.com



တာ ဘာလဲဗျ'

'ဘိုးတော်စိန်သောင်းဆိုတာ ဘိုးတော်စိန်သောင်းပဲပေါ့ ကိုမြရဲ့ သူက ဆေးကုတာလည်း စွမ်းမှစွမ်းပဲဗျာ။ ကိုမြတို့ ဒီမရောက်ခင် ကု တာ နည်းမတဲ့လား'

'ဟုတ်တယ်ကိုမြရဲ့။ ဆိတ်သိုး ပြောတာမှန်တယ်။ ဟိုတစ်လော ကိုရွှေကြက်ရဲ့သမီးဗိုက်အောင့်တယ် ဗိုက်အောင့်တယ်နဲ့ အတင်းအော်နေ ဘိုးတော်စိန်သောင်းကို ပင့်ပြီး ကုနေတာ ပျောက်ရော'

'ဟုတ်လား၊ လုပ်စမ်းပါဦး ဘယ်လိုမျိုးကုတာပါလိမ့်'

'ဘယ်လိုကုသလဲဆိုတော့ ကလေးမရဲ့ ဗိုက်ကြီးတစ်ခုလုံး ဖောင်းပြီး အထဲက အလုံးတစ်ခုဟာ ဟိုရွှေ့လိုက်၊ သည်ရွှေ့လိုက်ဖြစ် တယ်။ ဒီတော့ ဘိုးတော်က ဒါ ပညာသည်တစ်ယောက်ယောက် အပ သွင်းထားတာ သူ ထုတ်ပြမယ်ဆိုပြီး သံပုရာသီးတစ်လုံး တောင်းတယ် အဲဒီသံပုရာသီးကို ရွှေ့နေတဲ့အလုံးပေါ် အသာလှိမ့်တယ်။ လှိမ့်ရင်းလှိမ့်ရ အောက်ဘက်ကို သပ်သပ်ချတယ်။ ကလေးမလေးလည်း အော်လို့ မ ဘူး။ နောက်အလုံးဟာ လျော့ပြီး လေလည်သံနဲ့အတူ ပျောက်သွားတယ် ကလေးမလည်း ငြိမ်သွားတယ်။

'အဲဒီမှာ ဘိုးတော်က "ကဲ သူကို သွင်းထားတဲ့အပင်း၊ ဟောဒီ သံပုရာသီးထဲ ပြန်ကူးထည့်လိုက်ပါပြီ။ မယုံရင် ဟောဒီမှာကြ ဆိုပြီး ဓားတစ်ချောင်းနဲ့ ခွဲချလိုက်တယ်"

'နေပါဦး ကိုဆိတ်သိုး။ သံပုရာသီးကို ခွဲတဲ့ဓားက ဘယ်သူ ခွဲတာလဲ'

'ဟာ ကိုမြကလည်း ဘိုးတော်အိတ်ထဲပါလာတဲ့ ဘိုးတော်ရဲ့ နဲ့ပေါ့'

သည်စကားကိုကြားတော့ ကျွန်ုပ်စိတ်ထဲ ကျလိကျလိ ဖြစ်ရချေ



ဗဟုသုတ နံ့နဲလှသူတို့အပေါ် လိမ်ညာကောက်ကျစ်နေလေပြီတကား။

'အဲဒီလို ခွဲလိုက်ပြီး သံပုရာခြမ်းတွေကို ညှစ်လိုက်တော့ သွေးတွေ ထွက်လာရော မဟုတ်လား ကိုဆိတ်သိုး'

'ဟာ မှန်တာပေါ့ ကိုမြရာ ကဲ ဘိုးတော် ဘယ်လောက်စွမ်းသလဲ။ အခုလည်း တောက်တဲ့ရဲ့ အမေကို အပင်းထုတ်ပြီး ကုပေးမတဲ့။ အဲဒါသွား ကြည့်ရအောင် ကိုမြလည်း လိုက်ခဲ့ဗျာ'

'ကောင်းတယ် လိုက်ခဲ့မယ်လေ' ဟုဆိုကာ ဆိတ်သိုးနှင့် ရွှေကိုးတို့ အတွက် အညာလက်ဆောင် အချို့ပေးလျက် တောက်တဲ့အတွက်ပါ ဆွဲကာ ၄င်းတို့ ဦးဆောင်ရာနောက်သို့ လိုက်ခဲ့မိလေတော့သတည်း။

ယဉ်ယဉ်ကလေး

'ဟာ ကိုမြလာဗျာ'

ဆိတ်သိုးတို့နှင့်အတူပါသော ကျွန်ုပ်အား မြင်ရလျှင် မြင်ရခြင်း တောက်တဲ့သည် အိမ်ရှင် ဝတ္တရားနှင့်အညီ တာဝန်ကျေပွန်လှစွာ ပဋိသန္ဓာရ စကားကို ဆိုပါချေ၏။ ကျွန်ုပ်လည်း ပါလာသော လက်ဆောင်ပစ္စည်း အချို့ကို ပေးရင်း ၄င်း၏ မိခင်အခြေအနေအား စကားတောက်ကြည့်မိ လေ၏။

'အမေ့ရောဂါက ပယောဂဝင်တာလို့ ဘိုးတော်စိန်သောင်းက ပြော တာပဲ။ မပူနဲ့၊ သူ အားလုံးကို ဖြေရှင်းနိုင်တယ်တဲ့။ ဒီတော့လည်း အမေ့ကို သူ့လက်ထဲ အပ်လိုက်တယ် ကိုမြရယ်'

'ဒါထက် ဘိုးတော်ဆိုတာ ဘယ်မှာလဲ'

'လာ လာ ကြည့်၊ ဟိုးရှေ့က ဘုရားခန်းမှာ'

တောက်တဲ့ ညွှန်ပြရာသို့ ကြည့်လိုက်တော့ အသားဖြူဖြူ၊ ပိန်ပိန်

www.burmeseclassic.com

www.burmeseclassic.com



ပါးပါး။ ခေါင်းပေါင်းဖြူဖောလုံးဖြင့် ကျင်ရွှယ်နှုတ်ခမ်းမွေးနှင့် အပေါ်အဖြူ
အောက်အဖြူ ဝတ်ဆင်ထားသော အသက်လေးဆယ်ကျော် ငါးဆယ်ဝန်း
ကျင်ခန့် ပုဂ္ဂိုလ်တစ်ဦးသည် ဘုရားစင်ရှေ့၌ တင်ပျဉ်ခွေထိုင်လျက် ပုတီးစိပ်
နေ၏။ ကန့်တော့ပွဲအတွင်းရှိ အမွေးတိုင်တို့မှာ အငွေ့တလူလူနှင့်။

တောက်တဲ့တို့အိမ်တွင်ကား ဘိုးတော်စိန်သောင်း၏ ဆေးကုသမှု
ကို ကြည့်ရှုလေ့လာရန် ဧည့်ပရိသတ် များစွာဖြင့် စည်ကားနေလေ၏
ကျွန်ုပ်လည်း ရောက်တုန်းရောက်ခိုက် အကဲခတ်လို၍ ပရိသတ်နှင့်အတူ
ရောယောင်နေလိုက်လေ၏။

'ကဲ ကဲ လူနာရှင်တွေဘက်က ကျုပ်ကို လူနာထိုးအပ်တော့ လူနာ
ကောင်းကျိုးအတွက် ဆောင်ရွက်ဖို့ရာ ကျုပ်ရဲ့တာဝန်ဖြစ်လာခဲ့ပြီလေ။

'ကဲ ကျုပ်လူနာရဲ့ ကိုယ်ထဲမှာ သွင်းထားတဲ့အပင်းကို ကျုပ်ကို
တိုင်ပဲ အများရှေ့မှာ သက်သေထားပြီး ထုတ်ပါတော့မယ်။ ရော့ လူနာ
ဒီဆေးလေး ငါးလုံး တိုက်လိုက်ပါ။ သောက်ရေကို ကျုပ် မန်းပေးပါမယ်'
ဟု ဆိုလျက် ရေကို မန်းမှုတ်ပြီးနောက် တိုက်လိုက်လေတော့၏။

'အခု တိုက်ပြီးသွားတဲ့ဆေးက အပင်းသွင်းထားတာတွေကို တ
ခါတည်း အပြီးပြန်ထွက်ဖို့ ပြင်းပြင်းထန်ထန် သွားသတိပေးတဲ့သဘော

သည့်လိုနားယောင်ကောင်းသည့် စကားများကို ဝေဝေဆာ
ပြောဆိုနေရင်းမှ ဆယ်မိနစ်ခန့်ကြာလောက်သည့်အခါ

'ကဲ ဒီမှာ ဝမ်းထဲရောက်နေတဲ့ အပင်းတွေ တစ်ခါတည်းထွက်
စေမယ့် ဆရာရဲ့မာဃသြသဓဆေးလုံး။ ကဲ တိုက်လိုက်စမ်း' ဟုဆို
တစ်ဦးအား ဆေးနှစ်လုံး တိုက်ခိုင်းလိုက်သည်။ ပြီးနောက် 'ဦ
ပါးစပ်မှ ရွတ်လျက် ဘာတွေ ရွတ်ဆိုမှန်း မသိ။ ပွစိ ပွစိ တွတ်တွ
တွတ်တွတ်နှင့် ပြောဆို ရေရွတ်ပြီး ကြမ်းပြင်အား ဖင်ခနဲ ထဲထွေးတစ်ချ
ထွေးလျက် ဖနောင့်နှင့် ပေါက်ချကာ



'ကဲ ထွက်စမ်းထ အပင်း။ ဘာမှတ်သလဲ ငါကို လာမစမ်းနဲ့နော်။
ဘိုးတော်စိန်သောင်းတဲ့ အချိန့်နောင်းမှ လာမတောင်းပန်နဲ့ ဟင်းဟင်းဟင်း'

သည်လိုရေရွတ်နေစဉ် လူနာသည် တဝေါ့ဝေါ့ တအော့အော့ဖြစ်ကာ
အန်လေတော့သည်။ ထိုသို့ အန်ချရာ၌ အန်ဖတ်ထဲတွင် နံနက်က စား
သောက်ထားသည့် အစားအစာအချို့။ ပြီးတော့ ဆံပင်ချည်အထွေးများ။

'ဟယ် ဆံပင်ချည်တွေတော့။ ဆံပင်ချည်တွေ'

ပရိသတ်ကား မြင်ကွင်းကို ကြည့်လျက် အံ့ဩသူရဲ့ဖြစ်နေကြ၏။
ဘိုးတော်စိန်သောင်းအပေါ်၌လည်း ကိုးစားယုံကြည်မှုတွေ များသထက်
များလာကြ၏။ ကျွန်ုပ်ကား ထိုအဖြစ်ကို သေချာစွာကြည့်၍ အမျိုးမျိုးတွေး
ကြည့်၏။ တွေးကြည့်ပြီး ကိုယ့်သမ္မန်ဆိပ် ကိုယ်ပြန်ရောက်တော့ စမ်းသပ်
ကြည့်၏။ ထိုအခါဝယ် ဘိုးတော်စိန်သောင်း၏ လုပ်ရပ်ယဉ်ယဉ်ကလေး
အတွက် ခေါင်းတဆတ်ဆတ် ညိတ်မိပြန်ပါတော့သတည်း။

## အမှုရာယ်လက်တို့

ဝလပ်ရိုက်ရွာကလေးမှာတော့ ဓာတ်ရှင်မင်းသား ခင်မောင်ရင်ထက်၊ အေ
ဝမ်း မောင်တင်မောင်ထက်၊ ရဲခေါင်ချစ်ရွှေကြီးတို့ထက် ရေပန်းစားနေသူ
ထား ဘိုးတော်စိန်သောင်းဖြစ်ချေ၏။ ယခုလည်း ကြားရပြန်ချေပြီကော။

'ထိုဘိုးတော်က ပယောဂကုတော်ရုံတင်မကဘူး။ ရွှေကိုတောင်
နှစ်ဆ တိုးအောင်လုပ်နိုင်တယ် ကိုမြရဲ့'

'ဟာ ကျားသားမိုးကြိုးပျ'

'ဟုတ်တယ် ကိုမြရဲ့ ကျုပ်အရီးလေးသိုင်းခြုံရဲ့ ရွှေတစ်မူးသား
ဆက်စွပ်ကို လူတွေအားလုံး ရှေ့မှာ ဇလုံထဲ ထည့်တယ်။ ပြီးတော့ သူ
ရှာဖွေထားတဲ့ ဆေးမြစ်မည်းမည်းကို ထည့်ပြီး ထိုးတယ်။ မကြာဘူး

www.burmeseclassic.com



ရွှေအရည် ပျော်တာနဲ့ အအေးခံလိုက်တော့ ဟောဗျာ တစ်မတ်သားရွှေဖြစ်သွားပါလေရော။ ပန်းတိမ်ပြကြည့်တော့လည်း ရွှေအစစ်တဲ့။ ဘိုးတော်တော်တယ်ဗျာ'

သည်စကားကြားရတော့ ကျွန်ုပ်၏ စိတ်ထဲ တစ်ခုခု လွဲမှားနေပြီဖြစ်ကြောင်း ရိပ်စားလိုက်မိပါ၏။ သို့ရာတွင် ၄င်းတို့ကိုတော့ မပြောမိသေး။

'ဆိတ်သိုးပြောတာ အမှန်ပဲ ကိုမြရဲ့။ ကျုပ်အတွေ့ကလည်း သူ့ရှိတဲ့ ငါးမူးသားရွှေကလေးကို တစ်ကျပ်သားဖြစ်အောင် လုပ်ပေးပါ။ မသေခင် အားလုံး လှူသွားချင်လို့ပါလို့ ဘိုးတော်ကို တောင်းပန်တာနဲ့ ဘိုးတော်လည်း ကျုပ်အတွေ့ရဲ့ ရွှေကို ခုန ဆိတ်သိုးပြောသလိုမျိုး အားလုံးရဲ့ ရှေ့မှာ လုပ်ပြ ထိုးပြတာ ရွှေတစ်ကျပ်သားဖြစ်သွားပါလေရော'

'ဒါထက် သူ့ရွှေနဲ့ရောတဲ့ ဆေးမြစ်က ဘယ်လိုဟာလဲ'

'မည်းမည်းကြီးဗျ၊ အဲဒီဆေးမြစ်ကို သူ့ရဲ့ဝိဇ္ဇာအစွမ်းနဲ့ ရှာမှရတယ်လို့ ပြောတယ်။ အခုလည်း သူဒီမှာ ခတ်ကျတဲ့ရက် ကုန်တော့မယ်။ မကုန်ခင် တစ်ရွာလုံးမှာရှိတဲ့ ရွှေတွေကို နှစ်ဆပွားအောင် လုပ်ပေးခဲ့မယ် ပြောလို့ အားလုံး တာရင်း၊ ဇယား၊ အလေးချိန်နဲ့တကွ ရွှေတွေအားလုံး သူ ဖိုထိုးမယ့် လုံကြီးထဲကို သွားထည့်ပြီးကြပြီ'

သည်ခဏ သည်ပြဿနာကို ရပ်တန်းက ရပ်မှတော်မည်ဟု ကျွန်ုပ် နားလည်လိုက်သည်။ ထို့ကြောင့် အောက်ပါအတိုင်း စာရွက်လွှတ် တစ်ခုတွင် ရေးခြစ်လိုက်၏။

အရာရှိမင်း ခင်ဗျား

ကျွန်တော်ရောက်ရှိနေသော ပုလပ်ရိုက်ရွာကလေးတွင် 'ဘိုးတော် စိန်သောင်း' ဟူသော အမည်နာမနှင့် လိမ်လည်လှည့်ဖျားနေသူတစ်ဦး ရောက်နေပါသည်။

၄င်းသည် လူအများအား ဖယောဝဝင်သည်၊ အပင်းသွင်းထားသည်



...ယုံကြည်အောင်ပြောကာ လူအများ မသိနိုင်သည့် လှည့်ကွက်များဖြင့် ...သနေပါသည်။

လေချုပ်သူကို သံပုရာသီးအား ညင်သာစွာလှိမ့်ပေး၍ သက်သာ ...စေပြီး သံပုရာသီးအား ထက်ခြမ်းခွဲကာ အပင်းသွင်းထား၍ သွေးတွေ ...ထွက်လာကြောင်း လှည့်ဖျားခဲ့ပါသည်။ စင်စစ် ၄င်း၏ ဓားမျက်နှာ နှစ် ...ဘက်၌ ဖားပြုတ်၏ အစေးများကို သုတ်လိမ်းထားခြင်းဖြစ်ပါသည်။ သံပုရာ ...သီးအား အခြားဓားဖြင့် ခွဲလျှင် အနီရောင်များ မထွက်ပါ။ ထိုသို့ လိမ်ခြင်း ...တစ်ချက်။

နောက်တစ်ချက်မှာ လူနာအား သွေးဆေးတိုက်ပြီး ပြန်အန်စေသော ...အခါ ဆံချည်မျှင်များ ထွက်လာစေခြင်းဖြစ်ပါသည်။ ၄င်းမှာ ဆံချည်မျှင် ...များကို ကော်ကျဲကျဲနှင့်လုံး၊ အပေါ်မှ ဆန်မှုန့် သို့မဟုတ် အမှုန့်တစ်မျိုးမျိုးနှင့် ...နယ်ပြီး အခြောက်လှမ်း အလုံးကလေးများအား လူနာကို တိုက်ပြီး ဝမ်းထဲ ...ရောက်စေကာ တစ်အောင့်အကြာတွင် အန်ဆေးတိုက်ကျွေးခြင်းဖြင့် ဆံချည် ...မျှင်များ ထွက်ကျလာစေသော နည်းဖြစ်ပါသည်။ ထိုသို့ လိမ်ခြင်းက ...တစ်ချက်။

ယခုလည်း ရွှေကို နှစ်ဆတိုးပွားအောင် လုပ်ပေးမည်ဆိုပြီး ရွာတွင် ...သမျှ ရွှေအားလုံးကို ၄င်းကြိုတင်စီမံထားသော လုံကြီးအတွင်း ထည့်ခိုင်း ...ပါသည်။ ပြီးနောက် ဆေးမြစ်ရှာရန်ဟု အကြောင်းပြကာ လစ်သွားပါ ...လိမ့်မည်။ ၄င်းမလစ်သွားမီ အချိန်မီလာရောက် ဖမ်းဆီးစေလိုပါသည်။

၄င်းသည် ရွှေကိုနှစ်ဆပွားနည်းမှာ ၄င်းစီမံထားသော ဆေးမြစ် ...မည်းမည်းများ၌ ရွှေမှုန့်များကို သိုသိပ်ထားခြင်းဖြစ်ပါသည်။ လုံထဲ စု ...ထည့်၍ မီးတိုက်ပြီးသော် မူလရွှေနှင့် ပေါင်းစပ်ကာ အလေးချိန်တိုးပွား ...သွားခြင်း ဖြစ်ပါသည်။ မြင်ပဋ္ဌ ရွှေကို အမှုန့်များဖြစ်အောင် တိုက်စားပြီး ...စီစဉ်ထားခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အရာရှိမင်းတို့ အချိန်မီလာရောက်ဖမ်းဆီးနိုင်ရန် တာဝန်သိသူမှ အကြောင်းကြားအပ်ပါသည် ခင်ဗျား။

သည့်နောက် အဆိုပါစာအား အလုံပိတ်ကာ မြို့နယ်ရဲစခန်းရှိရာသို့ အမြန်ပို့ပေးရန် စီစဉ်လိုက်တော့၏။

'ကဲ ဇာတ်သွားကူ အဲဒီမှာတင် ဆုံးပါပြီ ဦးဇင်း'

'အိုး ဒီလိုလည်း မလုပ်နဲ့လေ ဒကာမြ။ ဒကာ့ရဲ့ စာ စခန်းကို ရောက်တော့ အချိန်မီရဲ့လား'

'အချိန်မီပါပဲ ဦးဇင်း တော်သေးတာပေါ့။ တပည့်တော်ထင်တဲ့အတိုင်းပဲ အဲဒီငတိက ဆေးမြစ်တွေ ထွက်ရှာရဦးမယ်ဆိုပြီး ရွှေထည်တွေအားလုံး သူ့အိတ်ထဲ ထည့်ပြီးနေပြီ။ ပရိသတ်ကတော့ ရွှံ့နဲ့အလုံမံထားတဲ့ လုံကြီးထဲမှာ ရှိနေတယ်လို့ ထင်ထားကြတာကိုး။

'ရဲအရာရှိတွေ ရောက်လာတော့မှ အကြောင်းစုံကို သိရတော့မှ ပရိသတ်တွေခမျာ ဘာပြောကောင်းမလဲ ဖွတ်တွက်မှ တောင်ပို့မှန်းသိရတော့တယ်။ ကံသီပေလို့ ကျေးဇူးကြီးလှပါဘိ ဗိုလ်ကြီးတို့ရယ် ဘာရယ်ဖြစ်တော့တာကိုး။ ဒီတော့ ရဲအရာရှိက ကျေးဇူးတင်ချင်းတင်ရင် ကျုပ်တို့ကို မတင်သင့်ဘူး။ တင်ရမှာက ခင်ဗျားတို့ရွာက အချိန်မီပို့လိုက်တဲ့ စာရေးအကြောင်းကြားတဲ့ သူကိုပဲလို့ ပြောလိုက်တယ်'

'အဲဒီမှာတင် ဒကာမြကို အားလုံးသိသွားကြတယ်ပေါ့'

'ဟင့်အင်း တပည့်တော်ရယ် စာပို့ခိုင်းတဲ့ ချာတိတ်တစ်ယောက်ကလွဲပြီး ဘယ်သူမှ မသိလိုက်ကြဘူး။ ဘိုးတော်လိမ်စိန်သောင်း ဆိုတာတောက် တခေတ်ခတ်နဲ့။ ရဲက ဇက်ပိုးအုပ်လိုက်တော့မှ ငြိမ်ကျသွားတာ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ နေရာအနှံ့ ခရီးထွက်ရင်း လူအမျိုးမျိုးနဲ့ပေါင်းရင်း ရလာတဲ့ ဗဟုသုတတွေအပေါ် အခြေခံလို့ အများကောင်းကျိုးတစ်ခုကို ဆောင်ရွက်လိုက်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။



'ဦးဇင်းလည်း တပည့်တော်အကြောင်း စာရေးဖြစ်မယ်ဆိုရင် 'ဂန္ဓာရီ ဆရာမြနှင့် ဘိုးတော်လိမ်စိန်သောင်း' ဆိုပြီး တစ်ပုဒ်လောက်တော့ရေးပေါ့။ ဟုတ်တယ် မဟုတ်လား'

'ကောင်းပြီ ရေးဖြစ်တဲ့အခါ ပါစေရမယ် စိတ်ချ' ဟု ဆိုလိုက်စဉ် ကျောင်းပေါ်မှ ကုလားတက်ခေါက်သံကြောင့် ကျုန်ုပ်နှင့် ဂန္ဓာရီဆရာမြလည်း ပြောလက်စ စကားများကို အနားလုံးလက်စလည်းသပ် ကိုယ့်လုပ်ငန်းခွင် ရှိရာသို့ ခြေဦးလှည့်ခဲ့ကြပါသတည်း။


နန္ဒမိုးကြယ်

(မှခင်းရောင်စုံ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရင်ကွဲတေးသံ

## ရွှေးကျော်

၁

နံရံပေါ်မှ ဝါရော်ဖောင်းနွမ်းနေသော ဓာတ်ပုံကလေး တစ်ပုံနှင့် ကျွန်တော်နေထိုင်ရာ 'ပေါက်ပင်တော' ရွာကလေးတို့၏ နောက်ခံသမိုင်းကြောင်းသည် ထိုမျှ ကြီးကျယ်ခမ်းနားစွာ ဆက်စပ်နေကြလိမ့်မည်ဟု ကျွန်တော် အိပ်မက်ပင် မမက်ခဲ့ဘူးပေ။

၂

နံရံပေါ်တွင် ဓာတ်ပုံများ ပြွတ်သိပ်ကျပ်ညပ်နေအောင် ချိတ်ဆွဲထားတတ်ကြသည်မှာ ကျေးလက်နေအိမ်ကလေးများ၏ ယဉ်ကျေးမှုတစ်ခုဟုဆိုလျှင် မှားမည် မထင်ပါ။ အနုပညာသည်လည်း မဆန်၊ စံနစ်တကျလည်း မရှိ၊ အလွန်ပင် ကပေါက်တိ ကပေါက်ချာနိုင်စွာ နံရံပေါ်မှာ ရှိနေတတ်ပါသည်။

BURMESE CLASSIC .com



အချို့ဓာတ်ပုံများဆိုလျှင် နှစ်ဘယ်လောက်ကြာပြီဆိုပင် ခန့်မှန်းခက်အောင် အိုမင်းဟောင်းနွမ်းလျက်။ အချို့ မှန်ဘောင်သွင်းထားလျက်ကပင် ပိုးဟက်တောက်စားခံရသဖြင့် ပြူရော်စွန်းကွက်လျက်။ အချို့ဓာတ်ပုံများကတော့ နေရာအခက်အခဲကြောင့် အခြားမှန်ဘောင် အပြင်မှနေ၍ ကတ်သီးကတ်သတ် တွဲလဲခိုလျက်။

ငယ်စဉ်ကပင် ဧည့်ခန်းနံရံပေါ်ရှိ ဓာတ်ပုံများကို ကျွန်တော်စိတ်ဝင်စားတတ်ခဲ့ပါ၏။ ကျွန်တော်တို့ အိမ်နံရံပေါ်မှာလည်း ထူးခြားသောဓာတ်ပုံတစ်ပုံရှိပါသည်။ ရှေးဟောင်းဓာတ်ပုံတို့၏ ထုံးစံအတိုင်း ဝါကြင့်ကြင့် အရောင်ပေါက်ခါ ဆေးသားများ မပီသတော့ပါ။ ပိုးသားဓာတ်ပုံစက္ကူအနားပတ်လည်မှာ လွှသွားအတွန့်ကလေးတွေနှင့် ဖြစ်၏သည်။

ထူးခြားသည်မှာ ဓာတ်ပုံထဲမှ အမျိုးသမီး၏ မျက်လုံးများဖြစ်သည်။ ဟောင်းနွမ်းမှေးမှိန်သော ဓာတ်ပုံဆေးသားက သူမမျက်လုံးများ၏ တောက်ပ စူးရှမှုကို ဖုံးကွယ်မထားနိုင်ကြ။ မျက်နှာအနေအထားမှာ အလွန်ချောမောခန့်ငြားပုံရပြီး သေချာပြတ်သားမှုများပါတစ်ပါတည်း ရောနှော ဖွဲ့စည်းထားပါသည်။ ခါးပေါ်မှာ တောင်ဆုတ်ခန့်ရှိ တွဲလောင်းကျနေသော အရာမှာ ချွန်ထက်သော 'ဓားရှူး' တစ်ချောင်းဖြစ်လိမ့်မည် ထင်ရ၏။

အနက်ရောင်ရှမ်းဘောင်းဘီဝတ်ထားသည်ဟု ယူဆရသော်လည်း ထိုနေရာမှာ ကွက်၍ ပိုးဟတ်တောက်ထားသဖြင့် သဲသဲကွဲကွဲ မရှိပါ။ သူမနံဘေးမှာ သိသာထင်ရှားသော နွေးထွေးမှုများနှင့်အတူ တယုတယ ယှဉ်တွဲ ရှိနေသည်ကတော့ သန်မာထွားကြိုင်းလှသော မြင်းနက်ကြီး တစ်ကောင်ဝင် ဖြစ်ပါသည်။

'အဖေ...အဲဒီဓာတ်ပုံထဲက ဘယ်သူလဲ...ဟင်'

ကျွန်တော် လက်ညှိုးထိုးပြသော ဓာတ်ပုံကို အဖေ အတန်ကြာအောင် ငေးစိုက်ကြည့်နေခဲ့သည်။ ပါးစပ်က ဘာမှ မပြောသေး။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ဓာတ်ပုံပေါ်မှာ ရှိနေသော အဖေ့မျက်လုံးများက ကျွန်တော် မကြားနိုင်သော စကားတွေ အများကြီး ပြောနေခဲ့ပါသည်။

'အဲဒီ အမျိုးသမီးအကြောင်းကို ပြောရမယ်ဆိုရင် ဟော့ဒီ အဖေ တို့နေတဲ့ ပေါက်ပင်တောရွာကလေး ဘယ်လိုစပြီး ပေါ်ပေါက်လာခဲ့တယ် ဆိုတာက စပြီးပြောရလိမ့်မယ်...လူကလေး'

၃

မြို့၏ အရှေ့မြောက်ယွန်းယွန်းတစ်နေရာ၌ ခရစ်ယာန်သင်္ချိုင်း တစ်ခုရှိပါ သည်။ အဆိုပါ သင်္ချိုင်းသည် ခြုံပင်ကိုင်းပင်များ ထူထပ်သော ဖုန်းဆိုး တောကြီးတစ်ခုနှင့် ဆက်စပ်နေသည်။ တပေါင်းလရာသီမျိုး၌ တစ်ပင်လုံး ရဲရဲတောက်အောင် ပွင့်လေ့ရှိသော 'ပေါက်ပင်ကြီးများ အများအပြား ရှိသ ဖြင့် 'ပေါက်ပင်တော' ဟူ၍လည်းကောင်း၊ ကွေ့ကာဝိုက်ကာနှင့် အရှေ့ရှုး ရှုး စစ်တောင်းမြစ်အတွင်း ပေါက်ရောက်သည်အထိ စီးဆင်းနေသော ရေစီးသန်သည့် ချောင်း ကလေးကို အစွဲပြုလျက် 'မြစ်ကြီးပေါက်' ဟူ၍ လည်းကောင်း အဆိုပါ ဖုန်းဆိုးတောကို ခေါ်ဝေါ်ကြသည်။

အချို့ကလည်း ထိုတောသည် နတ်ကြီးသည်ဟူ၍လည်းကောင်း၊ သင်္ချိုင်းနှင့် မလှမ်းမကမ်းတွင် တည်ထားသော 'အင်းပုတ်စေတီ' ကလေး ကို စောင့်ရှောက်နေကြသည့် ဥစ္စာစောင့်ညီအစ်မရှိသည်ဟူ၍လည်းကောင်း၊ ထိုအချိန်က အင်္ဂလိပ်စစ်ဗိုလ်ရှိုက်ပင် ထိုအနီးမှ ကားဖြင့် ခရီးသွားသည့် အခါ ဆံပင်အလွန်ကောင်း၍ အင်မတန်ချောမောလှပသော အမျိုးသမီးနှစ် ယောက် လက်ပြတားလေ့ရှိကြောင်း၊ ကားပေါ်ရောက်ပြီးမှ မျက်နှာပေါ်၌ မျက်လုံးမျက်ခုံးနှာခေါင်းမပါသော အဖြစ်မျိုးနှင့် ထိတ်လန့်ချောက်ချားဖွယ် ကြုံတွေ့ဖူးကြကြောင်း ပြောစမှတ် ရှိပေသည်။



တစ်နေ့သော နံနက်ခင်းတွင် 'ပေါက်ပင်တော'သို့ အသက် ၆၀ ခန့်ဟု ထင်မှတ်ရသော အဘွားကြီးတစ်ဦး ရောက်လာလေ၏။ ထို့နောက် သူနှင့် အတူပါလာသော အဘိုးကြီး၏ လက်ထဲမှအထုပ်ကို ဖြည်လိုက်ပြီး လက်နှစ်ဖက်ဖြင့် ပက်၍ ပက်၍ ကြဲချလေ၏။ 'ဝေလခေါင်း' ထက် ငွေပို စစ်သည်ဆိုသော ထိုခေတ်က လူများပို၍ တန်ဖိုးထားကြသော 'ကျော့ခေါင်း' တံဆိပ် ဒင်္ဂါးပြားများ။

မကြာသော ကာလမှာပင် ကိုင်းခတ်ခြုံရှင်းရန် ဘယ်သူမှ မဝံ့ရဲ ကြသော အဆိုပါ နေရာသို့ နီးစပ်ရာ ကျေးရွာများမှ လူများအစုလိုက် အပြုံလိုက် ရောက်လာကြလေ၏။ ရှိသမျှ ခုတ်ထွင်ရှင်းလင်းလျက် ငွေဒင်္ဂါး များကို အလုအယက် ရှာဖွေကြတော့၏။

'အဲသလို နည်းမျိုးနဲ့ အရှုအင်မတန် သာယာစည်ကားနေတဲ့ ပေါက် ပင်တောရွာကလေးကို အစပြုပေါ်ပေါက်လာခဲ့တာပါပဲ လူကလေး။ အဲသ လို စိတ်ကူးမျိုးတွေကို အကောင်အထည်ဖြစ်အောင် ဖွမ်းဆောင်နိုင်တဲ့ အဘွားကြီးဆိုတာ တခြားသူ မဟုတ်ဘူး။ ဟော့ဒီဓာတ်ပုံထဲက အမျိုးသမီး ပဲပေါ့။ သူ့နာမည်က မပေါင်ဒါတဲ့။

BURMESE CLASSIC .com

၄

မပေါင်ဒါ။

မွေးကတည်းက ပေါင်ဒါမှုန့်လေးလို ဖြူဖွေးနေနယ်လွန်းလို့ သူ့ကို ပေါင်ဒါမ၊ ပေါင်ဒါမနဲ့ ခေါ်ရာက အဲဒီအမည်တွင် သွားခဲ့တာပါပဲ၊ အသက် ကြီးမှ သူ့အမေက သူ့ကို မွေးခဲ့တာ။ မိဘတွေက လယ်တွေ၊ ကိုင်းတွေ၊ အများကြီးပိုင်တဲ့ နာမည်ကျော် တောသူဌေးကြီးတွေပေါ့။

ဦးဘရှု၊ ဒေါ်စိန်ပွင့်ဆိုရင် 'ကင်းဆိပ်' ရွာကလေးတင်မကဘူး

www.burmeseclassic.com

www.burmeseclassic.com



မြို့ပေါ်ထိအောင် မသိတဲ့လူ မရှိသလောက်ပဲ၊ သတ္တိကလည်း ခေတာ မဟုတ်ဘူး၊ ကင်းဆိပ်ရွာကလေးမှာ ကျားဆိုးကြီးတစ်ကောင် သောင်းကျန်းခဲ့စဉ်က မျက်နှာချင်းဆိုင်ပြီး လှံနဲ့ ထိုးသတ်ခဲ့ဖူးသတဲ့။ ဦးဘရှုံဆိုတာ အဲ့သလို ရာဇဝင်နဲ့လူ။ မပေါင်ဒါက တစ်ဦးတည်းသော သမီးဆိုတော့ ဦးဘရှုံ ဒေါ်စိန်ပွင့်တို့ ဘယ်လောက်ချစ်လိုက်ကြမလဲဆိုတာ ပြောစရာ မလိုသလောက်ပါပဲ။

မပေါင်ဒါလေး အရွယ်ရောက်လာတော့ အင်မတန်ထက်မြက်ပြီး သူ့အဖေလိုပဲ သတ္တိအရာမှာလည်း မခေတဲ့ မိန်းကလေးတစ်ယောက်ဖြစ်လာခဲ့တယ်။ ကင်းဆိပ်ရွာကလေးမှာ မိန်းကလေးတွေ မြင်းစီးပြီး ခရီးသွားတဲ့ ဓလေ့ကို မပေါင်ဒါက စခဲ့တာလို့ ပြောစမှတ်ရှိတယ်။

မြို့ကလေးရဲ့ အရှေ့တစ်ကြောဆိုရင် ပြသောင်၊ ရွှေအင်းလေး၊ ကမ်းနီ၊ ခိုးအင်း၊ ပဒဲ။ မပေါင်ဒါတစ်ယောက်တည်း မြင်းစီးပြီး ထွက်တာပဲ။ အနောက်တစ်ကြောဆိုရင်လည်း ခပေါင်းချောင်းသောင်းတစ်လျှောက်က ရွာတွေ ရှားယားကုန်း၊ လက်ပံကုန်း၊ ဇီးကုန်း၊ စပါးကြွယ်ထိအောင် မြင်းတစ်စီးနဲ့ မပေါင်ဒါ သွားတာပဲ။

ဦးဘရှုံနဲ့ ဒေါ်စိန်ပွင့်တို့ကအသက်ကြီးကုန်ပြီ။ အိမ်မှာ သူရင်းငှားတွေ အကူတွေတော့ အများကြီးရှိတာပေါ့။ လယ်ထောက်ခ၊ သီးစားခ၊ ငွေရေးကြေးရေးကိစ္စတွေဆိုရင် မပေါင်ဒါကိုယ်တိုင်ပဲ သွားလေ့ရှိတယ်။

သူ အမြဲစီးလေ့ရှိတာက နဖူးမှာ ကြာလို့ခေါ်တဲ့ အဖြူကွက်နဲ့ တစ်ကောင်လုံးနက်မှောင်နေတဲ့ မြင်းမကြီးပဲ။ 'ကုလားမညွှန့်' တဲ့။ မပေါင်ဒါ အကြောင်းပြောရင် 'ကုလားမညွှန့်' အကြောင်းကိုလည်း ချန်လှပ်ထားခဲ့လို့ မဖြစ်ဘူး။

ကင်းဆိပ်ဆိုတာ ခပေါင်းချောင်းကမ်းနဖူးပေါ်မှာ တည်ထားတဲ့ ရွာကလေး။ နွေပေါက်ရင် ဟိုဖက် သည်ဖက် လွယ်လွယ်တလေး ဖြတ်ကူး



လို့ ရတဲ့အထိ ရေခမ်းသွားတတ်တဲ့ ခပေါင်းချောင်းဟာ မိုးကျလာရင် ကမ်းပြည့်ကမ်းလျှံ ရေကြီးစမြဲပဲ။ အနောက်ရိုးမပေါ်မှာ မိုးကလေး ညှို့ပြီဆိုတာနဲ့ တဟဲဟဲ အသံပေးပြီး ဝါးလုံးထိုးစီးလာတဲ့တောင်ကျရေစီးဟာ အင်မတန် ကြောက်စရာကောင်းတာ။ အဲသလို ဝါဆိုဝါခေါင်ရေတွေ ပေါင်းလာနေတဲ့ အချိန်ချောင်းရေနဲ့အတူ မြင်းပေါက်စလေးတစ်ကောင် မျောပါလာတာတဲ့။ ထင်းဆယ်ရင်းက အဲဒီမြင်းကလေးကို ခဲရာခဲဆစ်ရအောင် ဆယ်လာခဲ့တာက ကိုကုလားမညွှန့်ဆိုတဲ့ လင်မယား။ သူတို့က မပေါင်ဒါတို့ ခြံဝိုင်းကြီးထဲမှာ နေကြတဲ့သူရင်းငှားမိသားစုပေါ့။ အဲသလိုနဲ့ 'ကုလားမညွှန့်' ဆိုပြီး တွင်သွားရောတဲ့။

ရောက်စကတော့ အင်မတန် ရိုင်းတဲ့ မြင်းမကလေးလို့ ပြောကြတယ်။ နောက်တော့လည်း မပေါင်ဒါနဲ့ အဲဒီ မြင်းမလေးဟာ ခွဲလို့မရတော့ဘူး။ မပေါင်ဒါက အဲဒီမြင်းမကလေးကို ဘယ်လောက်ချစ်သလဲဆိုတာ ထမင်းစားတဲ့အခါတောင် လူတစ်လုပ် မြင်းတစ်လုပ်စားကြတာလို့ ပြောကြတယ်။

မပေါင်ဒါက အင်မတန်လှသတဲ့။ ရွာက ကာလသားတွေ စုမိကြတဲ့အခါ သူ့အလှကို ဖွဲ့နွဲ့ပြောရလောက်အောင်ကို လှတာဆိုပဲ။ ရှမ်းဘောင်းဘီအနက်ကိုဝတ်။ အသွားထက်ထက် ဓားတစ်ချောင်းခါးမှာ ချိတ်။ ကုလားမညွှန့်ကို စီးပြီး ရွာရိုးကိုးပေါက် တလွှားလွှားနဲ့ သွားနေပေမဲ့ မပေါင်ဒါကို ဘယ်သူမှ ရိသဲ့သဲ့ မလုပ်ဝံ့ကြဘူး။ အစဉ်အလာကြီးခဲ့တဲ့ မပေါင်ဒါ မိဘအရှိန်အဝါလည်း ပါတာပေါ့။ မပေါင်ဒါကိုယ်၌ကလည်း မဟုတ်မခံ ဆတ်ဆတ်ကြဲ။

တစ်နေ့တော့ ရွှေအင်းလေးဆိုတဲ့ ရွာကလေးကို ငွေကြေးကိစ္စတစ်ခုနဲ့ မပေါင်ဒါသွားရင်း 'ကိုမောင်ကြီး' နဲ့ ဆုံမိပါရော။ ကိုမောင်ကြီးက ရွှေအင်းရွာသား၊ လူပုံချောနွဲ့နွဲ့ပေမဲ့ အင်မတန် တည်ကြည်ရိုးဖြောင့်တဲ့

www.burmeseclassic.com



လူတစ်ယောက်ပါ။ အမှန်က ရွှေအင်းလေးဆိုတာ အိမ်တိုင်းစေ့နီးပါး အရက်သေစာချက် ရောင်းပြီး စီးပွားရှာကြတဲ့ ရွာကလေး။ အခုထိတောင် အဲဒီလက်ငုတ် လက်ရင်းတွေ ရွှေအင်းလေးမှာ ကျန်နေပါသေးတယ်။ ကိုမောင်ကြီး မိဘတွေကလည်း ဒီအလုပ်နဲ့ပဲ စီးပွားဖြစ်နေကြသူတွေပေါ့။

နမူးစာဆိုတာ အင်မတန် ဆန်းကြယ်တာကလား။ ဘယ်ယောက်ျား ဘယ်ကာလသားမှ စေ့စေ့ကြည့်မခံခဲ့တဲ့ မပေါင်ဒါခမျာ ကိုမောင်ကြီး လည်းကျရော ကျောက်စိုင်ကျောက်သားလို အောက်မေ့ခဲ့ရတဲ့ သူ့နှလုံးသား ဟာ တစ်ခါတည်း အရည်ပျော်ရတော့တာဆိုပဲ။

တစ်ယောက်ကို တစ်ယောက် တစ်နေ့တစ်လေမှ မတွေ့ရရင် စား မရ အိပ်မရ ဖျားချင်နာချင်သလို ဖြစ်ရလောက်အောင် အဖြစ်သည်းကြတဲ့ ချစ်သူတွေဖြစ်သွားကြတယ်။ ရွှေအင်းလေးနဲ့ကင်းဆိပ်ဆိုတာ နီးလှတဲ့ ခရီးတွေ မဟုတ်ဘူး။ ကြားမှာ မြို့တစ်နှလုံး ခြားထားသေးတဲ့အပြင် ရွှေအင်းလေး ရောက်အောင် စစ်တောင်းမြစ်ကို ဟိုဘက်ကမ်းရောက်အောင် ကူးရသေးတာ။ ဒါပေမဲ့ အကြောင်းရှာပြီး ကိုမောင်ကြီးလည်း ကင်းဆိပ် ရောက်လာတာပဲ။ မပေါင်ဒါလည်း ရွှေအင်းလေး ရောက်အောင်သွားတာပဲ။

မကြာပါဘူး။ သူတို့ကိစ္စ လူကြီးတွေ သိကုန်ကြရောဆိုပါတော့။ အဲဒီမှာ ပြဿနာက မပေါင်ဒါရဲ့ မိဘတွေပေါ့။ မူးယစ်သေစာနဲ့ စီးပွား ရှာနေတဲ့ အသိုင်းအဝိုင်းကို ရွှေပေါ်မြတင်သမီးလေးနဲ့ ဘယ်မှာလာပြီး သဘောတူနိုင်မှာလဲ။

ဒါကလည်း သဘာဝကျပါတယ်။ ရှေးလူကြီးတွေဆိုတာ ဆွေဂုဏ် မျိုးဂုဏ် အသိုင်းအဝိုင်းဂုဏ်ကို အင်မတန် တန်ဖိုးထားတတ်ကြတာကလား။ ကိုမောင်ကြီးဘယ်လောက်ရိုးသားတယ်ပြောပြော ဘယ်လောက်တည်ကြည် တယ် ပြောပြော ကိုမောင်ကြီးအသိုင်းအဝိုင်းကိုကြတော့ သူတို့ လက်မခံ နိုင်ဘူး။



ကိုမောင်ကြီးနဲ့ မပေါင်ဒါတို့ရဲ့ ပျော်ရွှင်ကြည်နူးစရာ ချစ်သူဘဝ ဟာ အဲဒီကစလို့ သောကများပါဒတွေ အစပျိုးတော့တာပါပဲ။

၅

နေရာတိုင်းမှာ မိဘစကားကို မြေဝယ်မကျ နားထောင်ခဲ့ပေမဲ့ ဒီကိစ္စကျ တော့ မပေါင်ဒါ မနာခံတော့ဘူး။ အခွင့်အရေးရတာနဲ့ ကိုမောင်ကြီးကို တွေ့ဖို့ ကြိုးစားတော့တာပဲ။ ဒါကို ဦးဘရှု သိသွားတယ်။ သူတို့နှစ်ယောက် ချိန်းတွေ့နေတာ လူယုံတစ်ယောက်က တွေ့သွားပြီး သတင်းပေးလိုက်တာ။ အဲဒီမှာ ယမ်းအိုးကို မီးစနဲ့ ထိုးသလို ဦးဘရှု ဒေါသတွေ ပေါက်ကွဲတော့ တာပါပဲ။

မပေါင်ဒါကို အိမ်ထဲက အိမ်ပြင် ဘယ်မှမထွက်ရ။ ဒါဟာ ဦးဘရှု ရဲ့ တစ်ချက်လွှတ်အမိန့်ပဲ။ ဘယ်သူမှ လွန်ဆန်လို့မရဘူး။ ပိုဆိုးတာက မြို့ပေါ်က သူဌေးတစ်ယောက်နဲ့ မပေါင်ဒါကို ပေးစားဖို့ အတင်းအကြပ် စီမံတော့တာပဲ။

ဒါပေမဲ့ မပေါင်ဒါဆိုတာလည်း သိတဲ့အတိုင်း နုယ်နုယ်ရရ မိန်း ကလေးတစ်ယောက်မှ မဟုတ်တာ၊ လွယ်လွယ်နဲ့တော့ ဘယ်လာ အလျှော့ ပေးလိမ့်မလဲ။

ဒီလိုနဲ့ ပေါက်ပွင့်တွေ ရဲရဲတောက်အောင်ပွင့်တဲ့ရာသီ လပြည့်ည တစ်ညမှာ ကင်းဆိပ်ရွာက လေးတစ်ရွာလုံး မြင်းခွာသံတွေနဲ့ ဘဝင်ရိုက်နေခဲ့ တယ်လို့ ဆိုတယ်။ မပေါင်ဒါလေး ခိုးရာလိုက်ပြေးတဲ့ ညပေါ့။ ဦးဘရှု လူတွေ သိလိုက်တဲ့အချိန်မှာ ကုလားမည္ဆန့်ကျော်ပေါ်ပါသွားတဲ့ ကိုမောင်ကြီး နဲ့ မပေါင်ဒါတို့က ကင်းဆိပ်အရှေ့ဘက်ကပ်နေတဲ့ "ကျွန်းတောကုန်း" ဆိုတဲ့ ရွာကလေးကို ရောက်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အစီအစဉ်က ရှေးခေတ်က ဒီမြို့ကလေးမှာ နန်းစိုက်ခဲ့ကြတဲ့ မြန်မာဘုရင်အဆက်ဆက် အောင်မြေနင်းခဲ့ကြတဲ့ 'ကောင်းမှုတော်' ဆိုတဲ့ ဘုရားကလေးနံဘေးက ဖြတ်ထွက်ပြီး ရွှေအင်းလေး အနောက်ဘက်ကမ်း အခု ပေါက်ပင်တောလို့ခေါ်နေကြတဲ့ 'မြစ်ကြီးပေါက်' တောအုပ်ထဲမှာ နိုဖို့ စီစဉ်ထားကြတာ။ အဲဒီနေရာက ရွှေအင်းလေးနဲ့လည်း အတော်နီးနေပြီး တောလည်းထူတယ်။ သူတို့နှစ်ယောက်ကို ကောင်းကောင်းလုံခြုံမှု ပေးနိုင်လိမ့်မယ်ဆိုတဲ့ တွက်ကိန်းနဲ့ပေါ့။

ပေါက်ပင်တွေကလည်း ပွင့်နေလိုက်တာ တောတစ်ခုလုံး ရဲပဒေါင်းခတ်နေတာပဲ။ ကုလားမညွန့်ကလည်း ဖက်ဖျားတစ်ချက်ခတ်ရုံနဲ့ ဖက်ကို စင်းတဲ့ပြီး ညို့က လွှတ်သလို ပြေးရှာပါတယ်။ ဒါပေမယ့် လူနှစ်ယောက်ကို တင်ထားရတာဆိုတော့ မြစ်ကြီးပေါက်တောစပ်လည်းရောက်ကရော နောက်က မြင်းကိုယ်စီနဲ့ လိုက်လာကြတဲ့ ဦးဘရှုံလူတွေ မီလုမီခင် ဖြစ်လာကြပါလေရော။

ကုလားမညွန့်က ရှေ့တနေ ကဆုန်စိုင်းပြေး။ လရောင်အောက်မှာ ဓားလှံတဖွေးဖွေးနဲ့ ဦးဘရှုံလူတွေက နောက်က သဲကြီးမဲကြီးလိုက်နဲ့ ပြန်စဉ်းစားရင်တောင် အတော်အသည်းတုန်အူတုန်ဖြစ်စရာပါပဲ။

ရှေ့မှာ ပြေးစရာမြေက မရှိတော့ဘူး။ မြစ်ကြီးပေါက်ချောင်း ခံနေပြီ။ ဖြတ်ကူးရမယ့် ရေတိမ်နေရာကို သွားဖို့လည်း ဘယ်လိုမှ အချိန်မမီတော့ဘူး။ ဦးဘရှုံလူတွေက လက်တစ်ကမ်းကို ရောက်လာကြပြီ။

မပေါင်ဒါ လုပ်စရာက တစ်ခုပဲရှိတော့တယ်။ ဖက်ဖျားကို ခပ်ပြင်းပြင်း တစ်ချက်လတ်လိုက်တယ်ဆိုရင်ပဲ သခင့်အလိုကို အင်မတန် သိရှာတဲ့ ကုလားမညွန့်ဟာ နောက်ခြေနှစ်ဖက်ကို ညွှတ်ပြီး လွှားခနဲ့နေအောင် ခုန်ကူးလိုက်တော့တာပဲ။ အဲဒီနေရာမှာ မြစ်ကြီးပေါက်က ဝါးတစ်ရိုက် အကျယ်မကဘူး။



ကုလားမညွန့်ခမျာ ရှိသမျှ အားကုန်သုံးပြီး ဟိုဖက်ကမ်းကို ရောက်အောင်တော့ ခုန်လိုက်နိုင်ပါရဲ့။ ဒါပေမဲ့ ကျောပေါ်က လူနှစ်ယောက်ရဲ့ အရှိန်ကို မထိန်းနိုင်ရှာဘူး။ ရှေ့လက်နှစ်ဘက်ကို ခွဲဖြပ်စ်လိုက်သလို ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲရတဲ့အဖြစ် ရောက်သွားရှာတယ်။

နောက်ဆုံးတော့ ဦးဘရှုံလူတွေက ကိုမောင်ကြီးကို မလှုပ်နိုင်တော့တဲ့အထိ ရိုက်နှက်ထားပြီး မပေါင်ဒါလေးကို အတင်းအကြပ် ပြန်ခေါ်သွားတော့တာပါပဲ။ အမြဲလို တိတ်ဆိတ်ငြိမ်းချမ်းခဲ့တဲ့ မြစ်ကြီးပေါက်တောတစ်ခွင်ဟာ အဲဒီညကတော့ ကမ္ဘာပျက်နေခဲ့တာပေါ့။

မပေါင်ဒါလေးခမျာ သူ့ အင်မတန်သံယောဇဉ်ကြီးရတဲ့ ကုလားမညွန့်လည်း အသက်ဆုံးရ၊ ချစ်သူလည်း သေသလား ရှင်သလား မသိရနဲ့ အတင်းအကြပ် ရန်းကန်အော်ဟစ်ရင်း ပါသွားခဲ့ရှာတယ်။

အဲဒီတုန်းက မပေါင်ဒါရဲ့ နာကျင်ကြေကွဲစရာ အသံနဲ့ ထပ်တလဲလဲ အော်ဟစ်သံဟာ 'မြစ်ကြီးပေါက်' တောတစ်ခွင်မှာ နောင်နှစ်ပေါင်း များစွာကြာအောင် ပဲ့တင်ထပ်ကျန်နေခဲ့တယ်လို့ သိမီလိုက်သူတွေက ပြောနေကြသပါပဲ။

'ကိုမောင်ကြီး…ရှင့်ကို ကျွန်မဘဝ တစ်သက်လုံး စောင့်နေမယ်။ ရှင် သေရင် ကျွန်မ လိုက်သေမယ်… ရှင်ကလွဲပြီး ကျွန်မ ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး၊ ပေါက်ပွင့်တွေကလည်း တစ်တောလုံးရဲရဲနီနေကြတယ်၊ ရှင့်ကိုယ်ပေါ်က သွေးစက်တွေရယ်…၊ ကျွန်မကိုယ်ပေါ်က သွေးစက်တွေရယ်၊ ကုလားမညွန့် ရင်ထဲက ထွက်လာတဲ့ သွေးစက်တွေရယ် အားလုံး ရဲရဲနီနေကြတယ်။ ဒါကို ပူဇော်ပြီး မြစ်ကြီးပေါက်တောစောင့်နတ်ကို ကျွန်မ တိုင်တည်ခဲ့ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



၆

ကိုမောင်ကြီးတစ်ယောက် ကံကောင်းတယ်ပဲ ပြောရမှာပေါ့။ ဒဏ်ရာဒဏ်ချက်တွေ ပြင်းထန်ပေမယ့် သေကံမရောက်ခဲ့ဘူး။ မပေါင်ဒါကတော့ သူ ပြောခဲ့သလို တကယ့်ရဲရဲတောက်ပါပဲ။ သူ့လက်စွဲတော် အသွားထက်ထက်နဲ့ ဓားရှည်ကြီး လက်ကဆုပ်ပြီး....

'ကျွန်မ အမေတို့ အမေတို့ စိတ်ချမ်းသာအောင်နေပါ့မယ်.... ဒါပေမယ့် ကျွန်မကို အစင်းအကျပ် ယောက်ျားပေးစားဖို့ ကြိုးစားရင်တော့ လူ့ဘဝကြီးမှာ အသက်ရှင်လျက် မနေတော့ဘူး'

ပြောရင် တကယ်လုပ်တတ်တဲ့ မပေါင်ဒါ စိတ်ဓာတ်ကို သိထားတော့ ဦးဘရဲ့ ဒေါ်စိန်ပွင့်တို့လည်း ဘာမှ မတတ်နိုင်တော့ဘူး။ သူကတိအတိုင်းပဲ ကိုမောင်ကြီးကိုလည်း မပေါင်ဒါ မဆက်သွယ်ပါဘူး။

တစ်နေ့တော့ ကိုမောင်ကြီးတစ်ယောက် တစ်ရွာတည်းနေသူတစ်ဦးနဲ့ အိမ်ထောင်ပြုလိုက်ပြီဆိုတဲ့ သတင်း မပေါင်ဒါဆီ ရောက်လာတယ်။ အဲတော့ မပေါင်ဒါက ဘာပြောသလဲဆိုရင် 'ကောင်းပါတယ်လေ၊ ကိုမောင်ကြီးက အင်မတန် စိတ်ဓာတ်နုနယ်တယ်။ ထိခိုက်လွယ်တယ်။ အခုလိုဆိုတော့ သူ စိတ်ဖြေနိုင်တာပေါ့' တဲ့။ ခွင့်လွှတ်တယ်ဆိုတဲ့ သဘောပါပဲ။

သူကိုယ်၌ကတော့ လာရောက်ကမ်းလှမ်းသူတွေ ဝိုင်းဝိုင်းလည်နေတဲ့ ကြားက ဘယ်သူ့မှ စိတ်မညွတ်ဘဲ မယိမ်းမယိုင်ရပ်တည်ခဲ့ရှာတယ်။ ဒီလိုနဲ့ပဲ ဥတုရာသီတွေ အလီလီပြောင်း၊ နရာက ရင့်၊ ရင့်ရာကအို ဆိုတဲ့ လောက ဓမ္မတာအတိုင်း မပေါင်ဒါတစ်ယောက် အသက် ငါးဆယ်ကျော်လာခဲ့ပြီ။ နဂိုက ခပ်ကြမ်းကြမ်းနေလာသူဆိုတော့ ကျန်းမာရေးကတော့ ပြောစရာ မရှိပါဘူး။ မိဘတွေ မရှိတော့တဲ့ အချိန်ကစလို့ လုပ်ငန်းတွေ အားလုံး သူပဲ ဦးစီးရတော့တာ။



တစ်နေ့မှာ မြို့ပေါ်က စီးပွားဖက် မိတ်ဆွေတစ်ယောက်ရဲ့ အလှူကို ဒေါ်ပေါင်ဒါ သွားရတယ်။ အဲဒီမှာ မမျှော်လင့်ဘဲ သွားပြီးဆုံရသည်းမိတဲ့သူကတော့ ဦးမောင်ကြီးပဲ။ ဒါတော့ သူတို့နှစ်ဦး ကွဲကွာသွားပြီးကတည်းက တာမဆုံးအကြိမ် ပြန်ဆုံမိကြတာ။ စကားတစ်ခွန်းမှ မပြောကြဘူး။ တစ်ယောက်ကို တစ်ယောက် တွေတွေကြီးတွေ ကြည့်လို့။ ဦးမောင်ကြီးကတော့ ငါးစပ်တပြင်ပြင်နဲ့ တစ်ခုခု ပြောချင်ပုံပဲ။ ဒါပေမဲ့ ဒေါ်ပေါင်ဒါမျက်နှာ ထားပုံကို ကြည့်ပြီး ရုတ်တရက် ပြောမထွက်ဘူး။ ဦးမောင်ကြီးမှာ သားသမီးတွေတင်မကဘူး။ အဲဒီအချိန်မှာ မြေးတွေတောင် ရနေပြီ။ ဒါပေမဲ့ လူလွှတ်ဖိုးဖို၊ သူ့ဇနီးသည် ဆုံးသွားတာ နှစ်နှစ်ရှိပြီ။

ဒေါ်ပေါင်ဒါက ဘာမှမပြောဘဲ အလှူလုပ်နေတဲ့ ဘုန်းကြီးကျောင်းပေါ်ကနေ အောက်ကို ဆင်းသွားတယ်။ ခဏနေတော့ ဦးမောင်ကြီးလည်း နောက်ကနေ လိုက်သွားတယ်။

အဲဒီအချိန် ကျောင်းဝင်းထဲက ပေါက်ပင်ကြီးပေါ်မှာ အပွင့်တွေ ပွင့်နေလိုက်တာများ တစ်ပင်လုံးကို ရဲရဲတောက်နေတာပဲတဲ့။

၇

သက်ခြောက်ဆယ် ဝန်းကျင်တွေရောက်မှ ဖူးစာပြန်ဆုံဖြစ်ကြတဲ့ ဦးမောင်ကြီးနဲ့ ဒေါ်ပေါင်ဒါတို့အကြောင်း ကင်းဆိပ်တစ်ရွာလုံး ရွှေလေးအင်း တစ်ရွာလုံးမှာ ကာလအတော်ကြာအောင် ပြောစမှတ်ဖြစ်သွားခဲ့တာပေါ့။

ပတ်ဝန်းကျင်က အကြင်လင်မယားရယ်လို့ အသိအမှတ်ပြုပြီးချိန်မှာ ဒေါ်ပေါင်ဒါက ဘာပြောသလဲဆိုတော့

'ကိုမောင်ကြီး ကျွန်မမှာ ကုလားမညွှန့်နဲ့ ပတ်သက်ပြီး ချင်ခြင်းခံနေတဲ့ ဆန္ဒတစ်ခုရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာများပါလိမ့် မပေါင်ဒါ'

'ကုလားမညွန့်ဟာ ကျွန်မဆီ အမြဲလို လာတယ်။ အိပ်မက်ထဲမှာ ခဏခဏတွေ့ရတယ်။ သူခေါင်းချတဲ့အရပ်မှာ ရွာတစ်ရွာတည်ပေးပါလို့ လာလာပြီး ပြောနေရှာတယ်။ အခုဆိုရင် ကျွန်မဘဝလည်း ကျွန်မဘယ်တုန်းကမှ မပိုင်ဆိုင်မကြုံတွေ့ဖူးခဲ့တဲ့ ဘဝအသစ်တစ်ခုပဲ။ အဲသလိုပဲ ကျွန်မတို့ ကုလားမညွန့်အတွက် တာဝန်ကျေရအောင် ရွာသစ်ကလေး တစ်ရွာ တည်ကြရအောင်နော်'

မပေါင်ဒါရဲ့ ထူးဆန်းတဲ့စကားကို ဦးမောင်ကြီး မအံ့သြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မပေါင်ဒါဟာ ပြောတာကို ဖြစ်အောင်လုပ်တတ်တဲ့ အင်မတန် ကြီးကျယ်ခမ်းနားတဲ့ မိန်းမတစ်ယောက်ဖြစ်တယ်ဆိုတာ သူ အစောကြီးကတည်းက သိနေပြီလေ။

၈

အဲသလိုနဲ့ သူတို့အသစ်တည်လိုက်တဲ့ ရွာကလေးကို 'ပေါက်ပင်တော' ရွာလို့ ခေါ်လာလိုက်ကြတာ မြစ်ဝေါက်ကြီးဆိုတဲ့ အမည်တောင် ပျောက်သလောက် ဖြစ်နေပါပြီ။

'သူတို့မျိုးဆက်တွေ အခုဘယ်မှာရှိကြသလဲ အဖေ'

'ဒီရွာကလေးမှာပဲ ရှိတယ်လေ'

'ဟင်'

'ဦးမောင်ကြီးဆိုတာ လူလေးအမေရဲ့အဘိုး၊ လူလေးရဲ့အဘေး တော်တယ်ကွဲ့။ ပေါက်ပင်တောဟာ မြို့ပေါ်ကို သွားလမ်းလာလမ်းသာတယ်။ အကွက်အကွင်းကောင်းတယ်၊ ဒီရွာကလေး သာယာစည်ပင်လာကတည်းက နီးစပ်ရာ ရွာကနေ အစုအဖွဲ့လိုက်ပြောင်းရွှေ့လာလိုက်ကြတာ



အဖေ ဒီရွာရောက်တော့ လူမှန်းသိစပေါ့။ ဘိုးမောင်ကြီးတို့ ဘွားပေါင်ဒါတို့ကို အဖေ ခပ်ရေးရေး မှတ်မိနေတယ်'

'အံ့သြစရာကောင်းတဲ့အဖြစ်အပျက်တစ်ခုကို အဖေ ထည့်ပြောရဦးမယ်၊ ဒါမှ ဘွားပေါင်ဒါရဲ့ ဇာတ်လမ်းဟာ ပိုပြည့်စုံပြီးလေးနက်တဲ့ အဓိပ္ပာယ်ကို ဆောင်မှာ'

ကျွန်တော်က ဇာတ်ပုံကို ငေးနေသည်။ ကျွန်တော့်အတွေးထဲမှာ ဒေါ်ပေါင်ဒါဆိုသော အမျိုးသမီးကြီးကို ဇာတ်ပုံထဲမှာ ထက်ပို၍ သဲကွဲစွာ မြင်နေရသည်။ အဖေ ဘာများ ဆက်ပြောဦးမည်နည်း။

'ကုလားမညွန့်ရင်ကွဲပြီး သေတဲ့နေရာကလေးကို သေသေချာချာ ရှင်းလင်း စည်းရိုးခတ်ထားပြီး ခုထိ 'ရွှေရင်ကွဲ' နေရာလို့ ခေါ်နေကြတဲ့ လူတွေ ရှိတယ်။ ဆယ်နှစ်ကာလလောက် အင်မတန် ငြိမ်းချမ်းသာယာတဲ့ ဘဝတစ်ခုကို ဘိုးမောင်ကြီးနဲ့ ဘွားပေါင်ဒါတို့ ထူထောင်သွားခဲ့ကြသေးတယ်။ အဲ့သလိုနဲ့ ထစ်ညမှာ မလွန်ဆန်နိုင်တဲ့ သင်္ခါရဓမ္မအတိုင်း ဖိုးမောင်ကြီးတစ်ယောက် လူကြီးရောဂါနဲ့ဆုံးရှာတယ်။ ထူးဆန်းတာက ဖိုးမောင်ကြီးဆုံးတဲ့ ညမှာ ဘွားပေါင်ဒါ ရုတ်တရက် ပျောက်ခြင်းမလှ ပျောက်သွားခဲ့တာပဲ၊ မနက်လင်းမှ ဘွားပေါင်ဒါ မရှိတော့ဘူးဆိုတာ သိကြရတာ။ အဲ့ဒီကတည်းက ဘွားပေါင်ဒါကို ရှာမတွေ့တော့တာ ခုထိပဲဆိုပါတော့။ ဘွားပေါင်ဒါ ဘယ်ရောက်သွားသလဲဆိုတာ ပဟေဠိတစ်ခုပဲ။ ခုထိ ဘယ်သူမှ သေသေချာချာ မသိကြဘူး။ တစ်ခုပြောစရာရှိတာက ရွှေရင်ကွဲလို့ ခေါ်ကြတဲ့ မြစ်ကြီးပေါက်ချောင်းနံဘေးက နေရာလေးမှာ ဘွားပေါင်ဒါ အမြဲလို ပခုံးပေါ်တင်ထားတတ်တဲ့ ယောဂီကောက်ကလေးကို သွားတွေ့ကြတယ်။ နောက်တော့ ဘွားပေါင်ဒါတစ်ယောက် မြစ်ကြီးပေါက်ချောင်းထဲပဲ ခုန်ချသွားသလိုလို ရွာသားတွေက အမျိုးမျိုးပြောနေကြတော့တာပဲ။

'ပေါက်ပွင့်တွေ ရဲရဲတောက်အောင်ပွင့်တတ်တဲ့ ရာသီရောက်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



လပြည့်ညဆိုရင် မြင်းဟီသံတွေ တစ်ရွာလုံးကြားရတတ်တယ်ဆိုတာတို့ မြင်း အနက်ကြီးတစ်စီးနဲ့ လူနှစ်ယောက်ကို 'ရွှေရှင်ကွဲ' နေရာကလေးမှာ တချို့ လူတွေ တွေ့ဖူးကြတယ်ဆိုတာတို့ အခုထိ ယုံကြည်ပြီး ပြောတဲ့ လူတွေ ပြောနေကြတုန်းပဲ။

ခံစားမှုအမျိုးမျိုး ရောပြွမ်းနေသော အဖေပြောပြသည့် ဘွားပေါင်ဒါ ဇာတ်လမ်းက ဇိုနေရာတွင် အဆုံးသတ်သွားသော်လည်း ကျွန်တော့်အတွေး များကတော့...။

ရှုးကျော်

(ရွှေပုရွက်မဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၉၉)



www.burmeseclassic.com



# အမည်းရောင်အမှတ်အသား

## မေတ္တာရှင်မောင်မဲခေါင်

ကျွန်တော်အိမ်ထောင်ပြုတော့မယ် အစ်ကို၊ ယခုစာနဲ့အတူ မင်္ဂလာဖိတ်စာပါ ပူးတွဲပို့လိုက်ပါတယ်။ ဖြစ်နိုင်ရင်တော့ ကျွန်တော့် မင်္ဂလာပွဲမှာ အစ်ကို ရှိနေစေချင်တာပေါ့လေ။

မောင်ဖုန်းကျော် ရေးလိုက်သောစာကို ဖတ်ရင်း ကျွန်တော့်မျက်စိထဲမှာ အသက်အရွယ်နှင့်လိုက်ဖက်ခြင်းမရှိသော ဒီဂရီမျက်မှန်ထူထူ၊ ရုပ်ရည်သန့်သန့်နှင့် ထူးခြားသော စရိုက်လက္ခဏာများရှိသူ လူငယ်လေးတစ်ယောက်၏ ပုံသဏ္ဌာန်ကို မြင်ယောင်လာမိသည်။ ပြီးတော့ အသက်အရွယ်အားဖြင့် အတော်အတန်ကွာခြားကြသည့် ကျွန်တော်နှင့် ထိုလူငယ်လေးတို့၏ ခင်မင်ရင်းနှီးခဲ့မှုများ....

ကျွန်တော် ဖိတ်စာပါရက်စွဲကို ကြည့်သည်။ ထို့နောက် ပြက္ခဒိန်ကို လှမ်းကြည့်သည်။ ကံအားလျော်စွာပင် မောင်ဖုန်းကျော်၏ မင်္ဂလာရက်သည် ကျွန်တော် အလုပ်အနည်းငယ်ပါးလျားသော ရက်ဖြင့် တိုက်ဆိုင်နေ



ပေသည်။

'မင်္ဂလာဆောင်ကို ငါရောက်အောင်လာပါ့မယ် မောင်ဖုန်းကျော်ရေ....'

စိတ်ထဲမှာ မြည်တမ်းရင်း မိုင်နှစ်ရာနီးပါး ကွာလှမ်းသည့်ခရီးအတွက် ပြင်ဆင်စရာရှိသည်တို့ကို ကျွန်တော် ကြိုတင်ပြင်ဆင်ထားလိုက်တော့သည်။

ကျွန်တော် စီးနင်းလိုက်ပါလာသော အဝေးပြေးကားကြီးပေါ်မှာ 'အေလီယံ' ဟူသော နိုင်ငံခြား ဗီဒီယိုဇာတ်လမ်းတစ်ခုပြနေသည်။ ထူးဆန်းသော အခြားကမ္ဘာက သတ္တဝါကြီးတစ်ကောင်အကြောင်း စိတ်လှုပ်ရှားဖွယ်ရာ ရိုက်ကူးထားခြင်းဖြစ်၏။ သို့ရာတွင် ကျွန်တော့်အာရုံက ထိုဇာတ်လမ်းပေါ်မှာ ရှိမနေဘဲ လွန်ခဲ့သော နှစ်အနည်းငယ်ဆီသို့ ရောက်နေခဲ့သည်။ ပြောရလျှင် မောင်ဖုန်းကျော်သည်လည်း တစ်ခါတစ်ရံ သိနားလည်ရခက်သော ထူးခြားမှုများဖြင့် ဆက်နွယ်ပတ်သက်နေသူ လူငယ်လေးတစ်ဦးဖြစ်၏။

အဝေးပြေးကားကြီးသည် မြန်မာပြည်၏ ပထမမြို့တော်ကြီးသို့ ကြာမီ ရောက်ရှိပေတော့မည်။ ပြီးနောက် ကျွန်တော်က မောင်ဖုန်းကျော်၏ မင်္ဂလာပွဲရှိရာသို့ အချိန်မီရောက်အောင် သွားရန် ဖြစ်၏။

ကျွန်တော် မောင်ဖုန်းကျော်နှင့် မြို့တစ်မြို့ထည်းတွင် အတူရှိနေခဲ့စဉ်က သူ နေထိုင်ရာ အခန်းကလေးသို့ ကျွန်တော် အကြိမ်ကြိမ်ရောက်ခဲ့ဖူးသည်။ ဆယ်ကျော်သက်ရွယ် လူငယ်လေးတစ်ယောက်၏ အခန်းသည် ခေတ်ပေါ်သီချင်းများ၊ ခေတ်ပေါ်ရုပ်ပုံကားချပ်များဖြင့် ဖွဲ့စည်းထားလိမ့်မည်ဟုသာ တွေးထင်ထားခဲ့ရာ တကယ်တမ်း ကျွန်တော် ရောက်သွားချိန်တော့ ကျွန်တော့်အယူအဆ မှားယွင်းကြောင်း သိခဲ့ရဖူးသည်။

ခေတ်ဟောင်းအဆိုတော်ကြီး ပြည်လှဖေ၏ မေ့ပါနိုင်သီချင်းသံက

www.burmeseclassic.com



စတင်ဆီးကြိုနေခဲ့သည်။ နံရံတစ်နေရာမှာ ဆရာကြီးဦးငွေကိုင်၏ ဆီဆေးပန်းချီကားတစ်ချပ်။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်ခါနီး 'ယသော်ဓရာ'၏ စံခန်းဆီးကို နောက်ဆုံးကြည့်ခြင်းဖြင့် လှပ်ကြည့်နေပုံ 'စာခြည်လှပ်' ပန်းချီကား။

'ဆရာကြီးရဲ့ အဲဒီပန်းချီကားက မြန်မာပြည်မှာ နှစ်ကားပဲရှိတယ် အစ်ကို၊ တစ်ကားက ရေဆေးနဲ့ ရေးထားတာ။ ပုဇွန်တောင်ဘက်က 'ဟေးဗင်း' ပန်းချီပြခန်းမှာ ပြထားတယ်'

ဂုဏ်ယူသံဟုလည်း ပြော၍ မရနိုင်သည့် အေးစက်စက်အသံဖြင့် မောင်ဖုန်းကျော်က ရှင်းပြနေသည်။ ကျွန်တော်က 'စတန်း' ပေါ် အစီအရီ ထပ်လျက် တင်ထားသည့်ဂှက်ဆက်ခွေတွေကို ယူကြည့်၏။ ဥဩ ဘသောင်၊ ခင်မောင်ရင်၊ မေရှင်....။ ကျွန်တော် မသိမသာ ခေါင်းယမ်းလိုက်မိသည်။

ဖြံ့ငှ၍ ပြောရလျှင် သူ့အခန်းကလေးသည် လွန်ခဲ့သော အနှစ် ၇၀ ခန့်က လူဖြစ်လာသူ (တစ်နည်း) ရှေးအဘိုးကြီးတစ်ယောက်၏ အခန်းနှင့်သာ ပို၍ တူနေခဲ့သည်။

'မောင်ဖုန်းကျော် အခန်းထဲ ဝင်လိုက်ရတာ အစ်ကိုတော့ အဘိုးကြီး စိတ်ကို ပေါက်သွားတော့တာပါပဲကွာ'

ကျွန်တော့်စကားကြောင့် မောင်ဖုန်းကျော်က မည်သို့မျှ စိတ် နှောင့်အယှက်ဖြစ်သွားပုံ မရသည့်ပြင် သူက ကျေနပ်ဟန်ဖြင့် ပြောနေ သေး၏။

'ကျွန်တော်က ရင့်ကျက်အိုမင်းရတာကို သိပ်သဘောကျတာ အစ်ကို'

တစ်ခါကလည်း ကျွန်တော်နှင့်အတူ လက်ဖက်ရည်သောက်ရင်းမှ မောင်ဖုန်းကျော်သည် သူ၏ အကျီလက်ကို ပင့်တင်လိုက်ပြီး



'ဟောဒီကျွန်တော့်လက်မောင်းပေါ်က အစည်းရောင် အမှတ်အသား အကြောင်း ကျွန်တော် ပြောပြရင် အစ်ကို စိတ်ဝင်စားလိမ့်မယ်ထင်တယ်... ကျွန်တော် နှစ်နှစ်သားလောက်က အဲဒီအကြောင်းကောင်းကောင်း ပြောနိုင်ခဲ့တယ်လို့ ကျွန်တော့်အမေနဲ့ အမေကတော့ ပြောတယ်'

သူ့ညာဘက်လက်မောင်းပေါ်မှာရှိသော မီးသွေးခဲပမာ မည်းနက်နေသည့် ကျပ်ပြားဝိုင်းနီးပါး အမှတ်ကြီးကို သူ ပြမှပဲ ကျွန်တော် သတိပြုမိ တော့သည်။

'ဘာတွေပြောခဲ့တာလဲ အခုမောင်ဖုန်းကျော် မမှတ်မိဘူးလား'

သူက ခပ်တွေတွေ စဉ်းစားနေသေး၏။ ထို့နောက်မှ သူ၏ ခြောက်သွေ့သွေ့ အေးစက်စက် လေသံဖြင့်....

'ဟင့်အင်း အစကို မဖော်နိုင်တော့တာ... ဒါပေမယ့် ဖေဖေနဲ့ မေမေ ပြန်ပြောပြလို့ သိရတာတွေတော့ ရှိတာပေါ့'

သူ ဘာဆက်ပြောမလဲ ကျွန်တော် နားထောင်နေမိသည်။ မောင်ဖုန်းကျော်က ဘာမှမပြောတော့ဘဲ တစ်ခုခုကို စဉ်းစားသလို တိတ်ဆိတ်ငြိမ်သက်နေ၏။ ထိုစဉ်က မောင်ဖုန်းကျော် ဆက်မပြောဘူးဆိုလျှင် ကျွန်တော်က ဆက်ပြောရန် တိုက်တွန်းမိမည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်ကိုယ်တိုင် သူ့လက်မောင်းပေါ်က အမှတ်အသားကို စိတ်ဝင်စားနေပြီ ဖြစ်ကြောင်း ဝန်ခံရပေမည်။

သို့သော် သည်တစ်ခါလည်း ကျွန်တော့်အတွေးက မှားသွားပြန်ပါသည်။ မောင်ဖုန်းကျော်က ထိုအကြောင်းကို စိတ်ပါလက်ပါ ဆက်၍ ပြောပြခဲ့ပါသည်။

'အစ်ကို လူဝင်စားရှိတယ်ဆိုတာ ယုံလား'

ကျွန်တော် မျှော်လင့်ထားသော မေးခွန်းမဟုတ်သဖြင့် ရုတ်တရက် ကြောင်တတ်အောင် ဖြစ်ရသည်။

www.burmeseclassic.com

'အင်း...အခုတော့ ကံကံ၏ အကျိုးဆိုတာကိုတောင် အယုံအကြည် မရှိကြတဲ့ အနောက်တိုင်းသားအချို့တောင် လူ့ဝင်စားတာကယ်ရှိကြောင်း လက်ခံလာကြတာ အစ်ကို ဆောင်းပါးတွေ ဖတ်ဖူးပါတယ်။

ကျွန်တော့်အဖြေက သူ့ကို သိပ်ပြီး ကျေနပ်စေဟန် မရှိပါ။

'လူ့ဝင်စားဆိုတာ တကယ်ရှိတယ်အစ်ကို...ကျွန်တော်အရင်ဘဝက မိဘတွေက သိပ်ကို ချမ်းသာကြတယ်၊ ကျွန်တော် အဲဒီတုန်းက နေခဲ့ရတဲ့ အိမ်ကြီးဟာ ဘယ်လောက်ကြီးကျယ်ခမ်းနားသလဲဆိုရင် လူတစ်ဖက်စာ နီးပါးလောက်ရှိတဲ့ တိုင်လုံးကြီးတွေချည့် ရှစ်ဆယ်လောက် ရှိတယ်၊ အင်မတန် ရှေးဆန်တဲ့ အိမ်ကြီး၊ တစ်အိမ်လုံးမှာလည်း ရှေးဟောင်းပစ္စည်းတွေ အပြည့်ပဲ၊ ကျွန်တော်နဲ့ ရွယ်တူ မိန်းကလေးတစ်ယောက်လည်း ရှိတယ်၊ ကျွန်တော့်အမျှာညီမလေးပေါ့၊ သူက သိပ်ကိုချောမောလှပတဲ့ မိန်းကလေးပဲ၊ အဲဒီဘဝ ကျွန်တော့်အမေက တစ်နေ့မှာ မှလင်းလေးတစ်လုံးကို ဖွင့်ပြီး အဆီတစ်မျိုးနဲ့ ကျွန်တော်တို့နှစ်ယောက်လက်မောင်းတွေပေါ် သုတ်ပေးလိုက် တယ်၊ အဲဒီကတည်းက ထင်သွားတဲ့အမည်းစက်ဟာ အစ်ကိုမြင်တဲ့ အတိုင်း အခုအထိပဲလေ'

ဘာပဲဖြစ်ဖြစ် ကျွန်တော်က မောင်ဖုန်းကျော်စကားကို စိတ်ဝင်စားနေပြီဖြစ်သည့်အတွက်

'ဒါနဲ့ အဲဒီအကြောင်းတွေကို မင်း ဘယ်လို'

ကျွန်တော့်အမေးစကားမဆုံးခင် မောင်ဖုန်းကျော်က ဖြတ်၍ ပြောလိုက်ပါသည်။

'ကျွန်တော် နှစ်နှစ်သားအရွယ် စကားကောင်းကောင်း ပြောတတ်ချိန်မှာ ခဏခဏပြောခဲ့တဲ့စကားတွေလို့ အခု ဖေဖေနဲ့ မေမေက ပြောတယ် အစ်ကို....ကျွန်တော်ကတော့ အခုအချိန်မှာ အတိတ်မေ့ဝေဒနာသည် တစ်ယောက်လိုပဲ ဘာဆိုဘာမှ မမှတ်မိတော့ဘူး၊ အင်း ပြောမယ်ဆိုတစ်ခုပဲ ပြောနိုင်တာက ကျွန်တော် ရှေးဟောင်းပစ္စည်းတွေကို သိပ်မြတ်နိုးတယ်၊ တစ်နေ့တစ်မျိုး အပြိုင်အဆိုင်ပေါ်နေကြတဲ့ အသစ်မှန်သမျှ ကျွန်တော် မက်မောဘူး၊ ဟောင်းနွမ်းပေမဲ့ ဘယ်တော့မှ မတိမ်ကောနိုင်တာတွေ လောကကြီးထဲမှာ အများကြီးရှိတယ် အစ်ကို၊ ကျွန်တော့်ကို ခေတ်လူငယ်ဖြစ်ပြီး တောက်ပသစ်လွင်တဲ့ အတွေးအခေါ်မရှိသူလို့ အစ်ကိုပြောချင်လည်း ပြောနိုင်ပါတယ်'



မောင်ဖုန်းကျော်က ထိုသို့ ပြောခဲ့သော်လည်း ကျွန်တော်သူ့ကို မည်သို့မျှ ဝေဖန်ကောက်ချက်ချခြင်းမျိုး မပြုခဲ့ကြောင်း ကျွန်တော် မှတ်မိနေပါသေးသည်။

တစ်ခါကလည်း မောင်ဖုန်းကျော်နှင့်အတူ ကျွန်တော် လမ်းလျှောက်ထွက်ခဲ့ဖူး၏။ ကျွန်တော် မှတ်မိသလောက် ရှားရှားပါးပါး ရာသီဥတု သာယာကောင်းမွန်သာယာသော မိုးဥတု၏ တစ်ညနေဖြစ်၏။ တစ်နေရာ အရောက်တွင် လှပသော မီးခြစ်လေးတွေ ရောင်းနေတာတွေ့ရသဖြင့် ဝယ်လိုက်ရအောင် ကျွန်တော် ဈေးမေးနေမိသည်။ ကျွန်တော် မီးခြစ်လှလှလေးတွေကိုတော့ စိတ်ဝင်စားတတ်သည်။ ထိုနေ့က မီးခြစ်မဝယ် ဖြစ်ပါ။ ကျွန်တော် သတိပြုမိချိန်တွင် မောင်ဖုန်းကျော် ကျွန်တော့်အနားက ပျောက်သွားသည်။ မီးခြစ်ကိစ္စတွင် အာရုံရောက်နေသဖြင့် သူ့ကို သတိမထားလိုက်မိခြင်းလည်း ဖြစ်သည်။

'အစ်ကို'

နောက်မှနေ၍ ကျွန်တော့်လက်ကို လာဆွဲသဖြင့် ကြည့်လိုက်တော့ မောင်ဖုန်းကျော်။

'ဘယ်များ ရောက်သွားတာလဲကွာ'

အပြစ်တင်သံစွက်နေသော ကျွန်တော့်စကားကြောင့်

'တောင်းပန်ပါတယ်အစ်ကိုရာ၊ မိန်းကလေးတစ်ယောက်ကို ကျွန်

www.burmeseclassic.com



တော် တွေ့လိုက်လို့ပါ၊ မျက်ခြည်ပြတ်မှာစိုးလို့ ကမန်းကတမ်းလိုက်သွားတာ'

'မင်း အသိလား'

အသိအကျွမ်း မဟုတ်သော တစ်စိမ်းမိန်းကလေးတစ်ယောက်ကို မောင်ဖုန်းကျော်က သာမန်ထက် စိတ်ဝင်စားတတ်ခြင်း မရှိပါ။ သို့အတွက် ကျွန်တော်က ထိုသို့ မေးလိုက်ခြင်းဖြစ်၏။

'မဟုတ်ဘူးအစ်ကို.... အဲဒီမိန်းကလေး သိပ်လှလို့ အရင်ဘဝက ကျွန်တော့်ညီမများဖြစ်နေမလားဆိုပြီး လိုက်ကြည့်တာ'

ထိုအခါမှာတော့ ကျွန်တော်စိတ်က ခပ်ချဉ်ချဉ်ရှိသည်နှင့်....

'အဲ့တော့ အခု မင်းညီမနဲ့ တွေ့ခဲ့ပြီပေါ့'

'ဟင့်အင်း'

သူ့မျက်နှာက အနည်းငယ် ညှိုးနွမ်းသွားပါသည်။

'ကျွန်တော့်ညီမ မဟုတ်ဘူး အစ်ကို'

'မင်းညီမ ဟုတ် မဟုတ် မင်း သိကောသိမှာမို့လား ဖုန်းကျော်ရယ်....'

ကျွန်တော်တို့နှစ်ယောက် မလှမ်းမကမ်းမှာရှိနေသော လူရှင်းသည့် လက်ဖက်ရည်ဆိုင်လေးမှာ ထိုင်မိကြသည်။

'တကယ်တော့ အရင်ဘဝက ကျွန်တော့်ညီမ အခုဘဝမှာ ကျွန်တော့် ဖူးစာရှင်ဖြစ်လာမယ့် မိန်းကလေးကို ကျွန်တော်သေသေချာချာ မှတ်မိတာပေါ့ အစ်ကို၊ သူ့ရဲ့ညာဖက်လက်ဖျံမှာလည်း ကျွန်တော့်လို အမှတ်အသား ပါတယ်လေ'

'ဘာရယ်'

ထိုအချိန်မှာတော့ ကျွန်တော် သူ့စကားကို စိတ်ဝင်စားသွားပြန်ပါသည်။



'လူတစ်ယောက်မှာ မွေးဖွားလာတဲ့အခါ သူနဲ့အတူ သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ စာအုပ်ကြီးတစ်အုပ် အတူတကွ ပါလာခဲ့တယ်ဆိုတဲ့ စကားကို အစ်ကိုကြားဖူးလား.... ကြားဖူးရင် လက်ခံလား၊ အဲဒီစာအုပ်ကြီးထဲမှာ အဲဒီလူ မွေးဖွားချိန်က စတင်လို့ နောက်ဆုံးကာလအထိ ဖြစ်ပျက်မယ့် အကြောင်းအရာတွေ အပြည့်အစုံရေးထားပြီးသားတဲ့။ တကယ်တော့ လူတစ်ယောက်ဟာ သူနဲ့ အတူပါလာတဲ့ အဲဒီပြဋ္ဌာန်းစာအုပ်ကြီးကို လွန်ဆန်ပြီး ဘာမှ မလုပ်နိုင်ကြပါဘူးလေ....တစ်နည်းအားဖြင့်တော့ ဒါဟာ ဘုရားသခင်က ပြဋ္ဌာန်းပေးလိုက်တဲ့ စာအုပ်ကြီးလို့တောင် ကျွန်တော်ကတော့ ပြောချင်တယ် အစ်ကို'

သူ ဆက်ပြောမည့်စကားကိုသာ ကျွန်တော် စိတ်ဝင်စားတော့သဖြင့် ကျွန်တော် ဘာမျှ ဝင်ရောက်ဆွေးနွေးခြင်းမပြုတော့ပါ။

'ကျွန်တော်ဟာ တစ်ချိန်မှာ လက်မောင်းပေါ်က အမှတ်အသားနဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ရလိမ့်မယ်၊ အဲဒါအရင်ဘဝဟောင်းက ကျွန်တော့် ညီမတော်စပ်ခဲ့သူဖြစ်တယ်၊ အဲဒါ ကျွန်တော့်စာအုပ်ကြီးထဲမှာ ပါလာတဲ့ အသင့်ရေးထားပြီးသား စာမျက်နှာတစ်ခုပဲ ဆိုပါတော့ အစ်ကို'

'မောင်ဖုန်းကျော်'

ထိုစဉ်က သူ့စကားများသည် စိတ်ဝင်စားစရာကောင်းသော်လည်း တဖြည်းဖြည်း အခြေအမြစ် မရှိဖြစ်လာသည်ဟု ကျွန်တော်ယူဆမိသဖြင့် သူ့ကို တစ်ခုခုပြောသိမ့်ဖို့အတွက် ကြိုးစားခဲ့သေး၏။ သို့သော်လည်း ကျွန်တော့်စကားက အရာရောက်ခဲ့ဟန် မတူပါ။ သူက သူ့စကားကိုသာ ပြီးဆုံးအောင် ဆက်ပြောခဲ့ပါသည်။

'သာမန်လူတွေထဲမှာတော့ ကျွန်တော်က နည်းနည်းကံထူးသူ တစ်ယောက် ဖြစ်မှာပေါ့လေ.... ဘာဖြစ်လို့လဲဆိုတော့ စာကြောင်းလေး တစ်ကြောင်း တစ်လေတောင် ကြိုတင်မသိနိုင်တဲ့ အဲ့ဒီပြဋ္ဌာန်းစာအုပ်ကြီးထဲက

www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ အတော်များများကို ကျွန်တော်က ကြုံသိခဲ့ရတယ်လေ၊ ဘဝ ယောင်းက မောင်နှမတွေ တော်စပ်ခဲ့တာမို့ အဲဒီမိန်းကလေးကို ကျွန်တော် လက်ထပ်ရပေမယ့် အိမ်ထောင်သက်မရှည်ဘူး၊ သားသမီး တစ်ဦးတစ် ယောက်မှ မထွန်းကားခင်မှာပဲ ကျွန်တော် ဘဝတစ်ခုကို ပြောင်းလဲရလိမ့် မယ်။ သာသနာပြု ပုဂ္ဂိုလ် တစ်ယောက်အဖြစ်နဲ့ ကျွန်တော့်ဘဝကို မလွဲ မသွေ အဆုံးသတ်ရလိမ့်မယ် အစ်ကို'

ထိုနေ့က မောင်ဖုန်းကျော်၏ မင်္ဂလာဆည့်ခံပွဲသို့ ကျွန်တော်အချိန် မီရောက်အောင် သွားနိုင်ခဲ့ပါသည်။

'အစ်ကို ကျွန်တော်တို့ မင်္ဂလာပွဲကို အဝေးကြီးကနေ အခုလို ရောက်အောင်လာပြီး ချီးမြှင့်တာ ဝမ်းသာလိုက်တာ အစ်ကိုရာ'

မောင်ဖုန်းကျော်သည် ရင်ထဲမှာ မရှိသော စကားကို အပြင်သို့ ထုတ်ပြတတ်သူမဟုတ်။ တုန်ယင်လှိုက်လှဲနေသောအသံကလည်း သူ့ အမှန် တကယ် ဝမ်းသာနေကြောင်း ဖော်ပြနေပေသည်။ ကျွန်တော်ကတော့ ထို အချိန်မှာ မောင်ဖုန်းကျော်ပြောခဲ့ဖူးသည့် အကြောင်းအရာနှစ်ခုကိုပဲ သတိရ နေမိသည်။

'ကျွန်တော်ဟာ တစ်ချိန်မှာ လက်မောင်းပေါ်က အမှတ်အသားနဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ရလိမ့်မယ်'

'သာသနာပြုပုဂ္ဂိုလ်တစ်ယောက်အဖြစ် ကျွန်တော့်ဘဝကို အဆုံး သတ်ရလိမ့်မယ်'

'အစ်ကို ကျွန်တော့်ဇနီးလောင်းရဲ့နာမည်က....'

မောင်ဖုန်းကျော် မိတ်ဆက်ပေးနေသော သတို့သမီး၏ အမည်ကို ပင် ကျွန်တော် သဲကွဲစွာ မကြားလိုက်။ ရှားရှားပါးပါး လှသည့် မိန်းကလေး ပါပဲ။ 'မှန်ဇာ' ဟုခေါ်သည့် ကြည်လင်ပါးလှပ်သော ပိတ်သားကြောင့် သတို့သမီး၏ လက်မောင်းသားကို ထွင်းဖောက်မြင်နေရသည်။ ထိုလက်



မောင်းပေါ်မှာ ထင်ရှားသော အမည်းရောင် အမှတ်အသား....။

မောင်ဖုန်းကျော်တို့ ဇနီးမောင်နှံက အခြားသော ဧည့်သည်များကို ဆက်လက်ဧည့်ခံနေပြီဖြစ်၏။ သူတို့ မောင်နှံကို ကြည့်ရင်း 'နေနှင့် လ'၊ 'ရွှေနှင့်မြ' ဟူသော စကားသည် သူတို့အတွက် ပေါ်ပေါက်လာခဲ့လေသ လားဟူ၍ ကျွန်တော် စဉ်းစားနေမိသည်။

'သားသမီးတစ်ယောက်မှ မထွန်းကားမီမှာပဲ ကျွန်တော် ဘဝတစ်ခု ကို ပြောင်းလဲရလိမ့်မယ်၊ အဲဒီဘဝကတော့ သာသနာပြုပုဂ္ဂိုလ်အဖြစ်နဲ့ ဘဝကို အဆုံးသတ်ရလိမ့်မယ်....အစ်ကို'

ထိုအချက် ဆက်လက်၍ မှန်ခြင်း မမှန်ခြင်းကိုမူကား ကျွန်တော့် အနေဖြင့် စိတ်ရှည်ရှည်စောင့်ကြည့်ရန်မှတစ်ပါး အခြား မရှိနိုင်ပါပေ။


မေတ္တာရှင် မောင်ဓမ္မခေါင်

(မှခင်းရောင်စုံ)

●

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ချစ်စနိုး

## မြရတီ

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်ကျော် ကျွန်တော်အသက်နှစ်ဆယ့်ငါးနှစ်အရွယ်က ကျွန်တော်သည် ပန်းချီဆရာတစ်ယောက် ဖြစ်ခဲ့သည်။ ထိုစဉ်က မြန်မာပြည်၏ ပန်းချီလောက၏အခြေအနေအရ ပန်းချီဆရာ အများစုသည် ပန်းချီဆွဲခြင်းဖြင့် စားဝတ်နေရေး မဖူလုံကြ၊ ဆင်းရဲမွဲနေသော ဘဝနှင့် ရင်ဆိုင်ရုန်းကန်နေရသည်။ နာမည်ရဆဲ ရှိပြီး ပန်းချီဆရာများပင်လျှင် အနည်းငယ်မျှသာ မဂ္ဂဇင်းတို့၌ လည်းကောင်း၊ လစဉ်ထုတ်လုံးချင်းများ၌ လည်းကောင်း၊ ပုံများ ရေးဆွဲခြင်းဖြင့် အသက်မွေးနေကြရသည်။ ထိုခေတ်က မျက်နှာဖုံး ပန်းချီတစ်ပုံလျှင် ပန်းချီခငွေခြောက်ဆယ်မျှသာ ရကြသည်။

ကျွန်တော့်မှာ နာမည်ရရန် ကြိုးစားဆဲ ပန်းချီဆရာတစ်ယောက်ဖြစ်သဖြင့် ဘဝဝမ်းရေးတွင် ပိုမိုကျပ်တည်းမည်ဟု ထင်နိုင်စရာအကြောင်းရှိပါသည်။ ပန်းချီပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရလျှင် ထိုသို့ဖြစ်နိုင်ပါသည်။ သို့သော် ကျွန်တော့်မှာ လူ့ပျို့လူလွတ်ဖြစ်သည့်ပြင် ကျွန်



တော်၏ မိဘနှစ်ပါးမှာ ချမ်းသာကြွယ်ဝကြပါသည်။ ရန်ကုန်မြို့ ငမိုးရိပ်ချောင်း တစ်နေရာတွင် ဆန်စက်တစ်လုံး တည်ထားပါသည်။

ထို့ကြောင့် ကျွန်တော်သည် စားဝတ်နေရေးအတွက် ပူပန်သောကကင်းစွာ ကိုယ့်ဝါသနာပါရာ ပန်းချီပညာကို လေ့လာဆည်းပူးနိုင်ပါသည်။ ရေးဆွဲနိုင်ပါသည်။ ထို့ပြင် ကျွန်တော်၏ မိဘများကလည်း ကျွန်တော့်၏ ဝါသနာကို အားပေးအားမြှောက်ပြုကြပါသည်။

တစ်နေ့သ၌ ကျွန်တော်သည် ကျွန်တော်၏ သူငယ်ချင်းပန်းချီဆရာများနှင့်အတူ စကားစမြည်ပြောရင်း အကြံတစ်ခုရလိုက်သည်။

'ဟေ့ ကောင်းမြတ်၊ ခု တို့ အခန်းထဲမှာ ပန်းချီဆွဲနေရတာကြာပြီ၊ တစ်ခါတစ်လေ (Out Door) ထွက်ပြီး ဆွဲရရင် ကောင်းမယ် ထင်တယ်'

'အေး ကောင်းသားပဲ၊ ဘယ်ကို ထွက်မလဲ ဥက္ကာ'

'ဟိုကွာ တောတောင်ထူထပ်တဲ့ ရှမ်းပြည်နယ်တောင်ပိုင်းဘက်ကို ထွက်ဆွဲရရင် ကောင်းမလားလို့'

'ဟာ ခေါင်းတွင်းကြီးကွာ'

နှင်းကျော်ဟုခေါ်သော ကျွန်ုပ်သူငယ်ချင်းပန်းချီဆရာတစ်ယောက်က ဝင်၍ ပြောသည်။ သို့သော် ပြောသာပြောရသည်။ နှင်းကျော်၏ မျက်နှာ၌လည်း ခရီးထွက်ချင်ပုံပေါ်နေသည်။ ပြီးတော့ ကောင်းမြတ်နှင့် နှင်းကျော်တို့သည် ကျွန်တော်ကဲ့သို့ ချမ်းသာသော မိဘများ၏ သားသမီးများ ဖြစ်ကြသည်။ ခရီးထွက်စဉ် ငွေကြေးများ ဖောဖောသီသီ သုံးစွဲနိုင်ကြသည့်ပြင် နောက်ဆံငင်စရာ ဘာအကြောင်းမှ မရှိကြ၊ ထို့ကြောင့် ခဏအကြာ၌ အငြင်းထည်များ ပြည့်စုံစွာယူကာ ရှမ်းပြည်နယ်ဘက်သို့ ခရီးထွက်ရန် သဘောတူကြပါသည်။

ကျွန်တော် ပန်းချီဆရာ ဥက္ကာမင်းစိုးသည် ဤစာကို ရေးသားနေ

www.burmeseclassic.com

www.burmeseclassic.com



ချိန်၌ အသက်ခြောက်ဆယ်တင်းတင်း ပြည့်ပါပြီ။ ရောဒ်ကွကြောင့် ကျွန်တော်သည် ငယ်စဉ်ကလို ပန်းချီကားများစွာ မရေးဆွဲနိုင်တော့သော်လည်း စိတ်ပါသည့်အခါ ပန်းချီရေးနိုင်သည့်အခါများတွင် ပန်းချီဆွဲလေ့ရှိပါသည်။ ကျွန်တော် ဆွဲလေ့ရှိသော ပန်းချီကားမှာ တစ်ကားတည်းသာဖြစ်၍ ထိုပန်းချီကားသည် နှစ်ပေါင်းသုံးဆယ်ကျော်မှ ယခုတိုင် ကျွန်တော် ဆွဲနေသော မပြီးသေးသော ဆွဲလက်စပန်းချီကားပင်ဖြစ်ပါသည်။

စာပတ်သူ နားရှုပ်သွားမည်ကို ကျွန်တော် သိပါသည်။ သို့သော် ကျွန်တော်၏အဖြစ်သည် ရှည်အတုံးပြည်သကဲ့သို့ တစ်စစီ ဆွဲ၍ ထုတ်မှ ပြည့်မှ ရှင်းလင်းနားလည်သွားနိုင်မည်ဟု ထင်သဖြင့် ကျွန်တော်၏ အကြောင်းကိုသာ ဆက်၍ တင်ပြပါမည်။ ဤသို့ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်သည် ရှမ်းပြည်နယ်မြောက်ပိုင်းသို့ ခရီးထွက်ခဲ့ကြသည်။ ကားဖြင့် သီပေါသို့ ရောက်ခဲ့ကြသည်။ ထိုစဉ်ကာလက သီပေါမှလားရှိုးသို့ ရထားလမ်း မရှိသေး။ သို့သော် တောတောင်ပိုင်း၍ ထူထပ်ကာ ရှုခင်းကောင်းမည် အထင်ဖြင့် ကျွန်တော်တို့သည် သီပေါမှ လားရှိုးသို့ လားများ ငှားစီး၍ လမ်းပြတစ်ယောက်နှင့်အတူ ခရီးဆက်ခဲ့ကြပါသည်။

'ချမ်းလိုက်တာကွာ သေတော့မယ်' ဟု ကောင်းမြတ်နှင့် နှင်းကျော်တို့သည် ခရီးတစ်လျှောက်လုံး ညည်းညူလာကြရင်း ကျွန်တော်တို့သည် လားရှိုးသို့ ရောက်လာကြသည်။ ဒီဇင်ဘာလ၏ ဒုတိယပတ်ဖြစ်သည်။ လားရှိုး၌ ရေမခဲသော်လည်း ရေရှိရာ နေရာတိုင်း၌ ရေမျက်နှာပြင်များသည် တင်း၍ နေသည်။ ကြည့်လိုက်ရာနေရာတိုင်း နှင်းများတဝေဝေ ကျကာ မှုန်မှိုင်းနေသည်။ လေကတသုန်သုန် တိုက်မနေသဖြင့် တော်သေးသည်ဟု ကျွန်တော် ဖြေရသည်။

သို့သော် ကောင်းမြတ်နှင့် နှင်းကျော်တို့က ကျွန်တော့်လို မဖြေနိုင်။ 'ဟာ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဥက္ကာ၊ ဒီလောက်ချမ်းနေတာ ကြာရင် ဒုက္ခ



ရောက်လိမ့်မယ်၊ တို့ပြန်မယ်' ဟု ဆိုသည်။ ကျွန်တော်တို့ တည်းခိုနေသည်မှာ လားရှိုးမြို့ မြို့မဈေး၏ မြောက်ဘက်မှ ဒုဋ္ဌဝတီတည်းခိုခန်းတွင် ဖြစ်သည်။ နှစ်ယောက်အိပ်ခန်းတစ်ခုကို သုံးယောက် တည်းခိုနေကြသည်။ ကျွန်တော်တို့ လားရှိုးသို့ ရောက်နေကြသည်မှာ တစ်ရက်သာ အပြင်ထွက်၍ ပန်းချီဆွဲကြရသေးသည်။

ကျွန်တော်က မပြန်ရန် အတန်တန် တားမြစ်ပါသော်လည်း ကောင်းမြတ်နှင့် နှင်းကျော်သည် နောက်တစ်ရက်အကြာတွင် ပြန်ရန် အထုပ်အပိုးပြင်ကြသည်။ ကျွန်တော့်ကိုလည်း တစ်ပါတည်းလိုက်ခဲ့ရန် ခေါ်သည်။ သို့သော် ကျွန်တော်သည် သူတို့အလိုကို ငြင်းကာ ဖွတ်အတင်းပင် နေရစ်ခဲ့သည်။ မည်သို့ဆိုစေ ကျွန်တော်သည် ရှမ်းပြည်နယ် ရှုခင်းပုံများကို ဆွဲလိုစိတ်ပြင်းပြလျက် ရှိသည်။

သို့သော် တစ်ယောက်တည်းမို့ တစ်ကြောင်း၊ လောကတစ်ခုလုံး နှင်းတွေပိန်းပိတ်အောင်ကျကာ ခိုက်ခိုက်တုန်အောင် ချမ်းလှသဖြင့် တစ်ကြောင်းတို့ကြောင့် ကျွန်တော်သည် သူတို့ပြန်သွားပြီးနောက်နေ့ထိ အပြင်ထွက်နိုင်ဘဲ အခန်းအောင်း၍ နေရသည်။ အခန်းထဲ၌ပင် ဟိုတစ်နေ့က ခဲကြောင်းထားသော ရှုခင်းပုံတစ်ပုံကို ဆေးချက်တင်ရန် ပြင်ဆင်နေသည်။ ထိုအခိုက် အချမ်းဓာတ်သည် ကျွန်တော့်ကို ပန်းချီဆွဲ၍ မရလောက်အောင် ဒိစီးလာသည်။ မေးချင်းတခတ်ခတ် ရိုက်နေသည်။

ထို့ကြောင့် ကျွန်တော်သည် ပန်းချီဆွဲရပ်လိုက်ကာ အချမ်းဒဏ်ခံနိုင်ရန် အောက်ထပ်ရှိ စားသောက်ခန်းမှ ယူလာသော ဘရန်ဒီပုလင်းထဲမှ ဘရန်ဒီအနည်းငယ်ကို ရေမရောဘဲ မျိုချလိုက်သည်။ ခဏအကြာ တစ်ကိုယ်လုံး နွေးလာမှ အိပ်ရာပေါ်သို့ တက်ကာ စောင်ခြုံ၍ အိပ်လိုက်သည်။ ဆိုးရွားသော ရာသီဥတုကြောင့် ခေတ္တခဏဖြစ်စေ၊ အနားယူမှ ဖြစ်တော့မည်ဟု ကျွန်တော် တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'စောစောကို ဒီလိုနေရာမျိုးမှာ လာထားရတာ ကျုပ်လုံးဝ စိတ်မချမ်းသာဘူး။ ဒါပေမယ့် အလွန်ဆုံးကြာရင် သုံးရက်ပါ စောစော၊ သည်းခံပြီးစောင့်နေပါနော်'

'ဘယ်နေရာမှာ နေရ နေရ ကျွန်မအဖို့တော့ သုံးရက်မဟုတ်ဘူး။ လပြည်မှာ သုံးစကွန့်တောင် မနေချင်တော့ပါဘူး'

'ဒီလိုတော့ မပြောလိုက်ပါနဲ့ အားတင်းထားပါ။ ကျုပ် ရှေ့လို့ ဒီကို သုံးရက်အတွင်းပြန်ရောက်အောင် မြင်းနဲ့ နှင်သွားမှာပါ။ အင်း ကံဆိုးလို့ ပြန်မရောက်ရင်တော့'

'ကိုစိုင်းရွှေ သေပြီလို့ ကျွန်မ မှတ်လိုက်ပါ့မယ်။ အဲဒီအခါမှာ သူလဲ ကျွန်မဆီ ရောက်လာတော့မှာပေါ့'

သုံးထပ်သားများ ကာ၍ အခန်းဖွဲ့ထားသော တစ်ဘက်ခန်းမှ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့၏ စကားပြောသံများဖြစ်သည်။ ကျွန်တော်သည် သူတို့ပြောစကားများကို ကြားနေရသော်လည်း အဓိပ္ပာယ်လည်း နားမလည်၊ စိတ်လည်း မဝင်စားပေ၊ စိတ်ထဲမှ ဆောင်နှင်းဂွမ်းကပ်များ ထူထဲစွာ ခြုံထားလျက်က အချမ်းဓာတ် လျော့မသွားသေးသဖြင့် နောက်ထပ် ဘရန်ဒီ နည်းနည်းထပ်သောက်ရလျှင် ကောင်းမလားဟု အကြံ ဖြစ်နေသည်။ သို့သော် ကျွန်တော်သည် အသောက်လွန်ကာ မူးသွားမည်ကိုလည်း ကြောက်နေသည်။ ထိုသို့ ကျွန်တော့်စိတ်မှ ချီတုံချတုံဖြစ်နေစဉ် 'ကဲ သွားမယ် စောစော၊ စိတ်ကို ငြိမ်ငြိမ်ထားပြီး အနားယူလိုက်ပါ' ဟု နှုတ်ဆက် စကားပြောကာ အခန်းထဲမှ ထွက်သွားသော ယောကျ်ားသံကို ကြားရသည်။

ကျွန်တော်၏ ဘရန်ဒီပုလင်းထားရာ စားပွဲသည် အခန်းနှစ်ခန်းကို ပိုင်းဖြတ်၍ ကာထားသော သုံးထပ်သားပြားများနှင့် ထိကပ်လျက်ရှိသည်။ နောက်ဆုံး၌ ကျွန်တော်သည် အိပ်ရာမှထကာ ဘရန်ဒီသောက်၍



ယှောက်လာသည်။ ကျွန်တော်သည် ဖန်ခွက်ထဲသို့ ဘရန်ဒီလက်နှစ်လုံး လောက်ထည့်သည်။ သည်တစ်ခါတော့ မူးသွားမှာ ကြောက်သဖြင့် အရက်ထဲသို့ ရေများများ ရောထည့်သည်။ ကျွန်တော်သည် အရက်ဖန်ခွက်ကိုကိုင်ကာ သောက်လိုက်မည်ဟု လုပ်ခိုက်၊ ကျွန်တော်၏ နားထဲသို့ မိန်းကလေးတစ်ယောက်၏ ငိုသံသဲ့သဲ့ကြားရသည်။ တစ်ချက်တစ်ချက် ရှိုက်လိုက်သံကိုလည်း ကြားရသည်။

ကျွန်တော်သည် အရက်မသောက်သေးဘဲ ပထမ ငိုသံကို နားစွင့်လိုက်သည်။ ထို့နောက် စိတ်နောက်ကိုယ်ပါ ဆိုသလို သုံးထပ်သားပြားနှစ်ချပ်ဆက်ကာထားရာ ကြားမှ တစ်ဘက်ခန်းသို့ ချောင်းကြည့်လိုက်မိသည်။ ကြည့်လျှင် မိန်းကလေးတစ်ယောက်ကို မြင်ရမည်ဟု ကြိုသိသည်။ ထိုမိန်းကလေးသည် ငိုနေမည်ဟုလည်း ဆက်သိသည်။ သို့သော် ထိုအသိနှင့် မြင်လိုက်ရသော မိန်းကလေးကို ဆက်၍ ကြည့်ရင်း ကျွန်တော့်ထံသို့ မော်ပြရန် ခက်ခဲသော ခံစားချက်အချို့သည် ရောက်၍ လာသည်။ ဘာခံစားချက်လဲဟု ဆက်၍ မသိနိုင်ခင် ကျွန်တော်၏ စိတ်တို့သည် တစ်ခဏချင်းပင် မှုန်မှိုင်းရီဝေ၍လာသည်။ ကျွန်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံး ငြိမ်သက်၍ သွားပြန်သည်။

မိန်းကလေးသည် ခုတင်ပေါ်တွင် ခြေနှစ်ဘက်အောက်သို့ ချကာ ထိုင်နေသည်။ လက်နှစ်ဘက်ကို ပေါင်ပေါ်တွင် တင်ထားကာ ညာဘက်လက်ဖြင့် လက်ကိုင်ပုဝါတစ်ထည်ကို ကိုင်ထားသည်။ သူ၏ ရှည်လျားသော ဆံပင်တို့သည် ရင်ညွန့်ပေါ်တွင် ဖြာကျ အုပ်မိုးလျက် ရှိသည်။ တစ်ချက် ရှိုက်လိုက်သံကြားရသဖြင့် သူ့မျက်နှာဆီကို အကြည့်ပြောင်းလိုက်သည်။ အခန်းမီးရောင်ဖြင့် သူ့မျက်နှာကို မြင်ရမှ ခုနက ငြိမ်သက်မှိုင်းဆနေသော စိတ်တို့သည် လေကြမ်းအတိုက်ခံရသလို မငြိမ်မသက်ဖြစ်လာပြန်သည်။ အမည်မသိ ခံစားချက်တစ်ခု ဒါမှမဟုတ် ဆန္ဒတစ်ခုသည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲသို့ အပြေးဝင်လာသည်။

ကော့ရွှန်းသော မျက်တောင်ကော့ကြီးများသည် မျက်ရည်တို့ဖြင့် စိုစွတ်နေသည်။ သို့သော် မျက်လုံးအစုံသည် ကြည်လင်တောက်ပလျက် ရှိသည်။ မျက်ရည်တို့သည် ပါးနှစ်ဘက်ပေါ်သို့ စီးကျလာစဉ် သူက ထပ်၍ ငိုရှိုက်လိုက်ပြန်သည်။ ရတ်တရက် ပွင့်အာသွားသော နှင်းဆီဖူး နှုတ်ခမ်းနှစ်မွှာကို လှမ်းမြင်ရသည်။ ကျွန်တော် တစ်ကိုယ်လုံး ဖျဉ်းခနဲ ဖြစ်သွားသည်။ ရင်တလှပ်လှပ်လည်း ဖြစ်လာသည်။ ကျွန်တော်ကိုယ်တိုင် အံ့သြနေရသော ကျွန်တော့်ထဲ ရောက်ရှိနေသော အမည်မသိ ဆန္ဒတစ်ခု ကိုကား ကျွန်တော်သည် ထိုမိန်းကလေးကို ပန်းချီဆွဲလိုခြင်းပင်တည်း။

ကျွန်တော်၏ စိတ်ထဲ၌ သူ့ကို စိတ်ကူးလိုက်ရုံဖြင့် သူ့ရုပ်သွင်ကို ဓာတ်ပုံတစ်ပုံကြည့်ရသလို ရှင်းလင်းပြတ်သားစွာ မြင်နေရသည်။ ထို့ ကြောင့် ကျွန်တော်သည် သူ့ကို မြင်တွေ့ရန် ထပ်ခါတလဲလဲ ချောင်းနေ မိသည်။ အပြင်ထွက်ရန် ပန်းချီဆွဲရန် အကြံအစည်မှာ ကျွန်တော့်ထံ၌ မရှိတော့ပြီ။ စိတ်ကူးထဲမှ သူ့ရုပ်သွင်ကို ပန်းချီအနုပညာဈာန်ဖြင့် ရေးဆွဲ နေစဉ် ကျွန်တော်သည် သူနှင့် ကျွန်တော်သာ နှစ်ယောက်တည်းရှိ သီးခြား ကမ္ဘာတစ်ခုသို့ ရောက်နေသည်ဟုပင် ထင်ရသည်။ ပန်းချီဆွဲရင်း သူသည် တစ်စတစ်စ အသက်ဝင်လာသည်။ မသိမသာ လှုပ်ရှားလာသည်။ တစ်ခါ တစ်ရံ သူသည် ကျွန်တော့်ကို စကားတစ်ခွန်းနှစ်ခွန်းပင် ပြောသည်ဟု ထင်ရသည်။

ဤသို့ဖြင့် နှစ်ရက်လွန်မြောက်သွားသည်။ ကျွန်တော် ပန်းချီဆွဲရင်း ဘာဖြစ်နေသနည်း။ ကျွန်တော် ရူးများနေသလား သို့သော် တစ်ခါတစ်ရံ အနုပညာအလုပ်သည် လူသာမန်တို့၏ အမြင်၌ စိတ္တဇဆန်နေတတ်သည် ဟု ကြားဖူးသည်။ အမှန်မှာ သူသည် ကျွန်တော့်ရင်ထဲ၌ အသက်ဝင်နေ သဖြင့် ပန်းချီကား၌လည်း အသက်ဝင်လှုပ်ရှားလာဟန်တူပါသည်။ ထိုသို့



ဖြင့် ပန်းချီဆွဲရင်း သုံးရက်မြောက်သို့ ရောက်လာသည်။

ထိုအခါ ကျွန်တော်သည် မိန်းကလေးနှင့် ပတ်သက်၍ တစ်ခု သတိရလိုက်သည်။ ရင်ထဲ၌ ထိတ်ခနဲလည်း ဖြစ်မိသည်။ သူနှင့် စကား ပြောခဲ့သူက ရွှေလီမှ သုံးရက်အတွင်း လားရှိုးသို့ အရောက်ပြန်လာမည်ဟု ပြောခဲ့သည်။ ယခု သုံးရက်ရှိနေသည့်တိုင် ပြန်မရောက်သေး။ ကျွန်တော် သည် သူတို့ကိစ္စ သူတို့အကြောင်းကို ဘာမှ မသိရဘဲ ကြားထဲမှ စိုးရိမ် ပူပန်နေမိသည်။

ထိုသုံးရက်မြောက်သောနေ့၌ ရာသီဥတုက ဆိုးရွားလာပြန်သည်။ နှင်းတွေ မှိန်းပိတ်အောင် ကျနေသည့်ပြင် လေကြမ်းများပါ ထိုက်ခတ်နေ သဖြင့် အချမ်းဓာတ်သည် မခံမရပ်နိုင်အောင် လွန်ကဲနေသည်။ ထို့ကြောင့် ကျွန်တော်သည် ဘရန်ဒီကို သွား၍ သတိရပြန်သည်။ အချိန်မှာ ညစာ မစားမီ ခုနစ်နာရီခန့်ဖြစ်သည်။ ကျွန်တော်သည် ဖန်ခွက်ထဲမှ ဘရန်ဒီကို မော့သောက်လိုက်စဉ်က တစ်ဘက်ခန်းမှ ငိုသံသဲ့သဲ့ကို ကြားရသည်။ မိန်းကလေး ငိုနေပြန်ပြီ။

ယခု တစ်ခါ၌လည်း ကျွန်တော်သည် မိန်းကလေးရှိရာ အခန်းဘက် သို့ ချောင်းကြည့်လိုက်မိသည်။ သူ ငိုနေသည်ကို သွားရောက်ချော့မော့ရ လျှင် ကောင်းမလားဟု မဆီမဆိုင် စိတ်အကြံဖြစ်လိုက်သေးသည်။ သို့သော် မိန်းကလေးသည် တမြန်နေ့က အနေအထားအတိုင်း ထိုင်၍ ငိုနေရင်းမှ ချက်ချင်း အငိုရပ်ပစ်လိုက်သည်။ ထို့ကြောင့် ကျွန်တော်သည် ပို၍ စိတ်ဝင် စားသွားကာ မိန်းကလေးကို အသေအချာပြန်ကြည့်လိုက်သည်။ ထိုအခါ မိန်းကလေး၏ ညာလက်ထဲတွင် ရေအပြည့်နှင့် ဖန်ခွက်တစ်ခွက်ကို တွေ့ရ ပြီး ဘယ်ဘက်လက်မှာ လက်သီးဆုပ်လျက်ရှိသည်ကို မြင်ရသည်။

ထိုခဏ၌ မိန်းကလေးသည် သူ၏ ဆုပ်လျက်ရှိသော ဘယ်လက် ကို ဖြန့်ကာ အတန်ကြာကြည့်နေသည်။ ကျွန်တော်သည်လည်း မိန်းကလေး

www.burmeseclassic.com



၏ လက်ဖဝါးပေါ်သို့လှမ်းကြည့်လိုက်သည်။ အခန်းတွင်းမှ မီးရောင်ဖြင့် သူ၏ လက်ဖဝါးပေါ်မှ ဆေးပြားကလေးများကို မြင်ရသည်။ ဆယ်ပြားထက် မနည်းသော ဆေးပြားငယ်ငယ်ကလေးများ၊ အိပ်ဆေးပြားများ ကျွန်တော်သည် ထိုအသိကို ရုတ်ချည်းသိလိုက်ပြီး ကျွန်တော့်စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

သို့သော် မိန်းကလေးက ဆေးပြားအားလုံးကို ပါးစပ်တွင်းသို့ ပက်သွင်းကာ ဖန်ခွက်ထဲမှ ရေကို အကုန်သောက်ပစ်လိုက်သည်။ ဘုရား ဘုရား ကျွန်တော်သည် စိုးရိမ်စိတ်ဖြင့် မွန်ထူသွားသည်။ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိဘဲ ယောင်တိယောင်နှ ဖြစ်နေသည်။ ဒါ အိပ်ဆေးတွေ အလွန်အကျွံ သောက်ပြီး သေကြောင်းကြံလိုက်တာပဲ။ မဖြစ်ဘူး။ မဖြစ်ဘူး အချိန်မီ သူ့အသက်ကို ကယ်မှ။ ထိုသို့တွေးနေစဉ် မိန်းကလေးသည် အိပ်ရာပေါ်သို့ လှဲအိပ်ချလိုက်သည်။

ကျွန်တော်သည် ချက်ချင်းပင် အခန်းပြင်သို့ ပြေးထွက်လာခဲ့သည်။ တည်းခိုခန်းကောင်တာအရောက် အပြေးအလွှားသွားသည်။

'ဒီမှာ ဒီမှာ မိန်းကလေးတစ်ယောက် သေကြောင်းကြံလို့'

ကျွန်တော်က ထိုသို့ အသေအကြီးပြောစဉ် ကောင်တာမှ တည်းခိုခန်းမန်နေဂျာသည် ကျွန်တော့်ကို မြူးတူးပြဲတဲ ပြန်ကြည့်သည်။ ကျွန်တော်က လှုပ်ရှားနေသော စိတ်ကိုထိန်းကာ အဖြစ်အပျက်တို့ကို မြန်မြန်ဆန်ဆန် ရှင်းပြသည်။

'ဘယ်အခန်းကလဲ'

'ဟို ဟို ကျွန်တော့်အခန်းဘေးက ကျွန်တော့်နာမည် ဥက္ကာမင်းနိုးပါ'

'ဪော် သိပြီ၊ မိန်းကလေးတစ်ယောက်တည်း တည်းနေတာ၊ သူ့ နာမည် စောဝေနွယ်တဲ့'



'စောဝေနွယ်' ဟု ကျွန်တော့်နှုတ်မှ ဆိုလိုက်မိသည်။ ထို့နောက် မန်နေဂျာက 'သေချာရဲ့လား' ဟု ကျွန်တော့်ကို မေးသည်။ ကျွန်တော်က သေချာကြောင်း ခေါင်းညိတ်ပြလျှင် မန်နေဂျာသည် လားရှိုးရဲဌာနသို့ လှမ်းဖုန်းဆက်သည်။ တစ်ဆက်တည်း လားရှိုးဆေးရုံသို့ ဖုန်းထပ်ဆက်သည်။ တစ်နာရီခန့်အကြာ ဆရာဝန်နှင့် ရဲတို့ ရောက်လာကြသောအခါ စောဝေနွယ်သည် အခန်းထဲ၌ အိပ်ပျော်လျက် ရှိနေပြီ။

အိပ်ပျော်လျက်ပင် စောဝေနွယ်ကို ဆေးရုံကားဖြင့် တင်ခေါ်သွားကြသည်။ ထုံးစံအတိုင်း ရဲတို့က ကျွန်တော်နှင့် မန်နေဂျာတို့ကို အစစ်ဆေးရန် ရဲဌာနသို့ ခေါ်လာကြသည်။ ကျွန်တော်တို့နှစ်ယောက်သည် အဖြစ်မှန်အတိုင်း ထွက်ဆိုကြပြီးလျှင် တည်းခိုခန်းသို့ ပြန်လာခဲ့သည်။ ကျွန်တော့်မှာ ထိုညတစ်ညလုံးအိပ်၍ မပျော်ပေ။ နာမည်ကိုပင် ခုမှသိရသော စောဝေနွယ်တစ်ယောက် ကျန်းမာချမ်းသာပါစေဟု စိတ်လှုပ်ရှားစွာ ဆုတောင်းရင်း မိုးစင်စင်လင်းသွားခဲ့သည်။ မိုးလင်းချိန်၌ ကျွန်တော်၏ အခန်းတံခါးသာ ခေါက်သံကြားရသည်။ ကျွန်တော် တံခါးဖွင့်ပေးလိုက်လျှင် အခန်းသ၌ ရပ်နေသော မန်နေဂျာကို တွေ့ရသည်။

'ကျွန်တော် လားရှိုးဆေးရုံကို ဖုန်းဆက်ကြည့်တယ်'

'အဲ အဲ ပြောပါဦး၊ သူ နေကောင်းသွားပြီ မဟုတ်လား'

ထိုအခါ မန်နေဂျာက ခေါင်းဖြည်းဖြည်းယမ်းပြသည်။

'ဝမ်းနည်းစရာပဲဗျာ၊ သူက အိပ်ဆေးတွေနဲ့ စိန်ဖြူအဆိပ်လို့ ခေါ်တဲ့ (Arsenic) ဆေးပြားတွေပါ ရောပြီး သောက်လိုက်တာတဲ့ မြန်မြန် သေချင်တဲ့ အကြောင်းရှိလို့နေမှာပေါ့။ ခုတော့ မနက်လေးနာရီကပဲ စောဝေနွယ် ဆုံးပြီလို့ ဆေးရုံက ပြောလိုက်တယ်'

ကျွန်တော်၏ ရင်ထဲသို့ အခံရဆိုးလှသော အလုံးကြီးတစ်လုံး ဆို့ တက်လာသည်။ ကျွန်တော်သည် နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သော

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှ အပူလုံးကြီးကို အတင်းမျိုချရင်း ခံစားချက်ဝေဒနာတို့သည် မခံမရပ်နိုင်အောင် ဖြစ်လာသည်။ ထို့ကြောင့် ကျွန်တော်သည် အခန်းထဲသို့ ဒရောသောပါး ပြေးဝင်လာခဲ့သည်။ ပြီးနောက် စောဝေနွယ်၏ ပန်းချီကားချပ်ကို ကြည့်ရင်း ကျွန်တော်သည် မငိုစဖူး ရှိုက်ကြီးတငင်ငင် ငိုချလိုက်တော့သည်။

သေသောသူဆိုလျှင် ကြာလျှင် မေ့နိုင်ပါသည်။ သို့သော် ကျွန်တော်၏ စိတ်ထဲတွင် စောဝေနွယ် သေသည်ဆိုခြင်းကို မယုံနိုင်သဖြင့် စောဝေနွယ်ကို မေ့မရပဲ ဟုသသဖြစ်နေပါသည်။ ကျွန်တော်သည် ဆေးရုံတွင် စောဝေနွယ် သေဆုံးပြီဟု သိရသည့်နေ့က အကြီးအကျယ် စိတ်ထိခိုက် ဝမ်းနည်းနေသည့်ပြင် စိတ်တွေလည်း ဂယောင်ချောက်ချားဖြစ်နေသည်။ ထို့ကြောင့် စောဝေနွယ် သေဆုံးကြောင်း ကြားသိရပြီး တစ်နာရီအတွင်း၌ပင် လားရှိုးမှ ရရာ ကားငှား၍ ရန်ကုန်သို့ ပြန်လာခဲ့သည်။

ဘာကြောင့် ကျွန်တော် ထိုသို့လုပ်လိုက်သည်ကို ကျွန်တော်ကိုယ်တိုင် မသိ၊ တကယ်ဆို ကျွန်တော်သည် ဆေးရုံသို့ သွား၍ စောဝေနွယ်ကို နောက်ဆုံးကြည့်ခြင်းဖြင့် သွားကြည့်သင့်သည်။ ဤသို့ မလုပ်မိသည်မှာ ဘာကြောင့်နည်း။ စောဝေနွယ်အတွက် စိတ်မထိန်းနိုင်လောက်အောင် ဝမ်းနည်း ပက်လက်ဖြစ်နေလို့လား၊ သို့သော် ကျွန်တော်၏တခြား စိတ်တစ်မျိုးမှာ စောဝေနွယ်ပုံပန်းချီကားချပ်သည် ကျွန်တော့်ထံ ပါလာသည့် နည်းတူ စောဝေနွယ်သည်လည်း ကျွန်တော်နှင့် အသက်မသေဘဲ အတူပါလာသည်ဟု သိရှိယုံကြည်နေပါသည်။

ကျွန်တော် ရှူးသွားပြီ ထင်ပါသည်။ သို့သော် ရန်ကုန်မြို့သို့ ရောက်



ရှိပြီး ရက်သတ္တပတ်အကြာ ကျွန်တော်၏ အိပ်ခန်းထဲ၌ ညအချိန် ကြုံတွေ့ရသော အဖြစ်တစ်ခုသည် ကျွန်တော် မရူးသေးကြောင်း သက်သေထူနေပါသည်။ ထိုအဖြစ်အပျက်ကို ကျွန်တော် မြင်တွေ့ရသည့်အတိုင်း စိတ်ထဲ၌ ဖြစ်ပေါ်ခံစားရသည့်အတိုင်း ပြောပြပါမည်။

ညဉ့်ဆယ့်တစ်နာရီထိုးချိန်တွင် ကျွန်တော်သည် စောဝေနွယ်၏ ပန်းချီကားကို ကြည့်ရင်း အိပ်ချင်လာသဖြင့် အိပ်ရာပေါ်သို့ လှဲအိပ်လိုက်သည်။ သို့သော် ချက်ချင်းအိပ်မပျော်သေးဘဲ ကိုယ်တစ်စောင်းလှဲ၍ အိပ်ရင်းမှ စော်ဝေနွယ်ပုံကို တစိမ့်စိမ့် ကြည့်နေမိသည်။ အတန်ကြာသောအခါ ကျွန်တော်သည် မျက်တောင်များ စင်းလာကာ အိပ်ပျော်သွားသည်။

အိပ်မက် မမက်ပါ။ သို့သော် အိပ်ပျော်နေရင်းမှ ကျွန်တော်၏ခန္ဓာကိုယ်ကို လေပြင်းများ တိုက်ခတ်နေသလို ခံစားရသည်။ လေပြင်းကြောင့် ချမ်းစိမ့်အေးမြခြင်း မရှိသော်လည်း ကျွန်တော်သည် ပြင်းထန်သော လေတိုက်နှုန်းကြောင့် အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးလာပါသည်။ ကျွန်တော် နိုးလာစဉ် စအိပ်စဉ်ကအတိုင်း ကိုယ်တစ်စောင်းအနေအထားနှင့် ရှိနေသည်။ ပြီးတော့ အိပ်ရာဝင်စဉ်က မီးမပိတ်မိခဲ့သဖြင့် စောဝေနွယ်၏ ပုံကိုလည်း အိပ်လျက်က လှမ်းမြင်နေရသည်။

စောဝေနွယ်၏ ပုံမှာ စောဝေနွယ်ကို ကျွန်တော် မြင်တွေ့ခဲ့ရသည့်အတိုင်း အိပ်ရာပေါ်၌ ထိုင်နေပုံဖြစ်သည်။ သို့သော် ကျွန်တော် ကြည့်နေရင်း ပုံထဲမှ စောဝေနွယ်သည် မျက်တောင်တဖျတ်ဖျတ်ခတ်လာသည်။ ငိုရှိုက်ခဲ့စဉ်တုန်းကလို နှုတ်ခမ်းမို့မို့ကလေးသည် ခပ်ဟဟ ပွင့်လာသည်။ မှင်တက်မိနေရုံမှအပ ကျွန်တော်ဘာမှ မဖြစ်သေး။

'မောင်'

ယခုမှ ကျွန်တော့်ကို မြင်သွားဟန်ဖြင့် စောဝေနွယ်မှ အသံထွက်လာသည်။ ကျွန်တော်သည် ကြက်သီးဖျန်းခနဲ ထသွားသည်။ ခန္ဓာကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးတွင် သွေးလည်ဝတ်ရှုန်းများ မြန်လာသည်။ သို့သော် ကျွန်တော်သည် အိပ်နေလျက်က တုတ်တုတ်မျှ မလှုပ်ရဲ စောဝေနွယ်ကိုသာ စိန်းစိန်းကြီး ကြည့်နေမိသည်။

ကြည့်နေစဉ် စောဝေနွယ်သည် ခုတင်ပေါ်တွင် ထိုင်နေရာမှ ရုတ်တရက် ထကာ မတ်တပ်ရပ်လိုက်သည်။ ပြီးနောက် 'နောက်ဆုံးဘဝ၊ နောက်ဆုံးမျက်ရည်ကို သုတ်ခဲ့တဲ့ နောက်ဆုံးလက်ကိုင်ပဝါသွားတော့ဟယ်' ဟုဆိုကာ သူ့ညာလက်မှ ကိုင်ထားသော လက်ကိုင်ပုဝါကို လွှင့်ပစ်လိုက်သည်။ ကျွန်တော်သည် အသက်ပင် မရှူရဲ၊ သို့သော် စောဝေနွယ်ကို နားနားဘာဝ၊ စိုညာဉ်ကောင်စသည်ဖြင့် တွေးတောကာ ကြောက်လန့်နေခြင်း ကြောင့်မဟုတ်၊ သူ့ကို လူစင်စစ်ဟုပင် ကျွန်တော်က ထင်နေသည်။ သူ့ကို သည်အတိုင်း ကြည့်နေချင်သည်။ စောဝေနွယ် မည်သို့ ဆက်လက်လှုပ်ရှားမည်ကိုလည်း သိချင်နေသည်။

'ဘဝဆက်တိုင်း ရှာခဲ့ရတဲ့ ချစ်သူကို တွေ့မယ့်တွေ့တော့ အခန်းချင်းကပ် အခန်းထဲမှာ၊ သိပ်နောက်ကျသွားပြီ မောင်မောင်လဲ စောင့်ပါ။ ခုနွယ် မသေပါဘူး၊ ဘဝပြောင်းပြီး မောင့်ကို စောင့်နေတာပါ။ မောင်ဘဝမကူးခင် အချိန်ကုန်တဲ့အထိ လားရှိုးမြို့ရဲ့ မြောက်ဘက်စူးစူးက ဖရဲရုံရွာမှာ နွယ် ရှိပါ့မယ်။ အဲဒီကို လာခဲ့ပါ'

'ဖရဲရုံရွာ' ဟု ကျွန်တော်၏ အမှတ်သညာ၌ စွဲမြဲစွာ သိလိုက်သည်။ ထို့နောက် ကျွန်တော်သည် ဘာဖြစ်သွားမှန်း မသိ၊ အိပ်ပျော်သွားသည်လား၊ သတိမေ့သွားသည်လား၊ ဘာဆိုဘာမှမသိ။ ထိုခဏက စောဝေနွယ်နှင့် ကျွန်တော်၏ကြားတွင် အမှောင်တိုက်ကြီးတစ်ခုကျလာသည်ကိုသာ သတိရလိုက်သည်။



ကျွန်တော် အိပ်ရာမှ နိုးသောအခါ မိုးစင်စင်လင်း နေပေပြီ။ ညက အခန်းမီးသည် ဖွင့်ထားဆဲဖြစ်သည်။ ထို့ကြောင့် ကျွန်တော်၏ အဖြစ်ကို တစ်ကိုယ်တည်း ပြုံးလိုက်မိသည်။ ကျွန်တော်သည် ပန်းချီကားအပေါ် အနုပညာ စုန့်ဝင်ရင်းမှ တစ်ဖန် တစ်ခုဆောတာမျှ တွေ့ခဲ့ရသော စောဝေနွယ်ကို စွဲလမ်းကာ အိပ်မက်တွေ မက်နေခြင်းပါလား။

ထိုသို့ သိပြီး အိပ်ရာမှ ထသည်။ ကျွန်တော်သည် ပြုံးလက်စ အပြုံးဖြင့်ပင် စောဝေနွယ်ပုံကို လှမ်းကြည့်လိုက်ပြန်သည်။ ဟင်ခနဲ ကျွန်တော်၏ နှုတ်မှ အာမေဋိတ်သံ ထွက်သွားသည်။ ပန်းချီပုံထဲ၌ စောဝေနွယ် မရှိတော့။ ကျွန်တော်သည် အံ့သြခြင်းမက အံ့သြ၍ သွားသည်။ ပန်းချီဆွဲစဉ်က စောဝေနွယ်၏ ညာလက်တွင် မျက်ရည်သုတ်ရန် လက်ကိုင်ပဝါ တစ်ထည်ကိုင်ထားသည်ကို တွေ့ရသဖြင့် ပုံဆွဲသောအခါ ကျွန်တော်သည် ထိုလက်ကိုင်ပဝါကို မမေ့မလျော့ပင် ထည့်၍ ဆွဲခဲ့သည်။ ယခု ဘယ်ရောက်သွားပြီလဲ။

ထိုအခါ ကျွန်တော်သည် အကြီးအကျယ် တုန်လှုပ်သွားသည်။ ကျွန်တော်သည် ပန်းချီကား၏ အနီးအနားတွင် စောဝေနွယ် လွှင့်ပစ်လိုက်သော လက်ကိုင်ပဝါရှိလိုရှိငြား ကယောင်ချောက်ချားစိတ်ဖြင့် လိုက်ရှာနေမိသည်။ သို့ဆိုလျှင် ကျွန်တော်သည် ရူးနေပြီလား၊ ပြောခဲ့သလို ကျွန်တော် မရူးပါ။ ညက အဖြစ်သည် ကျွန်တော် အိပ်မက်မက်နေခြင်းမဟုတ်ကြောင်း ပန်းချီကားထဲမှ ပျောက်ဆုံးသွားသော လက်ကိုင်ပဝါက သက်သေခံနေပါသည်။ ထိုသို့ဆိုလျှင် စောဝေနွယ် အပြောနှင့် ဆိုလျှင် အသက်မသေဘဲ ဘဝပြောင်းသွားသော စောဝေနွယ်အညီ သူပြောင်းသွားသော ဘဝတွင် ရှားကန် ရှိနေရမည်။ ဤသို့ပင် ကျွန်တော်သည် စွဲမြဲယုံကြည်လိုက်မိတော့သည်။

ထိုအခါမှ စောဝေနွယ်ကို တွေ့ချင်စိတ်သည် ကျွန်တော်ထံ၌ ပြင်း

www.burmeseclassic.com

www.burmeseclassic.com



ပြစ္စာ ပေါ်ပေါက်လာတော့သည်။

နှစ်တွေ ကြာညောင်းလာသည်အထိ ကျွန်တော်သည် စောဝေနွယ် မှာကြားခဲ့သော ဖရဲရုံရွာသို့ မသွားဖြစ်ခဲ့ပေ။ ထိုသို့ဖြစ်ရသည်မှာ ကျွန်တော် ၏ အဖြစ်ကို အဓိပ္ပာယ်မရှိဟုဆိုကာ ကျွန်တော်သူငယ်ချင်းများက လှောင် ပြောင်ရယ်မောလျက် တားဖြစ်ကြ၍ တစ်ကြောင်း၊ ကျွန်တော်ကိုယ်တိုင် ကျွန်တော်၏ အဖြစ်ကို နက်နက်နဲနဲ စဉ်းစားကြည့်သောအခါ အလွန်စိတ္တဇ ဆန်သော ဖြစ်နိုင်ချေနည်းသော ဖြစ်ရပ်တစ်ခုဟု နားလည်မိသဖြင့် တစ် ကြောင်းတို့ကြောင့် ဖြစ်ပါသည်။

သို့သော် ကျွန်တော်သည် အားလပ်တိုင်း လက်စမသတ်နိုင်သေး သော မည်သည့်အခါမှလည်း ပြီးဆုံးပြည့်စုံမည်မထင်သော စောဝေနွယ်၏ ပုံကို ဆွဲနေခဲ့သည်။ ‘ဘဝဆက်တိုင်းရှာခဲ့ရတဲ့ ချစ်သူကို တွေ့မယ့်တွေ့တော့ အခန်းချင်းကပ်အခန်းထဲမှာ တွေ့ရတော့တယ်’ ဟုပြောခဲ့သော စောဝေနွယ် ၏ စကားသံကိုလည်း ပန်းချီဆွဲရင်း အဆက်မပြတ်ကြားနေရသည်။

ကျွန်တော်သည် ဘဝဆက်တိုင်း ရှာဖွေခဲ့သော စောဝေနွယ်၏ ချစ်သူတဲ့၊ သို့ဆိုလျှင် ကျွန်တော်ကကော စောဝေနွယ်အပေါ်တွင် မည်သို့ သဘောထားသနည်း၊ မည်သို့ခံစားရသနည်း၊ ချောမောလှပသော မိန်း ကလေးတစ်ယောက်ကို တွေ့လျှင် ချစ်သည်ကြိုက်သည်ဟု အပေါ်ယံပြော ၍ လွယ်လှပါသည်။ တကယ့်အချစ်သည် အခြားခံစားချက်တို့ထက် နူးညံ့ နူးရှကာ နှလုံးသားတွင် ခိုင်မာစွာ ဝင်ရောက်နစ်မြုပ်နေလေ့ရှိပါသည်။ ယခု ကျွန်တော်၏ နှလုံးသားတွင် စောဝေနွယ်နှင့် ပတ်သက်၍ ဘာတွေ ရှိသနည်း။ တစ်ခုတော့ ရှိနေသည်။

အချစ်လား မဟုတ်ဟု ကျွန်တော် ထင်ပါသည်။ ကျွန်တော်သည် စောဝေနွယ်ကို ပန်းချီဆွဲလိုခြင်းအပြင် တခြားခံစားချက် စေတသိတ်တစ်ခု လည်း ရှိနေသေးကြောင်း သိပါသည်။ ဤအရာသည် ဘာပါလဲ၊ စွဲလမ်းမှု



တစ်ခုသည် အချစ်သားကောင်မဖွေးဖွားခင် တည်ရှိတတ်သော သန္ဓေတစ်ခု ပင် ဖြစ်သည်။ ထိုအရာသည် အချစ်မဟုတ် အချစ်သို့မရောက်၊ သို့သော် အချစ်၏ နယ်နမိတ်ပေါ်တွင် ရှိနေသည်။ ချစ်လှဆဲဆဲ ချစ်အံမူးမူး သို့မ ဟုတ် ချစ်လိမ့်နိုး အခြေအနေ ဟုတ်သည်။ စောဝေနွယ်သည် ကျွန်တော်၏ ချစ်စနိုးမှုသာ ဖြစ်သည်။ ထိုအခိုက် ကျွန်တော် နှလုံးသားတွင် အသေးစား လျှောင်ကလေးတစ်ခု လှုပ်သွားသည်။ ကျွန်တော်သည် ထိုင်ရာမှ ထကာ ပန်းချီစုတ်တံကို ကိုင်ပြီး စောဝေနွယ်၏ ပန်းချီကားထိပ်၌ ‘ချစ်စနိုး’ ဟု နာမည်တပ်လိုက်သည်။

ထို့နောက်တော့ ကျွန်တော်သည် နေမြင့်လေ အရွယ်ရင့်လေဖြစ်လာ သည်။ ကုန်လွန်ခဲ့သော နှစ်များအတွင်း ထူးထူးခြားခြား စိတ်ဖြစ်ပေါ်မှု တစ်ခုမှာ ကျွန်တော်သည် အရွယ်ရောက်ရုံမက အရွယ်လွန်ပြီဖြစ်သည့်တိုင် အိမ်ထောင် မပြုလိုခြင်းဖြစ်သည်။ သို့သော် သည်ကိစ္စကို ကျွန်တော် ရေးကြီးခွင်ကျယ် မလုပ်ခဲ့၊ နေမြဲတိုင်းနေကာ မေ့ထားလိုက်သည်။ နှစ်ကြာ လေ မေ့ရုပ်ပါလျက် ကျွန်တော် မေ့မရဖြစ်နေသူမှာ စောဝေနွယ်ပင် ဖြစ်သည်။ အခုဆိုလျှင် စောဝေနွယ် ကွယ်လွန်ခဲ့သည်မှာ အနှစ်နှစ်ဆယ် တင်းတင်းပြည့်သွားပြီ။

အိပ်မက်ထဲ၌ ညစဉ် ညတိုင်းပင် စောဝေနွယ်က ကျွန်တော့်အား ဖရဲရုံ ရွာသို့ အရောက်လာပါတော့ဟု တရရ ပြောနေသည်။ ယခုအခါ ကျွန်တော်ကိုယ်တိုင်ကလည်း လွန်ခဲ့သော အနှစ်နှစ်ဆယ်တုန်းကနှင့် မတူ ဘဲ ဘာပဲဖြစ်ဖြစ် စောဝေနွယ်ခေါ်ရာသို့ သွားချင်နေသည်။ တိုက်တိုက်ဆိုင် ဆိုင် ထိုနှစ်ထိုအချိန်မှာ ဒီဇင်ဘာလဒုတိယပတ်ထဲတွင် ဖြစ်သည်။ ကျွန် တော် ဖရဲရုံ သွားရမည်လား။ ထိုကိစ္စကို ကျွန်တော်၏ သူငယ်ချင်းများ နှင့်တိုင်ပင်လို့တော့ မဖြစ်၊ ကျွန်တော် ပြောစကားကို ကြားသည်နှင့် သူတို့သည် ကျွန်တော့်ကို ဆေးရုံသို့ အမှန်ပို့တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ ကျွန်တော်သည် စိတ်ဆန္ဒ၏ အလိုကို မလွန်ဆန်နိုင်တော့သဖြင့် စောဝေနွယ်ရှိရာ ဖရဲရုံရွာသွားရန် ဆုံးဖြတ်လိုက်သည်။ မိဘနှစ်ပါးကိုမူ ပန်းချီဆွဲရန် ခရီးထွက်မည်ဟု အကြောင်းပြ ခွင့်ပန်ရသည်။ ထိုသို့ဖြင့် တစ်ရက်နှစ်ရက်အတွင်း ခရီးထွက်ရန် အသင့်ပြင်ပြီးချိန် တစ်နံနက်၌ ရန်ကုန်မြို့ ရွှေတောင်ကြားလမ်းရှိ ကျွန်တော် နေထိုင်ရာ တိုက်ရှေ့သို့ လေးဘီးအငှားယာဉ် တစ်စီးထိုးရပ်လာပါသည်။ အသက်ငါးဆယ်ကျော်ခြောက်ဆယ်ခန့်ရှိ လူကြီးတစ်ယောက်သည် ကားပေါ်မှ ဆင်းလာကာ တိုက်ရှေ့ဥပစာတွင် ရပ်ရင်း ကျွန်တော်၏ နာမည်ကို နှစ်ကြိမ် သုံးကြိမ်ခေါ်နေသည်။ ထို့ကြောင့် ကျွန်တော်သည် တိုက်ရှေ့သို့ ထွက်လာကာ

'ကျွန်တော် ပန်းချီဆရာ ဥက္ကာမင်းစိုးပါ ဦး၊ ဘာကိစ္စရှိလို့ပါလဲ'

ထိုအခါ လူကြီးသည် ကျွန်တော်ကို နှစ်ခါသုံးခါ အကဲခတ်ကြည့်ရင်း

'ဟုတ်လား၊ ဒါဖြင့် ဒီလိုလေ၊ သမီးကလေးကို အသက်မီဖို့ ကျုပ်နဲ့ တစ်ခါတည်း လိုက်ခဲ့ပါ၊ ကျုပ် တောင်းပန်ပါတယ်။ ကျုပ် အနူးအညွတ် တောင်းပန်ပါတယ်'

ကျွန်တော်က ဘာမှန်းမသိဘဲ ကြောင်အမ်းအမ်းမျက်လုံးများဖြင့် သူ့ကို ကြည့်နေစဉ် လူကြီးသည် ဘာမှ ဆက်မပြောတော့ဘဲ အငှားယာဉ်ရှိရာသို့ လျှောက်သွားသည်။ ကျွန်တော်သည် သူ့နောက်မှ အလိုလိုကာပ်လိုက်သွားမိသည်။ ထို့နောက် လူကြီးက ကားရှေ့ခန်းတွင် ဝင်ထိုင်လိုက်ရာ ကျွန်တော်သည် ဘာလုပ်ရမှန်းမသိဘဲ မတ်တပ်ရပ်လျက် ရှိစဉ် 'ကျုပ်နဲ့ တစ်ခါတည်း လိုက်ခဲ့ဖို့ တောင်းပန်ပါတယ်ဗျာ' ဟု လူကြီးက ထပ်ပြောလိုက်ပြန်သဖြင့် ကျွန်တော်သည် ကားပေါ်သို့ တက်ထိုင်လိုက်မိသည်။

ကားသည် အမြန်နှုန်းဖြင့် မောင်းရင်း ရန်ကုန်ဆေးရုံကြီးသို့ ရောက်လာသည်။ လူကြီးသည် ကျွန်တော့်လက်ကို ဆွဲခေါ်ကာ ဆေးရုံကြီး ဆင်ဝင်



အောက်မှ ဆေးရုံပေါ်သို့ ဒရောသောပါး တက်လာသည်။ နောက်ဆုံး၌ လူနာခန်းတစ်ခုအတွင်းသို့ ကျွန်တော်တို့ ရောက်လာကြသည်။ ကျွန်တော်က ခုတင်ပေါ်မှ လူနာကို ငုံ့ကြည့်လိုက်စဉ်

'အဲဒါ အဲဒါ မောင်ရင့်ကို စောင့်နေတဲ့ သမီးလေးပဲ သွားတွေ့လိုက်ပါဦးဗျာ'

ကျွန်တော်သည် ခုတင်ပေါ်မှ လူနာ မိန်းကလေးကို လှမ်းကြည့်လိုက်ရင်း ချက်ချင်းပင် မှင်တက်မိသလို ဖြစ်သွားသည်။ ဟုတ်မှဟုတ်ရဲ့လားဟူသော သံသယစိတ်တို့ဖြင့် ကျွန်တော်၏ ရင်သည် တဖျတ်ဖျတ်လှုပ်ရှားလာသည်။ သို့သော် ကျွန်တော်သည် ခုတင်အနီးသို့ ခပ်ဖြည်းဖြည်းလျှောက်လာမိသည်။ မိန်းကလေးကို ထင်ထင်ရှားရှားမြင်ရမှ ကျွန်တော့်ရင်သည် ဒိတ်ခနဲပင် ခုန်သွားသည်။ ကျွန်တော့်နှုတ်မှ 'စောဝေနွယ်' ဟု လွှတ်ခနဲ ခေါ်လိုက်မိသည်။ ထိုစဉ် လူကြီးက

'သမီးနာမည်က ချစ်စနိုးပါ'

'ဗျာ'

ကျွန်တော် အံ့သြထိတ်လန့်သွားသည်။

'သူ စကားပြောတတ်စအရွယ်ကတည်းက သူ့ကိုယ်သူ ချစ်စနိုး ချစ်စနိုးလို့ ခေါ်ပြီး စကားပြောလို့ ကျုပ်တို့က ဒီနာမည်မှည့်ထားရတာပါ'

မဖြစ်နိုင် လုံးဝမဖြစ်နိုင်။ ရှင်းရှင်းပြောရလျှင် ယခု ကျွန်တော်တွေ့နေရသော လူနာမိန်းကလေးသည် စောဝေနွယ်မှ စောဝေနွယ်အစစ်ဖြစ်သည်။ ကျွန်တော်သည် စောဝေနွယ်ကို ခေတ္တခဏပင် တွေ့ရသည်ဆိုပြီးတော့ နှစ်ကြိမ်တိုင်တိုင် မြင်ဖူးခဲ့သည့်ပြင် စောဝေနွယ်၏ ပုံသည်လည်း ကျွန်တော်နှင့် နှစ်ပေါင်းများစွာ ရှိနေခဲ့သည်။ ထို့ကြောင့် စောဝေနွယ်ကို လုံးဝ အမှတ်မမှားနိုင်။ ထိုစဉ် မိန်းကလေး၏ မျက်လုံးအစုံသည် ဖျတ်ခနဲ ပွင့်လာသည်။

www.burmeseclassic.com



'မောင်မောင်ဘာတွေ စဉ်းစားနေတာလဲ၊ စောဝေနွယ်ဖြစ်ဖြစ် ချစ်စနိုး ဖြစ်ဖြစ် နာမည်ဆိုတာ လူတွေ သုံးနှုန်းနေကြတဲ့ ပညတ်သဘောပါ။ ကျွန်မဟာ ဘဝအကြိမ်ကြိမ်ပြောင်းနေတဲ့ မောင်မောင်ရဲ့ တစ်ယောက်တည်းသော ချစ်သူပါ။ အင်း ဒါပေမယ့် မောင်မောင်ရယ် သံသရာ အဆက်ဆက် မောင်မောင်နဲ့ ကျွန်မ တွေ့ဖို့ နောက်ကျခဲ့သလို ခုဘဝမှာလဲ နောက်ကျသွားပြန်ပြီ'

မိန်းကလေး၏ စကားပြောသံသည် အဆုံး၌ တိုးတိတ်တိမ်ဝင်သွားသည်။ ကျွန်တော့်အားမှ လူကြီးက 'သမီး သမီး' ဟု လှမ်းခေါ်လိုက်သည်။

'မောင်မောင့်ကို ပြောစရာစကားတွေ ကျန်နေပါသေးတယ် ဖေဖေ၊ သမီး မသွားသေးပါဘူး မောင်မောင် မောင်မောင်'

မိန်းကလေးသည် ကျွန်တော်မျက်နှာကို ကြည့်ရင်းခေါ်သည်။

'စောဝေနွယ်'

'ဒီဘဝမှာလဲ ယက္ခတို့က ဟန့်ဆွဲးဦးသွားပြန်တယ်။ ဒါပေမယ့် စိတ်မလျှော့ပါနဲ့ မောင်မောင် နောင်ဘဝပေါ့။ နောင်ဘဝမှာတော့ မောင်မောင်နဲ့ ကျွန်မတို့ရဲ့ ဝဋ်ကြွေးတွေ ကုန်လောက်ပြီ ထင်ပါတယ်။ အိုဘာပဲဖြစ်ဖြစ်လေ။ မောင်မောင့်ကို တပ်ကမ္ဘာဆုံးတဲ့အထိ ဘဝဆက်တိုင်း ကျွန်မ စောင့်နေပါ့မယ်'

မိန်းကလေး၏ ညာဘက်လက်သည် ဖြည်းညင်းစွာ မြောက်တက်လာသည်။ လက်ထဲ၌ လက်ကိုင်ပဝါတစ်ထည်ကို တွေ့ရသည်။ ကျွန်တော်က သူ့လက်ဖဝါးကလေးကို ဆုပ်ကိုင်လိုက်မိသည်။

'ဒီလက်ကိုင်ပဝါလေးကို မောင်မောင် ယူထားပါ။ နောက်ဆုံးချစ်စနိုး ဘဝမှာ မျက်ရည်သုတ်ခဲ့တဲ့ လက်ကိုင်ပုဝါလေးပါ။ ဟင်း ဟင်း နောင်ဘဝမှာ မျက်ရည်သုတ်စရာ လက်ကိုင်ပဝါမရှိတော့ မျက်ရည်တော်



မခင်းရတော့ဘူး ထင်ပါတယ် မောင်မောင်ရယ်'

မိန်းကလေးသည် မဲ့ပြုံးကလေးတစ်ချက် ပြုံးလိုက်သည်။ ကျွန်တော် ဖွဖွဆုပ်ထားသော သူ့လက်သည် ကျွန်တော်လက်တွင်းမှ အောက်သို့ လျှောကျသွားသည်။ ကျွန်တော် ထိတ်ခနဲ ဖြစ်သွားကာ သူ့မျက်နှာကို ကြည့်လိုက်စဉ် မိန်းကလေးသည် မဲ့ပြုံးကလေးပြုံးလျက်က 'မောင်မောင် ကျွန်မကို ချစ်လာတဲ့ဘဝမှ မောင်မောင်နဲ့ ကျွန်မ ဆုံကြမယ် ထင်ပါတယ်။ ကျွန်မကတော့လေ မောင်မောင့်ကို ချစ်'

စကားပြောရပ်သွားသည်။ သို့သော် မိန်းကလေးသည် မဲ့ပြုံးကလေး ပြုံးလျက်နှင့်ပင် ကျွန်တော့်ကို ကြည့်နေသည်။ ကျွန်တော် ရင်ဆို့သွားသည်။ စောဝေနွယ် သေဆုံးပြီဟု သိစဉ်ကထက် အဆတစ်ရာကဲကာ ခံစားလိုက်ရသည်။ ကျွန်တော်၏ ခန္ဓာကိုယ်တွင်းမှ မခံမရပ်နိုင်အောင် ပူလောင်သော ဝေဒနာတို့ကြောင့် ကျွန်တော် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ ကျွန်တော် ဘာမှ သတိမရတော့ပါ။ ယူကျုံးမရဖြစ်လွန်းသဖြင့် ကျွန်တော်သည် ရှိုက်ကြီးတငင် အော်ဟစ်ငိုယိုလိုက်မိတော့သည်။

ကျွန်တော်သည် ဘဝအဆက်ဆက်က မိန်းကလေးတစ်ဦး၏ ချစ်သူဖြစ်ခဲ့သည်ဆိုခြင်းမှအပ ထိုမိန်းကလေး၏ အတိတ်ဇာတ်ကြောင်းကို မသိရသဖြင့် စာဖတ်သူအား ဇာတ်ကြောင်းလည်အောင်ရှင်းလင်းရေးမပြနိုင်ပါ။ သို့သော် ကျွန်တော့်အနေဖြင့် ယခုဘဝတွင် တွေ့ခဲ့ရသော ဘဝနှစ်ခုမှ မိန်းကလေးနှစ်ယောက်သည် ရုပ်ချင်းထပ်တူ တူညီနေခြင်းနှင့် ကျွန်တော့်ကို သူတို့၏ ချစ်သူဟု ပြောနေခြင်းများသည် များစွာ ရင်သပ် အံ့သြစရာကောင်းလှသည်ဟု ကျွန်တော် ထင်မြင်မိပါသည်။

မည်သို့ဆိုစေ ကျွန်တော်သည် ချစ်စနိုးသေဆုံးပြီးနောက်နေ့၌ပင် စောဝေနွယ်၏ ဟန်းချီကားထိပ်မှ ချစ်စနိုးဟူသော စာတမ်းကို ဖျက်လိုက်ကာ အချစ်ဆုံးဟု စာကြောင်းသစ်တစ်ခုကို ထပ်မံရေးဆွဲလိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားအဆုံးသတ်နိုင်မည့်နေ့သည် ကျွန်တော်ချစ်သူနှင့် ကျွန်တော်ပြန်လည် တွေ့ဆုံရသော ဘဝမှ နေ့တစ်နေ့ဖြစ်မည်ဟုလည်း ကျွန်တော်သည် စွဲမြဲစွာ ယုံကြည်လိုက်မိတော့သည်။

မြရတီ

(မှုခင်းမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၂၀၀၄)

●



www.burmeseclassic.com

www.burmeseclassic.com



# သံသရာက ချစ်ရန်ငြိုး

ရန်အောင်မြင့်

အောက်ပါအဖြစ်အပျက်တို့ကို ကျွန်ုပ်အား ကျွန်ုပ်၏ ဖခင်ကိုယ်တိုင် ပြောပြခြင်းဖြစ်သည်။ ကျွန်ုပ်အထက်တန်းကျောင်းသားဘဝ ဆယ့်လေးငါးနှစ်သားက ဖြစ်ပါသည်။ ကျွန်ုပ် မှတ်မိနေသည်မှာ ထိုအကြောင်းကို စတင်ပြောပြမည်လုပ်စဉ် ဖခင်မျက်နှာသည် တစ်မျိုးဖြစ်နေသည်။ စိတ်ခံစားချက်တစ်ခုခုကြောင့် အမျိုးအမည် ဖော်ပြရန် ခက်ခဲသော အမူအရာများဖြစ်ပေါ်နေသည်။ ပြီးတော့....

'ဒါပေမယ့် ခုပြောမှာတွေဟာ အဖေ့ရဲ့ ကိုယ်တွေ့အဖြစ်အပျက်တွေမဟုတ်ဘူးသားရဲ့၊ အဖေ့ရဲ့ အဖေ၊ မင်းရဲ့ဘိုးအေက အဖေ့ကို ပြောပြတဲ့အဖြစ်တွေ' ဟု ပြောသည်။ ထို့ကြောင့် ကျွန်ုပ်က....

'ဒါဖြင့် အဘိုးကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့အဖြစ်တွေပေါ့နော်'

'မဟုတ်ဘူး သားရဲ့....မင်းဘိုးအေရဲ့ဖခင်၊ မင်းနဲ့ ဘေးတော်သူက မင်းဘိုးအေကို ပြောပြသွားတာလို့ မင်းဘိုးအေက အဖေ့ကို ပြောပြတယ်'

ထို့ကြောင့် ကျွန်ုပ်က နားလည်ကြောင်း ခေါင်းညိတ်ရင်း....



'ဒီလိုဆိုရင် အဘေးရဲ့ အဖြစ်အပျက်တွေလား အဖေ' ဟု မေးလိုက်ပြန်သည်။

'ဒီလိုလည်း မဟုတ်ဘူးတဲ့၊ ဘိုးစဉ်ဘောင်ဆက် တို့ဆွေစဉ် မျိုးဆက်တစ်ခုမှာ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်ကို ဆင့်ကဲ ဆင့်ကဲ ပြောပြ အောက်သည်ရှလာတာလို့ မင်းတို့ဘိုးအေက အဖေ့ကို သေသေချာချာ ပြောပြသွားတယ်'

သည်နေရာတွင် ကျွန်ုပ် စာဖတ်သူအား ရေးသားတင်ပြမည့် ဖခင်ပြောပြသော အဖြစ်အပျက်တို့မှာ ကျွန်ုပ်တို့၏-ဟိုးရှေး အတိအတင် ဘိုးစဉ်ဘောင်ဆက်တစ်ခုမှ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုပါဟု ဆိုလိုက်လျှင် အလွယ်တကူ နားလည်သိရှိနိုင်မည်ကို ကျွန်ုပ် သဘောပေါက်ပါသည်။ သို့သော် ဖခင်ကိုယ်တိုင် သူ့ဖခင် (ကျွန်ုပ်၏ဘိုးအေ) ပြောပြသော အဖြစ်အပျက်တို့ကို စတင်ပြောပြပြီး နိဂုံးကမ္ဗတ် အဆုံးသတ်လိုက်သောအခါ ကြားရသော အဖြစ်အပျက်တို့ကြောင့် ကြီးစွာ ဝမ်းနည်းကြေကွဲသွားရသည့်ပြင်

'ဟာ အဘိုးပြောတဲ့ ဇာတ်လမ်းထဲက အဘေးရဲ့ ဇနီးနာမည်က ခင်လေးဝေဆိုတော့ ကျွန်တော့်အမေနာမည်နဲ့ တူနေတယ်နော်' ဟု အံ့ဩတကြီး မေးမိသည်။ ထိုအခါ ကျွန်ုပ် ဖခင်သည် ဖုံးကွယ်လျှို့ဝှက်ထားသော ကိစ္စတစ်ခု ပေါ်ပေါက်သွားမည်ကို စိုးရွံ့ဟန်ဖြင့် ခဏတာ မျက်နှာပျက်သွားသေးသည်။ သို့သော် ချက်ချင်းမျက်နှာပြင်လိုက်ကာ အရေးမကြီးဟန်လေသံဖြင့် 'ဟုတ်တယ်' ဟု တစ်ခွန်းတည်းသော စကားကိုသာ ပြတ်ပြတ်တောင်းတောင်း ပြောလိုက်တော့သည်။

အတိတ်မှ ကျွန်ုပ်၏ အဖြစ်မှာ ကျွန်ုပ်၏ မိခင်အမည်မှာ ခင်လေးဝေ ဖြစ်ကာ တစ်ဦးတည်းသောသား ကျွန်ုပ်ကို မွေးဖွားအပြီး နှစ်နှစ်ခန့်အကြာ၌ ရောဂါတစ်ခုဖြင့် ကွယ်လွန်သွားကြောင်းလောက်သာ ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



ဖခင်နှင့် ဖခင်၏ အသိုင်းအဝိုင်းတို့၏ ပြောပြချက်ကြောင့် သိရပါသည်။ ထို့ထက် ပို၍ မသိရ၊ ထို့ပြင် ကျွန်ုပ်မိခင် ကွယ်လွန်ချိန်က ကျွန်ုပ်မှာ ကလေးအရွယ်သာရှိသေး၍ မိခင်ကို ဖြူသလား၊ မည်းသလား မမှတ်မိသည့်ပြင် မိခင်၏ ဘဝအကြောင်းတို့ကိုလည်း ဘာမျှ မသိရ။ ထိုသို့ ဖြစ်ရသည်မှာ မိခင်ကွယ်လွန်ပြီး နောက်ပိုင်းတွင် ဖခင်ကိုယ်၌ကလည်း ကောင်း၊ ဖခင်ဘက်မှ ဆွေမျိုးသားချင်းတို့ကလည်းကောင်း ကျွန်ုပ် မိခင်၏ အကြောင်းကို တစ်လုံးတစ်ပါဒမျှ မပြောခဲ့သောကြောင့် ဖြစ်ပါသည်။

ဤသို့ ဘာကြောင့်ဖြစ်ရသည်ကိုယခုတိုင် ကျွန်ုပ် မသိသေးပါ။ ဖခင်ကိုမူ ကျွန်ုပ်အသက် အတန်ငယ်ကြီးပြင်းသည်အထိ နောက်အိမ်ထောင် မပြုဘဲ တစ်ကိုယ်တည်းဘဝနှင့် ရှိနေခဲ့ကြောင်း ကျွန်ုပ် သိရပါသည်။ ထို့ကြောင့် ကျွန်ုပ်မိခင်၏ ဘဝအကြောင်းမှာ ထိုစဉ်ကပင် သူ့ သေဆုံးခြင်းနှင့်အတူ ကျွန်ုပ်ဘဝ၌ ပြည်ဖုံးကားကျသွားပါတော့သည်။

ထိုသို့ဖြင့် ပရိစ္ဆေဒတို့ ကြာညောင်းလာခဲ့သည်။ ဖခင်ဖြစ်သူသည် (ကျွန်ုပ် အသက်နှစ်ဆယ်ကျော် အစိပ်အတွင်း ရန်ကုန်ယူနီဗာစီတီမှ ဘီအေ တန်းအောင်မြင်ခဲ့သည့်နှစ်) အသက်ငါးဆယ်ကျော် ခြောက်ဆယ်တွင်း၌ပင် ကွယ်လွန်ခဲ့သည်။ ယခုအခါ ကျွန်ုပ်သည်လည်း ယခင်က ဖခင် ဖြစ်သူ ရာထူးကြီးကြီးဖြင့် အင်္ဂလိပ်ခေတ်မှ အစပြုကာ အလုပ်လုပ်ခဲ့သော ရန်ကုန်ရှိ အေဂျီ (ခေါ်) ငွေစာရင်းမင်းကြီးရုံးတွင် အငယ်တန်းအရာရှိ (ဝန်ထောက်ကလေး) အဖြစ် အလုပ်လုပ်ကိုင်လျက် ရှိပေပြီ။ ကျွန်ုပ်အမည်မှာ မောင်ကောင်းမြတ်ဟု ခေါ်ကာ ကျွန်ုပ်သည် ရန်ကုန်မြို့ရှိ ကိုးဒင်းဘာယ်လီဟု ခေါ်သော ရွှေတောင်ကြားလမ်း၌ ခြံကျယ်ကြီးအတွင်း တိုက်တစ်လုံးနှင့် နေထိုင်ပါသည်။

အထေ ပြောပြခဲ့သော ကျွန်ုပ်တို့၏ မျိုးဆက်တစ်ခုထဲမှ အဖြစ်အပျက်ကို ကျွန်ုပ်တင်ပြရန် ကျန်နေသေးသည်ကို သတိမမေ့ပါ။ အထေ



ပြောသော စာတ်လမ်းအစမှ အဆုံးတိုင် ပြန်လည်စဉ်းစား တွေးခေါ်မိသေ တိုင်း ကျွန်ုပ်သည် ကျွန်ုပ်ချစ်သူကို သွားသတိရမိသည်။ ထိုအခါ စဉ်းစားစရာတွေလည်း ကျွန်ုပ်ထံ တစ်ပြုံကြီး ရောက်လာပါသည်။ ထိုအကြောင်းကို ယခု ကျွန်ုပ် ပြောပြပါမည်။

သူသည် အထက်အညာ ရွှေဘိုမြို့မှ ကျောင်းလာတက်သော တက္ကသိုလ် ကျောင်းသူဖြစ်သည်။ ရတနာဆောင်၌ နေကာ ကျောင်းတက်သည်။ သူနှင့် ကျွန်ုပ် တွေ့သည်မှာ ကျွန်ုပ် ဘီအေနောက်ဆုံးနှစ်၊ သူက အိုင်အေဒုတိယနှစ်၌ တွေ့ကြခြင်း ဖြစ်သည်။ တက္ကသိုလ်ဝင်းထဲမှ လက်ဖက်ရည်ဆိုင်တစ်ခု၌ သူနှင့်အတူ လက်ဖက်ရည်သောက်နေသော သူတို့မြို့သား ကျွန်ုပ် သူငယ်ချင်း အောင်ဆွေက မိတ်ဆက်ပေးသဖြင့် သိရခြင်း ဖြစ်သည်။ ထိုသို့ အောင်ဆွေက ကျွန်ုပ်နှင့်သူ၏ နာမည်တို့ကို ပြောပြရင်း မိတ်ဆက်ပေးလိုက်သောအခါ ကျွန်ုပ်သည် ဒုတိယအကြိမ် အံ့ဩမှုဖြစ်ရင်း နှုတ်မှ သတိလက်လွတ် ဟင်ခနဲ အာမေဋိတ်သံ ထွက်သွားသည်။

'ဘာဖြစ်လို့လဲ ကောင်းမြတ်' ဟု အောင်ဆွေက မေးလျှင် ကျွန်ုပ်သည် ဘာစကားမျှမပြောသေးဘဲ သူ့ကို ခေတ္တမျှ စေးစိုက်ကြည့်လိုက်မိသည်။ ပြီးမှ....

'ယုံကြမလားတော့ မသိဘူးခင်ဗျာ...ကျွန်တော့်အမေနာမည်လည်း ခင်ဗျား နာမည်လိုပဲ ဒေါ်ခင်လေးဝေတဲ့'

ကျွန်ုပ်အပြောကြောင့် ခင်လေးဝေသည် နှုတ်ခမ်းကလေးကို စူကာ ခပ်ပြုံးပြုံး လုပ်နေသည်။ ထူးထူးထွေထွေ ဘာစကားမှတော့ ပြန်မပြော၊ ထိုစဉ်က ခင်လေးဝေနှင့် ကျွန်ုပ်မှာ ချစ်သူဘဝ မရောက်ကြသေးသဖြင့် အံ့ဩမိသော်လည်း ကိုယ့်မိခင်နာမည်နှင့် မိန်းကလေးတစ်ဦး၏ နာမည်တူနေသည်မှာ ဘာမှ အဆန်းတကြယ် ကိစ္စမဟုတ်ဟု တွေးရင်း အမှတ်မထင် ပင် နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မှန်တာ ဝန်ခံရလျှင် ခင်လေးဝေကို တွေ့စကပင် ကျွန်ုပ်ထံ၌ သရိုးသရီစိတ်တို့ဖြစ်ပေါ်မိပြီး ဖြစ်သည်။ ထိုစိတ်တို့မှာ နောင်အခါ ခင်လေးဝေအပေါ်၌ ထားရှိသော ချစ်စိတ်တို့ဖြစ်ကြောင်း ကျွန်ုပ် တဖြည်းဖြည်း သိလာရသည်။ သို့သော် ကျွန်ုပ်ချစ်သော ခင်လေးဝေကို ချစ်ရေးဆိုရန်၌ များစွာ အခက်အခဲ ရှိပါသည်။

ထိုအခက်အခဲမှာ ခင်လေးဝေသည် အခြားမိန်းကလေးများထက် အရှက်ကြီးကာ စကားလည်း အလွန်နည်းသူဖြစ်သောကြောင့် ဖြစ်ပါသည်။ သူ နေသော ရတနာဆောင်သို့ သူနှင့် သွားတွေ့လျှင် နှစ်ကြိမ်သုံးကြိမ်သွားမှ တစ်ခါသာ တွေ့ရသည်။ တွေ့ရစဉ်၌လည်း 'သြော်.... ကိုကောင်းမြတ်' ဟု ဆိုကာ ကျွန်ုပ်နှင့် ထိုင်ရင်း ဘာစကားမျှ ဆက်မပြောဘဲ အချိန်အတော်ကြာကြီး နေတတ်သည်။ ကျွန်ုပ်ကလည်း စကားမရှိ စကားရှာ 'နေကောင်းရဲ့လား၊ အောင်ဆွေနဲ့ကော တွေ့သေးသလား' ဟုမေးလျှင် ကျွန်ုပ် မေးသမျှ မေးခွန်းလောက်သာ ခေါင်းငုံ့လျက် တစ်လုံးချင်း ဖြေပါသည်။ ကျွန်ုပ်အပို မပြောပါ၊ ကျွန်ုပ်နှင့် တွေ့စဉ်၌ ခင်လေးဝေ၏ ကိုယ်လုံးကလေးမှာ ရှက်စိတ်ကြောင့် မသိမသာ တုန်ယင်နေပါသည်။

ခင်လေးဝေ ဤသို့ ဖြစ်နေခြင်းကြောင့်ပင် ကျွန်ုပ်၏ ချစ်စိတ်တို့မှာ သူ့အပေါ်၌ ပို၍ ပို၍ ဖြစ်ပေါ်လာသည်။ မိန်းမပျူဖြေ ထိန်းသိမ်းရင်း ရှက်နေသောစိတ်၊ ရိုးသားစိတ်၊ ပြီးတော့ စကားအပို မပြောတတ်သော စရိုက်တို့ကို ကျွန်ုပ် လေးစားနေမိသည်။ ထိုသို့ဖြင့် ကျွန်ုပ် စိတ်ထဲ၌ ချစ်စိတ်တွေ မအောင့်နိုင်သောတစ်နေ့တွင် ရတနာဆောင်သို့ သူနှင့် သွားတွေ့ကာ သူ့ကို ချစ်ရေးဆိုလိုက်တော့သည်။

ထိုအခါ ခင်လေးဝေသည် ထိုင်ရာမှ ရုတ်တရက် မတ်တပ်ရပ်လိုက်ကာ ဘာမပြော ညာမပြောနှင့် ဧည့်ခန်းထဲမှ ထွက်ပြေးသွားတော့သည်။ ကျွန်ုပ်မှာ အံ့အားကြီးသင့်လျက် ဘာလုပ်၍ ဘာကိုင်ရမှန်းမှ သိဘဲ



ကျန်ခဲ့ပါသည်။ ဘယ်လို မိန်းကလေးလဲဟူသော မေးခွန်းများနှင့် ကျွန်ုပ်စိတ်ထဲ၌ အကြိမ်ကြိမ်ဖြစ်ပေါ်လျက် ရှိသည်။

သို့သော် ခင်လေးဝေ ဘယ်လိုမိန်းကလေးလဲဟူသော မေးခွန်း၏ အဖြေကို ရက်သတ္တပတ် တစ်ပတ်ခန့်ကြာသောအခါ ကျွန်ုပ် သိလိုက်ရပါသည်။ အောင်ဆွေသည် လက်ဖက်ရည်ဆိုင်၌ ကျွန်ုပ်နှင့် လက်ဖက်ရည်အတူ သောက်စဉ် စာအိတ်တစ်အိတ်ကို ကျွန်ုပ်အား ထောင်ပြသည်။ 'ဒီစာကို ဖတ်ချင်ရင် ဂလုပ်ရုံမှာ အင်္ဂလိပ်ကားပြရမယ်' ဟု ဆက်ပြောသည်။ ကျွန်ုပ် ချက်ချင်း ခေါင်းညိတ်ကာ စာအိတ်ကို ဆွဲယူပြီး အလောတကြီး ဖောက်ဖတ်လိုက်တော့သည်။

'ပါးစပ်နဲ့ ဘယ်လိုလုပ် ကျွန်မ ပြောရမှာလဲ ကိုကောင်းမြတ်၊ ခုလို စာနဲ့ ပြောရတာတောင် ကျွန်မ လက်တွေ တုန်နေလို့ တော်တော်နဲ့ စာရေးလို့ မရဘူး ဒီလောက်ဆို ကိုကောင်းမြတ် သိလောက်ပါပြီလေ၊ ဒီထက် ကျွန်မ ပိုမရေးရဲဘူး၊ ကျွန်မ ရှက်တယ်'

ခင်လေးဝေ၏ ထိုစာပိုဒ်ကလေးကို ကျွန်ုပ်ဖတ်ရင်း ရင်ထဲမှ သိမ့်ခနဲ သိမ့်ခနဲနေအောင် ကြည်နူးသွားမိသည်။ ချစ်စိတ်နှင့် အနှိုင်းအဆမရှိသော မြတ်နိုးစိတ်တို့သည် ရေကာတာမှ ရေများ ကျိုးပေါက်လာသလို ကျွန်ုပ် ရင်ထဲ၌ တဝုန်းဝုန်း ဖြစ်နေသည်။ သို့ဖြင့် ကိုယ်ရယူလိုသော အချစ်ပန်းကလေးကို ကျွန်ုပ် အရဆွတ်ခူးနိုင်ခဲ့ပါသည်။

ကျွန်ုပ်သည် အစိုးရအမှုထမ်းအဖြစ် လုပ်ကိုင်ပြီး ခြောက်လခန့်ကြာသောအခါ ချစ်သူ ခင်လေးဝေနှင့် လက်ထပ်လိုက်ကြပါသည်။ ထိုအဖြစ်ကြောင့် ကျွန်ုပ်တို့၏ မျိုးဆက်တစ်ခုမှ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကို ကျွန်ုပ် ဘိုးအေလက်ထက်မှစ၍ ဖြစ်ခဲ့သည်ဟု ယူဆဦးတော့.... ကျွန်ုပ် အပါအဝင် မျိုးဆက်သုံးဆက်တိုင်တိုင် ထိုအဖြစ်အပျက်မှ ကျွန်ုပ်တို့၏ ဇနီးသားမယားများသည် နာမည်ချင်းတူနေကြသည်။ ဤသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



သာမန်တိုက်ဆိုင်မှုဟု ဆိုနိုင်ပါမည်လော။

ပြီးတော့...အဖေ ကျွန်တော့်ကို ပြောပြခဲ့သော ကြေကွဲဖွယ်ရာ ဇာတ်လမ်းသည်လည်း အဖေက အဘိုး ပြောပြသည်။ တစ်ဖန် အဘိုးက အဘေး ပြောပြသည်ဟု ဆင့်ကဲဆင့်ကဲ ပြောခဲ့ကြသည်ဖြစ်ရာ အမှန်တကယ် ထိုအဖြစ်အပျက်ကို ကြုံတွေ့ခဲ့ရသူ မည်သူ ဖြစ်သနည်း။

ခင်စစ် ထိုအဖြစ်အပျက်မှာ မပြောမီ ပြန်ပြောပြနိုင်ရန် စဉ်းစားရသည်ကပင် ခေါင်းမွေ့ကြေကွဲဖွယ်ကောင်းလှသည်။ သို့သော် ကျွန်ုပ် ပညာတတ် ခေတ်လူငယ်တစ်ယောက်မို့ ထိုကိစ္စကို များစွာ ဥပါဒါန် မထားတော့ပါ။ ဆွေစဉ်မျိုးဆက် နာမည်တူနေခြင်းသည်လည်း တစ်ခါတစ်ခါ ထူးထူးဆန်းဆန်း တိုက်ဆိုင်တတ်သော လောကဓမ္မတာကြောင့်ဟု သဘောပိုက်လျက် လစ်လျူရှုထားလိုက်ပါတော့သည်။

ယခုအချိန်၌ ကျွန်ုပ်တို့မှာ ချစ်စခင်စအခါ ဖြစ်သည်။ ထို့ပြင် ကြားလေသွေးသည်ကို မခံနိုင်သည့် ကာလဖြစ်သည်။ ခင်လေးဝေမှာ ဆီးဖြူဖန်ခါး မဟုတ်၍ ငုံထားလို့ မရသည့်တိုင် ကျွန်ုပ်သည် ကျွန်ုပ်၏ ညားခါစ ဇနီးကလေးကို မျက်စိအောက်က အပျောက်မခံဘဲ ကျွန်ုပ်နှင့် တစ်ဖဝါးမှမခွာ ရှိစေချင်ပါသည်။ ဆိုရသော်...ယခုအချိန်တွင် ကျွန်ုပ်ထံ၌ တခြားကိစ္စတို့ ဘာမှ မရှိ၊ ခင်လေးဝေနှင့် ခင်လေးဝေအပေါ် ထားရှိသော အချစ်တို့သာ ရှိသည်။ ခင်လေးဝေကလည်း ကျွန်ုပ်နှင့် ယှဉ်ပြိုင်သော အချစ်ပြိုင်ပွဲနှင့် ဘယ်အခါမှ နောက်ကျန်ရစ်ခဲ့သည် မရှိ၊ ကျွန်ုပ်နှင့် တန်းတူရည်တူ တုံ့ဖက်ပြိုင်ယှဉ်ပြိုင်နိုင်သာ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် အဖေပြောပြခဲ့သော အတိတ်ဇာတ်ကြောင်းများကို အချိန်ကြာမြင့်လာသည့်အလျောက် နွေလာနှင်းပျောက်ဆိုသလို တစ်စတစ်စ မေ့လျော့ပျောက်ကွယ်သွားပါသည်။

သို့သော် တစ်နေ့ ကျွန်ုပ်ရုံးမှ အပြန်တွင် ခင်လေးဝေသည် ကျွန်ုပ်



ကို ထူးဆန်းသော စကားတစ်ခုပြောသည်။

'မောင် မှတ်မိသေးလား....ကျွန်မနဲ့ မောင် တက္ကသိုလ်ဝင်းထဲက လက်ဖက်ရည်ဆိုင်မှာ စတွေ့တော့ ကိုအောင်ဆွေက မိတ်ဆက်ပေးတာလေ'

'မှတ်မိပါတယ်၊ အဲဒါ ဘာဖြစ်လဲ'

'အဲဒီတုန်းက မောင်ပြောခဲ့တယ်လေ မောင့်အမေရဲ့ နာမည်နဲ့ ကျွန်မ နာမည်တူနေတဲ့အကြောင်း'

'အင်းလေ'

ကျွန်ုပ်က ထိုသို့ပြောကာ ခင်လေးဝေ၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်မိသည်။ ထိုအခါ ခင်လေးဝေကလည်း စူးစူးစိုက်စိုက်ပင် ကျွန်ုပ်ကို ပြန်ကြည့်သည်။ ထို့ကြောင့် ကျွန်ုပ်က 'အဲဒါ ဘာဖြစ်လဲ၊ ပြောလေဝေရဲ့' ဟု ဆက်မေးလိုက်သောအခါ ခင်လေးဝေသည် သက်ပြင်းတစ်ချက်ကို ခပ်လေးလေးဆွဲချရင်း

'နေဦး...နာမည်တူကိစ္စ မပြောခင် နေ့လယ်ကအဖြစ်ကို ပြောပြမယ်။ နေ့လယ်က ကျွန်မ အိပ်ခန်းထဲမှာ စာဖတ်နေတယ်။ ခဏကြာတော့ အိပ်ချင်တာလား၊ ဘာဖြစ်တာလဲ မသိဘူး၊ ခေါင်းထဲက တရိပ်ရိပ်မူးလာပြီး မျက်လုံးတွေလည်း ဝေလာတယ်၊ အဲဒီလိုဖြစ်ရင်း ကျွန်မ ဖျတ်ခနဲ သတိမေ့သွားတယ်။ ဘယ်လောက်ကြာသလဲတော့ မသိဘူး။ ကျွန်မ နားထဲမှာ ခင်လေးဝေ ခင်လေးဝေ ပြန်တော့ဆိုတဲ့ စကားသံတွေ ကြားရပြီး သတိပြန်ရလာတော့'

'အင်း ပြောပါဦး၊ ဘာဖြစ်လဲ ဝေ'

ကျွန်ုပ်က စိုးရိမ်တကြီး မေးမိသည်။

'ခု ကျွန်မ နေတဲ့ အခန်းဟာ တစ်ချိန်တစ်ခါက အင်း...ဘယ်တုန်းကလည်းတော့ မသိဘူးနော်၊ ကျွန်မ နေခဲ့ဖူးတဲ့အခန်း ဖြစ်နေတယ်'

'ဘာ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် နှုတ်မှ အော်သံထွက်သွားသည်။ သို့သော် ချက်ချင်းပင် ကျွန်ုပ် စိတ်ကို သတိဖြင့် ပြန်ထိန်းလိုက်ပါသည်။ ကျွန်ုပ်တို့အိမ်မှာ ယခု ကျွန်ုပ်နှင့် ခင်လေးစေတို့အိပ်သော အခန်းမှာ တစ်ချိန်က ကျွန်ုပ်မိခင်နှင့် ဖခင်တို့၏ အိပ်ခန်းဖြစ်သည်ဟု အဖေ့ညီတော်သူ ဦးလေးတိုးကြီးက ကျွန်ုပ်ကို ပြောပြဖူးကာ ထိုအကြောင်းကို ခင်လေးစေကိုလည်း ကျွန်ုပ်က ပြောပြထားဖူးပါသည်။

'ပြီးတော့လေ မောင်ရဲ့၊ ကျွန်မ လိမ်မပြောပါဘူး။ ခုနေတဲ့ ကျွန်မတို့အခန်းဟာလေ တစ်ချိန်တစ်ခါတုန်းက ကျွန်မ နေခဲ့ဖူးခဲ့တဲ့ အခန်းဆိုတာ ကျွန်မ စိတ်ထဲမှာ သေသေချာချာကြီးကို သိနေ သတိရနေတယ်။ အဲဒါကြောင့် ကျွန်မ တွေးမိတာက ကျွန်မဟာ မောင့်အမေဝင်စားတဲ့ လူဝင်စား ခင်လေးစေများ ဖြစ်နေမလားလို့'

ကျွန်ုပ်သည် ခင်လေးစေ၏ ပခုံးကို အသာဆုပ်ကိုင်လိုက်မိသည်။

'ခုဆိုရင်...စေ့ကိုယ်ဝန်ဟာ နှစ်လကျော်လာပြီနော်၊ ကိုယ်ဝန်ဆောင် မိခင်ဟာ အစားအသောက် မမှန်လို့ဘဲဖြစ်ဖြစ်၊ အိပ်ရေးပျက်လို့ပဲဖြစ်ဖြစ် ခုလို စိတ်ကယောင်ချောက်ချား ဖြစ်ပြီး ထင်မိထင်ရာ မြင်မိမြင်ရာကို တွေးတတ် ပြောတတ်ပါတယ်။ ဘာမှ မဟုတ်ပါဘူး စေရယ်၊ မေ့ပစ်လိုက်ပါ'

ယှဲ့ယှဲ့ကလေး ပြုံးကာ ခေါင်းညိတ်လိုက်သော ခင်လေးစေကို ကျွန်ုပ်သည် တယုတယ ပွေ့ပိုက်ကာ အချိန်အတန်ကြာ နှစ်သိမ့်ဖျောင်းဖျနေမိသည်။ ကျွန်ုပ် စိတ်ထဲကမူ အကယ်၍ ကျွန်ုပ်ဇနီးသည် ကျွန်ုပ်မိခင်ဝင်စားသော လူဝင်စားခင်လေးစေဖြစ်လျှင်ကော...ဘာဖြစ်မည်နည်းဟု တွေးနေမိသည်။ အဖြေက ဘာမှ မဖြစ်နိုင်ပါ။ သို့သော် ထိုအခါ၌ အဖေပြောခဲ့ဖူးသော အတိတ်ဖြစ်စဉ်တို့က ကျွန်ုပ်မျက်လုံးထဲ၌ ကွင်းခနဲ ကွက်ခနဲ ပေါ်လာပါသည်။



ထိုအကြောင်းကို ကျွန်ုပ်သည် ဦးလေးတိုးကြီးအား ပြောပြတိုင်ပင်ကြည့်သည်။

'မင်းတို့အဖေနဲ့ အမေ အိမ်ထောင်ကျပြီးမှ ဒီခြံနဲ့တိုက်ကို ဝယ်နေကြတာ။ အဲဒီတုန်းက ဦးလေးတိုးက ဗန်းမော်မှာ အိမ်ထောင်နဲ့ နေတယ်လေ၊ အိမ်ထောင်ပျက်မှ မင်းအဖေနဲ့အတူ လာနေတာ။ ဒါပေမယ့်ကွာ....'

'ဒါပေမယ့်.... ဘာဖြစ်လဲ ဦးလေးတိုး'

'မင်းအဖေ မသေခင်က သူတို့ရဲ့ အတိတ်ဖြစ်စဉ်တွေကို မင်းကို ပြောပြသွားဖူးမှာပေါ့'

ကျွန်ုပ်က မြန်မြန်ထက်ထက် ခေါင်းညိတ်သည်။

'ဦးလေးတိုးလည်း ဒါမျိုးတွေ သိပ်အယုံအကြည် မရှိပါဘူး၊ မင်းအဖေ ပြောပြခဲ့တဲ့ အဖြစ်ဟာ မင်းတို့ဆွေစဉ်မျိုးဆက်က ဘယ်သူ့အဖြစ်လဲဆိုတာ မသိရပေမယ့် မဖြစ်သင့်တဲ့ အဖြစ်ဆိုတာတော့ နားလည်ထားရမယ်။ ဒီတော့ကွာ...ဘာပဲဖြစ်ဖြစ် အိမ်ထောင်တစ်ခု တည်ဆောက်တဲ့နေရာမှာ သေတစ်ပန် သက်တစ်ဆုံး တည်တံ့နိုင်မြဲဖို့ အရေးကြီးပါတယ်'

ဦးလေးတိုးကြီး၏ စကားသည် ကျွန်ုပ်၏ ဘိုးဘေးဘီဘင်တို့ အိမ်ထောင်ပျက်ခဲ့ပုံကို ရည်ညွှန်းပြောနေမှန်း ကျွန်ုပ် သိပါသည်။ ထိုခဏ၌ ကျွန်ုပ်၏ မျက်လုံးထဲတွင် အတိတ်ဖြစ်ရပ်အချို့သည် ဘွားခနဲ ပေါ်လာပါသည်။

(ဤနေရာတွင် ကျွန်ုပ်သည် ကျွန်ုပ်အဘိုးဖြစ်သူ အဖြစ်အပျက်မှ နောက်ဆုံး ဇာတ်သိမ်းခန်းကို အဘိုးက အဖေ့အား ပြောပြသည့် စကားပြောပုံစံအတိုင်း ရေးသားတင်ပြပါမည်။)

'အဲဒီတုန်းက...လူကလေး မယ်မယ်ခင်လေးဟာ လူလေးကို မွေးပြီး အခါလည်သားလောက် ရတဲ့အချိန်ပေါ့။ လူလေးမယ်မယ်ဟာ လူလေးကို

www.burmeseclassic.com

www.burmeseclassic.com



မွေးပြီးကတည်းက အိမ်ရာထဲမှာ တရှောင်ရှောင်ဖြစ်နေတယ်။ ကျွမ်းကျင်တဲ့ သမားတော်တွေနဲ့ ကုသနေရတယ်။ အမေ့အသက် အစိတ်ကျော်ကျော် သုံးဆယ်တွင်း ဆိုပါတော့။ သီပေါအရှင် လက်ထက်တုန်းက အမေဟာ စာပေကျွမ်းကျင်လို့ အသက်ငယ်ငယ်နဲ့ တိုင်တားမင်းကြီးရဲ့ စာတော်ဆင့် စာရေးတော် လုပ်ခဲ့ဖူးတော့ အင်္ဂလိပ်လက်ထက်ရောက်တော့လည်း အမေ့ကို မန္တလေးက နယ်ပိုင်ကြီး စတီဗင်ဗရန်ရဲ့ ရုံးမှာ ရုံးစာပို့နေတဲ့ ဝန်ထမ်းအဖြစ် ခန့်ထားခြင်း ခံရတယ်။

'ပြောရရင် အမေဟာ မင်းမယ်မယ်ကို မြတ်နိုးပါတယ်။ အစဉ်အပြက်ဘဲ ပြုစုယုယမှုတွေ ရှိပါတယ်။ ဒါပေမယ့် ခေတ်ကလည်း အင်္ဂလိပ်ခေတ်၊ လုပ်တဲ့ အလုပ်ကလည်း မြို့ပိုင်ရုံးမှာ အင်္ဂလိပ်တွေ၊ အင်္ဂလိပ်မတွေနဲ့ ရောနှောလုပ်ရတဲ့အလုပ်။ ပြီးတော့ အရွယ်ကလည်း ငယ်သေးတော့ အမေဟာ အတူမြင် အတတ်သင်ဆိုသလို အတတ်မျိုးစုံ တတ်လာတယ်။ အတတ်ကျူးလာတာကတော့ အရက်သောက်တတ်တာပဲ။

'အင်္ဂလိပ်တွေ အင်္ဂလိပ်မတွေနဲ့ အရက်အတူသောက်ကြရင်း သူတို့ ဓလေ့အတိုင်း ဘာပါတီ၊ ညာပါတီဆိုတာတွေ တက်ကြရင်းက တစ်နေ့တော့ အမေတို့ရုံးက ရုံးစာရေးမ မေရီနန့်ရှိုင်းဆိုတဲ့ ပြင်သစ်မတစ်ယောက်နဲ့ ချစ်ကြိုက်မှားယွင်းခဲ့ကြတယ်။ အမေကတော့ သောက်ရင်းစားရင်း ခဏပဲ တွေ့ကြတာလို့ သဘောထားပေမယ့် မေရီဟာ အမေ့အပေါ်မှာ တော်တော် စွဲစွဲလမ်းလမ်း ရှိခဲ့တယ်။ ဒီလိုနဲ့ တစ်နှစ်ခြောက်လ ကြာသွားတယ်။

'လူလေးမယ်မယ်ဟာ ဒီအကြောင်းကို ရိုးတိုးရိပ်တိတ် သိသလား၊ မသိဘူးလား ဆိုတာ မသေချာပေမယ့် တစ်ခါတစ်ခါမှ ကိုကောင်းထွန်းရယ် အိမ်မက်ရာမက်တွေ မကောင်းဘူး၊ သံသရာအဆက်ဆက် ရန်ငြိုးဖွဲ့နိုင်တဲ့ အလုပ်တွေကို မလုပ်ပါနဲ့လို့တော့ မယ်မယ်က အမေ့ကို သတိပေးဖူး



တယ်။ ဒါကို အစကတော့ အမေ နားမလည်ခဲ့ဘူး။ ဒါပေမယ့် တစ်နေ့တော့....

'အဲဒီနေ့က မန္တလေးမြို့တော်တစ်ခုလုံးမှာ မိုးတွေ သည်းကြီးမည်းကြီးတွေ ကျနေတယ်။ ဒါပေမယ့် အမေနဲ့ မေရီတို့က မိုးဒဏ်လေဒဏ်ကို မမှုဘဲ တစ်နေရာမှာ ချိန်းတွေ့နေတယ်။ တွေ့ကြရင်း မေရီက ခင်လေးဇေကို ကွာပြီး သူ့ကို ယူဖို့ ပြောတယ်။ အရက်မူးပေမယ့် အမေ ဒီလောက် အသိဉာဏ် မမဲ့ဘူး။ သူ့ဆန္ဒကို အပြင်းအထန် ငြင်းတယ်။ နောက်ဆုံးတော့ မုန့်တစ်ခုထဲကို နှစ်ယောက်ဝေစားလို့ မဖြစ်နိုင်ဘူး။ တစ်ယောက်ယောက်ကတော့ မစားဘဲ နေကြမှလို့ မေရီက ပြောပြီး ချိုးပွဲချင်တယ်'

'အဲဒီညက တစ်ညလုံး ဒေးဗစ်ဆိုတဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အိမ်မှာ အမေ အရက်သောက်နေလိုက်တယ်။ လင်းအားကြီးတော့ အရက်မူးနေရင်းကပဲ ခင်လေးကို သတိရတာနဲ့ အရှေ့ပြင်မှာရှိတဲ့ အမေ့အိမ်ကို ပြန်လာတယ်။ အိမ်ရောက်လို့ အိပ်ခန်းထဲဝင်လိုက်တယ်ဆိုရင်ပဲ ခင်လေးဟာ ရှပ်ဖျက်ဆင်းဖျက် မျက်လုံးကြီးတွေ ပြူးထွက်ပြီး ခုတင်ပေါ်မှာ သေနေတာကို တွေ့ရတယ်'

'နေပါဦးအမေ၊ ဒီလိုမယ်မယ်က ဘာကြောင့် သေရတာလဲ၊ အဲဒီ မေရီဆိုတဲ့ မိန်းမက သတ်သွားတာလား'

'မသိဘူး လူလေး၊ ဒါပေမယ့် နောက်တစ်နေ့မှာ မေရီဟာ သူ့ကိုယ်သူ ရင်ဝ ဓားနဲ့ထိုးပြီး သတ်သေသွားတယ်ဆိုတဲ့ သတင်းကိုတော့ အမေ ကြားရတယ်'

ဤသည်မှာ အဘိုးဖြစ်သူက ကျွန်ုပ်ဖခင်အား ပြောပြသော အဖြစ်ထဲမှ ကောက်သိမ်းပိုင်းဖြစ်သည်။ ဦးလေးတိုးကြီး ဆိုလိုသည်မှာ ကျွန်ုပ်တို့ ဘိုးစဉ်ဆောင်ဆက်တစ်လျှောက် ထိုအဖြစ်အပျက်မျိုးကို ထပ်ကာထပ်ကာလဲ

www.burmeseclassic.com



ဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် ကျွန်ုပ် လူဖြစ်လာသော ယခုဘဝ၌ အိမ်ထောင်ရေးနှင့် ပတ်သက်၍ ဆင်ခြင်စေလိုသည့်သဘော ဖြစ်သည်။

ဦးလေးတိုးကြီး၏ စကားမှာ စိုးရိမ်စိတ်ဖြင့် ပြောသော စေတနာစကားများဖြစ်ကြောင်း ကျွန်ုပ် နားလည်ပါသည်။ သို့သော် ထိုသို့ လုံးဝ မဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် ခင်လေးဝေအပေါ်၌ အတိတ်က ချစ်ခဲ့ပြီး ယခုပစ္စုပ္ပန်၌ ချစ်မဝဖြစ်ကာ လာမည့် နောင်အနာဂတ်ကာလတွင်လည်း ချစ်လက်စ မကုန်ဘဲ တိုး၍ ချစ်နေဦးမည့်သူ ဖြစ်သောကြောင့် ဖြစ်သည်။ ကျွန်ုပ် ပြောရသည်မှာ အကယ်၍များ ကျွန်ုပ်၏ ကိုယ်စိတ်နှစ်ပါးစလုံးကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် 'ခင်လေးဝေ' တွေချည်း ထွက်လာမည်ထင်ပါသည်။

●

တချို့က လူမတန်လျှင် 'ကံချတတ်ကြသည်။ အမှန်မှာ မှားယွင်းသော ကံစွရပ်များစွာသည် ကိုယ်ကိုယ်၌က ညံ့ဖျင်းသဖြင့် ဖြစ်ကြရသည်က များ ပါသည်။ ကျွန်ုပ် မရက်မကြောက် ဝန်ခံရလျှင် သူနှင့် တွေ့လိုက်စဉ်ခဏ၌ ကျွန်ုပ်စိတ်တို့သည် ဘယ်လိုဖြစ်သွားမှန်းမသိ၊ တစ်စုံတစ်ရာသော စိုးမိုးစေစော်မှုကို ခံလိုက်ရသလို မှိုင်းတွေ၍ သွားသည်။ ကိုယ်တိုင် မကြုံဖူးသော်လည်း စာတွေ့အရ စိတ်ညို့ခံရသူတစ်ယောက်လို ဖြစ်သွားသည် ထင်ပါသည်။

မိတ်ဆွေတစ်ယောက်၏ မွေးနေ့ပါတီတစ်ခု၌ ဖြစ်သည်။ သူသည် စားပွဲပေါ်၌ရှိသော အအေးခွက်ကို ငုံ၍သောက်မည်ပြုစဉ် ခွက်ထဲ၌ အမှုန်အမွှား တစ်ခုကို မြင်ရဟန် သေချာစွာ ပြန်ကြည့်သည်။ နှစ်ခါ သုံးခါ ပြန်ကြည့်သည်။ ထိုသို့ကြည့်စဉ် ထူးထူးခြားခြား ရှည်လျားလှသော သူမ၏ မျက်တောင်ကော့ကြီးများ ပုတ်ခတ်ပုတ်ခတ် ဖြစ်သွားသည်ကို ကျွန်ုပ်



မြင်ရသည်။

သူနှင့် အနီးကပ် စားပွဲတွင် ထိုင်နေသော ကျွန်ုပ်သည် ယမကာခွက်ကို ကိုင်၍ သောက်မည်လုပ်ရင်းမှ မသောက်နိုင်ဘဲ စိတ်ညို့ခံရသူလို သူ့ကိုပဲ ငေးကြည့်နေမိသည်။ သူတကာ ပြောသလို ရင်တွေခုန်လာပြီး တစ်ကိုယ်လုံး ရှိန်းတိန်းဖိန်းတိန်း ဖြစ်သွားခြင်းမဟုတ်။ ကျွန်ုပ် အဖြစ်မှာ ယမကာခွက်ကို ကိုင်ရင်း မိန်းမောငြိမ်သက်သွားခြင်းဖြစ်သည်။ ကျွန်ုပ် ကိုယ်စိတ်နှစ်ပါးစလုံး ပေါ်သို့ ထူထဲသော ပိုက်ကွန်တစ်ခု အုပ်ချလိုက်သလို ခံစားရပါသည်။

ထိုနေ့က မွေးနေ့ပွဲ လုပ်သော မိတ်ဆွေအား သူ့နာမည် မည်သူဖြစ်သည်ကိုပင် မမေးခဲ့ပါ။ အိမ်ပြန်ရောက်သောအခါ 'ငါ အရှုံးထတာပဲ' ဟု ကျွန်ုပ်ကိုယ်ကျွန်ုပ် အပြစ်တင်လျက် ထိုကိစ္စကို မေ့ပျောက်ပစ်လိုက်သည်။ သို့သော် သူနှင့် ကျွန်ုပ် နောက်တစ်ကြိမ် ဆုံကြပြန်သည်။ ပါတီပွဲတစ်ခု၌ပင်ဖြစ်သည်။ အချိန်မှာ ရွှတ်လပ်ရေးရပြီးစ အချိန်ဖြစ်သဖြင့် အထက်လွှာ အသိုင်းအဝိုင်းအချို့သည် အင်္ဂလိပ်တို့၏ ဓလေ့စရိုက် အငွေ့အသက် မကုန်သေးဘဲ အခါအားလျော်စွာ ပါတီပွဲများ ပြုလုပ်ကျင်းပနေချိန်ဖြစ်သည်။

သည်တစ်ခါတော့ ကျွန်ုပ်သည် မျက်တောင်ကော့ကြီးများပေါ်တွင်သာ မိန်းမောမနေဘဲ သူ့အလှအားလုံးကိုပါ သိမ်းကြုံးငေးမောကြည့်မိသည်။ သို့သော် ကျွန်ုပ်သည် သူ့အလှနှင့် ပတ်သက်၍ အသားအရည် ဝင်းစိုရွှန်းလဲ့ပုံ၊ ကိုယ်လုံးကိုယ်ပေါက် ပြေပြစ်အချိုးကျပုံလောက်သာ ပြောပြနိုင်ပါသည်။ သူ့အလှကို စေ့စေ့ငုငု မဖော်ပြတတ်ပါ။ သို့သော် ကျွန်ုပ် ပြောပြနိုင်သည့် အချက်တစ်ခုမှာ သူ့တစ်ကိုယ်လုံးမှ အလှတို့သည် ဆွဲငင်အားများအဖြစ် ပြောင်းလဲကာ ကျွန်ုပ်ထံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

သူ့နာမည်ကို တင်မလတ်ဟု မိတ်ဆွေဖြစ်သူက မိတ်ဆက်ပေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ 'သူက မက်ထရစ်အောင်ပြီးသား ကွန်ဗင့်ကျောင်းသူ တစ်ယောက်ပါ။ တက္ကသိုလ်လည်း မသွား၊ အလုပ်လည်း မလုပ်ဘဲ အေးချမ်းတဲ့ဘဝ တစ်ခုပေါ်မှာ ထိုင်နေသူပေါ့' ဟု မိတ်ဆွေက ပြောပြလျှင်

'ခုလို မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ် ကိုကောင်းမြတ်' ဟု တင်မလတ်က ပြုံးကာ ပြောသည်။

သည်မှာတင် တင်မလတ်နှင့် ကျွန်ုပ်သည် မိတ်ဆွေဖြစ်သွားကာ စကားပြောကြရသည်။ နောက်တစ်ကြိမ်တွင်မူ ဒင်နာပွဲတစ်ခု၌ ကျွန်ုပ်နှင့်သူ တွဲ၍ ကဖြစ်ကြသည်။ ကျွန်ုပ် ညံ့ပါသည်။ ကျွန်ုပ်ထံ၌ ယောကျ်ား ကောင်း ယောကျ်ားမြတ်တို့၏ ရှိအပ်သော စိတ်ကို နိုင်နင်းစွာ အုပ်ချုပ်နိုင်သည့် အရည်အချင်းမျိုး မရှိပါဟု ကျွန်ုပ် ဝန်ခံပါသည်။ သို့သော် ထိုညံ့ဖျင်းသော ကျွန်ုပ်၏ တင်မလတ်နှင့် ပတ်သက်၍ ခံစားရသော ဝေဒနာတို့ကို အနည်းငယ် စာနာကြည့်စေလိုပါသည်။ ကျွန်ုပ်မှာ ပြင်းထန်လှသော ရှားထင်း မီးပုံထဲသို့ ကျသွားသော ချိတ်တစ်ခုနှင့် တူနေပါသည်။

တစ်မလတ်သည် မီးခြစ်ဆံ သုံးချောင်းကို လက်ဖြင့် ကိုင်ကာ သူမျက်တောင်များပေါ်သို့ တင်လိုက်သည်။

'ကဲ ပြောပါဦး၊ ကိုကိုက မကို ချစ်တာလား၊ မရဲ့ မျက်တောင် ကော့ကြီးတွေကို ချစ်တာလား' ဟု မေးသည်။

'မရဲ့ မျက်တောင်ကော့ကြီးတွေကို ချစ်တယ်၊ ပြီးတော့ မျက်တောင် ကော့ကြီးတွေရှိတဲ့ မကိုလည်း ချစ်တယ်'

တင်မလတ်၏ ရယ်သံသည် ခိုင်းနှိုင်းစရာမရှိအောင် နားဝင်ချိုသည်ဟု ကျွန်ုပ် ထင်သည်။ ကျွန်ုပ်သည် ရယ်နယ်ရေမွှေးနဲ့ သင်းပျံ့နေသော သူတစ်ကိုယ်လုံးကို သိမ်းကျုံးဖက်ထားလိုက်မိသည်။ ထို့နောက် နီရွေးရွေး သူ့နှုတ်ခမ်းကိုလည်း ကျွန်ုပ် မေ့မသွားပါ။

ထိုနေ့က မိုးချုပ်မှ အိမ်ပြန်ရောက်စဉ် ခင်လေးဝေသည် ခါတိုင်း



လို အိမ်တံခါးဝမှ ကျွန်ုပ်ကို ကြိုမနေဘဲ အိပ်ခန်းထဲတွင် မှိန်းနေသည်ကို တွေ့ရသည်။ 'မောင်ပြန်လာပြီလား၊ မိုးချုပ်လိုက်တာနော်၊ ကျွန်မ သိပ် နေမကောင်းဘူး' ဟု လေသံယှဲ့ယှဲ့ဖြင့် ပြောပါသည်။ ကျွန်ုပ် သူ့ကို ဖျတ်ခနဲ ကြည့်လိုက်သည်။ 'ဪ...သူမွှေးမွှားချိန်တောင် ရောက်နေပါ ပေါ့လား' ဟု သိလိုက်သည်။ သတိမေ့လျော့နေစဉ် ဖျတ်ခနဲ သတိရလိုက် ပုံမျိုး ဖြစ်သည်။ ထိုအခါ ကျွန်ုပ်သည် ကျွန်ုပ်၏ အမှားအတွက် ကြီးစွာ နောင်တရမိပြန်သည်။ ခင်လေးဝေအပေါ် သစ္စာဖောက်မိသည့်အတွက် ယူကျုံးမရလည်း ဖြစ်နေမိ သည်။ ထို့ကြောင့် ထိုခဏ၌ တင်မလတ်နှင့် မတွေ့ဆုံရန် ကြိုးစားမည်ဟု သန္နိဋ္ဌာန်ချလိုက်မိသည်။

သန္နိဋ္ဌာန်သည် အပြည့်အဝ မအောင်မြင်သော်လည်း တစ်ဝက် တစ်ပျက်တော့ အောင်မြင်ခဲ့ပါသည်။ ကျွန်ုပ်သည် ဇနီးသည်၏ မွေးဖွား ခါနီး အခြေအနေမှ မွေးဖွားပြီးအချိန်ထိ ဇနီးသည်၏ ကျန်းမာရေးတို အကြောင်းပြကာ တင်မလတ်နှင့် မတွေ့ဆုံဘဲ နေလာခဲ့သည်။ အကြောင်းပြ ချက်ကလည်း ခိုင်လုံသဖြင့် တင်မလတ်သည် ကျွန်ုပ်နှင့် တွေ့ဆုံရန် တောဒက မတက်နိုင်ပါချေ။

စင်စစ် မီးနှင့် နီးသော ဖယောင်းတိုင်သည် အရည်ပျော်တတ်သလို မီးနှင့် ဝေးသွားလျှင် ပြန်လည် မာကျောခိုင်မာလာစမြဲ ဖြစ်သည်။ ကျွန်ုပ် သည် ရှေ့ရေးနောက်ရေး အစခပ်သိမ်းအရေးတို့ကို အကုန်အစင် တွေးတော ကာ ပြတ်လက်စနှင့် ပြတ်ပါစေဟူသောသဘောဖြင့် တင်မလတ်နှင့် မတွေ့ ကြ၊ မဆုံကြရန် သတိထား ရှောင်ရှားခဲ့သည်။

ဤသို့ဖြင့် ကျွန်ုပ်၏ သားဦးကလေး မောင်ကောင်းမွန်မှာ နှစ်နှစ် သားခန့်ရောက်လာသည်။ ထိုအချိန်၌ ကျွန်ုပ်အဖို့ ကျွန်ုပ်နှင့် တင်မလတ်တို့ မွေးခဲ့သောမီးသည် ငြိမ်းသွားပြီ၊ အေးဆေးငြိမ်သက်သွားပြီ၊ မီးကြွင်းမီး ကျန်ပင် မကျန်တော့ဟု စိတ်ထဲက ထင်နေမိသည်။ သို့သော် တစ်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ရုံးခန်းသို့ ဖုန်းလာသဖြင့် နားထောင်ကြည့်သောအခါ ကျွန်ုပ်နှင့် အမြန်အမည်း သဲကွဲရန် အပြတ်ရှင်းလိုသဖြင့် တွေ့နေကျ နေရာသို့ လာခဲ့ပါ ဟု ပြောနေသော တင်မလတ်အသံကို ကြားရသည်။

စဉ်းစားကြည့်လျှင် တင်မလတ်ပြောသည်မှာ မှန်သည်။ ကျွန်ုပ် ခုလိုလုပ်ပုံမှာ မပြတ်မသား ကြိုးရှည်ရှည်နှင့်လှန်ထားပုံဖြစ်သည်။ ပြတ်ပြတ်သားသား နှစ်ယောက် လမ်းခွဲကြရန် ယတိပြတ် ပြောဖို့လိုသည်။ ထို့ကြောင့် သူနှင့် တွေ့လျှင် ပြောဖို့စကားတို့ကို အစီအစဉ်ချသည်။ သူနှင့် တွေ့လျှင် မီးနှင့်နီးသော ဖယောင်းဖြစ်မသွားရန်လည်း စိတ်ကို တင်းထားသည်။ ထို့ နောက် ကျွန်ုပ်သည် တင်မလတ်နှင့် တွေ့နေကျ ကျွန်ုပ် မိတ်ဆွေတစ်ယောက် အိမ်သို့ ထွက်လာခဲ့သည်။

ကျွန်ုပ်ကိုတွေ့လျှင် တင်မလတ်သည် 'ကိုကိုရယ်' ဟု နှုတ်မှ ဆိုကာ တစ်ကိုယ်လုံးကို သိမ်းကျုံး၍ ဖက်လိုက်သည်။ အချိန်အတန်ကြာသည် ကျွန်ုပ်ကို မလွှတ်၊ ထပ်ခါတလဲလဲ ကျွန်ုပ်အား အားရအောင် နမ်းပြီးသောအခါ တင်မလတ်သည် ကျွန်ုပ်ကိုယ်၌ ဖက်ထားသော သူ့ လက်များကို ဖြည်ချလိုက်သည်။ ပြီးနောက် ရှိုက်ကြီးတငင် ချုံးပွဲချ ငိုတော့သည်။

ကျွန်ုပ် ရင်ထဲတွင် ဆို့ဆို့နင့်နင့် နာနာကျင်ကျင်ကြီးဖြစ်လာသည်။ ကျွန်ုပ်စိတ်ထဲမှ သူ့ကို များစွာ သနားသွားသည်။ ယခုပင် သူ့ကို ကျွန်ုပ်နှင့် အတူ တစ်နေရာသို့ ခေါ်သွားလိုက်ချင်သည်။ ကျွန်ုပ်တစ်ကိုယ်လုံး ကတုန်ကယင်ကြီးဖြစ်ကာ နှလုံးသားတို့သည် တဖျတ်ဖျတ် လှုပ်ရှားနေသည်။ ကျွန်ုပ်က တစ်စုံတစ်ရာ ပြောရန် သူ့မျက်နှာကို လက်တစ်ဖက်ဖြင့် ကိုင်ကာ မော့လိုက် သည်။

'မပြောနဲ့.... ကိုကို ဘာမှ မပြောနဲ့၊ မပြောဘဲနဲ့ သိရမယ့် ကိစ္စတွေကို ဘာကြောင့် ထပ်ပြောနေမှာလဲ၊ မမှာ အချိန်မရှိတော့ဘူး။ ခုလို



ကိုကိုနဲ့ နောက်ဆုံးတွေ့ရတဲ့အချိန်ကလေးမှာ မနဲ့ကိုကို ပျော်ပျော်ရွှင်ရွှင် နေကြရအောင်ပါ။ ကြည်ကြည်နူးနူး ချစ်စကားတွေ ပြောကြရအောင်ပါ၊ နော်.... ကိုကိုနော်'

ပြောရင်း တင်မလတ်သည် မျက်တောင်ကော့ကြီးများကို ပုတ်ခတ် ပုတ်ခတ်လုပ်ကာ ကျွန်ုပ်ကို ကြည့်သည်။ ငိုပြီးစ သူ့မျက်လုံးအစုံတွင် မျက်ရည်များ ပြည့်လျှံလာပြန်သည်။ ကျွန်ုပ် ဘာမှ မပြောနိုင်ပါ။ ဘာမှ မပြောလိုက်ရပါ။ တင်မလတ်သည် သူနှင့်ကျွန်ုပ်တို့၏ အချစ်နိဂုံးကို အလုံးစုံ သိရှိနေပြီ ဖြစ်သဖြင့် ကျွန်ုပ် အလိုကျ နောက်ဆုံးစကားတို့ကို အဆုံးသတ် ပြောပြီး မဟုတ်ပါလား။

ကျွန်ုပ်မှာ အခံရဆိုးလှသည်။ ချစ်သူကို မုန်းလိုက်ပါတော့ဟု စိတ်တင်း၍ ပြောလိုက်ရလျှင် ခံသာသေးသည်။ ယခုတော့ ထိုသို့မပြောမီ အသည်း တဆတ်ဆတ် နာကျင်နေသည်။

ထိုနေ့က တင်မလတ်နှင့် ရှိစဉ်သူ၏ တားမြစ်ချက်ကြောင့် ကျွန်ုပ် စကားတစ်ခွန်းမျှ မပြောဖြစ်ပါ။ ချစ်ဇရယာဉ်ကြောတွင် အတန်ကြာမျော နေခဲ့သည်။ သို့သော် ထိန်းချုပ်မျိုသိပ်ထားရသော ကျွန်ုပ်ရင်ထဲမှ ခံစားချက်များမှာမူ ထောင်ချောက်ထဲရောက်နေသော သားကောင်လို တဝုန်းဝုန်း ရုန်းကန်လှုပ်ရှားနေပါသည်။ ထိုခံစားချက်တို့သည် ပေါက်ကွဲလုလု ဖြစ်လာပါသည်။

ထိုနောက် တင်မလတ်နှင့် တွေ့ဆုံအပြီး ကျွန်ုပ်သည် ခင်မင်သော သူငယ်ချင်းတစ်ယောက်နှင့်အတူ အရက်ဆိုင်တစ်ဆိုင်သို့ ရောက်လာသည်။ ကျွန်ုပ်၏ ရင်တံခါးကို ဟာလာဟင်းလင်းဖြစ်အောင် ဖွင့်ပစ်လိုက်သည်။ ညဉ့်အတော်နက်ချိန်ရောက်မှ ကျွန်ုပ်အိမ်သို့ ပြန်ရောက်လာသည်။ စေ့ လျက်ရှိသောအိမ်တံခါးမှ တွန်းဖွင့်ဝင်လိုက်စဉ် တစ်စုံတစ်ခုကို တွေးလိုက်မိသဖြင့် ကျွန်ုပ် တစ်ကိုယ်လုံး ရှိန်းခနဲ ကြက်သီးထသွားသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လှေကားမှတစ်ဆင့် အိမ်ပေါ်ထပ်သို့ အပြေးတက်သွားသည်။ အိပ်ခန်းတံခါးကို တွန်းဖွင့် ဝင်ကာ အိပ်ရာ ခုတင်ရှိရာသို့ အပြေးရောက်လာသည်။

'ဟင်'

ခင်လေးဝေကို ခုတင်ပေါ်၌ ပက်လက်အနေအထားမြင်ရသည်။ မျက်လုံးနှစ်လုံးစလုံးသည် ကြောက်မက်ဖွယ်ရာ ပြူးထွက်လျက် ပါးစပ်အဟောင်းသားရှိသည်။ ကျွန်ုပ်က သတိလက်လွတ်ဖြစ်ကာ 'ဝေ ဝေ' ဟု အော်ခေါ်ကာ သူ့ပခုံးနှစ်ဖက်ကို ကိုင်၍ လှုပ်သည်။ ကျွန်ုပ် သူ့ကိုယ်ကို ကိုင်လှုပ်လိုက်သဖြင့် ခေါင်းအုံးပေါ်မှ ခင်လေးဝေခေါင်းသည် တစ်ဖက်သို့ စောင်းကျသွားသည်။ ခင်လေးဝေ သေဆုံးသွားပြီတည်း။

မကျေနပ်၊ အကြောင်းမရှိဘဲ သေရသဖြင့် ကျွန်ုပ် လုံးဝ မကျေနပ်။ ကျွန်ုပ်သည် ညတွင်းချင်းပင် ရဲဌာနသို့ အကြောင်းကြားသည်။ ရဲများရောက်လာကြသည်။ သူတို့သည် လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ခင်လေးဝေအလောင်းကို ဆေးရုံသို့ ယူဆောင်သွားကြသည်။ သေဆုံးရခြင်း အကြောင်းကို မှုခင်းဆရာဝန် စစ်ဆေးပြီးမှ အကြောင်းကြားပါမည်ဟု ပြောကြသည်။

နောက်တစ်နေ့တွင် ကျွန်ုပ်၏ရုံးမှ ရုံးသူရုံးသားအချို့သည် သတင်းကြားသဖြင့် ကျွန်ုပ်အိမ်သို့ ရောက်လာကြသည်။ ထိုအထဲတွင် တင်မလတ်နှင့် သိသော ကျွန်ုပ်မိတ်ဆွေတစ်ယောက်လည်း ပါသည်။ သူက 'ဘုရားလေးရာ ဖရုံဆင့်ဖြစ်အောင် ပြောတာတော့ မဟုတ်ပါဘူး ကိုကောင်းမြတ်၊ မပြောမဖြစ်လို့ ပြောရတာပါ၊ တင်မလတ်လည်း မနေ့ကပဲ အိပ်ဆေးတွေ အလွန်အကျွံ သောက်ပြီး သေသွားရှာတယ်'

'ဘာ'

ကျွန်ုပ် မိုက်ခနဲ ဖြစ်ကာ သတိလစ် မတတ်ဖြစ်သွားသည်။ ဦးလေးတိုးကြီးသည် ကျွန်ုပ်၏ ဖြစ်ပုံကြောင့် ကျွန်ုပ်ပခုံးကို အသာအယာ ပုတ်၍



ဖျောင်းဖျသည်။ သို့သော် ကျွန်ုပ်သည် ချောက်ချားတုန်လှုပ်လျက်ပင် ရှိသည်။ ညနေခင်းလောက်တွင် ခင်လေးဝေ သေဆုံးရခြင်းအဖြေကို ရဲဌာနမှ ကျွန်ုပ်သိရသည်။ (သေဆုံးရခြင်းမှာ ရိုးရိုးသေဆုံးရခြင်းဖြစ်ကာ ခန္ဓာကိုယ်တွင်း၌ တစ်စုံတစ်ရာ မသင်္ကာဖွယ်ရာ မတွေ့ရှိပါ။ မျက်လုံးများ ပြူးထွက်နေသော်လည်း လည်ပင်းပေါ်၌ မည်သည့်ဒဏ်ရာဒဏ်ချက်မှ မတွေ့ရသဖြင့် အသက်ရှူလမ်းကြောင်းပိတ်၍ သေဆုံးရခြင်းလည်းမဟုတ်၊ သေဆုံးသူသည် မသေဆုံးမီ ကြောက်လန့်စရာ မြင်ကွင်းတစ်ခုကို မြင်တွေ့ရင်း နှလုံးခုန်ရပ်သွားခြင်း ဖြစ်သည်။)

ကျွန်ုပ် ရူးချင်ပြီ၊ ဖြေဆည်၍ မရအောင်လည်း ဖြစ်နေသည်။ ထို့စဉ် ကျွန်ုပ်သည် တင်မလတ်၏ နာရေးကြော်ငြာကို သတင်းစာ၌ ဖတ်လိုက်ရပြန်သည်။ မေရီ (ခေါ်) တင်မလတ် (အသက် ၂၆ နှစ်) တဲ့။ ကျွန်ုပ် ဆောက်တည်ရာ မရတော့။ ဆောက်တည်ရာ မရဖြစ်ရင်းကလည်း သွက်သွက်ခါအောင် ရူးသွားတော့မလိုဖြစ်လာသည်။ သံသရာအဆက်ဆက်မှ ဤ ချစ်ရန်ငြိုးတို့သည် အဘယ်ကာလမှ ပြေပျောက်ချုပ်ငြိမ်းကြမည်နည်း။ ကျွန်ုပ် ရင်ခွင်ထဲမှ သားကလေး မောင်ကောင်းမွန်ကို ထိတ်လန့်တုန်လှုပ်စွာ ကြည့်လိုက်မိတော့သည်။

ရန်အောင်မြင့်

(မနုဿမိုးဂျာနယ်၊ ဒီဇင်ဘာ၊ ၂၀၀၃)

●

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်ဆန်တဲ့အိမ်

## သုနန္ဒာဆွေ (သပြေရုံ)

ဆောင်းဦးပေါက်ရာသီ။ စိမ်းလန်းစိုပြည်နေသော တောအလှ၊ ရိုးမ၏ ပြာနှမ်း နှမ်းအလှ၊ တောရိပ်၊ တောင်ရိပ်အေးချမ်းသာယာနေသော သဘာဝအလှ ကြားတွင် ကိုလှမော် ချမ်းမြေ့ကြည်နူးနေသည်။ မြို့ပြဒေသ တွင်သာ နေထိုင် ပြီး ယခုလို တောရိပ်တောင်ရိပ်နှင့် သဘာဝအလှများ နှင့်ထွေးနေသော နေရာဒေသမျိုးတစ်ခါမျှ မရောက်ဘူးသဖြင့် သူ့အတွက် သစ်ဆန်းနေ၏။ ကြည်နူးမိန်းမောနေ၏။ တောငှက်ကလေးများ၏ ဟိုနေရာက အသံ၊ ဒီနေရာက အသံ၊ သာယာသော အသံမျိုးစုံကြောင့် ပို၍ ကြည်နူး ငြိမ်းချမ်း နေ၏။ မြောက်ပြန်လေကလေး သွေးလာလျှင် စေတီတော်မှ ဆည်းလည်း သံလေးများကလည်း ချိုလွင်လှ၏။

ဘုရားကုန်းတော်ပေါ်မှ တောင်ခြေကြည့်လိုက်ပြန်တော့ ရေစွေ စေနေသော ကန်၊ ကြာပန်းရောင်စုံဖူးပွင့်နေသော ကန်၊ ကန်ပတ်လည် သဘာဝသစ်တောကလည်း စိမ်းညို့ညို့ မှောင်သန်းနေ၏။ တောရိပ်တောင် ရိပ် ဘုရားရိပ်ဖြင့် တိတ်ဆိတ်အေးချမ်းနေသော ကျိုက်ဖွဲ့တောင်နှင့် ရန်အောင်



မြင်ကျွဲဘုရား။

'တို့ရွာရောက်တုန်း ညီတော်မောင်ကို တန်ခိုးကြီးတဲ့ ရန်အောင်မြင် ကျွဲဘုရား ဘုရားဖူးခေါ်သွားရဦးမယ်၊ နောက်ပြီး တောရဲ့ သဘာဝ အရသာတွေ ထိတွေ့ခံစားရင်းပေါ့ကွာ၊ ဘယ်လိုလဲ လိုက်မယ် မဟုတ် လား' ဟူသော အစ်ကိုကြီးကိုချစ်လှ စကားအဆုံး၊ အစ်ကိုကြီး ကိုလှငြိမ်းနဲ့ အစ်ကိုရန်ထွန်းတို့ကပါ သူတို့လည်း လိုက်မယ်ဆိုတော့ ကိုလှမော် စိတ်မပါ ဘဲ ခေါင်းညိတ်ခဲ့ရသည်။ ယခုလို တောသဘာဝအလှတွေ တွေ့ထိခံစားရ တော့ အရင်က သွားမိရင် အကောင်းသား။ ဒီကြည်နူးမှုမျိုး တစ်ခါမှ မခံစားဖူးဘူး။ သာယာ ချမ်းမြေ့လှပါကလားလို့ ကိုလှမော် အတွေးထဲ ဝင်လာသည်။

'ဒီစေတီက ရန်အောင်မြင်ကျွဲဘုရားလို့ ခေါ်တယ်။ သာယာဝ တီခရိုင်အတွင်း တို့ကြို့ပင်ကောက်မြို့နယ်မှာ အလွန်တန်ခိုးကြီးထင်ရှားတဲ့ သမိုင်းဝင် စေတီတစ်ဆူပေါ့ကွာ၊ ဘုရားသမိုင်းကတော့ မူလပထမ ဘုရား ဒါယကာက ပုဂံမင်းဆက် ၅၅ ဆက်မှာ ပါဝင်တဲ့ ကျွဲမင်းကြီးဖြစ် တယ်။ သက္ကရာဇ် ၈၈၉ ခုနှစ် သာယာဝတီ သုံးမြို့ရှင် သတိုးနော်ရထာ မင်းက ဒုတိယအကြိမ် ဉာဏ်တော်အမြင့် ၂၅ တောင်ရှိ စေတီကို ပြန်လည် ပြုပြင် တည်ထောင်ခဲ့တယ်'

'ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်က နှစ်စဉ် တပေါင်းလဆန်း ၁၀ ရက်က စတင်ကျင်းပပြီး လပြည့်နေ့အထိပေါ့ကွာ၊ တို့မြို့အနီးတစ်ဝိုက်က မြို့တွေ အခြားဒေသ လူတွေပါ တပျော်တပါး ဘုရားဖူးလာကြတာ အဲဒီ ရက်ဆို ကြက်ပျံမကျ စည်ကားတာပေါ့ကွာ'

အစ်ကိုကြီးကိုချစ်လှက ဘုရားသမိုင်းကို သူသိမျှ ကိုလှမော်ကို ရှင်းပြနေသည်။ အစ်ကိုရန်ထွန်း၊ အစ်ကိုလှငြိမ်း၊ အစ်ကိုစိုးညွန့်တို့က ဘုရားဝတ်ပြုနေသည်။ ဘုရားဝတ်ပြုပြီးသောအခါ အစ်ကိုရန်ထွန်းက....

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ငါ့ညီတို့ လာကြ ထမင်းစားရအောင် လှည်းပေါ်က ထမင်းချိုင့် သွားယူကြရအောင်"

"အစ်ကို ထမင်းစားရအောင် ပြောမှပဲ ထမင်းဆာတာ သတိရတော့တယ်၊ ဘုရားရိပ် တောရိပ်၊ တောင်ရိပ်တွေနဲ့ အေးချမ်းသာယာနေတာ"

"ညီလေးရေ နောက်မှ သာယာတော့၊ တို့တွေ တအားဆာနေပြီ"

အစ်ကို ကိုစိုးညွန့်က ပြောပြောဆိုဆို လှည်းပေါ်မှ ထမင်းချိုင့်များ သွားယူသည်။ အစ်ကိုလှငြိမ်းနဲ့ အစ်ကိုကြီးကိုချစ်လှကလည်း လှည်းပေါ်မှ စားရေရိက္ခာတောင်းကို သွားယူကြသည်။ ဘုရားကုန်းတော်ပေါ်မှ ဇရပ်တွင်စားဖို့ စီစဉ်ဆောင်ရွက်နေကြသည်။ အားလုံး အဆင်သင့် ဖြစ်တော့ ညီအစ်ကိုတစ်စု ထမင်းဆာဆာနှင့် တောင်းထဲတွင် ထည့်ထားသော ငါးပိကြော်၊ ခရမ်းချဉ်သီးချက်နဲ့ ပဲပြုတ်ကြော်ကို အားပါးတရ ရွေးတော့သည်။

"အစ်ကိုကြီးရေ ထမင်းစားကောင်းလိုက်တာ ထမင်းလောက်ပါ့မလား"

"စားသာစား ငါ့ညီရေ တောင်းထဲမှာ ထမင်းတစ်အိုး အပိုချက်ထားတာ ရှိသေးတယ်ကွ"

"မြိန်ရာဟင်းကောင်းတဲ့ ငါတော့ ဗိုက်တောင်လေးလာပြီ" ဟု အစ်ကို ရန်ထွန်းမှ ပြောပြီး ခွက်ဘူးထဲမှ ရေနွေးကြမ်းသောက်နေသည်။ အားလုံး စားသောက်ပြီးသောအခါ ဇရပ်ပေါ်မှာ ရေနွေးကြမ်းသောက်သူသောက်၊ တုံးလုံးသူလုံးနှင့် ကိုလှမော်ကတော့ မရောက်ဖူးသော ဒေသဖြစ်သဖြင့် ဘုရား ကုန်းပတ်ဝန်းကျင်သို့ တစ်ယောက်တည်း လျှောက်ကြည့်နေသည်။ တောတောင်စိမ့်စမ်းသာယာပုံတို့ကို ဟိုသည်လျှောက်ကြည့်လိုက်၊ ဘုရား ကုန်းတော်ဘက် ပြန်ကြည့်လိုက်နှင့် မျက်စိလည် လမ်းမမှားအောင် သတိထားသွားနေသည်။

တောင်စောင်းတစ်နေရာက ရစ်ခွေစီးဆင်းလာသော စမ်းချောင်း



ကလေးသည် မွေးထုံသင်းပျံ့သော တောပန်းကလေးများ ဝါဝါလွင်လွင် ရွက်ကြွေလေးများကို သူ့ကျောပေါ်တင်လျက် ငြိမ့်ငြိမ့်သာသာ စီးဆင်းလာလေသည်။ စမ်းချောင်းနံဘေးမှ အုပ်အုပ်ဆိုင်းဆိုင်း သစ်ပင်ကြီးများသည် နေရောင် မထိုးအောင် အုပ်မိုးလျက်ရှိသည်။

အဝေးတစ်နေရာမှ တောကြက်တွန်သံ၊ ဥဒေါင်းတွန်သံများသည် လည်းကောင်း၊ ချိုး၊ ခါ၊ ငှက်ကလေးများ၏ မြည်ကြွေးသံများသည်လည်းကောင်း ကိုလှမော်၏ အာရုံကို ဆန်းသစ်ကြည်လင်လာစေသည်။ ဘုရားကုန်းတော်ပေါ်မှ တောင်ခြေသို့ တဖြည်းဖြည်းလျှောက်လာခဲ့ရာ နာရီဝက်အတွင်း အတော်ခရီးပေါက်လျက်ရှိသည်။ နောက်ကျောကို ပြန်ကြည့်သောအခါ ကျွန်ုပ်ဘုရားတောင်ကုန်းကို ထင်းထင်းကြီး တွေ့နေရသည်။

တောင့တောင်ငွေဖျန်းထားသဖြင့် ကိုလှမော်စိတ်သည် လန်းဆန်းနေ၏။ မြင့်မားကြီးမားလှသော သစ်ပင်ကြီးတွင် မွှေးထုံသင်းပျံ့နေသော ပန်းများ အဆုပ်လိုက် အခိုင်လိုက် ပွင့်နေသည်။ အမျိုးအမည် မသိသော ထိုအပင်ကြီးကို ငေးမောကြည့်ရှုရင်း ခြေလှမ်းလိုက်ရာ သစ်ငုတ်တစ်ခုကို ရုတ်တရက် တိုက်မိပြီး ရှေ့သို့ ဟပ်ထိုး လဲလုနီးဖြစ်သွား၏။

ခြေသလုံးရိုးမှ ပူခနဲ ဖြစ်သွားသဖြင့်ကြည့်လိုက်ရာ ချုံကိုင်းတစ်ခု စူးဝင်ပြီး အရှိန်ဖြင့် ရှေ့သို့ အလဲ အသားကို ခွဲလိုက်သလို ဖြစ်သွားသည်။ ဒဏ်ရာမှာ တစ်လက်မခန့် နစ်ဝင်ပြီး နှစ်လက်မခန့် ကွဲသွားသည်။ သွေးတဖြာဖြာ စီးကျနေသည်။ ကိုလှမော်မှာ ခြေထောက်မှ ဒဏ်ရာကြောင့် ရှေ့ဆက် မသွားတော့ဘဲ လှည့်ပြန်ရန် ဆုံးဖြတ်လိုက်သည်။ ရှေ့ဘက်သို့ လှမ်းကြည့်လိုက်ရာ အိမ်ကလေး နှစ်လုံးကို ရုတ်တရက် မြင်လိုက်သဖြင့် ဒဏ်ရာကို ပတ်တီးစည်းရန် အဝတ်စတစ်ခုလောက် တောင်းမည်ဟူသော အကြံဖြင့် ထိုအိမ်လေးများကို ခြေထော့နင်း ထော့နင်းဖြင့် သွားသည်။

အိမ်ကလေးမှာ သုံးပင်နှစ်ခန်းဖွဲ့အိမ်ကလေးဖြစ်၏။ သက်ကယ်မိုး

www.burmeseclassic.com

www.burmeseclassic.com



ဝါးထရံကာထားပြီး ခြေတံရှည်အိမ် သပ်သပ်ရပ်ရပ် ဆောက်လုပ်ထားသော အိမ်ဖြစ်သည်။ ဝင်းခြံကို ဆူးခက်များဖြင့် စနစ်တကျ ခတ်ထားသည်။ အိမ်ရှေ့ မြေကွက်လပ်မှာ ပြောင်ရှင်းနေသည်။ အိမ်ကလေးရှေ့တွင် အသက် ၇၀ ကျော် ၈၀ ခန့် အဘိုးအိုတစ်ဦး ပြောင်းဖူးဖက်ဆေးလိပ် ဖွာလျက်ရှိသည်။ သူ့အနီးတွင် မြေရေနွေးကြမ်းကရားတစ်လုံးနှင့် ရေနွေး ပန်းကန်ရှိသည်။ အခြားအိမ်တစ်လုံးတွင် အမျိုးသမီးနှစ်ဦး ဆန်ဖွပ်နေသည်။ အခြားတစ်ဖက်၌ အမျိုးသမီးငယ်တစ်ဦး ရက်ကန်းရက်နေသည်ကို ကိုလှမော် တွေ့နေရသည်။ ကိုလှမော်သည် ဘိုးအိုရှိရာ အိမ်ရှေ့တွင် ရပ်လိုက်ပြီး အဘိုးအိုအား ရိုရိုသေသေ လေးလေးစားစားဖြင့်....

'အဘ ခင်ဗျာ ကျွန်တော့်ခြေထောက် သစ်ငုတ်ထိုးမိလို့ သွေးတော်တော်ထွက်နေပါတယ်။ ပတ်တီးစည်းချင်လို့ ဝင်ခွင့်ပြုပါခင်ဗျာ' ဟု ပြောလိုက်ရာ အဘိုးအိုမှ....

'ဪ လာပါသူငယ် လာပါ။ လုံမရေ အဘ ဆေးအိတ်ယူခဲ့ပါကွယ်၊ ဒီမှာ ခရီးသွားတစ်ဦး သစ်ငုတ်ထိုးမိလို့'

အဘိုးအို၏ အသံ ကြည်လင်အေးမြလှ၏။ ကိုလှမော် စိတ်တွင် တစ်ခါဖူးမျှ မခံစားရဖူးသော ခံစားမှုမျိုး ဖြစ်သွားခဲ့၏။ အသံကြားပြီး ရင်ထဲတွင် အေးမြသွားမိသည်။ ထိုစဉ် အမျိုးသမီးငယ်တစ်ဦး ဆေးအိတ်ဟု ယူဆရသော အထုပ်တစ်ထုပ်ကို ကိုင်လျက် အိမ်ကလေးပေါ်မှ ညင်သာစွာ ဆင်းလာသည်ကို တွေ့လိုက်ရသည်။ အမျိုးသမီးငယ်မှာ ၁၈ နှစ် ဝန်းကျင်ရှိမည်ဟု ခန့်မှန်းရသည်။ ရုတ်ခြည်း မြင်ရသည်မှာ တစ်သက်မမေ့နိုင်စရာ ဖြစ်စေသော ရုပ်လက္ခဏာရှိသည်။

အသားအရေ ဝါဝင်းလျက်ရှိပြီး နက်မှောင်သော ဆံပင်၊ ကြည်လင်တောက်ပသော မျက်လုံး၊ နီတွေးသော နှုတ်ခမ်း၊ အချိုးအဆစ် ပြေပြစ်သော ခန္ဓာကိုယ်ဖွဲ့စည်းပုံတို့မှာ တောကျေးလက်သူဟုပင် ပြောရန် ခက်လှ



သည်။ ရက်ကန်းရက်နေသည်သော အမျိုးသမီးနှင့် ညီအစ်မဖြစ်ဟန်ရှိသည်ဟု ကိုလှမော် တွေးလိုက်သည်။ ရက်ကန်းရက်နေသော အမျိုးသမီးမှာ ကိုလှမော်နှင့် အတန်ငယ်ဝေးနေသဖြင့် သူမအလှကို ပီပီပြင်ပြင် မတွေ့ရချေ။

'ကဲ သူငယ် မောင်ရင့် ဒဏ်ရာပတ်တီးစည်းလိုက်ရအောင်၊ အဘ ဆေးက သူငယ်အနာ မရင်းစေရဘူး၊ လုံမရေ မင့်အစ်မကြီးဆီကချည်ဖြတ်စတွေ သွားယူလိုက်ပါဦး၊ သူငယ်က ဒီအရပ်က ဟုတ်ဟန်တော့ဘူး၊ ဘုရားဖူး လာတာထင်တယ်'

'ကျွန်တော် ရန်ကုန်ကပါ အဘ ဒီကို ဘုရားဖူးလာတာပါ၊ မရောက်ဘူးတော့ ဟိုဒီလျှောက်ကြည့်ရင်း ဒီဘက်ရောက်လာတာပါ ခင်ဗျာ'

'အိမ်း ကောင်းပါတယ်၊ ဘုရားဖူးလာတယ်ဆိုတော့ ဘုရားဖူးတယ်ဆိုတာ ဗုဒ္ဓရဲ့ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တကို စိတ်ထဲမှာ သဒ္ဓါသက်ဝင်လာရမယ်၊ အဲဒီလို သဒ္ဓါသက်ဝင်လာပြီးမှ ဗုဒ္ဓမြတ်စွာဘုရား မိမိရှေ့ဝယ် တင့်တယ်စွာ စံပယ်တော်မူနေပုံကို ထင်ဟပ်ထားရမယ်၊ နောက်ပြီး ကာယကံ၊ ဝစီကံ၊ မနောကံ စင်ကြယ်သန့်ရှင်းမှုနဲ့ ယုံကြည်ဆည်းကပ်၊ နောက်ထိခြင်း ငါးပါးနဲ့ ရိုရိုသေသေ မာန်လျှော့ပြီး ကန်တော့ရတယ်၊ တရားဂုဏ်တော် သံဃာဂုဏ်တော်တွေလည်း ဒီနည်းအတိုင်းပေါ့ကွာ။ အဲဒီလို ဦးချကန်တော့ပြီး သီလဆောက်တည်၊ နောက် မိမိပွားများလိုတဲ့ ဘာဝနာပွားများပြီးတော့ သတ္တဝါအနန္တကို မေတ္တာပို့၊ အမျှဝေ အမျှဝေတာလည်း ကုသိုလ်ပြုခြင်း တစ်မျိုးပါပဲ၊ ကောင်းမှုကုသိုလ်လုပ်ပြီးရင် မေတ္တာပို့ အမျှဝေပေးပါ။ မိမိပေးဝေတဲ့ အမျှကို သာဓုခေါ်ပြီး ကျွတ်တန်း ဝင်လိုကြတဲ့ သတ္တဝါဝေနေယျတွေ အနမတဂ္ဂရှိတယ် သူငယ်၊ ဒါကြောင့် သူငယ်ပြုတဲ့ကုသိုလ်တွေ အမျှဝေကွယ့် ကြားလား'

'ဟုတ်ကဲ့ပါခင်ဗျာ ကျွန်တော့်ကို ခုလို ကူညီစောင့်ရှောက်တာ

www.burmeseclassic.com



ကျေးဇူးတင်မဆုံးပါဘူး ခင်ဗျာ'

'အဖေကြီးဒီမှာ အဝတ်စတွေ' ဟူသော သူငယ်မကလေး အသံကြားရသဖြင့် ကိုလှမော် လှည့်ကြည့်လိုက်သည်။ သူငယ်မကလေး အသံကလဲ အဘိုးအို၏ အသံနည်းတူ သာယာကြည်လင်အေးမြလှသည်။ ရင်ထဲအထိ စိမ့်ဝင်သွားခဲ့သည်။ မိမိဒဏ်ရာကိုပင် သတိမေ့သွားမိသည်။ လှနှင့်အသံလိုက် လျော်ညီလှပေစွ။

'လုံမရေ အစ ရှည်ရှည်တစ်စ အဖေကြီးကိုပေး၊ ဆေးထည့်ထားတာတော့ ကြာပြီ၊ သွေးလဲ မထွက်တော့ဘူး'

အဘိုးအိုမှ ဒဏ်ရာကို ပတ်တီးစည်းပေးနေစဉ် လုံမငယ်သည် အဘိုးအိုအနားတွင် မတ်တတ်ရပ်လျက် ရှိ၏။ ကိုလှမော်မှ လုံမငယ်ကို အမှတ်မထင် ကြည့်လိုက်ရာ မိမိကို ကြည့်နေသည်ကို တွေ့လိုက်ရသဖြင့် ပြုံး၍ ပြလိုက်မိသည်။ လုံမငယ်မှကိုလှမော်၏ အပြုံးကို သတိပြုမိဟန်မပြဘဲ အဘိုးအို ပတ်တီးစည်းနေတာကို တည်ငြိမ်စွာ အကြည့်ပြောင်းလိုက်သည်။ ကိုလှမော်မှ အဘိုးအိုမိသားစုအား မိမိရန်ကုန်မှ ယူလာသော ကော်ဖီမစ်နှင့် ခေါက်ဆွဲထုပ်များ ကန်တော့မည်ဟု တွေးလိုက်သည်။

'ကဲ ပတ်တီးစည်းပြီးသွားပြီ သူငယ်။ ဒီဆေးလေးကို သောက်လိုက်၊ မကြာခင် နာတာသက်သာသွားလိမ့်မယ်၊ လုံမလေး ရေနွေးတစ်ခွက် သွားယူလိုက်ပါကွယ်'

မိန်းမချောလေးမှာ ရေနွေးကြမ်းယူရန် အဘိုးအိုအနီးမှ ခပ်သွက်သွက် ထသွားပြီး ခဏအကြာ အဖေကြီး ရေနွေးကြမ်းရပြီဟူသော သာယာကြည်လင်သော အသံလေးဖြင့် အဘိုးအိုအနီး ရေနွေးကြမ်းခွက်ကို သိမ်မွေ့စွာ ချထားလိုက်သည်။

'ဒီဆေးသောက်ပြီး သူငယ်ခရီးဆက်တော့ အဘတို့လဲ လုပ်စရာလေးတွေ လုပ်လိုက်ဦးမယ်'



'ဟုတ်ကဲ့ ခင်ဗျာ၊ အဘနဲ့ ဒီကညီမလေးကို သိပ်ကျေးဇူးတင်ပါတယ်၊ ကျွန်တော် သွားလိုက်ပါဦးမယ်'

ကိုလှမော်သည် တုတ်တစ်ချောင်းကို အားပြုထောက်လျက် ဘုရားကုန်းတော်ဘက်သို့ တဖြည်းဖြည်း တက်လာသည်။ ခြေထောက် အနာမှာလည်း အဘိုးအို တိုက်သော ဆေးသောက်ပြီးကတည်းက နာကျင်မှု အနည်းငယ် သက်သာလာသည်။ ဘုရားကုန်းတော်နှင့် တဖြည်းဖြည်း နီးလာသည်။ ထိုစဉ် မိမိနာမည်ကို အော်ခေါ်နေသော အသံကြားသဖြင့် ကြည့်လိုက်ရာ ညီအစ်ကိုတော်များ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

'လှမော်ရယ် မင်း ဘယ်လျှောက်သွားနေတာလဲ၊ မင်း ပျောက်သွားလို့ တို့တွေ ရှာလိုက်ရတာ ဖတ်ဖတ်ကို မောသွားတာပဲ၊ ဒီက ကပ္ပိယအဘကြီးကတော့ ပြောရှာပါတယ်။ ဒီအနားမှာ မျက်စိမလည်နိုင်ဘူး၊ ဒီအနားမှာ ဘယ်နေရာက ကြည့်ကြည့် ဘုရားကုန်းတော်ကို မြင်နေရတယ်တဲ့၊ နောက်ပြီး လူကို အန္တရာယ်ပေးမယ့် ဘာသားကောင်မှ မရှိဘူး၊ စိတ်မပူပါနဲ့လို့တော့ ပြောတယ်၊ ဒါပေမဲ့ မင်းက တစ်ခါမှ မရောက်ဖူးတော့ တောထဲ မျက်စိလည် လမ်းမှားနေပြီ ထင်လို့ စိတ်ပူပြီး လိုက်ရှာနေရတာ'

'ဟုတ်တယ် အစ်ကိုရေ တောတောင် သဘာဝအလှတွေကြည့်ရင်းကြည့်ရင်းနဲ့ လျှောက်သွားနေတာ မျက်စိတော့ မလည်ပါဘူး၊ ဘုရားကုန်းတော်က အောက်ခြေချိုင့်ဝှမ်းဘယ်နေရာက ကြည့်ကြည့် မြင်နေရတာမဟုတ်လား၊ ဒါနဲ့ ငေးငေးမောမော လျှောက်သွားရင်း ခြေထောက်ငုတ်တိုးမိမှပဲ အသွားရပ်တော့တယ်'

'ဘယ်နေရာ တိုးမိသွားသလဲ၊ ဒဏ်ရာတော်တော်ကြီးသလား ပြစမ်းပါဦး'

'နည်းနည်းတော့ နက်တယ်၊ သွေးတွေ တအားထွက်တယ် အဲကို၊ ဒါနဲ့ တောထဲမှာနေတဲ့ အဘိုးအိုမိသားစုက ဆေးထည့်ပြီး ပတ်တီး

www.burmeseclassic.com

www.burmeseclassic.com



စည်းပေးလိုက်တယ်၊ ဆေးလဲ တိုက်တယ်၊ သွေးထွက်ရပ်သွားပြီး နာတာကျင်တာ အတော်သက်သာသွားတယ် အစ်ကိုရေ'

ကိုလှမော် စကားအဆုံး၌ ကပ္ပိယအဘိုးကြီးမှ အံ့ဩဟန်ဖြင့် ကိုလှမော် အနားရောက်လာပြီး....

'ဘယ်လိုပါလိမ့်၊ ခုန သူငယ်ပြောလိုက်တာ တောထဲမှာနေတဲ့ အဘိုးအို မိသားစုဟုတ်လား၊ ဒီနားမှာ ဘယ်သူမှ မနေဘူးကွယ့်၊ အဘ ဒီမှာ ကပ္ပိယလုပ်နေတာ အနှစ်သုံးဆယ်လောက်ရှိနေပြီ။ နောက်ပြီး ဒီနား တစ်ဝိုက် အဘ မရောက်ဖူးတဲ့နေရာ မရှိဘူးကွယ့်၊ လူနေအိမ်ဆို ဘာမှ မရှိဘူး'

'ရှိတယ် အဘရဲ့၊ ဟောဒီမှာ ကျွန်တော့်အနာကို သူတို့ဆေးထည့် ပတ်တီးစည်းပေးလိုက်တာ၊ သူတို့ရက်ကန်းရက်တဲ့ ချည်စနဲ့ စည်းပေးလိုက်တာ'

'မဟုတ်သေးပါဘူး၊ ဒီနားမှာ ရက်ကန်းရက်တဲ့လူ ဘယ်သူမှ မရှိပါဘူး'

'ဒီကနေ မိနစ် ၂၀ လောက်လျှောက်လိုက်ရင် ရောက်တယ်၊ ကျွန်တော် သူတို့မိသားစုကို ရန်ကုန်က ပါလာတဲ့ ကော်ဖီမစ်နဲ့ ခေါက်ဆွဲခြောက်ထုပ်တွေ ပေးမလို့ လာယူတာ၊ အဘနဲ့ အစ်ကိုတို့ပါ တစ်ခါတည်း လိုက်ခဲ့ပေါ့၊ မဝေးပါဘူး ခဏလေးပါ'

'ဟုတ်သားပဲ အဘ၊ ကျွန်တော်တို့ ညီအစ်ကိုနှင့် လိုက်ခဲ့ပါ။ ကျွန်တော်တို့လည်း သက်ကြီးရွယ်အို ကန်တော့ရတာပေါ့။ လှမော် မင်းက ခြေထောက်အနာနဲ့ ဆိုတော့ ဒီကစောင့်နေ၊ ငါ ကော်ဖီမစ်နဲ့ ခေါက်ဆွဲခြောက်ထုပ်တွေ သွားယူလိုက်ဦးမယ်'

အစ်ကိုကြီး ကိုချစ်လှမှ ပြောပြောဆိုဆို ကော်ဖီမစ်နှင့်ခေါက်ဆွဲခြောက်ထုပ်များယူရန် ဘုရားကုန်းတော်ပေါ်သို့ တက်သွားလေသည်။



ခဏနေ ပြန်ရောက်လာပြီး ကပ္ပိယအဘကို ခေါ်လျက် ကိုလှမော် ဦးဆောင်ခေါ်သွားသော နေရာသို့ လိုက်ပါလာကြလေသည်။

●

'ဒီနေရာမှာ ကျွန်တော့်ခြေထောက် ငုတ်ထိုးသွားတာပေါ့။ ဟိုရှေ့နားဆို ကျွန်တော် ပြောတဲ့အိမ်ကလေး နှစ်လုံးဆီ ရောက်ပါပြီ'

ကိုလှမော်မှာ သူ့ခြေထောက်ငုတ်ထိုးသည့် နေရာကို ပြပြီး အဘိုးအို မိသားစုရှိရာ အိမ်ကလေးသို့ ဦးဆောင်၍ သွားကြလေသည်။

'ဟောဗျာ ဒီအနားက အိမ်တွေ ဘယ်ရောက်သွားပါလိမ့်၊ ဟောဒီ ပိန္နဲပင်ကြီးနဲ့ သရက်ပင်ကြီးတွေ ဘေးမှာပါ'

'ညီလေးရယ် ဟုတ်မှလဲ လုပ်ပါကွာ၊ အိမ်ဆိုတာ ချက်ချင်း ပြောင်းလို့ ရွှေ့လို့ရတာမှ မဟုတ်တာ၊ မင်း စိတ်ထင်လို့ ဖြစ်မှာပါ'

'ဟာ အစ်ကိုကြီးကလဲ စိတ်ထင်လို့မဟုတ်ဘူး၊ တကယ်ပါ၊ ကျွန်တော် သေသေချာချာ မှတ်မိပါတယ်၊ ဒီနေရာမှ ဒီနေရာပါ ဟောဒီ ရေတွင်းပျက်ကလေး ရှိတာလဲ မှန်တာပဲ၊ ဘယ်လို ဖြစ်တာပါလိမ့်'

ကိုလှမော်မှာ မကျေနပ်စိတ်ဖြင့် သရက်ပင်ကြီးဘေးရှိ မြေကွက်လပ်ပြောင်ပြောင်မှာ ဟိုလျှောက် ဒီလျှောက် ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။ ခဏအကြာ....

'အစ်ကိုကြီးတို့ ဒီမှာလာကြည့်စမ်းပါ။ ကျွန်တော် သက်သေပြစရာ တစ်ခုတွေ့ထားတယ်'

ကိုလှမော်၏ ညီအစ်ကိုများ အပြေးအလွှားလာကြသည်။ ကပ္ပိယအဘိုးအိုမှာ ခေါင်းတညိတ်ညိတ်ဖြင့် အရက်ပင်ခြေရင်းတွင် ထိုင်နေသည်။

'ဒီမှာကြည့် ကျွန်တော့်အနာကို စည်းပေးတဲ့ ပတ်တီးစမျိုး၊ ဟော

www.burmeseclassic.com



ဒီမှာ ချည်စလေးတွေ'

'ဟယ်...ဟုတ်ပါရဲ့၊ ဒါဆို နာနာဘာဝတွေလား၊ ဘာလား မသိပါဘူးကွာ၊ ကဲ....ကဲ.... မြန်မြန်ပြန့်လှည့်တာ ကောင်းမယ်'

ထိုအချိန်တွင် ကပ္ပိယအဘိုးအို ကိုလှမော်အနီးရောက်လာပြီး ကိုလှမော် လက်ထဲမှ ချည်စချည်နများကို ယူကြည့်လိုက်သည်။

'အင်း အဘ.... ထင်တာတော့ ဟုတ်သလို ရှိနေပြီ'

'ဘယ်လို ထင်လို့လဲ အဘပြောပါဦး'

'ဒီနေရာမှာ ဟိုးလွန်ခဲ့တဲ့ ငါးဆယ်ကျော် ခြောက်ဆယ်လောက်က ရွာလေးတစ်ရွာ ရှိခဲ့ဖူးတယ်။ ရွာသူရွာသားတွေက ရိုးရိုးသားသားနဲ့ လယ်ယာစိုက်တဲ့လုပ်ငန်း၊ ရက်ကန်းရက်တဲ့လုပ်ငန်းနဲ့ လုပ်ကိုင်စားသောက်နေထိုင်ကြတယ်။ အဲဒီခေတ်ကလဲ ပြည်တွင်းသောင်းကျန်းမှုတွေ ဖြစ်နေတော့ အဲဒီရွာကလေးဟာ သောင်းကျန်းသူတွေရဲ့ နှိပ်စက်ညှဉ်းပန်းမှုဒဏ်တော်တော်ခံရတယ်။ တစ်နေ့တော့ အစိုးရတပ်နဲ့ သောင်းကျန်းသူအဖွဲ့ ဒီရွာလေးနားမှာ ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်သွားတယ်။ သောင်းကျန်းသူတွေ မရှုမလှ အထိနာသွားတယ်။ ဒါကို သောင်းကျန်းသူတွေက ဒီရွာလေးရဲ့ စနက်ပဲဆိုပြီး ရွာကို မီးရှို့တယ်၊ ရွာသူရွာသားတွေကို ရက်ရက်စက်စက် သတ်တယ်။ တချို့တလေသာ ကံကောင်းလွန်းလို့ အသက်ဘေးက လွတ်မြောက်တယ်။ သူတို့တွေလဲ ဒီရွာကို ပြန်မနေရဲတော့ဘူး၊ ဒါနဲ့ ရွာကလေးဟာ ပျက်စီးသွားရရှာတယ်။ အင်း တစ်ချိန်က အေးချမ်းသာယာတဲ့ ရွာလေး၊ သောင်းကျန်းသူတွေရဲ့ ရက်စက်မှုကြောင့် ရွာသူရွာသားတွေ အပြစ်တစ်စုံတစ်ရာ မရှိပါဘဲ အသေဆိုးနဲ့ သေခဲ့ရရှာတယ်။ ရွာကလေးလဲ ပျောက်ကွယ်သွားခဲ့ရတယ်၊ အင်မတန် ကြေကွဲစရာကောင်းတာပေါ့ကွယ်'

'ကျွန်တော့်ကို ကူညီစောင့်ရှောက်တဲ့ အဘိုးအိုမိသားစုတာ သူတို့



အသံတွေ ကြည်လင်အေးမြတယ်၊ ရုပ်ရည်တွေ ဖြူစင်သန့်ရှင်းလှပတယ်၊ ထူးခြားမှု တစ်ရပ်ပဲ အဘ၊ နောက်ပြီး အဘိုးအိုက ကျွန်တော့်ကို ဘယ်ကလာတာလဲ၊ ဘာလာလုပ်တာလဲ မေးတော့ ကျွန်တော်က ဒီနယ်က မဟုတ်ကြောင်း ဘုရားဖူးလာတာဖြစ်ကြောင်း ပြောပြတော့ သူက ဘုရားရှိခိုးပုံ၊ ဂုဏ်တော်ကို နှလုံးသွင်းကြည်ညိုပုံ မိမိဆောက်တည်သော သီလကုသိုလ်၊ ပေးလှူသော ဒါနကုသိုလ်ပွားများတဲ့ ဘာဝနာကုသိုလ်တို့ကို သတ္တဝါအနန္တအပေါ် မေတ္တာပို့ အမျှဝေသင့်ကြောင်း လမ်းညွှန်တယ် အဘရယ်'

'အင်း...ဒါဆို ဘုရားဖူးလာတဲ့ သူငယ်တို့လို ပုဂ္ဂိုလ်တွေဆီက ပေးဝေတဲ့ အမျှကုသိုလ်ကို သာဓုခေါ်ချင်လို့ထင်ပါတယ်။ သူတို့ကျွတ်ချင်လွတ်ချင်ရှာပြီထင်ပါရဲ့ကွယ်၊ အဲဒီတော့ အဘအကြံပြုချင်တာက ငါတို့အားလုံး ယနေ့ပြုရတဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်ပွားများရတဲ့ ဘာဝနာကုသိုလ်တွေကို တောစောင့်နတ်တောင်စောင့်နတ် ဘုမ္မစိုးရုက္ခစိုး၊ အာကာသစိုးနဲ့တကွ ၃၁ ဘုံမှာ ကျင်လည်နေရတဲ့ သုခိတဒုက္ခိတ သတ္တဝါ ဝေနေယျတွေကို မေတ္တာပို့ အမျှဝေတဲ့ မောင်ဘယ်သူ အဲ မောင်လှမော် အဘ ပြောသလို အသံကျယ်ကျယ်လေး မေတ္တာပို့ အမျှဝေပါလို့ အဘပြောချင်တယ်'

'ဟုတ်ကဲ့ အဘ၊ ကျွန်တော် အဘပြောသလို လုပ်ပါ့မယ်'

ကိုလှမော်မှ 'သိကြားနတ်ဗြဟ္မာများ၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနှင့်တကွ ၃၁ ဘုံကျင်လည်ကုန်သော သုခိတ ဒုက္ခိတ၊ ဝေနေယျအားလုံး ကျွန်ုပ်တို့ ယနေ့ ယခုပြုရသော ဒါန ကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်တို့ကို အမျှပေးဝေပါကုန်၏။ ကျွန်ုပ် ပေးဝေသော အမျှကုသိုလ်တို့ကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ စွာဖြင့် အမျှရ၍ သာဓုခေါ်ပါစေသတည်း။ အားလုံးကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့' ဟု အမျှပေးဝေပြီး

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယသအဘိုးအိုနှင့်တကွ ကိုလှမော်တို့ ညီအစ်ကိုတစ်စု လိုက်လိုက်လှဲလှဲ သာဓုခေါ်ဆိုကြသည်။ ထူးခြားသည်မှာ သာဓုခေါ်သံ အဆုံး၌ သူတို့အနား တွင် ရှိသော သရက်ပင် ကြီးများနှင့် ပိန္နဲပင်ကြီးမှ ငှက်များ ထပ်မံသကဲ့သို့ သစ်ရွက်ခတ်သံများ တဖြန်းဖြန်းကြားရသည်။ မည်သည့် သက်ရှိ သတ္တဝါ မျှလည်း မတွေ့မြင်ရ။ သစ်ပင်ကြီးလေးငါးပင်မှာလည်း လေမတိုက်ဘဲ ယိမ်းထိုးလှုပ်ခါသွားခဲ့သည်။ သူတို့ အားလုံး ကြက်သီး တဖြန်းဖြန်းထပြီး အံ့သြတုန်လှုပ်သွားကြသည်။

ကပ္ပိယ အဘိုးအိုမှ....

'အင်း....ငါတို့ ပေးဝေတဲ့ အမျှကုသိုလ်ကို ရတယ်ဆိုတဲ့ သဘော ပြတာ ထင်ပါရဲ့၊ လာကြကွယ် တို့ပြန်ကြရအောင်' ဆိုသဖြင့် ညီအစ်ကို တစ်စု ဘုရားကုန်းတော်တက်သို့ ဖြည်းလေးစွာ ပြန်လာခဲ့သည်။ ကိုလှမော် မှ အေးချမ်းလွမ်းမောစရာကောင်းသော တောတန်းကလေးဘက် ညှိုးနွမ်းစွာ ကြည့်လျက်....

'ကျေးဇူးရှင်အဘနှင့်တကွ မိသားစု အားလုံးကောင်းရာ သုဂတိ ရောက်ပါစေ' ဟု စိတ်ထဲမှ ဆုတောင်းမေတ္တာပို့ပြီး သာယာအေးချမ်းသော တောတန်းကလေးကို လွမ်းဆွတ်စွာ ကျောခိုင်းရင်း ရန်အောင်မြင်ကျွစွာ စေတီဘုရားကုန်းတော်ကို ဖြည်းလေးစွာ ပြန်လာခဲ့လေသည်။

သုမနဆွေ(သခွမြံ)

(ဂန္ဓာရီမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၂၀၀၆)

●